


www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - L လင်း

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၅၀၀ ကျပ်

ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (မြဲ - ၀၄၅၅၈)
တိုက် (၆၁)၊ အခန်း (၁၁)
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

အတွင်းပုံနှိပ် - ဒေါ်နီနီခိုင် (၀ရ၁၃၅)
သီရိမေရောင်ပုံနှိပ်တိုက်၊
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်

မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း
(သိန်းမြင့်ဝင်း ပုံနှိပ်တိုက်)
အမှတ် (၉၆)၊ (၁၁) လမ်း၊ ရန်ကုန်။

ဖြန့်ချိရေး - ပုညခင် စာအုပ်တိုက်

၈၉၅ . ၈၃
ပုညခင်
ရက်ရက်စက်စက် မိုး/ပုညခင်၊ - ရန်ကုန်။
ပုညခင်စာအုပ်တိုက်၊ ၂၀၁၃။
၂၈၈ - စာ၊ ၁၈ x ၁၂ စင်တီ။
(၁) ရက်ရက်စက်စက် မိုး

ပုညခင်စာအုပ်တိုက်

# ပုညခင်

# ရက်ရက်စက်စက် မိုး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (၁)

❖ ❖ ❖

"အညိုရေ ... အညို ... ၊ အညို ရှိလား ..."

"ဟာ ... မိုးခင် ..."

"ဟဲ့ ... အမယ်လေး အညို၊ အဲ့ဒီလောက် ပျာသွားစရာလား ဟဲ့ ..."

"မလာစဖူး လာတာကိုး အဒေါ်ရဲ့ ... ဟဲ ဟဲ ..."

စည်သူညိုက ကိုယ့်အိမ်ရှေ့ကို မလာစဖူး အလာထူးသည့် မိုးခင်ခင်ကို လှမ်းမျှော်ကြည့်ရင်း အိမ်ရှေ့သို့ အမောတကော ထွက်ကြိုလိုက်ပါသည်။

"မိုးခင် ... နင် ငါ့အိမ်ကို လာလည်တယ်၊ ဟာ ... ငါတော့ ထီပေါက်တော့မှာပဲ၊ လာ ... ဟာ ... အိမ်ပေါ်တက် ..."

"ငါ အိမ်လည်လာတာ မပျောက်ဘူး၊ နင့်အိမ်ပေါ်လည်း



www.burmeseclassic.com

www.burmeseclassic.com



တောက်ဘူး။ နှင့်အဒေါ်ကို ပြောစရာရှိလို့ လာတာ၊ ခေါ်

လိုက်စေပါ၊ နှင့်အဒေါ်ကို ...”

မိုးခင်က မျက်မှောင်ကြုတ်ကာ အိမ်ဘက်သို့ မေး ဆတ်ပြင်ရင်း ခပ်မာမာပြောလိုက်တာပင် ...။ ဒီအပြော ဒီအမူအရာတို့ ကြည့်ရတာတော့ အခြေအနေ သိပ်မကောင်း။ တင်းမာလှသော မိုးခင်၏ မျက်နှာလှလှလေးကို ငေးကြည့်ရင်း စည်သူညိုက ဘာလုပ်ရမှန်းမသိ ဖြစ်နေပါသည်။

“ဟဲ့ ... ခေါ်လိုက်လေ ...”

“နင် ... နင် ဘာလုပ် ...”

“ခေါ်လိုက်ဆို ခေါ်လိုက် ...”

မိုးခင် အသံက ပိုမာလာသည်။ ခါးပေါ် လက်တစ်ဖက်ထောက်၍ ခြေကို ခပ်ချဲ့ချဲ့ထားကာ ရပ်နေပုံက စိန်ခေါ်နေပုံမျိုး။ မျက်ခုံးထူထူလေး နှစ်ဖက်က နှာခေါင်းရင်းမှာ စိုက်တွန့်လျက် ဘေးနှစ်ဖက်က အပေါ်ဘက်သို့ ကော့ပျံတက်နေသည်။ ပြောင်စင်း ဖြူဖွေးသော အသားအရည်ပေါ်မှာ ပါးအိုးကလေးနှစ်ဖက်နှင့် နှာခေါင်းဖျားကလေးက ပန်းရင့်ရောင် ထနေသည်။ ဘေးခွဲဆံပင် တိုကပ်ကပ်က တစ်ဖက်ခြမ်း စွေစွေအုပ်အုပ်လေးမို့ မျက်လုံးတစ်ဖက်ပေါ်မှာ ဆံပင်စတွေ ခပ်ကျဲကျဲ စင်းအုပ်နေသည်။

ထိုဆံပင်စ အောက်က မျက်လွှာပင့်လှန်ကြည့်နေ



BURMESE CLASSIC .com



သော မျက်ဝန်းတွေဟာ စူးရှ အတင့်ရဲလွန်းသည်။ ထို မာန်စောင်ကြီးသော မျက်ဝန်းတွေက စည်သူညိုကို ကြက်သီးထသွားစေပါသည်။

“ဟဲ့ ... ခေါ်လိုက်လို့ ငါပြောနေတယ်လေ ...”

စူးခနဲ အော်လိုက်သောအသံကြောင့် သူက ဆတ်ခနဲတုန်၍ ပျာယာခတ်သွားကာ ...

“အေး ... အေးပါ ... ခေါ်ပါ့မယ်၊ အဒေါ်ရေ ... ဒီမှာ မိုးခင်က အဒေါ်နဲ့ တွေ့ချင်လို့တဲ့ ...”

အိမ်ဘက်သို့ လှည့်၍ အော်လိုက်သော စည်သူညို့ အသံနှင့်အတူ အဒေါ်က အိမ်တံခါးဝမှာ ရပ်လာပါသည်။

“ဟဲ့ ... ဘာကိစ္စလဲ”

စည်သူညို့ အဒေါ် ဒေါ်တင်လေး လှမ်းမေးလိုက်ပုံကလည်း ရောင်းသူဝယ်သူ အသံတူ။ စည်သူညိုတို့ အိမ်က အုတ်လှေကား သုံးထစ်နင်း၍ တက်ရသော ခြေတံရှည်သစ်သားအိမ်လေးပင်။ အိမ်ရှေ့မှာ ခြံစည်းရိုး အကာအရံရယ်လို့လည်း မရှိ။ သူတို့ရပ်ကွက်ထဲမှာတော့ ဒီလိုအိမ်မျိုးတွေက အများစုဖြစ်ပါသည်။

အဲ့ဒီ အိမ်ကလေးရှေ့ မြေပြင်ပေါ်မှာ မိုးခင်က ခါးထောက်ရပ်၍ အိမ်ဘက်သို့ စိမ်းစိမ်းစူးစူးကြီး စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုတို တင်းတင်း ဝတ်ထားသော အမည်းရောင် ပြောင်လုံချည်ကို သက်သက်တော်ခြင်း စုဆွဲ မ,ကိုင်ထားသည်။ အနီအကွက် ကွဲကွဲ ရှပ်အင်္ကျီလက်ရှည် ခပ်ပွပွရဲ့ အောက်နားစနှစ်ဖက်ကို တင်းတင်းဆွဲ၍ ခါးနားမှာ ချည်ထားသည်။ မိုးခင်ရဲ့ လှပသော ခန္ဓာကိုယ် အချိုးအဆက်ကလေးဟာ ထိုသို့ မလှပ မတင့်တယ်သော အမှုအရာနှင့် မသပ်ရပ်သော အဝတ်အစားအောက်မှာ မှိန်ဖျော့ပျောက်ဆုံးနေပါသည်။

အဒေါ်က အိမ်တံခါးဝမှာ ရပ်လျက် မိုးခင်လိုပဲ ခါးတစ်ဖက်ထောက်၊ တစ်ဖက်က ထဘီစကိုဆွဲကာ မထီမဲ့မြင် မျက်နှာထားဖြင့် မိုးခင်ကို လှမ်းငုံ့ကြည့်နေသည်။

"အဒေါ်နဲ့ စာရင်းရှင်းစရာ ရှိလို့ ..."

"ဘာ ...၊ အောင်မယ်လေး ... ညည်းကမျှား၊ ဟဲ့ ... အညို နင့်ဟာမ နင် ကြည့်ပြောစမ်း၊ ဒါ ဘာအချိုးလဲ ..."

"မိုးခင် ... မိုးခင် ... စိတ်ကို လျှော့"

"မလျှော့နိုင်ဘူး"

မိုးခင်က စည်သူညို့မျက်နှာကို ချာခနဲ လှည့်ကြည့်ကာ ရူးခနဲ အော်လိုက်ပါသည်။ သူက လန့်ဖျပ်ကာ နှုတ်ပိတ်သွားလျှင် ...

"နင် ဘာမှမသိဘဲ ဝင်မပြောနဲ့၊ ဒီကိစ္စက နင့်အဒေါ်နဲ့





ငါ ရှင်းရမယ့်ကိစ္စဟဲ့၊ နင့်ပါးစပ်ကိုသာ ပိတ်ထား၊ ဘာဆို ဘာမှ ဝင်မပြောနဲ့ ... ကြားလား"

"ဟော့ ... မိုးခင် ညည်းနဲ့ ငါ့ကြားမှာ ဘာကိစ္စမှ ရှင်းစရာ မရှိဘူး၊ ညည်း ငါ့အိမ်ရှေ့မှာ အဲ့ဒီရုပ် အဲ့ဒီအသံနဲ့ လာရပ်မနေနဲ့၊ ကျက်သရေတုံးတယ်ဟေ့ ..."

"အဒေါ် ... အဒေါ်ရယ် ... ကျက်သရေတုံးတယ်တို့ ဘာတို့တော့ မပြောပါနဲ့၊ တိုးတိုးသက်သာ ပြောပါဗျာ၊ ပတ်ဝန်းကျင်က ကြားရင် ရှက်စရာကြီးပါ"

"နင့်ဟာမလို အပျိုအရွယ်လေးကမှ မရှက်ရင် ငါလို အိုကြီးအိုမက ရှက်စရာလား အညိုရဲ့၊ သင်း ငါ့အိမ်ရှေ့မှာ ထဘီစွန်တောင်ဆွဲပြီး အော်ကျယ်အော်ကျယ် လာလုပ်နေတာကို ငါက ဩော် ... ဟုတ်ကဲ့ပါ ... လာပါရှင် ... ဝင်ပါရှင် လုပ်နေရဦးမှာလား၊ နင့်ကောင်မ နင် မနိုင်ရင် အသာဖယ်နေ၊ ဝင်မရှုပ်နဲ့ ..."

"အဒေါ် ကျွန်မကို ကောင်မ ကောင်မနဲ့ မပြောစမ်းပါနဲ့"

"မသာမ ... မသာမလို့ မပြောတာပဲ တော်ဦးဟဲ့"

"ဟာ ... အဒေါ် ... အဲ့ဒီလိုတော့ ..."

"နင် ဝင်မပါစမ်းပါနဲ့ အညို ..."

"အဒေါ်ကလည်းဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ...၊ နင်က ငါ့ကို အပြစ်တင်ချင်သေးတာလား အညိုး ငါ့ဘာသာအေးအေးဆေးဆေးနေတာကို နင့်ကောင်မက အသားလွှတ် လာရမ်းကားနေတာလေ ..."

"အဒေါ် လူကြီးဖြစ်ပြီး ကလေးအီးစားဖို့ပဲ ကောင်းတယ်"

"ဘာ ... ဘာ ... ဟဲ့ ... ကောင်မ ..."

ဒေါ်တင်လေးက ဒေါ်သူပုန်ထ ဆွေ့ဆွေ့ခုန်လျက် မိုးခင်ရှိရာ ပြေးဆင်းမည်ပြုတာမို့ စည်သူညိုက အဒေါ်ဖြစ်သူကို ကုပ်ကပ်ဆွဲချုပ်ထားလိုက်ရသည်။

"လူကြီးဖြစ်ပြီး အဒေါ် ဘာလို့ စကားကို ဗလောင်းဗလဲ ပြောလဲ၊ အဒေါ့်ဘာသာ အေးအေးနေရင် ကျွန်မက အခြောက်တိုက် ရန်လာစပါ့မလား၊ အဒေါ် အရပ်တကာ လှည့်ပြီး ထီးထမ်းလမ်းလျှောက် ကျွန်မ အတင်းတွေ လျှောက်ပြောနေလို့ ကျွန်မ လာရတာ၊ ကိစ္စမရှိရင် အဒေါ့် အိမ်နားတောင် ဖြတ်မလျှောက်ဘူး၊ အနံ့အသက်တွေ မကောင်းလွန်းလို့ ..."

မိုးခင်က ပြောပြောဆိုဆို လက်ဖဝါးတစ်ဖက်ဖြင့် နှာခေါင်းရှေ့မှာ ယပ်ခတ်သလိုလုပ်ရင်း ပြောလိုက်လေရာ ဒေါ်တင်လေးက ဆွေ့ဆွေ့ခုန်သွားကာ ...

"ဟဲ့ ... ဟာမ ညည်း ဘာစကားပြောတာလဲ"





"အဒေါ် တောင်းပန်ပါတယ်၊ ရှိကြီးခိုးပါရဲ့ဗျာ၊ တော်ပါတော့ အဒေါ်ရယ်"

"လွှတ်စမ်း ... အညို၊ ငါ့ကိုလွှတ်၊ ငါ ဒီဟာမလေးကို တစ်ခုခုလုပ်ရမှ ကျေနပ်မယ်၊ လူကလေး လက်တောက်လောက်နဲ့ လူပါးကိုဝတယ်"

"ဟဲ့ ... အညို လွှတ်ပေးလိုက်စမ်းပါ၊ သူ ငါ့ကို ဘာလုပ်မလဲဆိုတာ ကြည့်ရအောင်ပါ"

"တော်ပါတော့ မိုးခင်ရယ်၊ ငါ တောင်းပန်ပါတယ်ဟာ"

"နင် တောင်းပန်စရာ မလိုပါဘူး၊ နင့်အဒေါ်ပဲ တောင်းပန်ရမှာ"

မိုးခင်က တစ်ချက်ဟောက်လိုက်လျှင် စည်သူညိုက မျက်နှာလေးငယ်ကာ ငြိမ်ကျသွားပါသည်။ အိမ်အောက်သို့ပြေးဆင်း ဖက်သတ်တော့မလို ရုန်းကန်နေသော အဒေါ့်ကိုဆွဲဖက်ချုပ်ထားရင်း သူ့ ဇောချွေးတွေ ပြန်လာသည်။ အဒေါ့်ကိုလည်း မနိုင်။ မိုးခင်ကိုလည်း သူ မနိုင်ပါ။

"ဒီမှာ အဒေါ်၊ အဒေါ်က ကျွန်မနဲ့ အညိုကို မတူဘူး မတန်ဘူး၊ သဘောမတူဘူး ဆိုပြီး တစ်ရပ်ကွက်လုံးသိအောင် လိုက်မောင်းခတ်နေတာ မမောသေးဘူးလား၊ ဘာတဲ့ ... မိုးခင်ခင်ဆိုတာ စရိုက်ဆိုးတဲ့ အောက်တန်းစား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပို အခေါ်တူ အကောင်းစားလေးနဲ့ မတန်ဘူး ... ဟုတ်လား ... ဟ ဟ ဟ ...”

မိုးခင်က မထီတရီပြောရင်း ခေါင်းကို နောက်သို့ မော့လှန်ကာ လှောင်ပြောင်သရော် ရယ်မောလိုက်ပါသည်။ ထို အမူအရာကြောင့် စည်သူ့ညို ဆွဲဖက်ချုပ်နှောင်ထားရသည့် အခေါ်တဲ အားကုန်သုံးကာ ဖွတ်ရုန်းထွက်လိုက်ပြန်တာမို့ သူက မီရာ လှမ်းဆွဲဖက်ချုပ်ထားလိုက်ရပြန်သည်။

မိုးခင်က မျက်ခုံးပင့်ကာ ဒေါ်တင်လေးကို မထီတရီ လှမ်းကြည့်လိုက်ရင်း ...

“တစ်ခုလောက် မသိလို့ မေးစမ်းပါရစေ၊ ဘာအားကိုးနဲ့ အခေါ်တူကို အကောင်းစားလေးလို့ နာမည်တပ်လိုက်တာလဲ၊ ရုပ်ရည်လေး သနားကမားရှိလို့ ဟိုတယ်လိုနေရာမျိုးမှာ ဧည့်ကြိုအလုပ်ကလေး ရတာနဲ့ပဲ အကောင်းစားဖြစ်သွားရောလား၊ လုပ်ရတဲ့ ဟိုတယ်ကဖြင့် ကြယ်ငါးပွင့် အဆင့်မီဖို့ ဝေးလို့ ကြယ်တစ်ပွင့်တောင် ရလို့လား၊ ပေမမီ ဒေါက်မမီ ဟိုတယ် အစုတ်အပြတ်မှာ လခလေး နှစ်ပဲ ခြောက်ပြား ရတဲ့သူကိုများ အကောင်းစားတဲ့ ... အဟက် ဟက် ... ဟက်”

“ဟဲ့ ... အညို့ လခ နှစ်ပဲခြောက်ပြားပဲရရ၊ သူ့ဟိုတယ်





ကြယ်ဘယ်နှပွင့်ရရ နင့်လို အလုပ်မရှိ အကိုင်မရှိ လက်လျား လက်လျား လျှောက်ထွက် စိတ်လေနေတဲ့၊ ကိုယ့်ဘဝ ကိုယ် မကျေနပ်တိုင်း လူတကာကိုလှည့်ပတ်ရန်လုပ်နေတဲ့ အလေအလွင့် မိန်းမမျိုးထက်တော့ သာသေးတယ်ဟဲ့ ... မိုးခင်ခင်ရဲ့”

“မိုးခင်တို့ အလုပ်မလုပ်တာက မိုးခင်နဲ့ ထိုက်တန်တဲ့ အလုပ် မတွေ့သေးလို့ပါ ...၊ ဒီမှာ အခေါ် ... မိုးခင် မျက်နှာကို သေသေချာချာ ကြည့်လိုက်စမ်းပါ”

မိုးခင်က ခါးထောက်လျက် ခြေတစ်ဖက်ကို ဘေးသို့ ချဲကာ ရပ်နေရင်းက လက်တစ်ဖက်ဖြင့် ရှေ့ဆံပင်စတွေကို ဆွဲ လှန်ပင့်သိမ်းကာ ခေါင်းကို စောင်းငမ်းငမ်း မော့ပြထားလိုက်ပါ သည်။ ဆံပင်စတွေ နောက်ဘေးသို့ ရှဲသွားသဖြင့် နုထွတ်သော မျက်နှာကလေးရဲ့ အလှက ထင်းခနဲ ပေါ်လာသည်။ ရှည်စင်းသော လည်တိုင်ကလေးကလည်း ထင်းရှင်းနေသည်။

မိုးခင်က သူမ မျက်နှာကို သူမ လက်ညှိုးညွှန်ပြ လိုက်ရင်း ...

“ဟော့ဒီမျက်နှာကို သေသေချာချာ ကြည့်ထားလိုက်၊ အဲ့ဒါ ဟိုတယ် ဧည့်ကြိုကို ယူမယ့် မိန်းမမျိုး မဟုတ်ဘူး၊ ဒါ ဟိုတယ်ဧည့်ကြိုလောက်နဲ့ တန်တဲ့ မိန်းမမျက်နှာမျိုး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဟိုတယ်ပိုင်ရှင်လောက်နဲ့ တန်တဲ့ မျက်နှာမျိုးဆိုတာ အဒေါ် သေချာကြည့်ထားလိုက် ...”

“ဟက် ... ဟက် ... ဟက် ... အမယ်လေး မိုးခင်ခင်ရယ် နင် လေလုံးမထွားစမ်းပါနဲ့ဟဲ့၊ နင့်မျက်နှာ လှတာလေး တစ်ခုနဲ့ ဘာသွားသုံးစားလို့ရမှာလဲ၊ ရုပ်လှသလောက် မိုက်ရိုင်း အောက်တန်းကျတဲ့ မိန်းမမျိုးကို ဘယ်ဟိုတယ် သူဌေးကမှ မယူဘူးဆိုတာ နင် မှတ်ထားလိုက်ဦးဟဲ့၊ ငါ့လို ဧည့်ကြိုအဒေါ်ကတောင် နင့်လိုဟာမကို သဘောမကျရင် ဘယ်သူဌေးအမေကမှ နင့်လိုဟာမကို ချွေးမ မတော်ဘူး ဟဲ့ ...”

“အဒေါ် ... ဒေါ် ... တော်ပါတော့ အဒေါ်ရယ်၊ မိုးခင်ကို အဲ့ဒီလောက် မပြောပါနဲ့ အဒေါ်ရယ်”

“နင့်ဟာမက ဘဝင်လေဟပ်ပြီး အခြောက်ပိုက် ဖင်ခေါင်း လာကျယ်နေလို့ ပြောရတာလေ အညိုရဲ့ ...”

အဒေါ်က ဒေါသတကြီး အော်လိုက်ပြန်သည်။

သူက ချွေးဖြင့် စိုဥဝင်းအိနေသော မိုးခင် မျက်နှာလေးကို သနား အားနာစွာ ကြည့်လိုက်မိသည်။ ခုလို မတင့်တယ်တဲ့ အပြုအမူမျိုး ပြုမူနေချိန်မှာတောင် လှပနေသေးသော မိုးခင်ခင်ရဲ့ မျက်နှာပေါ်မှာ မာန်မာန အရိပ်အယောင်တွေ ဝင်းငင်းတောက်နေသည်။





ကိုယ်လိုလူကို မင်း စိတ်မကူးတာ သိပါတယ် မိုးခင်ရယ်၊ ဒါပေမယ့်လည်း မင်းကို ငါ အသည်းလှိုက်လှိုက်တုန်အောင် ချစ်နေခဲ့မိပါတယ်။

“ကျွန်မက ရန်စတာလား၊ အဒေါ်က ရန်စတာလားဆိုတာ သေချာပြန်စဉ်းစားလိုက်ဦး၊ ဒီရပ်ကွက်ထဲမှာ ကျွန်မအတင်းကို ခြေတို ဖိနပ်ပါးအောင် လျှောက်သွားပြောနေတာက အဒေါ်လေ၊ အဒေါ် ဒီလိုပြောရအောင် ကျွန်မက အညိုနဲ့ သမီးရည်းစားတွေ မို့လို့လား၊ အဒေါ့်တူ အညို တစ်ဖက်သတ်ကြီး အသည်းအသန် ဖြစ်နေတာ အဒေါ် မသိဘူးလား၊ ဟဲ့ ... အညို ...”

“အေး ... ပြော ... ပြော ... မိုးခင်၊ ငါဘာလုပ်ပေးရမလဲ”

မိုးခင်ခင်က အညို့ဘက်သို့ လက်ဖျောက်တစ်ချက် တီးပြလိုက်ရင်း ...

“ပြောပြလိုက်စမ်းပါ၊ ငါနဲ့ပတ်သက်လာရင် နင့်ဘဝက ဘယ်လိုဆိုတာ ...”

“ဟို ... အဒေါ်၊ မိုးခင် ပြောတာ ဟုတ်ပါတယ်၊ မိုးခင်နဲ့ ကျွန်တော်က ရည်းစားတွေမှ မဟုတ်တာ၊ မိုးခင်က ကျွန်တော့်လောက်ကို စိတ်မကူးဘူး ပြောပြီးသားပါ၊ ကျွန်တော်ကပဲ တစ်ဖက်သတ် ချစ်နေရတာပါ ...”

www.burmeseclassic.com



"ဟင်း ဟင်း ... ကြားရဲ့လား အဒေါ်"

မိုးခင်ခင်က ဒေါ်တင်လေးဘက်ကို မေးတစ်ချက် ဆတ်၍ မထီမဲ့မြင် မေးလိုက်တာပင် ...။ ဒေါ်တင်လေးက ဆွဲဖက် ချုပ်ထားသည့် အညို့ထံမှ ဆောင့်ရုန်းကာ အညို့ကို တွန်းပစ်လိုက် ရင်း ...

"အသုံးမကျတဲ့ အကောင်ရဲ့၊ ဒီလိုကောင်မမျိုးကိုမှ နင်က တမ်းတမ်းစွဲ ဖြစ်စရာလားဟဲ့ ..."

"အဒေါ် ... ကျွန်မကို ကောင်မလို့ မပြောစမ်းပါနဲ့"

"နင်နဲ့တန်တဲ့ အသုံးအနှုန်းက အဲ့ဒါပဲရှိတယ်ဟဲ့ မိုးခင်ခင် ရဲ့ ...."

"အဒေါ် တော်ပါတော့ဗျာ ..."

"အဒေါ် လူကြီးဖြစ်ပြီး ကျွန်မကို မှီချိုး မှုတ်ချိုး ပြောနေ မယ့်အစား အဒေါ့်တူ အဒေါ်ကြည့်ထိန်းလိုက်ဦး၊ မနက် မနက် အိပ်ရေးပျက်ခံပြီး ခရေပန်းတွေ ထကောက်ပြီး ကျွန်မဆီ နေ့တိုင်း ဆက်သနေတာမျိုး ...၊ သူ လခထုတ် တဲ့ နေ့ဆို အဒေါ့်ကို မကန်တော့ရသေးခင် ကျွန်မဆီ အရင်ပြေးလာပြီး ကျွန်မစားဖို့ အကောင်းစားကိတ်မုန့်ကြီး တွေ ဝယ်လာတာမျိုးတွေ ဆက်မလုပ်အောင် တားမြစ်လိုက် ဦး၊ ဟဲ့ ... အညို ... နင်လည်း ကြပ်ကြပ်မှတ်၊ ငါ့အိမ်ဘက်





ကို ဘယ်တော့မှ ခြေလှမ်း မလှမ်းမိစေနဲ့၊ နင့်မျက်နှာကို ငါ မကြည့်ချင်တော့ဘူး ... ကြားလား"

မိုးခင်က သူတို့အိမ်ရှေ့မှာ ချာခနဲ လှည့်ထွက်လိုက် လျှင် မိုးခင်တို့ ရန်ပွဲကို ဝိုင်းကြည့်နေသည့် ရပ်ကွက်ထဲက လူ တွေကို တွေ့လိုက်ရပါသည်။ မိုးခင်က မျက်မှောင်တစ်ချက်ကြုတ် ကာ ...

"ဘာကြည့်နေတာလဲ၊ အားနေလား ... ဖယ်ကြစမ်း"

ဟု ခပ်ဆတ်ဆတ်အော်လိုက်တော့မှ လူတွေ ဘေး သို့ရှဲသွားသည်။

မိုးခင်က လူကြားထဲမှတိုးကာ ခပ်မှန်မှန် လျှောက် ထွက်သွားသည်။

မကြည့်။

အညို့ကို ယောင်လို့တောင် လှည့်မကြည့်။

အညိုကတော့ အုတ်လှေကားထစ်လေးပေါ်မှာ ခြေ စ်လက်ပစ် ထိုင်ချရင်း မိုးခင်၏ ကျောပြင်လေးကို မျက်စိတဆုံး ငေးကြည့်ကျန်ခဲ့ရပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၂)

❖ ❖ ❖

"မိနီ … မိနီ …၊ မိနီ ဘယ်ရောက်နေလဲ၊ အမ်လေး … ရန်ဖြစ်ရတာ မောလိုက်တာ၊ အာခေါင်တွေတောင် ခြောက်တယ်၊ ငါ့ကို ရေတစ်ခွက် ပေးစမ်းပါဟဲ့ … မြန်မြန်လေး"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ … ခဏစောင့်ပါ မမ"

"နီနီ … နေ … နေ၊ သွား … လုပ်စရာရှိတာလုပ်၊ သူ့မှာ လက်ပါတယ်၊ သူ့ဘာသာ ခပ်သောက်လိမ့်မယ်"

မိနီအသံ ညှောင်ညက်ညက်လေးအဆုံးမှာ အိမ်ခန်းထဲက အဖေ့အသံကြီးက ဟိန်းထွက်လာပါသည်။ အိမ်ရှေ့သို့ ထွက်လာသော အဖေ့ပုံစံက အိပ်ချင်မူးတူး။ ညက သောက်ထားသည့် အရက်ရိပ် အရက်ခိုးတွေလည်း ပြေသေးပုံ မရ။

မောမောနှင့် ကုလားထိုင်ပေါ်မှာ ခြေပစ်လိုက်သ





ထိုင်ချလိုက်မိသော မိုးခင်ခေါင်းက ဆတ်ခနဲမတ်ကာ အဖေ့ကို လှမ်းကြည့်လိုက်သည်။ အဖေက သုန်မှုန်သော မျက်နှာထားဖြင့် မိုးခင်နှင့် မလှမ်းမကမ်း ခုံပေါ်မှာ ဝင်ထိုင်လိုက်ရင်း …

"နင့်ကို အပြောအဆို ဆင်ခြင်ဖို့ ငါ ဘယ်နှခါ ပြောရမှာလဲ မိုးခင် …"

"မိုးခင် ဘာပြောမိလို့လဲ အဖေ"

"နင် နီနီ့ကို မိနီ … မိနီနဲ့ ခေါ်ပြီး ခိုင်းစေနေတာ ငါ့နားထဲ ကြားလို့မတော်ဘူး မိုးခင် …"

မိုးခင်က ဟက်ခနဲ ရယ်လိုက်ရင်း …

"မိနီမို့လို့ မိနီခေါ်တာ ဘာဖြစ်လို့လဲ အဖေရဲ့၊ တစ်သက်လုံးက ဒီလိုပဲခေါ်ပြီး ခိုင်းစေလာတာ ဘာဆန်းလို့လဲ …"

"အေး … အရင်တုန်းက မိနီခေါ်ပြီး ခိုင်းစေနေတာ ကိစ္စမရှိပေမယ့် ခု သူက နင့်အဖေမိန်းမ ဖြစ်နေပြီ၊ နင် သူ့ကို မလေးစားရင်တောင် အိမ်ဖော်လို ချိုးနှိမ်ဆက်ဆံဖို့ မသင့်တော်ဘူး"

"ဒါဖြင့် သူ့ကို မိုးခင် အမေလို့ခေါ်ပြီး အိမ်ဦးခန်းမှာ တင်ထားလိုက်မယ်လေ၊ အမေရေ … အမေ ဒေါ်နီနီလွင်ရေ တဆိတ်လောက် အိမ်ဦးခန်းကို ကြွခဲ့ပါ"

မိုးခင်က မီးဖိုချောင်ဘက်သို့ လှမ်းမျှော်ကြည့်ရင်း အော်ခေါ်လိုက်တာမို့ အဖေ့မျက်နှာက ရဲတွတ်သွားကာ …



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို မငေါ့စမ်းပါနဲ့ မိုးခင်"

ဟု တစ်ချက်အော်တော့ မိုးခင်က မထိတရိဖြင့် ပခုံးတစ်ချက် တွန့်လိုက်ပါသည်။

ဒါ ... ဘာဘဝလဲ။ ဘယ်လို ဘဝကြီးလဲ။ သာမန်သူလိုငါလို ဘဝမျိုးမဟုတ်တဲ့ ဒီလိုဘဝကြီးကို မိုးခင် မုန်းလှပါသည်။

အမေ မဆုံးခင်အထိတော့ မိုးခင်ဘဝက လှပခဲ့သေးသည်။ မိုးခင် အမေက သူဌေးသမီး။ အဖေက အမေတို့ ပွဲရုံမှာ အလုပ်လုပ်ရသည့် အလုပ်သမား ...။ အဖေ့ကို အမေယူတော့ အမေ့အိမ်က အမေ့ကို သမီးအဖြစ်က စွန့်လွှတ်ခဲ့သည်တဲ့ ...။ သို့သော်လည်း အမေ့ တစ်ကိုယ်စာ ပါလာသည့် စိန်တစ်ဆင်စာ တန်ဖိုးက မနည်းတာမို့ အမေ မဆင်းရဲခဲ့။ အဖေက အမေ့ စိန်ထည်လေး တချို့ ရောင်းလိုက်၊ အရင်းအနှီးလုပ်လိုက် ကုန်သွားလိုက်။

အဲ့ဒီအချိန်မှာပဲ အမေ့မိဘတွေ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးသွားတာမို့ ကျန်ရစ်သမျှ အမွေတွေကို တစ်ဦးတည်းသော သမီးဖြစ်သူ မိုးခင် အမေ ရကျန်ရစ်ခဲ့သည်။

ရခဲ့သည့် အမွေတွေဟာ မနည်းသော်လည်း ဖြုန်းနိုင်ပွေနိုင် လောင်းကစားလုပ်နိုင်သော အဖေ့အင်အားက များတာမို့





တတိတတိ ကုန်ပါသည်။ နှလုံးရောဂါရှိလျက်နှင့် မိုးခင်ကို မွေးပေးခဲ့သော အမေက မိုးခင် ၁၅ နှစ်သမီးမှာ ဆုံးပါသည်။

အမေဆုံးပြီး တစ်နှစ်တောင် မပြည့်သေးခင်မှာ မိုးခင် အဖေဟာ မိန်းမတွေ ယူလိုက်သည်မှာ တစ် ယောက်ပြီး တစ်ယောက် ...။ ယူသည့် မိန်းမတွေက အိမ်ပေါ် အခန့်သား တက်လာလိုက်၊ အဖေနဲ့အဆင်မပြေတော့ ရှိသမျှ မ,နိုင်သလောက် မ,ယူသွားလိုက်။

နောက်ဆုံးတော့ မိုးခင်တို့ နေသည့် နေရာကောင်းက ခြံနှင့် အိမ်ကိုရောင်းချကာ ဒီလိုရပ်ကွက်လေးထဲက နှစ်ထပ်တိုက်ခံ ပျဉ်ထောင်အိမ်လေးတစ်လုံးဝယ်ပြီး နေထိုင်ရသည့် အထည်ကြီးပျက်ဘဝကို ရောက်ခဲ့ပါသည်။

တစ်ရပ်ကွက်လုံးက မိနီလို့ ခေါ်တဲ့ နီနီလွင်ဆိုတာ မိုးခင် ခိုင်းစေနေတဲ့ ကောင်မလေး။ မိုးခင်တို့အိမ်မှာ အဝတ်လျှော်၊ တောက်တိုမည်ရလုပ်။ မိနီဟာ မိုးခင်ထက်တောင် နှစ်နှစ်ငယ်သေးသည်။

နောက်ဆုံး အဖေယူလိုက်တဲ့ မိန်းမဟာ ထို မိနီ။

မိုးခင် လုံချည်ကို လျှော်နေရတဲ့ မိနီဟာ ရုတ်တရက်ကြီး အဖေ့ဇနီးအဖြစ် မိုးခင်တို့အိမ်ပေါ် ရောက်လာတော့ မိုးခင်မှ ပေါက်ကွဲလျှင် ဘယ်သူ ပေါက်ကွဲဦးမလဲ ...။ အဖေကတော့



www.burmeseclassic.com

www.burmeseclassic.com



[illegible] အဲ့ဒီတော့ ဘာရမလဲ … မိုးခင်ကလည်း ခပ်[illegible]ပေါ့။ မိနီဟာ မိနီပေါ့။ မိနီလိုပဲ ဆက်ဆံရမှာပေါ့။

ဆယ်တန်းမှာ စာမေးပွဲ တဘုံးဘုံးကျပြီး ကျောင်းထွက်လိုက်တဲ့ မိုးခင်ဟာ ဘာအလုပ်မှလည်း မလုပ်၊ ပွဲရုံမန်နေဂျာလုပ်နေတဲ့ အဖေ့လုပ်စာကို မိနီနှင့်အပြိုင် ထိုင်စားကာ တလောကလုံးကို မကျေမနပ် ရန်လိုပေါက်ကွဲနေတတ်ပါသည်။

"နင် ငါ့ကို မထီတရီလုပ်မနေနဲ့၊ နင့်အချိုးကို ငါ ကြည့်မရဘူး မိုးခင်၊ နင့်အချိုးကို ပြင်ချင်ပြင်၊ မပြင်ရင် ငါ့အိမ်က ဆင်းသွား …"

မိုးခင်အဖေ ဦးအောင်မိုးက ဒေါသတကြီး အော်လိုက်သော်လည်း မိုးခင်က ခပ်အေးအေး တုံ့ပြန်လိုက်သည်။

"အမွေရမှ ဆင်းမယ် အဖေ …"

"ဘာ …"

"မိုးခင် အခုဆင်းသွားရင် အမေ့ အမွေရတဲ့ ပိုက်ဆံနဲ့ ဝယ်ထားတဲ့ ဒီအိမ်ကို မိနီ ပိုင်သွားမှာပေါ့၊ မိုးခင် ရသင့်ရတိုက်တာလေးတွေ လက်လွှတ်ဆုံးရှုံးသွားရမှာစိုးလို့ ဆင်းမသွားသေးတာပါ အဖေ၊ အဖေ မသိလို့နော် … အခု မြေဈေး အိမ်ဈေးတွေက ခေါင်ခိုက်နေတာ အဖေရဲ့၊ မနေ့ကပဲ ရပ်ကွက်ထဲက ပွဲစားတွေ လိုက်ရှာပြီး မေးစမ်းကြည့်





ပြီးပြီ၊ ဈေးပေါပေါလေးနဲ့ ဝယ်ထားတဲ့ ဒီ ပေ ၂၀ ပေ ၆၀ မြေ လေးတောင်မှ သိန်း ၇၀၀ လောက် တန်နေပြီလေ အဖေ၊ ရောင်းပစ်ခဲ့ရတဲ့ အရင် အိမ်တန်ဖိုးရဲ့ အဖျားအနားတောင် မရှိပေမယ့် ဒီလောက်ဆိုရင်ပဲ မဆိုးနိုင်ပါဘူး၊ မိုးခင်က အမွေလိုချင်ပေမယ့် မတရားသဖြင့်တော့ မလုပ်ပါဘူး၊ မိုးခင်ကို သိန်း ၃၀၀ လောက်ပဲ အမ်းရင်တောင် ကျေနပ်ပါတယ်လေ"

"တောက် … နင် … နင်၊ တယ်လေ …"

အဖေက မိုးခင်ကို ရိုက်ချတော့မလို လက်ရွယ်ပြီးမှ သူ့ဒေါသသူ ပြန်သိမ်းကာ အိမ်ထဲဝင်သွားသည်။ ပြီးတော့ အဝတ်အစား အမြန်လဲကာ သုန်သုန်မှုန်မှုန်ဖြင့် အလုပ်သို့ ထွက်သွားသည်။

မိုးခင်မြင်ကွင်းက အဖေပျောက်သွားသည်နှင့် မိုးခင်က မီးဖိုချောင်ဘက်သို့ လှမ်းကာ အော်လိုက်ပါသည်။

"မိနီ … ဟဲ့ … မိနီ … လာစမ်းပါဦး၊ ငါ့ရှေ့ကို ကြွခဲ့စမ်းပါဦး"

မိနီက ကုပ်ချိုချိုဖြင့် မိုးခင်ရှေ့သို့ ရောက်လာသည်။ အဖေ အိမ်မှာမရှိချိန်ဆို မိနီကို နှိပ်ကွပ်လို့ကောင်းလှပါသည်။

"ဟဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

"ရေ ဘယ်မှာလဲ၊ ငါ နင့်ကို ရေခပ်လာခဲ့ခိုင်းတာ နင့်နား မကြားဘူးလား"

"ကြား ... ကြားပါတယ် အစ်မ"

"ကြားရင် ဘာလို့ ခပ်မလာလဲ၊ ဘာလဲ ... နင့်ကိုယ်နင် ငါ့အဖေရဲ့ မိန်းမဆိုပြီး မာန်တက်နေတာလား၊ ရုပ်ကိုက ကျပ်မပြည့်တဲ့ ရုပ်၊ ရေချိုးရင် ကြေး(ဂျီး)မတွန်းတဲ့ရုပ်၊ အာပုပ်စော်နံတဲ့ရုပ်၊ ငါ့အဖေက သူ့အရက်နံ့နဲ့သူ မွန်နေလို့ နင့် အာပုပ်စော်နံတာ မသိဘဲ ယူမိတာပဲဖြစ်မယ်၊ ဟဲ့ ... သွား ရေသွားခပ်၊ ဟိုမှာ ပြောဆိုလာရတာက တစ်မျိုး၊ ဒီမှာပြော ရဆိုရတာက တစ်မျိုး၊ အာကိုခြောက်နေဘာပဲ၊ ဟဲ့ ... မြန်မြန်ခပ်ခဲ့ ..."

"ဟုတ် ..."

မိနီက မီးဖိုချောင်ဘက်သို့ ခပ်မြန်မြန် ပြေးသွားပြီး ရေတစ်ခွက် ခပ်ယူလာသည်။

"အစ်မ ရေ ... ရပါပြီ"

"အေး ... ပေး ..."

မိုးခင်ခင်က မိနီ လှမ်းပေးသည့် ရေဖန်ခွက်ကို ဆတ် ခနဲ လှမ်းယူကာ တစ်ကျိုက် မော့လိုက်ပြီးမှ ဘေးပြတင်းပေါက်





သို့လှည့်ကာ ဖွီးခနဲ ထွေးထုတ်ပစ်လိုက်ပါသည်။ ပြီးတော့ ဖန်ခွက် ထဲက လက်ကျန်ရေဖြင့် မိနီမျက်နှာသို့ ပက်ထည့်လိုက်ရင်း ...

"ဟဲ့ ... လာခဲ့စမ်း၊ ဒီမှာကြည့်စမ်း ..."

မိုးခင်က မိနီရဲ့ နဖူးရှေ့က ဆံပင်တချို့ကို လှမ်း ဆွဲဆုပ်ကာ ခေါ်လိုက်ပြီး ဖန်ခွက်နှင့် မိနီမျက်နှာကို တေ့ပေး လျက် ...

"တွေ့လား၊ ဖန်ခွက်အောက်ခြေမှာ ဆပ်ပြာအစတွေ ကပ် နေတာ တွေ့လား၊ နင် ဖန်ခွက်ကို ဆပ်ပြာခဲနဲ့ဆေးပြီး သေချာ ဆပ်ပြာစင်အောင် မဆေးဘူးမဟုတ်လားဟင် ..."

"ဆေး ... ဆေးပါတယ် အစ်မရယ်"

"ဆေးရင် ဘာလို့ မစင်သလဲ၊ နင် ကန်းနေလို့ ဒါကို မမြင်တာလား"

"ဟို ... ကန်းတော့ မကန်းပါဘူး၊ တစ်ခါတလေ ခဲတော် တဆ ..."

"ပြောလိုက်ရင် ဆင်ခြေကလေးနဲ့၊ အသုံးကို မကျဘူး၊ သွား ... သွားပြန်ဆေးချေ"

"ဟုတ် ..."

"ဘာ ဟုတ်လဲ ..."

"ဟုတ်ကဲ့လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ရင်တော့ ဟုတ်ကဲ့ပဲ၊ လုပ်လာရင်သာ အချိုး မပြေတာ၊ ငါ တန်ထည့်လိုက်ရ ..."

မိုးခင်က မိနီကို ခြေထောက်တစ်ဖက်မြှောက်ရွယ် လိုက်တာမို့ မိနီက ကပျာကယာ ခန္ဓာကိုယ်ကို နွဲ့ကာ ရှောင် ထွက်ပြီး နောက်ဖေးချောင်ဘက်သို့ ထွက်သွား၏။ မိုးခင်က ကုလားထိုင်ကို ခပ်လျောလျောမှီကာ ခြေချိတ်ထိုင်ရင်း ခပ်မြိန့်မြိန့် စောင့်နေလိုက်သည်။

မိနီက ဖန်ခွက်အသစ်ဖြင့် ရေခပ်လာပေးတော့မှ လှမ်းယူကာ မော့သောက်လိုက်ပြီး မိနီကို စိုက်ကြည့်လျက် ...

"မိနီ ..."

"ရှင် ... အစ်မ"

"နင့်မှာ ပိုက်ဆံ ဘယ်လောက်ရှိလဲ"

"ဟို ... မရှိ ... မရှိ ..."

"ညာမနေနဲ့၊ နင့်မှာ အဖေ ပေးထားတဲ့ ပိုက်ဆံတွေ ရှိ တယ်မဟုတ်လား၊ ဟိုတလောကတောင် အဖေ ပေးတဲ့ ပိုက်ဆံနဲ့ နင် ဆွဲကြိုးလုပ်ဝတ်တာ ငါ မသိဘူးမှတ်လို့လား၊ ဈေးထဲက နင် ဆွဲကြိုးလုပ်တဲ့ ပန်းတိမ်မှာ ငါ သေချာ စုံစမ်းပြီးပြီ"

"ဟို ... အဲ့ဒါက ဦးက လုပ်ခိုင်းလို့ပါ"





"ဟင်းဟင်း ... မိုးခင်တို့ မွေးသဖခင်ကတော့ မိုးခင်ကို သာ ထမင်းနပ်မှန်အောင် မကျွေးရင်နေမယ်၊ ဒါမျိုးတော့ စေတနာက ပိုတတ်သားပဲ၊ ကဲ ... အဲ့ဒီဆွဲကြိုး ဘယ်မလဲ၊ ယူခဲ့ ..."

"မလုပ် ... မလုပ်ပါနဲ့ အစ်မရယ်၊ အဲ့ဒါလေးက အလှူ မင်္ဂလာဆောင်သွားရင် ဝတ်ဖို့ သိမ်းထားတာပါ"

"လျှာမရှည်နဲ့ ... ယူဆိုယူခဲ့ ..."

မိုးခင်က အော်လိုက်တာမို့ မိနီက လန့်ဖျပ်လှည့် အထွက် ...

"ဟဲ့ ... နေဦး"

"ဘာ ... ဘာလဲ အစ်မ"

"နင့်ကို အဖေ ပေးထားတဲ့ ပိုက်ဆံတွေပါ ယူခဲ့ ..."

"ဟို ... မရှိ ..."

"ငါ ဝင်ရှာရမလား"

"ယူ ... ယူခဲ့ပါ့မယ်"

မိနီက မိုးခင်ခင်ကို တုန်အောင်ကြောက်ရသူမို့ မလွန်ဆန်ဝံ့ပါ။ ခဏနေတော့ ပိုက်ဆံတစ်သိန်းထုပ် နှစ်ထုပ်နှင့် ငါးမူးသားခန့်ရှိသည့် ရွှေဆွဲကြိုးတစ်ကုံးကို မိုးခင် လက်ထဲ လာ ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒါအကုန်မဲ့လား"

"အကုန်ပါပဲ အစ်မ"

"သေချာတယ်နော်"

"သေချာပါတယ် အစ်မရယ်..."

"ပြီးရော ..."

မိုးခင်က မိနီဆီက ရသမျှ အကုန်ယူကာ အိမ်မှ ထွက်လာခဲ့သည်။

ပထမဦးဆုံး ဈေးထဲက ရွှေဆိုင်ကိုဝင်ကာ ဆွဲကြိုးကို ရောင်းလိုက်သည်။ ပြီးတော့ ရှော့ပင်းစင်တာတွေသွား၊ လိုချင်တာတွေ ဝယ်၊ ရုပ်ရှင်ဝင်ကြည့် ...။ ပျော်သလို နေလိုက်သည်။

ဒီလိုလေး လုပ်လိုက်ရမှ အားလုံးကို အနိုင်ရလိုက်သလို စိတ်ကျေနပ်လျက် နေသောထိုင်သာလေး ရှိရပါသည်။

■ ■ ■



(၃)

❖ ❖ ❖

မနက် ငါးနာရီဆို စည်သူညို၏ မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာရမြဲပင်။

နှိုးစက် ပေးစရာမလို...။

ဘယ်သူ့မှ နှိုးခိုင်းစရာမလို ...။

အထူးသဖြင့် ဒီလို ခရေတွေပွင့်တဲ့ အချိန်မျိုးမှာ စည်သူညိုက ဝီရိယ ကောင်းလှေ့ရှိပါသည်။

ဟိုတယ်မှာ ဂျူတီကျတဲ့ နေ့တွေကလွဲပြီး သူ အိမ်မှာအိပ်ရတဲ့ ခုလို အချိန်မျိုးမှာ မနက်ငါးနာရီ ထပြီး ရပ်ကွက်ထိပ်က ခရေပင်တန်းအောက်မှာ ခရေပန်း သွားကောက်ခဲ့တာဟာ နှစ်စဉ်နှစ်တိုင်း မပျက်မကွက်။

မိုးခင်ခင်က ခရေပန်း ကြိုက်လှသည်လေ ...။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော ထကောက်ထားသည့် ခရေပန်းတွေကို ရေစိုလက်ကိုင်ပဝါလေးနဲ့ ထုပ်ပြီး မိုးခင်ကို သွားပေးတိုင်း မိုးခင် ပျော်သွားတတ်တာမို့ မိုးခင် ပျော်တာကို မြင်ချင်သော သူက ခရေပန်း ထကောက်ရတာကို ပင်ပန်းသည်ဟု မထင်ခဲ့တာပါ။

သူက တစ်ဖက် အိပ်ရာမှာ အိပ်နေသော လေးလေး ဦးထူးအောင်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

မှောင်နေတာမို့ လေးလေးကိုတော့ မမြင်ရပါ။ သို့သော် လေးလေး၏ အသက်ရှူသံကို သေချာဂရုစိုက် နားထောင်လိုက်သည်။ အသက်ရှူသံက ခပ်မှန်မှန်ထွက်ပေါ်ကာ လေးလေး ဘက်က ငြိမ်သက်လျက်ရှိပါသည်။

သူ အိမ်မှာအိပ်သည့် ညတွေမှာ လေးလေးနှင့်အတူ တစ်ခန်းတည်း အိပ်ရသည်။ လေးလေးက စည်သူညို၏ ဦးလေး အငယ်။ အဒေါ် ဒေါ်တင်လေးနှင့် မောင်နှမအရင်း။ အဒေါ်က မုဆိုးမ။ လေးလေးက လူပျိုကြီး …။ လေးလေးက သူဌေးအိမ် တစ်အိမ်မှာ ဒရိုင်ဘာ အလုပ်လုပ်သူမို့ ဝင်ငွေက မဆိုးလှပါ။ အဒေါ်ကတော့ ရပ်ကွက်နားက ဈေးထဲမှာ ဆန်ဆိုင်ဖွင့်ထားတာမို့ ပြေပြေလည်လည်ပင်။

စည်သူညို့မိဘတွေက နယ်မှာ သိပ်လည်းမပြေလည်





လှ …။ အမေက အဒေါ် ဒေါ်တင်လေးအောက်က ညီမအငယ်ဆုံးပင်။ သူ ဆယ်တန်းအောင်တော့ အမေက သူ့ကို အဒေါ့်အိမ်သို့ ပို့အပ်လိုက်ပါသည်။ အဲဒီအချိန်ကတည်းမှာ အဒေါ်တို့ လေးလေးတို့နဲ့ အတူနေရင်း ရန်ကုန်မှာ သင်တန်းတွေတက်၊ အလုပ်ရှာ၊ နောက်တော့ ဟိုတယ်တစ်ခုမှာ ညှိုကြိုဝန်ထမ်းအလုပ်လေး ရလိုက်ပါသည်။ ခုတော့ ရတဲ့ လခလေးကို အမေနဲ့ အဖေ့ကိုလည်း လှမ်းကန်တော့၊ အဒေါ့်ကိုလည်း အိမ်စရိတ်ပေး၊ ကိုယ်လည်း ချွေချွေတာတာ သုံးစွဲလို့ ရနေပါသည်။ သူ့အလုပ်က လခအပြင် အပိုဆုကြေးငွေလေးလည်း ရတတ်တာမို့ မဆိုးဟုဆိုရမှာပင်။

သူ့နာမည်က စည်သူညို ဆိုပေမယ့် အမေက စပြီး 'အညို' လို့ ချစ်စနိုးခေါ်ရာကစလို့ အဒေါ်၊ ဦးလေးနှင့်တကွ တစ်ရပ်ကွက်လုံး …၊ ပြီးတော့ အလုပ်မှာပါ အညိုဟုသာ တွင်နေသည့် နာမည်မို့ လိုက်လည်း မပြင်ချင်တော့ပါ။

တခြားဘယ်သူခေါ်ခေါ် ဘယ်လိုမှ မခံစားရပေမယ့် အမေနဲ့ အဖေက 'အညိုရေ'ဟု ခေါ်လိုက်တိုင်း သူ ကြည်နူးတတ်သည်။ နောက်တစ်ယောက်ကတော့ မိုးခင်ခင် …။

မိုးခင် နှုတ်ဖျားက 'ဟဲ့'တစ်လုံးနှင့်အတူ ပူးတွဲထွက်ပေါ်လာတဲ့ 'ဟဲ့ … အညို'ဟူသော ရင်းနှီး စီးပိုးသည့် ခေါ်သံကို ကြားရတိုင်း သူ့နှလုံးသားက လှုပ်ရှားတက်ကြွ နွေးထွေးလာတတ်တာပင် …။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်ရဲ့ အလိုမကျသလို ကုပ်ကွေးနေတတ်သော မျက်ခုံးတွေကိုလည်း သူချစ်သည်။ ဒေါသဖြင့် စူပုပ်နေသော နှုတ်ခမ်းကလေးတွေကိုလည်း သူ ရင်ခုန်သည်။ နာကြည်းဒေါသဖြင့် စူးရဲတောက်ပနေတတ်သော မျက်ဝန်းတွေကိုလည်း သူ မြတ်နိုးသည်။ မိုးခင် နှုတ်ခမ်းဖျားက ထွက်ကျလာတဲ့ မချိုသာသော၊ ကဗျာမဆန်သော ရိုင်းရိုင်းပျပျ စကားလုံးတွေကိုလည်း နားလည်ခွင့်လွှတ်စွာ သနားကြင်နာနေမိတတ်ပါသည်။

သူက လေးလေး အိပ်နေတုန်းပဲဟု စိတ်ချစွာဖြင့် အသာအယာ ထရပ်လိုက်သည်။ ပြီးတော့ ... မီးမဖွင့်ဘဲ အဝတ်လှန်းသည့် စင်လေးကို လက်ဖြင့်စမ်းကာ တန်းမှာ ချိတ်ထားသည့် ရှပ်အင်္ကျီတစ်ထည်ကို လှမ်းယူပြီး စွပ်ကျယ်ပေါ်မှာ ထပ်ဝတ်လိုက်သည်။ အပြင်မှာ မိုးတဖြောက်ဖြောက် ရွာကျနေတာမို့ ချိတ်မှာ ချိတ်ထားသည့် မိုးကာဂျာကင်ကိုပါ စမ်း၍ယူကာ အပေါ်က ထပ်ဝတ်၊ ခေါင်းစွပ်ပါ ဆွဲစွပ်၍ ခြေဖွကာ အခန်းထဲမှ လှမ်းအထွက် ... ဖျောက်ခနဲ အသံကြားရကာ အခန်းမီးက ဖျတ်ခနဲ လင်းလာပါသည်။

"အညို ..."

လေးလေးက အိပ်ရာဘေးမှရပ်လျက် သူ့ကိုလှမ်းကြည့်နေသည်။ သူက သူခိုးလူမိသွားသလို မျက်နှာချိုလေးသွေးမိကာ ...





"အဟဲ ... လေးလေး အစောကြီး နိုးနေတာလား"

"မင်း ... ဒါ ဘယ်သွားမလို့လဲ"

"အဟဲ ... ဟို ... အစောကြီး နိုးလာလို့ ဗိုက်ဆာလာတာနဲ့ လမ်းထိပ်သွားပြီး မုန့်ဟင်းခါး စား ..."

"မင်း ခရေပန်း သွားကောက်မှာမဟုတ်လား"

လေးလေးက အတပ်သိနေသူမို့ ခပ်တည်တည် မေးခွန်းထုတ်လိုက်ရာ သူ ဆက်မလိမ်ရဲဘဲ နှုတ်ဆိတ်နေလိုက်မိသည်။

"မင့် ခရေပန်းက ကောက်သင့်သေးလို့လား အညို ..."

သူ မဖြေနိုင်ပါ။ လေးလေးက အဒေါ်လို စကားဟောင်ဖွာဟောင်ဖွာ လုပ်တတ်သူမဟုတ်။ ပြောသင့်သလောက်ပဲ ပြောကာ တည်ကြည်အေးဆေးစွာ နေလေ့ရှိသူမို့ လေးလေးကိုတော့ သူ နည်းနည်း ကြောက်ရပါသည်။

"ကဲ ... လာ ... ထိုင်စမ်းပါဦး အညို၊ ငါလည်း မိုးလင်းက မိုးချုပ် အလုပ်သွား၊ မင်းကလည်း မင်းအလုပ်နဲ့မင်း ဆိုတော့ မင်းနဲ့ငါ အေးဆေးဆေးဆေး စကားမပြောရတာလည်း ကြာပြီ၊ ယောကျ်ားချင်းစကား ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့ကွာ"

သူက အိပ်ရာခြေရင်းမှာ ဝင်ထိုင်လိုက်တော့ လေးလေးက သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ညက အလုပ်ကပြန်လာတော့ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ရင်း မမတင်နဲ့ မိုးခင် ပြဿနာဖြစ်တဲ့အကြောင်း ကြားလာခဲ့တယ် အညို၊ မနက်က ဖြစ်ကြတာဆို ..."

"ဟုတ်ကဲ့ ..."

လေးလေးက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ညက ငါ ပြန်ရောက်တော့ မင်းလည်း အိပ်ပျော်နေတာနဲ့ အဲ့ဒီကိစ္စ မပြောဖြစ်လိုက်တာ၊ မိုးခင်က တော်တော်ကြောက်စရာကောင်းပါလား အညို၊ သူ့အမေလောက်ရှိတဲ့ လူကြီးတစ်ယောက်ကို အိမ်ရှေ့ကနေ လာအော်ခေါ်ပြီး စိန်ခေါ်ရန်ဖြစ်ရဲတယ်ဆိုတော့ သူ့ရိုင်းပျမှုက တော်ရုံမဟုတ်တော့ဘူး၊ အရမ်း လွန်နေပြီ"

"အဒေါ်ကလည်း သူ့အတင်းတွေ လျှောက်ပြောတာကိုး လေးလေးရယ်"

"ရပ်ကွက်ထဲနေတဲ့ မိန်းမတွေပဲဟာ၊ ဒီလိုပဲ သူ့အတင်းကိုယ့်အတင်း ပြောနေကျမဟုတ်လား၊ ချမ်းသာသာ ဆင်းရဲရဲ အတင်းနဲ့ ကင်းလို့လား၊ အဆင့်အတန်းရှိတဲ့သူက စကားလုံးလှလှနဲ့ အဆင့်ရှိရှိလေး ပညာပါပါ ပြောမယ်၊ အဆင့်အတန်း မရှိတဲ့သူက တစ်တစ်ခွခွ ရိုင်းရိုင်းပျပျပြော





မယ်၊ ဒါပဲ ကွာတာမဟုတ်လား၊ ငါ အလုပ်လုပ်နေတဲ့ အိမ်က သူဌေးမလည်း ကားပေါ်မှာ ဖုန်းတစ်လုံးနဲ့ အတင်းလှမ်းပြောနေတာ ငါကြားဖူးတာပဲ၊ ဒီလို အတင်းပြောတိုင်း သာလိုက်ရန်ဖြစ်နေရင် မြန်မာပြည်မှာ စက္ကန့်နဲ့အမျှ ရန်ပွဲတွေဆက်နေတော့မှာပဲ မဟုတ်လား"

"အခုဟာက ရိုးရိုး အတင်းမဟုတ်ဘူး လေးလေး၊ မိုးခင်က အောက်တန်းကျလို့ မိုးခင်နဲ့ ကျွန်တော်နဲ့ မတန်ဘူးဆိုပြီး မိုးခင်ကို နှိမ့်ချပြီး ပြောတာပါ"

"အေးလေ ... အဲ့ဒါ အမှန်ပဲဥစ္စာ ..."

အညိုက ခေါင်းငုံ့နေရာမှ လေးလေးကို ဆတ်ခနဲမော့ကြည့်လိုက်မိပါသည်။

လေးလေးက သူ့ကို ခပ်စူးစူးကြည့်ရင်း ...

"မင်းက ငြင်းချင်သေးလို့လား အညို"

သူ မဖြေနိုင်ဘဲ ငေးနေမိသည်။

"မိုးခင်ခင်အကြောင်း တစ်ရပ်ကွက်လုံး သိတာပဲလေ၊ အပျိုအရွယ်လေးဖြစ်ပြီး အပြောအဆို အမူအရာ ကြမ်းတမ်းရိုင်းစိုင်းတယ်၊ ဘယ်လိုလူနဲ့မဆို ရန်ဖက်ဖြစ်ဖို့ မရှက်ဘူး၊ မိဘကို မရိုသေဘူး၊ သွားချင်ရာသွား နေချင်သလိုနေ၊ အထိန်းအကွပ် အပဲ့အပြင် မဲ့တယ်၊ ပရမ်းပတာနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကတော့ သူနဲ့တခြားစီပဲလေ၊ ယဉ်ကျေးတယ်၊ သည်းခံတတ်တယ်၊ လူကြီးမိဘကို ရိုသေတယ်၊ အလုပ် ကြိုးကြိုးစားစား လုပ်တယ်၊ ရိုးသားဖြောင့်မတ်တယ်၊ ဒီအဆင်နဲ့ ဒီအဆင် မတန်တာအမှန်ပဲ မဟုတ်လား ...”

“မိုးခင်က သူ့ဘဝအခြေအနေကြောင့်သာ ဒီလိုမျိုး ဖြစ်နေရတာပါ၊ သူ့အဖေကလည်း မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ယူတယ်မဟုတ်လား၊ ခု နောက်ဆုံးယူထားတာကလည်း မိုးခင် နိုင်းနေတဲ့ အိမ်ဖော်ဆိုတော့ သူရှက်ရှာမှာပေါ့၊ နာကြည်းရှာမှာပေါ့၊ အဲ့ဒါကြောင့် သူ့အဖေကို အရွဲ့တိုက်ရင်း ဒီလိုပုံစံ ဖြစ်လာတာပါ၊ သူ့အဖေကိုက အလုပ်မဟုတ်တာ၊ သမီးကို မငဲ့တာ၊ မိုးခင် ဘယ်လောက် သနားစရာကောင်းလဲ လေးလေးရာ”

ကိုထူးအောင်က မိုးခင်ခင်ဘက်က ကြဲကြဲခံ ရပ်တည်ကာကွယ်ပေးနေသော ကိုယ့်တူလေးကို သနားလည်း သနား၊ အမြင်လည်းကပ်၊ ရယ်လည်းရယ်ချင်လာရပါသည်။ ကိုထူးက သက်ပြင်းချလိုက်ရင်း ...

“ဒီမှာ အညို မင်း ကလေးပဲရှိပါသေးတယ်ကွာ၊ ယောကျာ်းတွေအကြောင်း မင်း ဘယ်လောက်သိလဲ၊ မိုးခင် အဖေ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူတယ်ဆိုတာ





ယောကျာ်းသဘာဝပဲကွ၊ ဒါပေမယ့် ယောကျာ်း သဘာဝဆိုတဲ့ နေရာမှာ ပိုက်ဆံရှိတဲ့ ယောကျာ်းနဲ့ ပိုက်ဆံ မရှိတဲ့ ယောကျာ်းမှာ ယောကျာ်းသဘာဝပြပုံချင်း မတူညီကြဘူး၊ ငါက သူဌေးတွေအိမ်မှာ ဒရိုင်ဘာလုပ်ခဲ့တာ ကြာပြီဆိုတော့ သူဌေးတွေအကြောင်း နောကြေအောင်သိတယ်၊ ဥပမာကွာ ငါ အခု အလုပ်လုပ်နေတဲ့ အိမ်က သူဌေးဆို သားကြီး သမီးကြီးတွေ ရှိတယ်၊ မယားငုတ်တုတ် ရှိတယ်၊ သူတို့ သားသမီးတွေက တက္ကသိုလ်တွဲ့တွေ ဘာတွေတောင် ရကုန်ကြပြီ၊ သူဌေးက ပိုက်ဆံရှိတော့ အပြင်မှာပွေတယ်၊ သူနဲ့ ပတ်သက်တဲ့ မိန်းကလေးတွေ ကျေနပ်အောင် ပိုက်ဆံပစ်ပုံကျွေးထားတော့ ဘာပြဿနာမှမရှိဘူး၊ သူ့မိသားစုလည်း မပြိုကွဲဘူး ...၊

“မိုးခင် အဖေကျတော့ မချမ်းသာတဲ့ သာမန်ယောကျာ်းပဲဆိုတော့ ဒီလိုပဲ ယောကျာ်းသဘာဝ ပြချင်ရင် နီးစပ်ရာလေးတွေ အတည်ယူလိုက်၊ တင်ကျွေးထားလိုက်နဲ့ အိမ်ထောင်ဆက် များလာတာပေါ့၊ သာမန် နိမ့်နိမ့်ပါးပါးထဲက ယူတော့ စရိတ်လည်း မထောင်း၊ အိမ်မှုကိစ္စလည်း လုပ်ပေးမယ့်သူ ရှိတာပေါ့ ... မဟုတ်ဘူးလား”

“လေးလေး ပြောသလိုဆို လောကကြီးမှာ တစ်နည်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်း ယောကျ်ားသဘာဝ ပြနေကြတဲ့သူတွေချည်းပဲ ရှိတဲ့အတိုင်းပဲ ...၊ သစ္စာရှိရှိ သိက္ခာရှိရှိ နေတဲ့ အိမ်ထောင်သည် ယောကျ်ားတွေမှ အများကြီးရှိပါ လေးလေးရာ၊ မိုးခင် အဖေသာ သစ္စာရှိရှိ သိက္ခာရှိရှိနေရင် မိုးခင် ဒီလို ဆိုးလာမှာမဟုတ်ပါဘူး”

“မင်းပြောသလို သစ္စာရှိရှိ သိက္ခာရှိရှိ ယောကျ်ားတွေလည်း မရှိဘူးမဟုတ် ရှိပါတယ်၊ မိုးခင်အဖေက အဲ့ဒီလို သိက္ခာရှိတဲ့ ယောကျ်ားမျိုးမဟုတ်လို့ မိုးခင် ကံဆိုးတယ်ပဲ ထားပါတော့၊ ဒါပေမယ့် လူဆိုတာ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် အပြစ်ပုံချပြီး ကိုယ့်ဘဝကိုယ် ရေစုန်မျှောပစ်ရာမှ မလိုတာ”

အညိုက ပြောစရာ စကားမရှိတော့သလို ငြိမ်သွားသည်။

“လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ထိန်းမှရတာကွ၊ ကဲ ...ဥပမာ မင်းဆိုပါတော့ကွာ၊ မင်း အခု လုပ်နေတဲ့အလုပ်မှာ အမျိုးသမီးကြီးတွေက မင်းကို ဦးစားပေးတာ၊ မျက်နှာသာပေးတာ၊ သာယာတာတွေ မရှိဘူးလား ... ပြော”

အညိုက နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။

“အဲ့ဒါတွေကို အခွင့်အရေးယူပြီး မင်း ငွေရပေါက် ဖန်လို့





ရပေမယ့် မဖန်ဘူးလေ၊ အဲ့ဒါ မင်းရဲ့ဂုဏ်သိက္ခာလေ၊ ပတ်ဝန်းကျင်မှာ ဘာပဲဖြစ်ဖြစ် မင်းကိုယ်မင်း အပျက်စီးမခံတာလေ၊ မိုးခင်လည်း မင်းလိုစိတ်မျိုးရှိရင် သူ့အဖေ ဘာဖြစ်ဖြစ် သူ့ပတ်ဝန်းကျင် ဘာဖြစ်ဖြစ် သူ့ကိုယ်သူ အထိခိုက်မခံဘဲ ကောင်းအောင်နေရမှာပေါ့ ...”

“အခုလည်း သူ ကောင်းအောင်နေတာပဲ လေးလေးရဲ့၊ သူ ရုပ်လေးလှပေမယ့် မပွေမရှုပ်ဘူးလေ”

“အဲ့ဒါက အကောင်းစား မတွေ့သေးလို့ပါကွာ၊ သူက မယ်ဘဝင်ပဲ၊ တော်ရုံရပ်ကွက်ထဲက လူလောက်တော့ ဘယ်ကြွပါ့မလဲ၊ အထက်တန်းစားကိုမှ ချိန်နေတာနေမှာပါ”

“အဲ့ဒီလို ရမ်းမှန်းမပြောပါနဲ့ လေးလေးရာ၊ သူ့စိတ်ထဲ ဘာရှိတယ်ဆိုတာ ကျွန်တော်တို့ လေးလေးတို့က ဘယ်သိနိုင်ပါ့မလဲ ...”

“မင်းကတော့ ချစ်တဲ့သူဆိုတော့ ကိုယ်ချစ်တဲ့သူကို မျက်မှန်စိမ်းတပ် ကြည့်တာပေါ့ကွာ၊ မျက်မှန်စိမ်း တပ်ထားရင် မြက်ခြောက်ကိုတောင် မြက်နုစိမ်းစိမ်းလေးတွေလို့ ထင်သေးတာပဲ၊ ကြည့်လည်းလုပ် ... မြက်နုမှတ်လို့ စားမိပြီး လျှာရှမှ မြက်ခြောက်မှန်း သိမယ်”

“အမှန်တော့ ကျွန်တော်ကသာ သူ့ကိုချစ်နေရတာပါ လေး



www.burmeseclassic.com

www.burmeseclassic.com



လေးရာ၊ သူက ကျွန်တော့်အချစ်ကို လက်မခံပါဘူး၊ သူနဲ့ ကျွန်တော် ရည်းစားတောင်မှဖြစ်သေးဘဲ အခေါ်က သဘော မတူဘူးတွေ ဘာတွေ လုပ်နေတော့ သူမခံချင်ဖြစ်ပြီး လာ ရန်တွေ့တာပေါ့"

"မင်းအချစ်ကို သူ ဘာလို့ လက်မခံဘူးလို့ ထင်သလဲ အညို ..."

လေးလေးက လေးနက်စွာ မေးလိုက်တာမို့ သူ ငြိမ်ကျသွားပါသည်။ အဲ့ဒီမေးခွန်းကို သူလည်း မဖြေတတ်ပါ။

"မင်း မဖြေတတ်ရင် ငါဖြေပေးမယ်၊ သူ မင်းအချစ်ကို လက်မခံတာဟာ မင်းအခြေအနေကို လက်မခံနိုင်လို့၊ မင်း မှာ ပိုက်ဆံမရှိလို့၊ မင်းက အထက်တန်းမကျလို့ပဲ၊ မင်း စဉ်းစားကြည့်လေ ... မင်းက မိုးခင်ကို အရမ်း နားလည် တယ်၊ သည်းခံတယ်၊ သေအောင်ချစ်တယ်၊ မင်းရုပ်က လည်း ချောတယ်၊ မင်းတို့ချင်း ရင်းနှီးမှုလည်းရှိတယ်၊ ဒါပေမယ့် မင်းက ဟိုတယ်ဒြိုင်ကြို လခစားပဲ၊ အဲ့ဒါ ကြောင့် မင်းကို သူ လက်မခံတာ၊ အဲ့ဒါ အမှန်ပဲ၊ အဲ့ဒါကို မင်း သဘောပေါက်ထား၊ အဲ့ဒီလို မိန်းကလေးကို ရှောင်၊ ငါ ပြောချင်တာတော့ အဲ့ဒါပဲ၊

ကဲ ... ငါလည်း ခဏပြန် အိပ်လိုက်ဦးမယ်၊





မင်းလည်း ကဗျာဆန်ဆန် ခရေပန်း ကောက်တာတွေ ဘာတွေ လျှောက်လုပ်မနေနဲ့၊ ပြန်အိပ်လိုက်ဦး၊ မီးပိတ် လိုက် ..."

လေးလေးက အိပ်ရာပေါ်သို့ ပြန်လှဲချပြီး စောင်ကို ခေါင်းမြီးဆွဲခြုံထားလိုက်သည်။ အညိုက မီးခလုတ်ကို လှမ်းပိတ် ပြီး အိပ်ရာမှာ ပြန်လှဲနေလိုက်သည်။

သို့သော် ... သူ အိပ်မပျော်ပါ။

ခဏကြာတော့ လေးလေး၏အိပ်ရာဘက်မှ အသက် ရှူသံ မှန်မှန်ကြားလာရသည်။

သူ ညင်သာတိုးတိတ်စွာ အိပ်ရာမှ ထထိုင်လိုက်ပါ သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၄)

❖ ❖ ❖

"မိုးခင် ... မိုးခင်"

စည်သူညိုက ရေစိုလက်ကိုင်ပဝါဖြင့် ထုပ်ထားသော ခရေပန်းထုပ်လေးကို ဖွဖွကိုင်ကာ မိုးခင် ရပ်နေသော ဘတ်စ်ကားမှတ်တိုင်ဆီသို့ ပြေးလာရင်း လှမ်းအော်ခေါ်လာသည်။

ဘတ်စ်ကားမှတ်တိုင်မှာရပ်နေသော မိုးခင်က အညို့ကို လှည့်ကြည့်ရင်း မျက်ခုံးတစ်ချက်တွန့်ကာ မကြည်မသာ ကြို့ဆိုလိုက်သည်။ သို့သော် သူက အပြုံးမပျက်ဘဲ မိုးခင် ရှေ့သို့ အမောတကော ရောက်ရှိသွားကာ ပန်းထုပ်ကလေးကို လှမ်းပေးရင်း ...

"မိုးခင် ... ငါ ဒီနေ့ ပန်းကောက်တာ နောက်ကျသွားလို့ သိပ်အများကြီးတော့ မရလိုက်ဘူး၊ ရသလောက်တော့





ကောက်လာခဲ့တာပဲ၊ နှင့်အိမ်သွားတော့ နီနီက နှင် ခုပဲ အပြင်ထွက်သွားတယ်ဆိုလို့ မီလိုမီငြား လိုက်လာတာ၊ မီလို့တော်ပါသေးရဲ့၊ နှင်ပြန်လာမှဆို ပန်းတွေက ခုလောက် မလန်း ..."

"ကဲ ..."

"ဟာ ..."

မိုးခင်က သူ့လက်ထဲက ပန်းထုပ်ကို ဆတ်ခနဲ လှမ်းဆွဲယူလိုက်ပြီး သူ့မျက်နှာကို ပစ်ပေါက်လိုက်ပါသည်။ ပန်းထုပ်က သူ့မျက်နှာနှင့်ထိကာ ပန်းတွေ ဖွားခနဲ လွင့်ကျလာပါသည်။ တစ်ပွင့်ချင်း လိုက်ကောက်စုပြီး ရေစင်စင်ဆေးကာ ယုယုယယ ထုပ်ယူလာသော ပန်းတွေကို သူ နှမြောစွာ ငုံ့ကြည့်နေမိသည်။ သူ မော့ကြည့်တော့ မိုးခင်ရဲ့ ဒေါမာန်ထနေသော စူးစူးရှရှ မျက်ဝန်းများနှင့် ဆုံလိုက်ရသည်။ မိုးခင် မျက်ဝန်းတွေက မီးဝင်းဝင်းတောက်နေသလိုပင် ...။

"နှင့်ကို ငါ ဘာပြောထားလဲ အညို၊ ငါနဲ့ လာမပတ်သက်ဖို့ ပြောထားတယ် မဟုတ်လား၊ နှင့်အခေါ်ကြီးလည်း ငါမုန်းတယ်၊ နှင့်မျက်နှာလည်း မကြည့်ချင်ဘူး၊ နှင့်လောက်လည်း ငါ မချစ်နိုင်ဘူး"

"အေးပါ၊ နှင် မချစ်နိုင်တာ ငါသိပါတယ်၊ ချစ်ပါ ချစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း မှတ်စောင်းဆိုမနေပါဘူး၊ ချစ်တာ မချစ်တာက နှင့်အပိုင်း၊ ငါ့ဘာသာ ချစ်ချင်လို့ ချစ်နေတာက ငါ့အပိုင်း၊ ငါ့စိတ်ကိုတော့ နှင် လာပိတ်လို့ မရဘူးလေ ...”

“နှင့်စိတ်ကို ပိတ်မရတော့ ငါ လာဘ်ပိတ်တာပေါ့ဟဲ့ ...”

“ဘာဆိုင်လို့လဲ”

“ဆိုင်တယ်၊ နင်က ငါ့ကို ဘယ်လောက်ချစ်ကြောင်း တစ်ရပ်ကွက်လုံးသိအောင် ကြေညာမောင်းခတ်ပြီး ခရေပန်းတွေ ကောက်ပေးလိုက်၊ ငါကြိုက်တဲ့ မုန့်တွေ ဝယ်လာလိုက်နဲ့ ငါ့ကို နင့်ရည်းစားလို သဘောထားနေတော့ တချို့မသိတဲ့လူတွေက နင့်ကို ငါ့ရည်းစား မှတ်မှာပေါ့ ...”

“မမှတ်ပါဘူး၊ ငါ ကြိုက်ပေမယ့် နင် မကြိုက်ဘူးဆိုတာလည်း လူတိုင်းသိအောင် ငါပြောထားသားပဲ၊ မယုံမေးကြည့်၊ ရှုတ် ... ရှုတ် ... ဟော့ကောင် ဘယ်လဲ ...”

စည်သူညိုက ပြောပြောဆိုဆို ဘတ်စ်ကားမှတ်တိုင်သို့ လျှောက်လာသော ရပ်ကွက်ထဲက သူငယ်ချင်းတစ်ယောက်ကို လှမ်းခေါ်နှုတ်ဆက်လိုက်ပါသည်။

“သြော် ... အေး ... အညို ... ငါ မြို့ထဲကွ၊ သိမ်ကြီးဈေးဘက် သွားမလို့၊ မင်းတို့ကော ...”

“ငါက မသွားပါဘူး၊ မိုးခင်ပဲ သွားမှာ၊ မင်း မိုးခင်နဲ့ ငါ့ကို သမီးရည်းစားလို့ ထင်လား ...”





“အဟ ...”

ဖော်ကြီးက တစ်ချက်ရယ်ကာ ဝါးလက်စ ကွမ်းကို ပျစ်ခနဲ ထွေးထုတ်လိုက်ပြီး ပြုံးစိစိဖြင့် ...

“မိုးခင် မင်းကို မကြိုက်တာ ကလေးကအစ ခွေးကအစ သိတာပဲဟာ၊ ဘာတွေအဆန်းလုပ် မေးနေတာလဲ၊ မိုးခင် နင် ပြန်မကြိုက်ရင် အဲ့ဒီကောင် ဂေါက်သွားလိမ့်မယ် ... သိလား၊ ဟော ... ကားလာပြီ၊ ဒိုးပြီဟေ့ ...”

ဖော်ကြီးက မှတ်တိုင်မှာရပ်လာသည့်ကားပေါ် တွယ်တက်သွားသည်။ အညိုက မိုးခင်ကို ခပ်ပြုံးပြုံးကြည့်ကာ ‘ဘယ့်နှယ်ရှိစ’ ဟု မေးတစ်ချက်ဆတ်ပြလိုက်ရင်း ...

“ကြားတယ် မဟုတ်လား၊ ဘယ်သူမှ နင်နဲ့ ငါ့ကို သမီးရည်းစားလို့ မထင်ဘူး ... တွေ့လား၊ တွေးပူမနေနဲ့၊ နင် လာဘ်မပိတ်တာ သေချာတယ်”

“ဒါပေမယ့် ဒါက ရပ်ကွက်ထဲက အကြောင်းသိချင်းမို့လို့လေ၊ တခြားကလူဆို အထင်မှားမှာပေါ့”

“တခြားက လူ ! ... ဟုတ်လား”

“တခြားက နင့်လိုမဟုတ်တဲ့ သူဌေးတို့ ဘာတို့ကို ပြောတာ၊ အဲ့ဒီလိုလူတွေက ငါ့ကြိုက်ချင်ရင်တောင် နင်က ကန့်လန့်ပိတ်နေတော့ ငါ့အတွက် အနှောင့်အယှက် ဖြစ်တာပေါ့ဟဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... မိုးခင်ရာ နင်လိုချင်တဲ့ သူဌေး အမျိုးအစားတွေ နင့်လာ ကြိုက်လို့ကတော့ ငါက အောင်သွယ်တော်လုပ်ပေးလိုက်ဦးမှာ၊ နင် စိတ်ချမ်းသာပြီး လိုချင်တာရရင်ပြီးရော ..."

"အေး ... နင့်စကား နင်မှတ်ထား၊ ပြီးမှ ပြောတဲ့အတိုင်းမဟုတ်ရင် ငါနဲ့အတွေ့ပဲ"

"အေးပါ ... စိတ်ချပါ၊ လောလောဆယ် နင် ပိုက်ဆံရှိတဲ့ ရည်းစား မရခင်အချိန်လေးမှာတော့ ငါတို့ အရင်လိုပဲ ခင်ခင်မင်မင် နေရအောင်ပါ"

"အဲ့ဒီလိုနေမိလို့ နင့်အဒေါ်ကြီး အတင်းပြောတာ ခံရပြီးပြီလေ ညိုရဲ့၊ နောက်တစ်ခါ အဲ့ဒီလို အပြောခံရရင် ငါ နင်တို့အိမ်ကိုတောင် မီးလာရှို့မိလိမ့်မယ်"

မိုးခင်က ပြောရင်းဆိုရင်း ဒေါသဖြစ်လာပုံဖြင့် လေသံက ထန်လာကာ ခါးတစ်ဖက်ထောက်လိုက်သည်။ မှတ်တိုင်မှာ လူရှင်းနေလို့သာ တော်တော့သည်။

"ဒေါသလေး နည်းနည်းလျှော့ပါ မိုးခင်ရယ်"

"ငါ့ပတ်ဝန်းကျင်မှာ ငါ့ဒေါသကို ဆွနေတဲ့သူက တစ်နေ့တခြား များများလာလို့ ဒေါသက မလျှော့တဲ့အပြင် တိုးတောင်လာသေးတယ်၊ ငါ့ ဒေါသ မပေါက်ကွဲခင် နင် လှည့်ပြန်လိုက်ရင် ကောင်းမယ် အညို ..."





"နင်ကလည်းဟာ ..."

"ဘာ နင်ကလည်းဟာလဲ၊ ဟင်း ... ရုပ်ကိုက ..."

မိုးခင်က ခါးထောက်လျက်ပင် အညို့ကို အထင်သေးသလို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ရင်း ...

"ရုပ်ရည်လေးကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဝတ်တာစားတာက ပုံမလာဘူး၊ အပေါစားချည်းပဲ၊ နင် ဟိုတယ်မှာ ဒီပုံစံနဲ့ အထုပ်ဆွဲနေရတာလား"

"ဘာအထုပ်ဆွဲရမှာလဲဟ ..."

"ဧည့်သည်တွေရဲ့ အထုပ်အပိုးတွေ အိတ်တွေ သယ်ပို့ပေးနေရတာလား မေးတာပါ"

"ကူလီလို သယ်ရတာတော့ မဟုတ်ဘူးပေါ့ဟာ၊ ယူနီဖောင်းသပ်သပ်ရပ်ရပ် ဝတ်ပြီး ယဉ်ယဉ်ကျေးကျေး ပျူပျူငှာငှာ ကူညီကြိုဆိုရတာမျိုးပါ"

"ဟွန့် ... ဘာဝတ်ဝတ် အထုပ်သယ်ရတာတော့ သယ်ရတာပဲဟာ၊ ဒါနဲ့များတောင် နင့်အဒေါ်က ဘာတွေ မာန်တက်ပြီး ငါနဲ့မတူဘူး မတန်ဘူး ဖြစ်နေရတာလဲ၊ အံ့ပါရဲ့ ... ကဲ ကားလာပြီ၊ ငါသွားတော့မယ်၊ နင်လိုက်မလာနဲ့၊ လိုက်လာရင် ကားပေါ်က တွန်းချခံရမယ်မှတ်"

မိုးခင်က မှတ်တိုင်မှာရပ်ထားသည့် ကားပေါ်သို့ ပြေးတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်ခင်ဆိုတာ ပြောရင်ပြောသလို လုပ်တတ်သည့် သူမျိုး။ သူစိတ်မထင်လျှင် တကယ် တွန်းချမည့်သူမျိုးမို့ သူက မိုးခင်နောက်ကို လိုက်မသွားရဲတော့ဘဲ ကားမှတ်တိုင် ခုံတန်းလေးမှာ ထိုင်ချလိုက်မိပါသည်။

သူ့ရှေ့မှာတော့ သူ တယုတယ ကောက်ယူဆေးကြောသန့်စင်လာသည့် ခရေပွင့်ကြွေတွေ ပြန့်ကျဲနေသည်။ သူက ခရေတွေကို ငေးမောငိုင်တွေနေမိသည်။

ဒီခရေတွေကြောင့်ပဲ မိုးခင်နဲ့ သူ စ,တွေ့ခဲ့ကြတာဖြစ်ပါသည်။

မိုးခင်က ခရေအကြွေလို လေဝှေ့ရာ လွင့်ပါးချင်သော စိတ်မျိုးဖြင့် မတည်မငြိမ်ရှိလှသည်။

ခရေလို လှ၊ ခရေလို မွှေးကာ ခရေအကြွေလို လွင့်ဝဲမျောပါတတ်သော မိုးခင်ကို ခရေပင်အောက်မှာပင် သူ စတွေ့ခဲ့ပါသည်။

အဲဒီတုန်းကတော့ မိုးခင်ဟာ ခုလို စရိုက်မျိုးရှိသူဟု မထင်ရအောင် နူးညံ့၍ ချစ်စရာကောင်းနေခဲ့သည်။

မနက် ဝေလီဝေလင်း အချိန်လေးမှာ ညပိုင်းတာဝန်က ထွက်ပြီး အိမ်ပြန်လာတိုင်း ရပ်ကွက်ထိပ် ခရေပင်တန်းကလေးအောက်က သူဖြတ်လျှောက်ရလေ့ ရှိပါသည်။





ခရေများများကြွေသည့် ထိုဆောင်းရာသီမှာ ခရေပန်းတွေ ကောက်နေတတ်သော သူမကို သူ သတိထားမိလာခဲ့သည်။

တစ်ခါတရံမှာတော့ သူက သစ်ပင်တစ်ပင်နောက်မှာ ကွယ်ရပ်ပြီး သူမ ပန်းကောက်နေတာကို ချောင်းကြည့်နေဖြစ်သည်။ ရှပ်အင်္ကျီပွပွနှင့် လုံချည်တိုကျစ်ကျစ်လေးဝတ်ကာ ဆံပင်တို ဘောခွဲအုပ်အုပ်လေးနှင့် သူမပုံစံက ခပ်ရိုင်းရိုင်း လှနေတတ်သည်။

တစ်ရက်မှာ သူက သူမ ခရေကောက်နေသည့်နေရာနှင့် မလှမ်းမကမ်းက ခရေပွင့်အကြွေတွေကို လိုက်ကောက်ရင်း သူမကို မသိမသာလေး လှမ်းလှမ်းကြည့်နေခဲ့မိသည်။ အဲဒီအချိန်မှာပဲ နူးညံ့သည်ဟု ထင်ထားပေမယ့် မနူးညံ့သော သူမစရိုက်ကို စတင် သိခဲ့ရတာဖြစ်ပါသည်။

"ဟဲ့ … နင်က ယောကျာ်းလေးဖြစ်ပြီး ဘာလို့ ပန်းလာကောက်ရတာလဲ၊ ဒီနေ့ ပန်းကြွေတာ နည်းလို့ စိတ်ညစ်နေရတဲ့အထဲ နင်ကတစ်မျိုး"

မိန်းကလေးတစ်ယောက်ရဲ့ နှုတ်ဖျားက ထွက်လာသည့် ခပ်ဆတ်ဆတ်စကားက သူ့ကို အံ့အားသင့် ရယ်မောမိစေပါသည်။

"ဘာရယ်တာလဲ … နင်က …"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် ပန်းကူကောက်ပေးတဲ့လူကို နင်က ရှန်လုပ်နေလို့ ရယ်တာပေါ့၊ ငါ့ဖို့ကောက်တာ မဟုတ်ဘူး၊ နင့်အတွက် ကောက်နေတာ ..."

"မလိုပါဘူး၊ ငါလိုချင်တာ ငါ့ဘာသာ ကောက်မှာပေါ့၊ နင်က ဘာဆိုင်လို့ ကောက်ရမှာလဲ၊ လာမပတ်သက်နဲ့၊ အေးဆေးနေ ..."

သူမက ပြောပြီး သူ့ကို ဂရုမစိုက်တော့ဘဲ ခရေပွင့်ကြွေတွေ ရှာနေခဲ့သည်။

သူက မြေပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင် နေရင်းက ခြေထောက်နှစ်ဖက်ကို ဘဲလို ရွှေ့ကာရွှေ့ကာဖြင့် သူမ နားသို့ကပ်သွားလိုက်ပြီး ...

"နင် ဘာလို့ နေ့တိုင်း ခရေကောက်တာလဲ"

"မကျေနပ်လို့ ..."

"ဘာကို မကျေနပ်တာလဲ ..."

"ခရေပန်းဆို ဘယ်သူကမှ အပင်ပေါ်တက်မခူးဘဲ အကြွေစောင့်ပြီး အလွယ်တကူ ကောက်နေကြတာကို မကျေနပ်လို့ပေါ့ဟယ်"

"သြော် ... သြော် ... အဲ့လိုလား၊ ဒါဆို နင်ကျတော့ ဘာလို့ အလွယ်တကူကောက်လဲ၊ မကျေနပ်ရင် အပင်ပေါ်တက်ရ ပါလား"





"မခူးနိုင်လို့ပေါ့ဟဲ့"

"အေးလေ ... တခြားဘယ်သူကရော အပင်ပေါ်တက်ခူးဖို့ စိတ်ကူးမှာလဲ၊ ခရေဆိုတာ ကြွေတာသဘာဝပဲ၊ အကြွေကောက်တာလည်း လူ့သဘာဝပဲ၊ ဒါ ဘာမကျေနပ်စရာရှိလဲ၊ သူ့သဘာဝအတိုင်း ပုံမှန်ဖြစ်နေတဲ့ ကိစ္စကို လက်ခံလိုက်ရင် ပြီးတာပဲ"

သူမက အနည်းငယ် တွေဝေသွားကာ တောက်တစ်ချက်ခတ်လိုက်ရင်း ...

"တောက် ... ပန်းချင်းအတူတူ ခရေ လာဖြစ်ရတာကိုက ကံဆိုးတာပဲ၊ အဲ့ဒါကြောင့် ငါက ရနိုင်သလောက်ကောက်ပြီး ငါ့အိပ်ရာထဲမှာ တမြတ်တနိုး ကြဲထားတာ"

"သြော် ... နင့်အိပ်ရာထဲမှာ ကြဲဖို့ ကောက်တာလား"

"ဟုတ်တယ်၊ ခရေပန်းနံ့ကို ငါကြိုက်လို့၊ အဲ့ဒီပန်းနံ့နဲ့မှ အိပ်ပျော်တာ"

"သြော် ... ငါက နင်ပန်ဖို့ ကောက်တယ်မှတ်လို့"

"မပန်ပါဘူး"

အညိုက သူမခေါင်းကိုတစ်ချက်ကြည့်ကာ ပြုံးလိုက်ရင်း ...

"ဟုတ်သားပဲ၊ နင့်ဆံပင်က တိုစိစိလေးဟာ၊ နင် ပန်းပန်ရင် အရူးမ ပန်းပန်သလို ဖြစ်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ...၊ ဟဲ့ ... နင် ငါ့ကို အလကားနေရင်း ရန်လာစနေတာလား"

"မဟုတ်ပါဘူးဟာ၊ ငါ အလုပ်ကပြန်လာတဲ့ မနက်တိုင်း နင့်ကိုတွေ့တွေ့နေလို့ မျက်မှန်းတန်းပြီး မိတ်ဆွေဖွဲ့ချင်နေတာပါ၊ အပြောအဆို မတတ်လို့ ရန်စသလိုဖြစ်သွားတာ ဆောရီးပါဟာ ..."

မိုးခင်က အညိုကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ရင်း မျက်မှောင်ကြုတ်ကာ ...

"နေပါဦး ... နင်က မနက်ကြီးမှ အလုပ်ကပြန်လာတာဆိုတော့ ညစောင့်လား ..."

အညိုက မျက်နှာရှုံ့မဲ့သွားကာ ...

"ဒါ့ထက်နည်းနည်းလောက် အထင်ကြီးပေးလို့ မရဘူးလားဟာ၊ ငါ့ရုပ်ငါ့ရည် ငါ့အရွယ်နဲ့ ညစောင့်လုပ်ပါ့မလား"

"အိုး ... မပြောနိုင်ဘူးလေ၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့် ငယ်ငယ်ရွယ်ရွယ် ကောင်လေးတွေ လုံခြုံရေးဝန်ထမ်းလုပ်နေတဲ့သူတွေမှ အများကြီး"

"ငါက ဟိုတယ်ဝန်ထမ်းပါ၊ နိုက်ရှစ် ဆင်းပြီး ပြန်လာတာ"

"ဟိုတယ်မှာ ဘာလုပ်တာလဲ၊ ပန်းကန်ဆေးတာလား၊ သန့်ရှင်းရေးလား ..."





"လူကို တော်ရုံနှိမ်ပါဟာ၊ ငါက ညှော်ကြိုဝန်ထမ်းပါ"

"သြော် ... သိပြီ၊ အထုပ်ဆွဲသမားလေးပေါ့"

သူမက တမင် ထေ့ငေါ့ပြောဆို ချိုးနှိမ်နေသော်လည်း အညိုက စိတ်မဆိုးမိခဲ့ပါ။ သူမ အဲ့ဒီလို ဂျစ်တိုက်နေတာ ပြောနေတာလေးတွေကိုပဲ ရယ်ချင် သဘောကျကာ တစ်စတစ်စ နှစ်လိုစုံမက်လာခဲ့မိတာ ဖြစ်ပါသည်။

အညိုနဲ့ မိုးခင်ခင်တို့ ခင်မင်ရင်းနှီးလာပြီးနောက်မှာတော့ မိုးခင်အိပ်ရာမှာ ဖြန့်ခင်းဖို့ ခရေပန်းတွေကို ခရေတွေကြွေတဲ့ ရာသီတိုင်း သူ ကောက်ပေးခဲ့ပါသည်။

မိုးခင်ဟာ ရုပ်ကွက်ထဲက မိန်းကလေးတွေနဲ့လည်း သင့်တော်အောင် မပေါင်းတတ်။ အလျှော့ပေးချင်စိတ်၊ ညှိနှိုင်းချင်စိတ်လည်း မရှိ၊ ထစ်ခနဲရှိ ရန်ဖြစ်ဖို့ ဝန်မလေးဘဲ စွာတေးလန်ဘသောက်ကျ၊ အဆိုးမြင်စိတ်တွေသာ ပြည့်လျှံနေသော မိုးခင်ကို ရပ်ကွက်ထဲက မိန်းကလေးတွေကလည်း မပေါင်းချင်လှပါ။ ထို့ကြောင့် မိုးခင်ဟာ သင်းကွဲ၊ အထီးကျန်လူမိုက် ...။

အဲ့ဒီ အထီးကျန် လူမိုက်မကိုပဲ အညိုက အစစအရာရာ နားလည်သည်းခံစွာ ချစ်မြတ်နိုးခဲ့မိတာဟာ ရေးဘဝက ပါလာတဲ့ ရေစက်လား ... ဝဋ်ကြွေးလား ... သူလည်းမသိပါ။

သူ့ပတ်ဝန်းကျင်က ရှိရှိသမျှ လူအားလုံးက သဘော



www.burmeseclassic.com

www.burmeseclassic.com



မတူဘူးပြောလည်း သူက မိုးခင်ကို မေတ္တာမပျက်ပါ။ တစ်ရွာလုံးနဲ့ တစ်ယောက်လို ဖြစ်နေပေမယ့်လည်း သူဟာ တစ်ယောက်ရဲ့ဘက်မှာသာ ...။ တစ်ရွာလုံး ဘာပဲပြောပြော သူ ဂရုမစိုက်ပါ။

ကိုယ့်ဘဝကိုယ် မကျေနပ်တဲ့ မိုးခင်ရဲ့ ခံစားချက်ကို သူက စာနာသည်။ သနားသည်။ သူ့ကို မိုးခင်က လုံးဝမချစ်နိုင်ကြောင်းပြောပြီး ချိုးနှိမ်ဆက်ဆံလည်း ခေါင်းငုံ့ခံသည်။ မိုးခင်ကို ဆံခြည်တစ်မျှင်ပင် အပြစ်မမြင်ပါ။

မိုးခင်ဟာ အိမ်ထောင်ပြုဖို့အတွက် ချမ်းသာသော လူမျိုးကိုသာ မျှော်မှန်းတာဟာလည်း တရားမျှတ သဘာဝကျသည်ဟု ထင်သည်။ တစ်ချိန်က ပြည့်ပြည့်စုံစုံ နေခဲ့ရတဲ့ မိုးခင်ဟာ အိမ်ထောင်သည် ဘဝမှာ ပြည့်စုံတင့်တယ်စွာ နေလိုမှာပင်။

မိုးခင် သူ့အချစ်ကို လက်မခံတာဟာ မိုးခင်အပြစ်မဟုတ်၊ ပိုက်ဆံများများ မရှာနိုင်တဲ့ အညို့အပြစ်သာ ဖြစ်ပါသည်။ မိန်းမဆိုတာကတော့ အစစအရာရာ အားကိုးမှီခိုနိုင်တဲ့ သူမျိုးကို သာလိုချင်ရှာမှာပေါ့လေဟု တွေးကာ သနားအားနာရသည်။ စာနာနားလည်ရသည်။

"ဟဲ့ ..."

"ဟင် ... မိုးခင် ..."

မှတ်တိုင်မှာ ငိုင်ငေးတွေးနေဆဲဖြစ်သော သူ့ရှေ့မှာ မိုးခင် ရပ်လာတာမို့ သူက အံ့သြသွားမိကာ ...





"နင် ကားနဲ့လိုက်သွားတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ ..."

"ပြန်လာတာ မြန်လှချည်လား"

"မြန်ဆို ရှေ့မှတ်တိုင်က ဆင်းပြီး ကားပြန်စီးလာတာ"

"အိမ်မှာ ဘာကျန်ခဲ့လို့လဲ"

"နင်က ဘာလို့ ခုထိ မပြန်သေးတာလဲ ..."

မိုးခင်က အညိုမေးတာကို မဖြေဘဲ အညို့ကို မေးခွန်းပြန်ထုတ်လိုက်ပါသည်။

"ငါ မပြန်ချင်သေးလို့ပေါ့ဟာ"

"မိုးတွေရွာလာတာ မသိဘူးလား"

"ဩော် ... အင်း ... ဟုတ်သားပဲ ... မိုးရွာနေတာ"

မိုးခင်ပြောမှ မိုးခပ်စိပ်စိပ်ရွာချနေသော ပတ်ဝန်းကျင်ကို သူ သတိပြုမိသွားသည်။ သူက အရာအားလုံးကို မေ့လျော့ငေးငိုင်ကာ မိုးခင်အကြောင်းကိုသာ တွေးနေခဲ့မိသည်လေ။

စည်သူ့ညိုက မတ်တတ်ထရပ်လိုက်ရင်း မိုးခင်ခေါင်းပေါ်က ရေစက်တချို့ကို လက်ညှိုး လက်မနှင့် တောက်ထုတ်ပေးလိုက်ရင်း ...

"နင် ထီးမပါလို့ ပြန်လာတာလား"

"ထီးမပါပေမယ့် မိုးကာဂျာကင်ပါတယ်၊ ဝတ်ထားတာ မမြင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အေး ... ဟုတ်သားပဲ"

မိုးခင်က အနီရဲရဲ မိုးကာဂျာကင်အပွကြီးကို တီရှပ်ကိုယ်ကျပ်လေးပေါ်ကနေ ကပိုကယို ထပ်ဝတ်ထားတာပင်။ ထိုဂျာကင်ဟာ သူဝယ်ပြီး မိုးခင်အတွက် မွေးနေ့လက်ဆောင်ပေးထားသော ဂျာကင်။ မိုးခင်က ဂျင်းပဲန်ပြာလေးဝတ်ထားကာ ကြိုးသိုင်းအိတ်တစ်လုံးကို ပေါ့ပေါ့ပါးပါး လွယ်ထားသည်။ ဒီလိုလေး ဖြစ်သလိုနေတာတောင် မိုးခင်က ကြည့်လို့ကောင်းလှပါသည်။

သူ မိုးခင်ကို နားမလည်သလို ကြည့်နေဆဲမှာ မိုးခင်က မိုးကာဂျာကင်ဇစ်ကို ဆွဲဖွင့်လိုက်တာမို့ သူ မျက်ခုံးပင့်သွားမိသည်။

မိုးခင်က ဂျာကင်ကိုချွတ်ကာ သူ့ဆီပစ်ပေးလိုက်ရင်း

"ရော့ ... အဲ့ဒါဝတ်ပြီး ပြန်လိုက်တော့ ..."

"မိုးခင် ... နင်"

"ဟိတ် ... သိပ်စိတ်ကူးယဉ်မနေနဲ့၊ ဒါ အနစ်နာခံတာမဟုတ်ဘူး၊ နင့် လက်ဆောင်ဂျာကင်ကြီး မကြိုက်တော့လို့ မလိုချင်တော့လို့ လာပြန်ပေးတာ၊ ပြန်လိုက်တော့၊ ငါလည်း သွားစရာရှိတာ သွားလိုက်ဦးမယ်"

မိုးခင် စကားဆုံးချိန်မှာပဲ မှတ်တိုင်မှာ ဘတ်စ်ကား





တစ်စီး ရပ်လာပါသည်။ အညိုက ဂျာကင်ကိုပွေ့ကာ ခဏကြောင်နေမိသည်။ မိုးခင် ဒါ သူ့မိုးမိမှာစိုးလို့ ရှေ့မှတ်တိုင်မှာ ဆင်းပြီး နောက်ကြောင်းပြန်လှည့် လာပေးတာမဟုတ်လား ...။ ပါးစပ်ဆိုးတဲ့ မိုးခင်ရဲ့ ရင်ထဲမှာလည်း သူ့အတွက် ငဲ့ညှာစိတ် ရှိပါလား ...။

"မိုးခင် ..."

ဘတ်စ်ကားပေါ်သို့ လှမ်းတက်တော့မည့်ဆဲဆဲ မိုးခင်ကို သူလှမ်းအော်ခေါ်ရင်း ကားဆီသို့ ပြေးသွားလိုက်မိသည်။

"မိုးခင် ... နေဦး"

"ဟဲ့ ... ဒါဘာလုပ်တာလဲ၊ ဖယ်စမ်းပါ"

"လာ ... ပြန်လာခဲ့"

"ဟဲ့ ... လွှတ်ဆို ... နင် ... ကြည့်စမ်း ... ငါ့ကို ကားပေါ်က ဆွဲချတယ်"

အညိုက မိုးခင်ကို ကားပေါ်က ဆွဲချခေါ်လာပါသည်။ ကားကလည်း ထွက်သွားပြီမို့ မိုးခင်က သူ့လက်ကို ဆောင့်ရုန်းလိုက်ရင်း ...

"အညို ... နင် ဘာလူပါးဝတာလဲ"

"မိုးခင် နင် ... နင်လည်း ငါ့ကိုချစ်နေတယ် မဟုတ်လား"

"ဘာ ...၊ ဟ ... ဟ ... ဟ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က ခေါင်းကိုနောက်သို့ မော့လှန်ကာ လှောင်ပြောင်ရယ်မောလိုက်ပြီးမှ အညို့ကို ပြုံးစိစိကြည့်ကာ လက်ခါပြလိုက်ရင်း ...

"လုံးဝ ... လုံးဝ ... လုံးဝပါပဲ အညိုရယ်၊ လုံးဝ ... လုံးဝ လုံးဝ မချစ်ပါဘူးဟယ် ..."

"ငါ ပိုက်ဆံရှိရင်ရော နင်က ချစ်မှာလား"

"အင်း ... အဲ့ဒါကတော့ အဲ့ဒီတော့မှ စဉ်းစားတာပေါ့ကွယ်"

မိုးခင်က ပေါ့ရွှတ်ရွှတ်နှင့် လှောင်ပြောင်သရော်သလိုပြောနေတာမို့ အညိုက တစ်ချက်မဲ့လိုက်ရင်း ...

"ဟွန့် ... ဒီပုံစံနဲ့များ ..."

"ဘာလဲ၊ ဘာဖြစ်လဲ ..."

"ပိုက်ဆံရှိတဲ့ ... အဆင့်မြင့်တဲ့ ယောကျ်ားမျိုး လိုချင်ရင်လည်း နင့်ပုံစံကို အရင်ပြင်ပါလား၊ ပိုက်ဆံရှိပြီး အဆင့်အတန်းမြင့်တဲ့ ယောကျ်ားဆိုတာ အပြောအဆို အနေအထိုင် ယဉ်ကျေးလိမ္မာ သိမ်မွေ့တဲ့ မိန်းမမျိုးကိုပဲ လိုချင်ကြတာ ..."

"အဲ့ဒီလိုမျိုး လိုချင်တဲ့သူ တွေ့တော့လည်း သူတို့လိုချင်တဲ့ပုံစံ နေပြလိုက်တာပေါ့ဟယ် ... မဟုတ်ဘူးလား၊ ကဲ ... နင်ပြန်တော့၊ ငါ သွားစရာရှိသေးတယ်"





"မိုးတွေရွာနေတယ် ... မသွားနဲ့တော့၊ လာ ... အိမ်ပြန်လိုက်ပို့မယ်၊ ရော့ ... ဂျာကင် ပြန်ဝတ် ..."

"မလိုချင်ပါဘူးဆို နင့်ဂျာကင်ကို"

အညိုက မိုးခင်ဂျာကင်ကို ပြန်ပစ်ပေးလိုက်တော့ မိုးခင်က အညို့ထံ ပြန်ပစ်ပေးလိုက်သည်။ အညိုက ပြန်ပစ်၊ မိုးခင်က ပြန်ပစ်ဖြစ်နေပြီးမှ အညိုက ဂျာကစ်ကို ဆွဲဖြန့်ကာ မိုးခင်ကို ဖွတ်စတ်ပေးလိုက်ပြီး ခေါင်းစွပ် ဆွဲဆောင်းပေး၊ ဇစ်ဆွဲပိတ်ပေးပြီး မိုးခင်လက်ကိုဆွဲကာ မိုးရေထဲသို့ ထွက်လိုက်သည်။

မိုးခင်က လက်ကို ဆောင့်ကာ ဆောင့်ကာ ရုန်းရင်း

"ဟဲ့ ... လွှတ်စမ်း၊ နင်နဲ့ ငါ့ကို သမီးရည်းစားမှတ်မယ်ဟဲ့၊ ငါအထင်မခံနိုင်ဘူးဟဲ့၊ လာဘ်ပိတ်တယ်ဟဲ့ ..."

ဟု တစာစာအော်ရင်း ပါလာသည်။ သို့သော် မိုးသံကြောင့် မိုးခင်အသံကို ဘေးပတ်ဝန်းကျင်က ပီပီသသ မကြားနိုင်။

အညိုက မိုးရေထဲမှာ ခေါင်းကိုမော့လိုက်ရင်း လက်တစ်ဖက်ကို ပါးစပ်ဝမှာ အော်လံလိုတော့ကာ ...

"မိုးခင်နဲ့ ကျွန်တော် သမီးရည်းစားတွေ မဟုတ်ပါဘူးဗျို့၊ ကျွန်တော်ကပဲ ချစ်ရတာပါဗျို့"

ဟု အော်လိုက်ပြီးမှ မိုးခင်ကို ငဲ့ကြည့်ကာ ...

"ကဲ ... ကျေနပ်ပြီလား၊ အဲ့ဒီလိုဆို ကျေနပ်ပြီလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်တော့ မိုးခင်က ခေါင်းမော့ကာ အားရ ပါးရ ရယ်မောလိုက်ပါသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံးမှာတော့ မိုးစက် မိုးပေါက်တွေ ဖြိုင်ဖြိုင်ကျကြွေနေလေသည်။

■ ■ ■



(၅)

❖ ❖ ❖

"ဟော့ကောင် ... အညို၊ ဟိုမမကြီးက မင်းကို မျက်စိကျနေပုံပဲနော်၊ မင်းတော့ သူဌေးဖြစ်ကိန်း ဆိုက်တော့မယ် ထင်တယ်"

"မင်း ဘာစကားပြောတာလဲ ကျော်ကို ..."

"မင်းကလည်း ဒီလိုအထာတွေ သိသားနဲ့"

"တော်စမ်းပါကွာ ..."

အညိုက ကျော်ကို့ကို ခပ်ဆတ်ဆတ် ပြောရင်း ကျော်ကို ကြည့်နေတဲ့ ဟိုမမကြီးဆိုတာကို တစ်ချက်လှမ်းကြည့်လိုက်မိပါသည်။

တကယ်တော့ ထိုမမကြီးဆိုတာဟာ မမကြီးအရွယ်တော အန်တီကြီးအရွယ်ပင် ရှိခဲ့ပါပြီ ...။ ပိုက်ဆံရှိသူတို့ ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



မနုနုအောင် ပြင်ဆင် ခြယ်သထားသော်လည်း ဇရာရိပ်ကို ပိရိအောင်တော့ မဖုံးကွယ်နိုင်သေးပါ။

ထိုအမျိုးသမီးကြီးလို အမျိုးသမီးတချို့ဟာ တစ်ခါတရံမှာ အညိုတို့ ဟိုတယ်ကို ကောင်လေးတစ်ယောက်ယောက်နဲ့ အတူရောက်လာတတ်ကြတာပင် ...။

သူ ဟိုတယ်မှာ အလုပ်ဝင်စတုန်းကတော့ ဒီလိုကိစ္စတွေကို သိပ်နားမလည်လှ။ နောက်တော့မှ သူ့အရင် အလုပ်ဝင်နှင့်နေသည့် ဧည့်ကြို ကိုအောင်ဇင်ကို သူ မေးကြည့်ခဲ့မိသည်။

"အစ်ကို ... ကျွန်တော်တို့ ဟိုတယ်ကို အဲ့ဒီလို အမျိုးသမီးကြီးတွေ တစ်ခါတစ်ခါ ရောက်လာတတ်တယ်နော်၊ ဟိုပြီးတော့ ကောင်လေးတွေကလည်း သူတို့သားလောက်ကလေးတွေ ..."

သူ မေးတော့ ကိုအောင်ဇင်က ရယ်မောကာ ...

"သမီးအရွယ်လောက်လေးတွေနဲ့ တွဲတွဲလာတဲ့ အမျိုးသားကြီးတွေကိုရော မင်းမြင်ဖူးလား"

"မြင်ဖူးတယ်လေ၊ ဒါပေမယ့် သူတို့က ယောကျ်ားတွေပဲဟာ ..."

"ခုခေတ်က ဘာခေတ်တုန်း ..."

"ခင်ဗျာ ..."





"ခုခေတ်က ဘာခေတ်လဲလို့ ..."

ကိုအောင်ဇင် မေးတာကို သူ မဖြေတတ်ပါ။ ကိုအောင်ဇင်က ပြုံးစိစိ မျက်နှာထားနှင့် ...

"မသိရင် မှတ်ထား၊ မိန်းမတွေလည်း ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းတဲ့ ခေတ်၊ ယောကျ်ားတွေ လုပ်သလောက်တော့ မိန်းမတွေလည်း လိုက်လုပ်နိုင်တာပဲ ...၊ ပိုက်ဆံရှိတဲ့ ယောကျ်ားတွေက သူတို့အပန်းဖြေဖို့ ကောင်မလေးတွေကို ငွေပုံပေးပြီး အသုံးချသလို ပိုက်ဆံရှိတဲ့ မိန်းမတွေကလည်း သူတို့ သာယာပျော်ရွှင်ဖို့အတွက် ကောင်လေးတွေကို အသုံးချတာ ဘာဆန်းလို့လဲကွာ ..."

ကိုအောင်ဇင် ဒီလိုပြောခဲ့တုန်းက သူ ကြက်သီးထသလို ပခုံးတွန့်မိပါသည်။

သူ့အတွက်တော့ ဒီလိုကိစ္စမျိုးဆိုတာ အံ့ဩကုန်နိုင်ဖွယ် မရှိပါ။ သူကတော့ နယ်ကလာလို့လား မသိ ... ပိုက်ဆံရှိအသိုက်အဝန်းထဲက တချို့သော ကိစ္စမျိုးတွေကို သူသိပ်ဉာဏ်မမီလှပါ။

ဒီဟိုတယ်ကို လာရောက်တည်းခိုသည့် အမေအရွယ် အမျိုးသမီးကြီးတွေကို သူက အန်တီဟု တရိုတသေ ခေါ်သော် ရို့ရို့ကျိုးကျိုး အမြဲဆက်ဆံခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကိုကတော့ သူ့လိုမဟုတ်။ ထိုအမျိုးသမီးကြီးတွေကို 'မမ'ဟု ခေါ်ကာ လိုတာထက်ပိုကာ ရောနှောဆက်ဆံတတ်သူဝင် ...။ ထိုအမျိုးသမီး တချို့ဆီက မုန့်ဖိုးလေး မြိုးမြိုးမြက်မြက် ရတာကို ပျော်မွေ့တတ်သူမျိုးပင်။ ထို့ကြောင့် ကျော်ကိုကို သူ သိပ်ကြည့်မရချင်။

သူက မျက်နှာမှုန်ကုပ်ကုပ်နှင့်ပင် ထမင်းစား နားနေခန်းလေးထဲသို့ ဝင်လာခဲ့ပါသည်။

"ဘာဖြစ်လာတာလဲ ... မင်း မျက်နှာကြီးက"

ထမင်းစားနေသော ကိုအောင်ဇင်က အညို့ကို လှမ်းမေးလိုက်သည်။

အညိုက ထိုင်ခုံတစ်လုံး လှမ်းဆွဲကာ ကိုအောင်ဇင်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း ...

"ဟိုကောင် ကျော်ကိုပေါ့ အစ်ကိုရာ ..."

"ဘာဖြစ်တုန်း ..."

"ဟိုအန်တီကြီး တစ်ယောက်နဲ့ ကျွန်တော့်ကို မထိခလုတ်လာလာပြောနေတာ အာရုံနောက်တယ်"

"အေး ... အဲ့ဒီကောင်တော့ ငါလည်း ကြည့်မရဘူး၊ ငါတို့ဧည့်ကြိုတွေဆိုတာ ဧည့်သည်ကို တာဝန်ကြေကြေ ကြိုဆိုဝန်ဆောင်မှု ပေးတာကလွဲရင် တခြားပုဂ္ဂိုလ်ရေး ရင်းနှီးပတ်





သက်မှု မရှိသင့်ဘူးဆိုတာ ငါ ဒီကောင့်ကို အမြဲ သတိပေးတယ်၊ ဒါပေမယ့် ဒီကောင် မရဘူး၊ ရုပ်က ပြီတီတီနဲ့ လိုတာထက်ပိုပြီး အရောဝင်ချင်တယ်"

"သူတင် အရောဝင်တာ မဟုတ်ဘူး၊ ကျွန်တော့်ကိုပါ လာလာဆွယ်နေတာ ..."

"အေး ... ငါပြောပါ့မယ်ကွာ၊ စား ... အညို ... ရော့ ... ဟင်းထည့်စားလေ"

"ဟုတ် ... ကျေးဇူး အစ်ကို"

ကိုအောင်ဇင်က အညို့ရှေ့သို့ ဟင်းပန်းကန်ကို တိုးရွှေ့ပေးလိုက်ပါသည်။ အညိုက ထမင်းငုံ့စားနေတော့ ကိုအောင်ဇင်က အညို့ကို ချစ်ခင် သဘောကျစွာ တစ်ချက်ကြည့်မိပါသည်။

ဒီကောင်လေးဟာ ရိုးရိုးသားသား ဖြူဖြူစင်စင်လေး။ နယ်မှာ ကျန်ခဲ့သော ကိုယ့်ညီအရွယ်ကလေးမို့ အလုပ်အတူလုပ်ရင်း သံယောဇဉ် ဖြစ်မိတာပင်။

အမှန်ဆိုရလျှင် ကောင်လေးရုပ်ရည် အရုပ်အမောင်းက ကျော်ကိုတို့ အောင်ဇင်တို့နဲ့ အပြတ်အသတ် ကွာသည်။ ကျော်ကိုက ဗလတောင့်တောင့် ထင်ရပေမယ့် ဂင်တိုပုပြတ်သည်။ မျက်နှာက ချိုသော်လည်း ပြီတီတီနှင့် မိန်းမဆန်သည်။ အောင်ဇင်ကတော့ အညာသားမို့ အသားမည်းကာ ပိန်ရှည်ရှည်ပုံစံမျိုးပင်။

www.burmeseclassic.com



ဒီရုပ် ဒီရည်တွေနှင့် ဟိုတယ်မှာ အလုပ်ရဖို့ သိပ်မလွယ်ဟု ထင်ရသော်လည်း ဒီလို မထင်မရှား ဟိုတယ်မျိုးမှာ ကံကောင်းထောက်မစွာ အလုပ်ရခဲ့တာပင် ...။

ဆိတ်ငြိမ် ချောင်ကျသော ရပ်ကွက်ထဲက ခြံကျယ်ကြီးထဲမှာ ရှိသည့် ဒီဟိုတယ်ဆီကို လင်မယား စုံတွဲမဟုတ်သော အတွဲလေးတွေ လာရောက်တည်းခိုစခန်းချလေသောအခါ ကညာပျိုနှင့် ဇရာအိုတွေလည်းပါ၊ တစ်ခါတရံတော့လည်း လူငယ်ကောင်လေးတချို့နှင့် မမကြီးတချို့ကိုပါ တွေ့ရလေ့ရှိပါသည်။

ဒီလိုပတ်ဝန်းကျင်ထဲမှာ ရှိနေသည့် အညိုဟာ အရုပ်အမောင်း မြင့်မားတောင့်ဖြောင့်လျက် အသားညိုစိုစိုသန့်သန့်။ မျက်နှာက ယောကျ်ားပီပီသသ တည်ကြည်သော မျက်နှာမျိုး။ သို့သော် ... အညိုဟာ ကျော်ကိုလို မမှန်သောနည်းဖြင့် တက်လမ်းရှာချင်သူမျိုး မဟုတ်ခဲ့ပါ။

"မင်းကိုတော့ ငါ တကယ် ချီးကျူးပါတယ် အညိုရာ"

"ခင်ဗျာ၊ ဘာကိုလဲ အစ်ကို"

ကိုအောင်ဇင်က ထမင်းကို လက်စသတ် စားလိုက်ပြီး လှမ်းပြောလိုက်တာမို့ အညိုက လှမ်းကြည့်ရင်း နားမလည်သလို မေးလိုက်သည်။

"မင်းရုပ် မင်းရည်ကို အသုံးချပြီး ငွေရပေါက် ရလမ်း





ဖန်ချင်ရင် ရတာပဲလေကွာ၊ ကျော်ကိုတောင် မင်းလောက်ရုပ်မလာဘဲ အမိုသဟဲ ကောင်းကောင်း ရှာနေတာ ..."

"ယောကျ်ားဆိုတာ ကိုယ်က မှီရမှာမှ မဟုတ်တာ အစ်ကိုရာ၊ ကိုယ်ကိုယ်တိုင်က ကိုယ်ချစ်တဲ့မိန်းကလေးရဲ့ အမှီသဟဲ ဖြစ်ခွင့်ရဖို့အရေးကြီးတာ မဟုတ်လား"

"မင်းလို စိတ်မျိုး ယောကျ်ားတိုင်းမှာရှိရင်တော့လည်း အကောင်းသားပေါ့ကွာ ..."

ကိုအောင်ဇင်က ထမင်းစားပြီးပြီမို့ ရေတစ်ခွက်ငှဲ့သောက်လိုက်ပြီး သူ့ပခုံးကို တစ်ချက်ပုတ်ကာ ထမင်းစားခန်းထဲမှ ထွက်သွားပါသည်။

အညိုကလည်း ထမင်းကို လက်စသတ် စားလိုက်ပြီး ရှုတီကျရာ ဟိုတယ်ဝင်ပေါက်နားသို့ လျှောက်လာခဲ့ပါသည်။

"ဟေ့ကောင် ... အညို"

"ဘာလဲ ... ကျော်ကို"

သူ့ဆီ ခပ်သွက်သွက်လေး ပြေးလာသော ကျော်ကို့ကို သူက ခပ်တည်တည် ပြန်မေးလိုက်သည်။

"ဟိုမမကြီးက ပစ္စည်းသယ်စရာ ရှိလို့တဲ့ကွ၊ မင်း သွားလိုက်ပါလား၊ မင်းကိုဆို မုန့်ဖိုးများများ ပေးမှာ ..."

"မင်းပဲ သွားလိုက်တော့လေ၊ ငါ့ကို မန်နေဂျာ ခေါ်ထားလို့ ဘာခိုင်းမလဲမသိဘူး၊ သွားမေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အထောင်းလည်း စေတနာနဲ့ ပြောရသေး၊ မသွားချင်နေ ဆေါ့ကွာ၊ ငါသွားလည်း မုန့်ဖိုးတော့ ရတာပဲ"

ကျော်ကိုက ပွစိပွစိပြောပြီး အပေါ်ထပ်သို့ တက်သွားပါသည်။

သူက သက်ပြင်းချရင်း လော်ဘီ (lobby) ဘက်သို့သာ လျှောက်လာခဲ့သည်။ တကယ်တော့ သူ့ကို မန်နေဂျာက ခေါ်ထားတာ မဟုတ်ပါ။

အမှန်ဆို သူလည်း ဒီအလုပ်ကို စိတ်ပျက်လှပါပြီ။ ကိုယ်က ကောင်းအောင်နေပေမယ့်လည်း မကောင်းသော ပတ်ဝန်းကျင်က ကိုယ့်ကို ရိုက်ခတ်လှပါသည်။

တစ်နေ့တစ်နေ့ ဟိုတယ်ကို လာရောက်တည်းခိုသူတွေထဲမှာ အမှန်အကန် ညွှ်သည်လည်း ရှိသော်ငြား တရားမဝင် သာယာမှု ရှာသူတွေက အများသား။ မိန်းကလေး ခေါ်လာသော ယောကျ်ားများနှင့် ယောကျ်ားလေး ခေါ်လာသော မိန်းမကြီးများကို အညိုကတော့ တရားမဝင် သာယာမှု ရှာသူများဟုသာ သတ်မှတ်ပါသည်။ ပြီးတော့ ကျောင်းသူ ကျောင်းသားလို့ထင်ရတဲ့ မိဘအုပ်ထိန်းမှုအောက်က လူငယ်စုံတွဲကလေးတွေ ...။ မနက်လာ ညနေပြန်၊ ဟိုတယ်အခန်းကို အချိန်ပိုင်းလောက် အသုံးပြုသူကလေးတွေ ...။ ဒီလိုအဖြစ်အပျက်တွေကို နေ့စဉ်နဲ့အမျှ တွေ့မြင်နေရတာ စိတ်ပျက်စရာကောင်းလှပါသည်။





အညိုက ဝင်ဝထွက်ဝ တံခါးကို လှမ်းမြင်နိုင်သော ညွှ်ခန်းထောင့်က ခုံလေးတစ်ခုံမှာ ခဏဝင့်ထိုင်လျက် အပြင်ဘက်ကိုငေးကာ စဉ်းစားတွေးတော ငြိမ်သက်နေပါသည်။

"အညို ... စားပြီးပြီလားကွ"

လုပ်ဖော်ကိုင်ဖက်ထဲက ကိုအောင်ဇင်လိုပဲ အညိုနဲ့ ခင်မင်ကြီးကိုက်သော မင်းထွန်းက အညို့နားမှာ ဝင်ထိုင်လိုက်သည်။

"ပြီးပြီကွ ... မင်းရော ..."

"ငါက အစောကတည်းက သွားစားထားလိုက်တာ၊ မင်းငိုင်နေပါလား၊ ဘာတွေတွေးပြီး ဆွေးနေလဲ ..."

"စိတ်ပျက်လို့ပါကွာ ..."

"ဘာကိုလဲ ..."

"ငါတို့အလုပ်ရဲ့ အခြေအနေတွေကိုပေါ့ ...၊ ငါတို့ဟိုတယ်ကို ရောက်ရောက်လာတဲ့ အတွဲတွေထဲမှာ နို့နံ့တောင် မစင်သေးဘူးထင်ရတဲ့ အတွဲတွေကို မြင်ရတိုင်း ငါ့ညီလေး ညီမလေးသာဆိုရင် ဆိုပြီးလို့ တွေးပြီး စိတ်မကောင်းဘူး၊ အထူးသဖြင့် ဗယ်လင်တိုင်းဒေးလို နေ့မျိုးတွေဆို ငါ အလုပ်ကိုမလာချင်ဘူး"

"အေး ... အဲ့ဒါတော့ ဟုတ်တယ် အညို၊ အဲ့ဒီလို နေ့မျိုးဆို



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အတွဲလေးတွေ လာလိုက်တာများ အလျှိုအလျှိုပဲ၊ တက္ကဆီသမားတွေလည်း တော်တော် အလုပ်ဖြစ်တာ၊ ငါတို့ဟိုတယ်ကလည်း ချောင်ကျတော့ သူတို့အတွက် အဆင်ပြေတာပေါ့”

“နေစမ်းပါဦးကွာ၊ ငါ ဉာဏ်မမီလို့ မေးပါရစေ၊ ဗယ်လင်တိုင်းဒေးဆိုတာ သမီးရည်းစားတွေ လွန်လွန်ကျူးကျူးဖြစ်ရတဲ့ နေ့မျိုးလား”

“ဟား ... ဟား ... မင်းကလည်း မေးပဲမေးတတ်တယ်ကွာ”

မင်းထွန်းက ရယ်ပေမယ့် အညိုက မရယ်ဘဲ မျက်နှာမှုန်ကုပ်ကုပ်နှင့် ...

“ငါ တကယ်မသိလို့ မေးတာကွ”

“မင်းအဘ၊ အဲ့လိုတော့ ဘယ်ဟုတ်မလဲကွ၊ ချစ်သူရည်းစားတွေအတွက် အထိမ်းအမှတ် နေ့ထူးတစ်ခုပေါ့ကွာ”

“ငါတို့ ငယ်ငယ်တုန်းက အဲ့ဒီနေ့မျိုး ရှိတယ်လို့ မကြားမိပါဘူး”

“နိုင်ငံခြားမှာတော့ ရှိတယ်တဲ့ကွ၊ ငါ မဂ္ဂဇင်းထဲမှာ ဖတ်ဖူးတယ်”

“ဒါဆို အဲ့ဒီနေ့ကို ငါတို့နိုင်ငံကို ဘယ်သူ သယ်ဆောင်လာတာလဲ ...”

“အဲ့ဒါတော့ မင်းကျီးအေါကြီးပဲ လိုက်မေး၊ အဲဒီလောက်ထိ





တော့ ငါမသိဘူး၊ ငါသိတာတော့ အဲ့ဒီနေ့ ဖေဖော်ဝါရီ (၁၄)ရက်နေ့ဆို ချစ်သူရည်းစားတွေအချင်းချင်း ချိန်းတွေ့ကြ၊ စားသောက်လည်ပတ်ကြ၊ လက်ဆောင်ပေးကြ၊ တချို့လင်မယားတွေလည်း အချင်းချင်း လက်ဆောင်ပေးတာတွေဘာတွေ ရှိတာပေါ့ကွာ၊ ရုပ်ရှင်တွေထဲမှာ မင်း မကြည့်ဖူးဘူးလား”

“အေး ... အဲ့ဒါတော့ ငါလည်း သိပါတယ်၊ ဒါပေမယ့် ဗယ်လင်တိုင်းဒေးမှာ သမီးရည်းစားနှစ်ယောက် အတူအိပ်တဲ့ အထိတော့လည်း မဖြစ်သင့်ဘူး မဟုတ်လား”

“ဒါပေမယ့် တချို့ မိန်းကလေးတွေကျတော့လည်း တလွဲဆံပင်ကောင်း ရိုမန်တစ်ဖြစ်ပြီး အဲ့ဒီနေ့မှာ ကိုယ့်ရည်းစားကို အပျိုစင်ဘဝကို လက်ဆောင်ပေးတယ်ဆိုတာမျိုးတွေ ရှိတယ်လေကွာ၊ တချို့ဆို အပျိုဖြစ်တာတောင် မကြာသေးတဲ့ ဟာလေးတွေ မင်းမြင်သားပဲ မဟုတ်လား”

“အပျိုဖြစ်တာ မကြာသေးပဲ အပျိုစင်ဘဝကို ဆုံးရှုံးခံတယ်ဆိုတော့ သူတို့က အီးတစ်ပေါက်ပဲ အပျိုဘဝနဲ့ နေလိုက်ရတာပေါ့”

“ဘာလဲကွ အီးတစ်ပေါက် ...”

“အီးတစ်ခါပေါက်တဲ့ အချိန်လောက် ခဏလေးကို ပြောတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟား ... မင်းပဲ ကြံကြံဖန်ဖန် ပြောတတ်တယ် အညို ရာ"

မင်းထွန်းက အားပါးတရ ရယ်မောလိုက်ပါသည်။ အညိုက သက်ပြင်းချလိုက်ရင်း ...

"မင်းတို့ ငါတို့က နယ်ကလာတဲ့ တောသားတွေ မဟုတ်လား၊ ငါ နယ်မှာနေတုန်းကဆို ငါ လူပျိုဖြစ်ပါပြီဆိုကတည်းက ငါ့ဘကြီးက ငါ့ကို အမြဲဆုံးမတယ်၊ မင်း သူများသားသမီးကို မယူနိုင်ဘဲ သွားမကြိုက်နဲ့၊ မိန်းကလေး နာမည်ပျက်တယ်၊ ကြိုက်ပြီးရင်လည်း ယူဖြစ်အောင်ယူ၊ ယောကျာ်းဆိုတာ တာဝန်ယူတတ်တဲ့စိတ် ရှိရတယ်၊ သမီးရည်းစားဘဝမှာ မိန်းကလေးနဲ့ လွန်လွန်ကျူးကျူး မဖြစ်စေနဲ့၊ ဒါမျိုးကိစ္စဆိုတာ လက်ထပ်ပြီးမှ လုပ်ရတဲ့ကိစ္စ၊ အဲ့ဒီလိုမျိုး တဖွဖွ ဆုံးမခဲ့တာကွ ..."

မင်းထွန်းက ခေါင်းတစ်ချက် ဆတ်ရင်း ...

"အေး ... ဒါပေမယ့် မင်း ရန်ကုန်ရောက်လာတော့ မင်း တွေ့ရ မြင်ရ ကြားရ သိရတာတွေက မင်းဘကြီးပြောတာနဲ့ လွဲနေတယ် မဟုတ်လား၊ လူတိုင်း မဟုတ်ပေမယ့် တချို့ ယောကျာ်း မိန်းမတွေအတွက်တော့ ဒီလိုကိစ္စမျိုးတွေဟာ ထမင်းစားရေသောက်ကိစ္စတွေပဲ၊ ထမင်းစားတာကမှ





ခက်နေဦးမယ်၊ ရေသောက်ချသလောက်ကို လွယ်တယ်၊ သောက်ဖို့ရေကလည်း ပေါတာကိုး ...၊ ရေသောက်တဲ့ သူတွေထဲမှာ ရေသန့်သောက်မိတဲ့သူလည်း ရှိ၊ ဘက်တီးရီးယားတွေ ပါတဲ့ ရေဆိုး ရေညစ်တွေ သောက်မိတဲ့သူလည်း ရှိပေါ့ကွာ၊ ရေသောက်သူရဲ့ ကံကြမ္မာအတိုင်း အကောင်းအဆိုးတွေ ဖြစ်လာတတ်တာပေါ့ ..."

"ငါတော့ ဒါမျိုးကိစ္စတွေ နေ့တိုင်းမြင်တွေ့ သိနေရတဲ့ ဒီအလုပ်ကို တဖြည်းဖြည်း စိတ်ကုန်လာပြီကွာ"

"ဟိုတယ်ဆိုတာကတော့ ဒါမျိုး အနည်းနဲ့အများဆိုသလို မကင်းဘူးပေါ့ အညိုရာ၊ ငါလည်း အမှန်အတိုင်းပြောရရင် ဒီအလုပ်ကိုမလုပ်ချင်ပါဘူး၊ ငါ့မှာ နှမလေးတစ်ယောက်လည်း ရှိတယ်၊ ဒီကိုရောက်လာတဲ့ ကောင်မလေးတွေကို မြင်ရရင် ငါ့နှမအတွက် တွေးပူတယ်၊ ဒါပေမယ့်ကွာ ခုခေတ်မှာ အလုပ်တစ်ခုရှိဖို့ဆိုတာ လွယ်တာမဟုတ်တော့ လက်ရှိအလုပ်လေးကိုပဲ ဆုပ်ကိုင်ထားရသေးတာပေါ့၊ မင်းက ပိုက်ဆံစုထားတယ် မဟုတ်လား၊ ဆုကြေးရတဲ့ ပိုက်ဆံတွေလည်း မင်း သုံးတာမတွေ့ပါဘူး၊ ပိုက်ဆံစုပြီး မင်း ဘာလုပ်မလို့လဲ"

"သင်တန်းတစ်ခုခု တက်ပြီး တခြားအလုပ်ပြောင်းမလား



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ၊ အလုပ်တစ်ခုနဲ့တစ်ခု အကူးအပြောင်းကြား သုံးစရာ မရှိမှာလည်းစိုးလို့ ချွေတာခြစ်ကုပ် စုဆောင်းနေရတာပါ ကွာ”

“မင်းက မင်းအတွက်သာ မင်းချွေတာတာပါ၊ မင်း ကောင်မလေးအတွက်ကျတော့ မနှမြောဘူး မဟုတ်လား”

“ငါ့ကောင်မလေး မဟုတ်ပါဘူးကွာ၊ ငါက တစ်ဖက်သတ် ချစ်ရတဲ့သူပါ”

အညိုက ခပ်ပြုံးပြုံး ပြန်ပြောတော့ မင်းထွန်းက ပခုံးတစ်ချက်တွန့်ကာ မယုံဘူးဟူသော စတိုင်လ်မျိုး လုပ်ပြလိုက်သည်။

မင်းထွန်းသိသော အညိုဟာ သူ့အတွက် သူသာ ပိုက်ဆံတစ်ပြားကို နှစ်ပြားရအောင် ခွာချင်တဲ့သူမျိုး ဆိုပေမယ့် သူ့ကောင်မလေးအတွက်တော့ နှမြောတတ်သူ မဟုတ်ပါ။

မင်းထွန်းရဲ့အဒေါ်ဝမ်းကွဲတစ်ယောက်က ဘန်ကောက်ကို မကြာခဏသွားကာ အဝတ်အထည်တွေ ဝယ်လာပြီး ဒီမှာ ပြန်ရောင်းသူမှန်း သိသည်နှင့် ...

“မိန်းမဝတ် အင်္ကျီလှလှတာလေးတွေရှိရင် ယူလာပေးကွာ ဆိုဒ်ကတော့ အလယ်အလတ်ဆိုဒ်မျိုးပဲ၊ ဖရီးဆိုဒ်လာတာလေးတွေလည်း ရှိတယ်မဟုတ်လား၊ ယူခဲ့ပေးကွာ၊ ဟဲ





ပိုက်ဆံကတော့ လခထုတ်မှ ပေးမယ်လို့ မင်းအဒေါ်ကို ပြောပေးကွာ”

အညိုက အဲ့ဒီလို မှာတော့ မင်းထွန်းက အံ့ဩရယ်ချင်သွားခဲ့မိသေးသည်။ နောက် တဖြည်းဖြည်း ခင်မင်လာကြတော့မှ အညို့သံယောဇဉ်မလေးအကြောင်း အရိပ်အမြွက်လောက် သိခွင့်ရခဲ့တာပင်။

ပြီးတော့ ... အညိုဟာ ဒီဟိုတယ်ရှိရာ လမ်းသွယ်ရဲ့ ဟိုးဘက်ထိပ် ကားမှတ်တိုင်နားက ကိတ်မုန့်ဆိုင်လေးကိုဝင်ကာ သူ့ကောင်မလေး ကြိုက်သော ကိတ်မုန့်ကို မကြာခဏ ဝင်ဝယ်သွားတတ်သူ ...။ မင်းထွန်း သိသလောက်တော့ အညိုဟာ သူ့ကောင်မလေးအတွက်ကလွဲလို့ သူ့အတွက်ဆို အပိုငွေမသုံးတတ်သူမျိုးပင်။

“မင်း တစ်ဖက်သတ်ချစ်နေတာဖြင့် ကြာပဲကြာလှပြီ၊ ခုထိ သူ့အချစ်ကို မရသေးဘူးလား၊ မသေချာရင် ဘာလို့ ငွေကုန်ကြေးကျ ခံနေမလဲကွာ၊ ထားလိုက်စမ်းပါ”

“အချစ်ဆိုတာ ရင်းနှီးမြှုပ်နှံမှုတစ်ခုမှ မဟုတ်တာ၊ သူ့ဆီက အကျိုးအမြတ် ပြန်ရမှ ရင်းနှီးမြှုပ်နှံမယ်ဆိုတာ အချစ် မဟုတ်ဘူးလေ၊ ငါချစ်လို့ သူ့အတွက်ဆို ငါ့ပိုက်ဆံ ငါ မနှမြောတာပေါ့၊ သူ ပြန်ချစ်ချစ် မချစ်ချစ် ငါကတော့ ငါလုပ်ပေးနိုင်တာလေးတွေ လုပ်ပေးချင်နေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ စံပါပဲ၊ ဟော … ဟိုမှာ ကားတစ်စီး ဝင်လာတယ်ကွ၊ ဧည့်သည်ထင်တယ် …"

မင်းထွန်းက ဟိုတယ်ရှေ့အပြင်ဘက်ကို လှမ်းကြည့်ရင်း ပြောလိုက်ပါသည်။

သူ ထိုကားကို လှမ်းကြည့်လိုက်မိသည်။

ကားက ဟိုတယ်ကို လာနေကျကားမျိုး မဟုတ်။ သာမန်ကားတွေနဲ့ အသွင်ကွဲထွက်နေသော အနောက်နိုင်ငံထုတ်ကားမျိုး။

ကားအရောင်က မည်းပြောင်လက်နေကာ ငြိမ့်ညောင်း အိစက်သော အိမ်စီးဆလွန်းကားမျိုး …။ ကားတွေမှာ စတေကာ မတပ်ရသော စည်းကမ်းရှိပေမယ့် ထိုကားမှာတော့ မှန်စကေတာ အမည်းကြောင့် အထဲကို ဖောက်ထွင်းမမြင်ရပါ။

ကားက ဟိုတယ်ရှေ့ ကားပါကင်မှာရပ်လိုက်တာကို သူ လှမ်းမြင်ရသည်။ ဟိုတယ်ရှေ့မှာ ဧည့်ကြိုနှစ်ယောက် ရှိနှင့်နေတာမို့ သူက အပြင်ထွက်မသွားသေးဘဲ ထိုကားကို လှမ်းကြည့်နေဆဲမှာ ကားတံခါးပွင့်လာပါသည်။

ကားထဲက ထွက်လာသော အမျိုးသမီးဟာ ရုပ်ရည်သန့်ပြန့်ကာ ဘာရယ်လို့ သေချာမပြောတတ်ပေမယ့် အဆင့်မြင့်မှု တစ်ခုခု ရှိနေသောပုံစံမျိုး …။





အညိုရောင် ဆံပင်ခွေတွေက ပခုံးပေါ်မှာ ဝဲနေသည်။ အနက်ရောင် မျက်မှန်အကြီးကြီးက မျက်နှာရဲ့ နေရာအချို့ကို ဖုံးကွယ်ကာဆီးထားနိုင်သော်လည်း ထင်ရှားသော နှာတံနှင့် နှုတ်ခမ်းက အဝေးကကြည့်တာတောင် ထင်းနေပါသည်။

ဝတ်ထားသော အဝတ်အစားက အလွန်ချုပ်ရပ်စမတ်ကျသော မြန်မာဝတ်စုံ …။ အနွယ်အခက်လေးတချို့ပါသော အသားပျော့ပျော့ လုံချည်အိတ်တွဲတွဲနှင့် ရင်စေ့လက်စက ကော်လံထောင် ခါးတို အင်္ကျီလေးဝတ်ထားကာ အကောင်းစားဟု မြင်ရုံနှင့် သိနိုင်သော လက်ကိုင်အိတ်ကို ကိုင်ထားရုံမှအပ တခြားဘာအပိုပစ္စည်းမှ မပါ။

သူမက ကားကို ကိုယ်တိုင်မောင်းလာခဲ့သူပင်။

ကားပေါ်က ဆင်းလာသော သူမက သူမအနီးသို့ ရောက်လာသော ဘဲလ်ဘွိုင်းတစ်ယောက်ကို တစ်စုံတစ်ရာ လှမ်း[illegible]း ဟိုတယ်ဝင်ဝ တံခါးဆီသို့ လျှောက်လာနေပါသည်။

သူမရဲ့ ကိုယ်ဟန်အနေအထားကတော့ ငယ်ရွယ်သူ မဟုတ်မှန်း သိသာစေပါသည်။ တဖြည်းဖြည်း နီးလာပြီး မျက်မှန်ကို ချွတ်လိုက်တော့မှ အသက် ၄၀ နဲ့ ၅၀ ကြားရှိမည့် အမျိုးသမီးတစ်ယောက်ဆိုတာ သိသာလာသည်။

"ဟော့ကောင် … ဘာငေးနေတာလဲ၊ တံခါးဖွင့်ပေးလိုက်ဦးလေ …"



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံက နည်းနည်း ထူးခြားနေလို့ပါကွာ"

မင်းထွန်း လှမ်းပြောတော့မှ အညိုက မှန်ဆွဲတံခါးကို ဆွဲဖွင့်ပေးလိုက်ရင်း ...

"မင်္ဂလာပါ ခင်ဗျာ"

ဟု နှုတ်ဆက်လိုက်တော့ အမျိုးသမီးက မျက်မှန်ချွတ်လိုက်ရင်း အညို့ကို မျက်လုံးဝိုင်း၍ တစ်ချက်ကြည့်လိုက်သည်။

ဒီအရွယ်ထိ ဆွဲဆောင်မှုတချို့ ရှိနေဆဲဖြစ်သော မျက်ဝန်းအိမ်ကျယ်က စူးစူးရှရှ ရှိလှပါသည်။

"တို့ ... နှစ်ယောက်ခန်းတစ်ခန်း လိုချင်တယ်"

"ခဏလေး ထိုင်ပါဦး ခင်ဗျ"

အညိုက ရီဆက်ရှင်သို့ သွက်သွက်လေး ထွက်လာကာ အခန်းလွတ်ရှိမရှိမေးပြီး သူမထံသို့ ပြန်လျှောက်လာခဲ့သည်။

"ဖိုးအိုဝမ်း တစ်ခန်းတော့ ရှိပါတယ်ခင်ဗျ၊ sweet room ပါ"

"အိုခေ ... ယူလိုက်မယ်လေ"

"ဟုတ်ကဲ့ ... မှတ်ပုံတင်လေး တစ်ဆိတ်လောက်"

"မပေးလို့ မရဘူးလား"

"မရလို့ပါ ခင်ဗျ ..."

သူမက တုံ့ဆိုင်းဆိုင်းဖြစ်နေပြီးမှ သက်ပြင်းချကာ လက်ကိုင်အိတ်ထဲက မှတ်ပုံတင်ကို ထုတ်ပေးလိုက်ပါသည်။





သူက မှတ်ပုံတင်ကို လှမ်းယူရင်း ...

"အစ်မ ... သယ်စရာ ပစ္စည်းပါသေးလား ခင်ဗျ"

"မပါဘူး ..."

"ဟုတ်ကဲ့ ... ခဏစောင့်ပါ၊ ကျွန်တော် သော့သွားယူပြီး လိုက်ပို့ပေးပါမယ်"

အညို ရီဆက်ရှင်ဘက်သို့ ပြန်လျှောက်လာတော့ မင်းထွန်းက အညို့နောက်သို့ လိုက်လာကာ ခပ်တိုးတိုး မေးလာသည်။

"အညို ... ဟိုအစ်မက တစ်ယောက်တည်းလား"

"အေး ..."

"ရန်ကုန်ထဲကပဲလား ..."

"အေး ... မှတ်ပုံတင်ထဲမှာတော့ ရန်ကုန်ပဲ"

"အထုပ်အပိုး မပါဘူးလား"

"မပါဘူးကွ"

"တစ်မျိုးတော့ တစ်မျိုးပဲနော်၊ ရိုးမှရိုးရဲ့လား မသိဘူး၊ ဒါပေမယ့် ပုံစံကတော့ ဂုဏ်သရေရှိ အမျိုးသမီးပုံစံမျိုးပဲ၊ မထင်ရဘူး"

"မဟုတ်တာ မတွေးပါနဲ့ မင်းထွန်းရာ၊ ဟိုတယ်လာတိုင်း ဟိုလိုဒီလို စွပ်စွဲလို့ရတာမှ မဟုတ်တာ၊ အကြောင်းတစ်ခုခုကြောင့် ခဏရောက်လာတာ နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းကို မင်း လိုက်ပို့မှာလား"

"အေး … ပို့လိုက်မယ်လေ၊ ဟိုကောင် ကျော်ကိုလည်း ထမင်းသွားစားနေတယ်ထင်တယ်၊ မတွေ့ဘူး၊ မင်းပို့လည်း ရတယ်လေ၊ ငါ အောက်မှာပဲ ဆက်စောင့်နေလိုက်မယ်"

"မင်းနဲ့ပဲ မေးမြန်းပြောဆိုနေတာဆိုတော့ မင်းပဲ ပို့လိုက်ပါကွာ၊ အထုပ်အပိုး သယ်စရာမှ မပါတာ၊ ငါ အောက်မှာပဲ ဆက်စောင့်နေလိုက်မယ်"

မင်းထွန်းက တံခါးဝဘက်သို့ ပြန်လျှောက်သွားပါသည်။ အညိုက ရီဆက်ရှင်မှာ အခန်းသော့တောင်းယူပြီး ထိုအမျိုးသမီးကို လေးထပ်က တည်းခိုရမည့် အခန်းသို့ ကြိုဆိုခေါ်ဆောင်လာခဲ့ပါသည်။

အမျိုးသမီးက တိတ်ဆိတ်တည်ငြိမ်စွာပင် သူ့နောက်မှ လိုက်လာသည်။ အမျိုးသမီးရဲ့ မျက်နှာဟာ တစ်စုံတစ်ရာကို ဒေါသထွက်နေသလိုမျိုး အေးစက်တင်းမာစွာ တည်ငြိမ်နေတာကို အညိုက သတိထားမိလာပါသည်။

ကော်ဇောခင်းထားသော ဟိုတယ်စင်္ကြံလမ်းတစ်လျှောက် သူမ၏ ခြေသံဖွဖွက နောက်မှ ထပ်ချပ်ပါလာချိန်မှာ သူ့နှာခေါင်းထဲ ဝိုင်နံ့လိုလို အနံ့သင်းသင်းကို ရှူရှိုက်မိသည်။ သူက အခန်းနံပါတ် ဖိုးအိုဝမ်း ရှေ့မှာ ရပ်လိုက်သည်။





"ဒီအခန်းပါ ခင်ဗျ"

သူက အခန်းတံခါးကို သော့ဖွင့်၍ တွန်းဝင်လာခဲ့ပြီး မီးခလုတ်တွေကို လိုက်ဖွင့်လိုက်သည်။ အဲကွန်းခလုတ်ကို ဖွင့်ကာ သင့်တော်သော အဲကွန်းအအေးချိန်ကို ရီမုဖြင့် ညှိပေးလိုက်သည်။

သူ နောက်သို့ လှည့်ကြည့်တော့ လင်းကျင်းသွားသော အခန်းရဲ့အလယ်မှာ ခပ်ငိုင်ငိုင်ရပ်တန့်နေသော သူမကို တွေ့ရသည်။

သူက အခန်းသော့ကို ခုတင်ဘေးစားပွဲပေါ်သို့ ရိုကျိုးစွာ လှမ်းတင်ပေးလိုက်ရင်း …

"အဆင်မပြေတာ လိုအပ်တာရှိရင် ရီဆက်ရှင်ကို လှမ်းပြောလိုက်ပါခင်ဗျ၊ အစားအသောက် မှာချင်ရင်လည်း မှာလို့ရပါတယ်၊ ဖုန်းနားမှာ ဖုန်းခေါ်လို့ရတဲ့နံပါတ်တွေ ရေးထားပါတယ်၊ အေးအေးဆေးဆေး နားပါ ခင်ဗျ"

အညိုက ရိုကျိုးခေါင်းညွှတ်စွာပြောပြီး အခန်းတံခါးဘက်သို့ ခြေဦးလှည့်လိုက်ပါသည်။

"ခဏနေဦး …"

အမျိုးသမီး၏ အသံက အမိန့်သံ … ။

အညိုက ဝန်ထမ်းကောင်းတို့၏ အမိန့်နာခံပုံမျိုးဖြင့် ခြေလှမ်းတို့ကာ နောက်သို့ ပြန်လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုအပ်ပါသလဲ ခင်ဗျ"

"မင်းကို ..."

"ခင်ဗျာ ..."

"မင်းကို လိုအပ်တာလေ၊ မေးစရာလေးတွေ ရှိသေးလို့"

"ဟုတ်ကဲ့ ... မေးပါ ခင်ဗျ"

အညိုက သက်ပြင်းခိုးရှိုက်လျက် တုံ့ပြန်ပြော
သည်။ သူမက ခုတင်ပေါ်သို့ အိခနဲ ပစ်ထိုင်ချလိုက်ပြီး လက်ထဲ
မှာ ကိုင်ထားသည့် နေကာမျက်မှန်ကို ခုတင်ဘေး စားပွဲပုလေး
ပေါ်သို့ ဖြစ်သလို ပစ်တင်လိုက်ရင်း ...

"အရက်ရသလား ..."

"ခင်ဗျာ ..."

"မေးတာ နားမလည်ဘူးလား"

"ဟုတ်ကဲ့၊ ရပါတယ် ခင်ဗျ ..."

"တို့ သောက်ချင်တယ်၊ ယူလာခဲ့ ..."

"ဘာအရက်လဲ ခင်ဗျ ..."

"မူးရင်ရတယ်၊ အကောင်းစားတော့ ဖြစ်ပစေ ..."

"ဟုတ်ကဲ့ ..."

အညိုက 'ဟုတ်ကဲ့'ဟုသာ ပြန်ပြောသော်လည်း
ချက်ချင်းထွက်မသွားဘဲ တုံ့ဆိုင်းနေသည်။ ကြည့်ရတာ အဆ





ပြင်းမှုတစ်ခု ရှိနေသည်ဟုထင်ရသော၊ ဂုဏ်သရေရှိ အမျိုးသမီးဟု
ဆည်း ယူဆရသော ထိုအမျိုးသမီးတစ်ယောက်တည်း အရက်
သောက်မည့်ကိစ္စကို တားမြစ်ချင်သော်လည်း သူ့မှာ တားပိုင်ခွင့်
မရှိပါ။ အရက်မဟုတ်ဘဲ ဝိုင်လောက်ဆို တော်သေးရဲ့ ...။

အမျိုးသမီးက မွေ့ရာပေါ်မှာ တင်ပလ္လဲ ခြေချိတ်ထိုင်
နေရင်းက သူ့ကို မျက်ခုံးပင့်ကြည့်လိုက်ရင်း ...

"မင်း တစ်ခုခု ပြောချင်နေတာလား၊ ပြောလေ ... ဘာပြော
မလဲ"

"ဟို ... ဝိုင် အကောင်းစားလည်း ရှိတယ် ခင်ဗျ"

"အဟင်း ... ဝိုင်က မူးလို့လား"

သူမက မထီတရီ မေးခွန်းထုတ်ရင်း သရော်သံလို
အစ်ရှုက်ပြုံးလိုက်သည်။ တိတ်ဆိတ်အလုံပိတ်လျက် အဲကွန်းလေ
ပြင်း အေးလာပြီဖြစ်သော အခန်းထဲမှာ သူမထံက ဝိုင်နံ့က ပို၍
သင်းရှိလာပါသည်။

"ဝိုင်လည်း မူးသင့်သလောက်တော့ မူးပါတယ် ခင်ဗျ ..."

"တို့ အခု ဝိုင်သောက်ကြည့်လာသားပဲ၊ မ[illegible]ပါဘူး၊ တစ်ခါ
မှ မသောက်ဖူးဘဲ သောက်တာတောင် မူး[illegible]ဘူး ကဲ ...
သွား ... အရက်ထဲက ကောင်းတာပဲ ယူ[illegible]"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ နှာခေါင်းညိုတ်ပြီး အခန်းတံခါးဝဘက်သို့ လျှောက်လာခဲ့သည်။ အခန်းတံခါး လော့ခ်ဖုသီးကို သူ ဆုပ်ကိုင် လှည့်လိုက်ချိန်မှာ ...

"ဟော့ ..."

သူမ အသံကြောင့် သူ သမင်လည်ပြန် လှည့်ကြည့် မိသည်။

"မင်းကိုယ်တိုင် လာပို့နော် ..."

"ဟုတ်ကဲ့ ..."

သူ ရင်လေးစိတ်မောစွာ အခန်းထဲမှ ထွက်လာခဲ့ပါ သည်။

■ ■ ■

(၆)

❖ ❖ ❖

ကျော်ကို့ကို ပို့ခိုင်းလျှင် ဝမ်းသာအားရ ပို့မည်ဖြစ် သော်လည်း အညိုက ကိုယ်တိုင်ပဲသွားဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဥပဓိရုပ်ကောင်းကောင်းနှင့် အရှိန်အဝါတစ်ခု ရှိသလို ထည်ဝါ သော ထိုအမျိုးသမီးဟာ အပျော်ရှာဖို့ ဒီနေရာကို ရောက်လာသည် ဟု သူ မယုံကြည်ပါ။

ကျော်ကိုကတော့ အပေါ်ယံ အခြေအနေတစ်ခုကိုပဲ ကြည့်ကာ ဒီအမျိုးသမီးကို လိုတာထက်ပိုပြီး ရောနှောချင်မှာပင်။ ကျော်ကို့ကို မယုံကြည်တာမို့ သူကိုယ်တိုင်ပဲ သောက်စရာ ဗန်းကို တော သူမအခန်းရှိရာ လေးထပ်သို့ ဓာတ်လှေကားဖြင့် တက်လာ ခဲ့သည်။

သူမ ပြောခဲ့သော စကားများအရ သူမဟာ ဗိုင်

www.burmeseclassic.com



တောင်မှ သောက်ကြည့်ရုံအဆင့်သာမို့ အရက်ကို သောက်ဖူးပုံလည်း မရ။ စိတ်ညစ်စရာ တစ်ခုခုကြောင့် အာရုံဝေဝါး ထွေပြားစွာ ဒီကို ဖျက်စီးလည် လမ်းမှားလာလေသလားပင်။

"ခေါက် ... ခေါက် ..."

အညိုက အခန်းတံခါး နှစ်ချက်ခေါက်လိုက်ပြီး ခဏစောင့်ကာ အခန်းတံခါးကို တွန်းဖွင့်ဝင်လာခဲ့သည်။

သူမက စောစောကပုံစံအတိုင်း ခုတင်ပေါ်မှာ တင်ပလ္လင် ထိုင်နေဆဲ ...။ ခုတင်ဘေး စားပွဲပေါ်က မီးတိုင်ကလေးကိုဖွင့်ထားတာမို့ မီးရောင်ဟပ်နေသော သူမမျက်နှာပေါ်က အရေးအကြောင်းတချို့ကို တွေ့ရသည်။

သူမအသက်ဟာ အညို့အမေ လောက် ရှိလေမလားပင်။ အညို့အမေကလည်း အသက် ၂၀ နှင့် အိမ်ထောင်ကျပြီး အမေ့အသက် ၂၁ မှာ အညို့ကို မွေးခဲ့တာ။ ခုချိန်မှာ အမေ့အသက်က ၄၂ နှစ်။ အမေကတော့ တောသူမို့ ဝဝအိအိ ရင့်ရင့်ရော်ရော် လူကြီးပီပီ ဖြစ်ခဲ့ပြီ။

သူမက အညို့ကို တစ်ချက် ငဲ့ကြည့်လိုက်သည်။ အညိုက သောက်စရာကို စားပွဲပေါ်တင်ကာ ပြင်ဆင်ပေးလိုက်ပြီး ...

"ဒီမှာ ထားခဲ့ပါပြီ ခင်ဗျ၊ လိုအပ်တာရှိရင် ခေါ်လိုက်ပါ"





သူ ပြန်လှည့်ထွက်ဖို့ ပြင်လိုက်သည်။

"ခဏထိုင်ဦးလေ ..."

သူမ စကားက သူ့ခြေလှမ်းတွေကို လှမ်းဆွဲထားလိုက်သည်။ သူ မထိုင်ချင်သော်လည်း အားနာတာမို့ သူမရှေ့က ခုံမှာ ဝင်ထိုင်လိုက်သည်။

သူမက ရေခဲထည့်ထားသော ဖန်ခွက်ကို လှမ်းယူကာ ပုလင်းကို တစ်ဖက်က ကိုင်ပြီး အအေးငှဲ့သလို အပြည့်ငှဲ့ထည့်ပြီး မော့သောက်လိုက်သည်။

"ဟာ ... အစ်မ ... အစ်မ ... အဲ့ဒီလို မသောက်ရဘူးလေ"

"အား ... ပူလိုက်တာ ... ခါးလိုက်တာ၊ ဒါများ ဘာကောင်းလို့ ဒင်းတို့က သောက်နေရတာလဲ ..."

"အစ်မ ... အဲ့ဒီလောက်အများကြီး မသောက်ပါနဲ့"

"တို့ဘာသာ သောက်ချင်လို့ သောက်တာ မင်းက ဘာဆိုင်လို့ တားရတာလဲ၊ ဒါနဲ့ မင်းနာမည်က ဘယ်သူ ..."

"အညို ... အဲ ... စည်သူညိုပါ"

"အညို ဆိုတာက ..."

"ကျွန်တော့်ကို လူတော်တော်များများ အဲ့ဒီလို ခေါ်ကြလို့ပါ"

"ကောင်းပြီ ... ကိုယ်လည်း ခေါ်မယ်လေ၊ မှတ်ရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်တာပေါ့၊ ကဲ ... အညို ... မင်း ငါနဲ့ အဖော်ပြုပေးမလား"

"ဗျာ ..."

"အဟင်း ... ငါ့မှာ စကားပြောဖော်လိုလို့ပါ၊ မင်းကြည့်ရတာ ရိုးရိုးသားသားလေးဆိုတော့ ယုံစားလို့ရမလားလို့လေ၊ ငါနဲ့ စကားစမြည်လေး ထိုင်ပြောရင်း ငါပြောတာ နားထောင်ပေးလို့ မရဘူးလား "

"မရဘူး အစ်မ ...၊ ကျွန်တော်တို့က ဝန်ထမ်းပါ၊ ဧည့်သည်နဲ့ လွန်လွန်ကဲကဲ ရောနှောရင်းနှီးခွင့် မရှိပါဘူး၊ ကျွန်တော် သွားလိုက်ပါဦးမယ်၊ ခိုင်းစရာရှိရင် ခေါ်လိုက်ပါ ခင်ဗျ"

အညိုက ခပ်မြန်မြန် ခပ်မှန်မှန်ပြောပြီး အခန်းထဲမှ ပြန်ထွက်လာပါသည်။

ရင်ထဲမှာတော့ မွန်းကျပ်လှပါသည်။

ကိုယ့်အစ်မ ကိုယ့်အမေသာဆိုရင် ဒီလိုပုံစံနှင့် ဒီကိုရောက်လာတဲ့အတွက် ဘယ်လောက် စိတ်ဆင်းရဲရမလဲမသိပါ။

သူ အောက်ထပ် တံခါးဝနားမှာ ထိုင်ကာ ရပ်ကာ ဧည့်ကြိုကာ အလုပ်ရှုပ်နေသော်လည်း စိတ်ထဲမှာ ထင့်နေသည်။

ဧည့်သည် ရှင်းသွားချိန်မှာ သူတစ်ယောက်တည်း





တံခါးဝနားက ခုံမှာ ခဏလေးထိုင်ချရင်း ထိုအမျိုးသမီးဆီ စိတ်ရောက်သွားသည်။

သောက်စရာ သွားပို့ထားခဲ့တာ တစ်နာရီလောက်ရှိပြီမို့ အခန်းထဲမှာ တစ်ယောက်တည်း ဘာဖြစ်နေမလဲဆိုတာ တွေးမိတော့ စိတ်ထဲက မဖြောင့်။ ဒီကို လာနေကျ တချို့သောဆေါ့ပျက်ပျက် ပြီတီတီ မိန်းမမျိုးတွေနှင့် ပုံစံတူဆိုရင်တော့ သူ စိတ်မဝင်စား၊ မပူပင်ပါ။

"အညို ... မင်းကို ရှာနေတာကွ ..."

ကျော်ကိုက သူ့ဆီ သွက်သွက်လျှောက်လာရင်း ...

"ဖိုးအိုဝမ်းက ဟိုအမျိုးသမီးလေ ခေါက်ဆွဲကြော်တစ်ပွဲမှာထားတာ ရပြီ၊ အညို့ကိုပဲ ပို့ခိုင်းလိုက်ပါတဲ့၊ ဘယ်လိုလဲ ... မင်း မသွားချင်ရင် ငါပဲသွားပို့လိုက်ရမလား ..."

"ရတယ်၊ ငါပဲ သွားပို့လိုက်မယ်"

အညိုက ကျော်ကိုနားက ခပ်သွက်သွက် ထွက်လာပြီး စားဖိုဆောင်ဘက်သို့ ဝင်လာခဲ့ပါသည်။

ခေါက်ဆွဲကြော်ပန်းကန် သွားယူလာပြီး သူ အပေါ်ထပ်သို့ တက်လာသည်။

အခန်းတံခါး တံခါးခေါက်ပြီး ခဏစောင့်ကာ သူ အခန်းတံခါးသော့ကို လှည့်ဖွင့်ကြည့်တော့ အလွယ်တကူ ပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ သူမကို မတွေ့ရပါ။

"အစ်မ ... ခေါက်ဆွဲကြော် ရောက်ပါပြီ"

သူက အသံကို နည်းနည်းမြှင့်ကာ လှမ်းပြောလိုက်သည်။ ရေချိုးခန်းထဲ ရောက်နေသလားလို့ပင်။

"အစ်မ ... ဒီမှာထားခဲ့ပြီနော်"

"အေး ... အဟွတ် ... အဟွတ်"

ရေချိုးခန်းဘက်က အေ့အန်သံ၊ ချောင်းဆိုးသံတွေကြောင့် အညိုက ထိတ်ခနဲ ဖြစ်သွားကာ ရေချိုးခန်းဘက်သို့ သတိနှင့် လျှောက်လာမိရင်း ...

"အစ်မ ... အဆင်ပြေလားခင်ဗျ၊ ဘာကူညီရမလဲ ခင်ဗျ"

သူ လှမ်းမေးဆဲမှာ တံခါးပွင့်နေသော ရေချိုးခန်းထဲကို လှမ်းမြင်လိုက်ရသည်။ သူမက ဗေစင်ခြေရင်း ရေချိုးခန်းကြမ်းပြင်မှာ ခွေခွေလေး လဲနေသည်။

"ဟာ ... အစ်မ ... အစ်မ၊ ဒုက္ခပါပဲဗျာ၊ ကျွန်တော် တွဲမယ်နော် ... အစ်မ"

သူက ခွင့်တောင်းကာ သူမကို ဆွဲထူတွဲခေါ်ကာ ရေချိုးခန်းထဲမှ ထုတ်လာရသည်။ ခုတင်ပေါ်သို့ တွဲတင်လိုက်တော့ သူမက ပုံလျက်သား လဲကျသွားရင်း မျက်လုံးပွင့်မလာဘဲ ..."





"အညိုလား ... အဟွတ် ... ဟွတ် ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ အစ်မ"

"ကျေးဇူးပဲ၊ အဟွတ် ..."

"ရပါတယ် ခင်ဗျ၊ အစ်မ အဆင်ပြေရဲ့လား ခင်ဗျ ကျွန်တော် ဘာကူညီရမလဲ ခင်ဗျ"

"မင်း ... သိလား အညို"

"ခင်ဗျာ ..."

"ယောကျ်ားတွေက သူတို့ပဲ ရှုပ်ခွင့်ရှိတယ်လို့ ထင်နေကြတာကွ၊ တကယ်တော့ တို့လို မိန်းမတွေလည်း ရှုပ်ချင်ရင် ရှုပ်လို့ရတယ်ဆိုတာ သူတို့ မသိလို့ပါ၊ အဟက် ... ဟက် ရယ်ရတယ်၊ လင်မယားဆိုတာ တန်းတူ အခွင့်အရေး ရှိသင့်တယ် မဟုတ်လား၊ မင်း ထောက်ခံတယ်မဟုတ်လား ပြော ... ပြော ..."

သူမက လှဲနေရာမှ အားယူကာ ပြန်ထလာရင်း အညို့မျက်နှာကို လက်ညှိုးထိုးကာ မေးလိုက်သည်။

အညိုက စိတ်မကောင်းစွာ သူမကို ငေးကြည့်နေမိသည်။ သူမ ကြည့်ရတာတော့ ရှုပ်တဲ့ ယောကျ်ားနဲ့ စကားများပြီး အွက်လာလေသလား မသိပါ ...။

"မင်းက ချစ်စရာလေး ..."



www.burmeseclassic.com

www.burmeseclassic.com



သူမက ရုတ်တရက် အညို့မေးစေ့ကို လက်ဖျားလေးဖြင့် ထိခတ်ပင့်မော့စေလိုက်ရင်း ပြောလိုက်တာမို့ အညိုက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"မင်းက ငါ့ယောကျ်ားရဲ့ ကောင်မလေးတွေလိုပဲ ချစ်စရာလေး ..."

အညိုက နောက်ထပ် တစ်လှမ်း ဆုတ်လိုက်ရင်း ...

"အစ်မ ... မူးနေပြီ၊ နားလိုက်ပါဦး၊ ကျွန်တော် အလုပ်တာဝန်လေးတွေ ရှိလို့ သွားလိုက်ပါဦးမယ်"

အညိုက ရို့ကျိုးစွာပြောရင်း တံခါးဘက်သို့ ခြေဦးလှည့်လိုက်လျှင် ...

"ခဏလေး ... အညို"

သူ လှည့်ကြည့်မိသည်။

"ရော့ ... ဒါ ယူသွား ..."

သူမက ငါးထောင်တန် တစ်အုပ်ကို လှမ်းပေးနေတာမို့ အညိုက မျက်မှောင်ကြုတ်သွားကာ ...

"ဘာအတွက်လဲ အစ်မ ..."

"မင်းရဲ့ ရိုးသားမှုအတွက်ပါ၊ တို့ကို ရိုးရိုးသားသား ကူညီတဲ့အတွက် မင်းကရိုးသားလို့ တို့က စေတနာရှိလို့ မုန့်ဖိုးပေးလိုက်တာ၊ တို့အတွက် မင်း ဘာမှလုပ်ပေးစရာမလိုဘူး။





ဒီပိုက်ဆံလောက်က တို့အတွက်လည်း ဘာမှ အရေးမကြီးဘူးလေ"

"နေပါစေ အစ်မ၊ ဒီလောက်များတာ ကျွန်တော် မယူရဲပါဘူး"

အညိုက ခပ်ဆတ်ဆတ်ပြောပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

ခဏနေတော့ သူ့အလုပ်ချိန်ပြီးပြီမို့ ဟိုတယ်မှ ပြန်လာခဲ့သည်။

ဒီနေ့ သူ ညပိုင်းတာဝန် မကျပါ။

ခါတိုင်းနေ့တွေကဆို ညပိုင်းတာဝန် မယူရတဲ့ ရက်တွေမှာ စိတ်လက်ပေါ့ပါးနေတတ်ပေမယ့် ဒီနေ့တော့ စိတ်ထဲမှာ လေးပင်လှပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# (၇)

❖ ❖ ❖

"ဟော့ကောင် ... အညို ... လာ ... လာဦး၊ မင်းကို ပြစရာ ရှိတယ်၊ ဟီး ... ဟီး ..."

နောက်တစ်နေ့မနက် အညိုအလုပ်ဝင်တော့ ကျော်ကိုက ပြုံးဖြီးဖြီးမျက်နှာနှင့် သူ့ဆီ ပြေးလာပါသည်။

"ဘာလဲ ... ကျော်ကို"

"မင်း ဖုန်း ဘလူးတု ဖွင့်လိုက်"

"ဘာလုပ်မလို့လဲ"

"ဖွင့်ဆို ဖွင့်ကွာ၊ ငါ ပုံတစ်ပုံ ပို့ပေးမလို့ ..."

အညိုက ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်ကာ ဘလူးတု ဖွင့်လိုက်ပါသည်။ ဟိုတယ်ပိုင်ရှင်က သူတို့ဝန်ထမ်းတွေကို ဟန်းဆက်အငေ<sup></sup> ဖုန်းတစ်လုံးစီ ပေးထားပြီး လစဥ် အရစ်ကျ





ပိုက်ဆံဖြတ်ယူတာမို့ ဝန်ထမ်းအားလုံးမှာ ဖုန်းတစ်လုံးစီတော့ ရှိနေပါသည်။

ကျော်ကို ပို့သည့်ပုံကို လက်ခံပြီး သူ ပြန်ဖွင့်ကြည့်လိုက်သည်။

"ဟင် ..."

အညိုက ဖုန်းစခရင်မှာပေါ်နေသော ပုံကို စိုက်ကြည့်ရင်း ရင်ထဲ တစ်မျိုးကြီးဖြစ်လာပါသည်။

"တွေ့လား ... ဟိုမကြီး၊ မင်းပြန်သွားပြီး တော်တော်ကြာမှ အဲ့ဒီကောင် ရောက်လာတာ၊ ရုပ်ကတော့ အဖြောင့်၊ ဘော်ဒီကလည်း အမိုက်စား အဟား ..."

ထိုအမျိုးသမီးက ခုတင်ပေါ်မှာ လဲလျောင်းနေပြီး ထိုလူငယ်က ခုတင်မှာ တင်ပလ္လင် ထိုင်နေသောပုံ ... ။

"မင်း ... ဒီပုံကို ဘယ်လိုရလဲ"

"ဟီး ... ဟီး ... ဘီယာဘူး မှာလို့ သွားပို့ရင်း အမှတ်တမဲ့ ဖုန်းနဲ့ရိုက်ယူလာတာ၊ မင်းကို ပြန်ပြချင်လို့၊ မင်းက အဲ့ဒီ အမျိုးသမီးကို ရိုးသားတယ်ထင်နေလို့ ..."

"ကျွတ် ... မင်းကွာ ... ဧည့်သည်အပေါ် ဒီလိုလုပ်စရာလား၊ ပေးစမ်းကွာ ..."

"ဟော့ကောင် ဘာလုပ်မလို့လဲ၊ ငါ့ဖုန်း ပြန်ပေး ..."



www.burmeseclassic.com

www.burmeseclassic.com



အညိုက ကျော်ကို့ဖုန်းကို လုပ်ယူပြီး ဖုန်းထဲကပုံကို ဖျက်ပစ်လိုက်ပါသည်။

ကျော်ကို့ လက်ထဲ ဖုန်းပြန်ထည့်ပေးပြီး သူက အဝတ်လဲခန်းဘက်သို့ ထွက်လာခဲ့သည်။

အဝတ်လဲခန်းထဲက locker ထဲကို သူ့အိတ် ပစ်ထည့်ပြီး ယူနီဖောင်း လဲဝတ်နေဆဲ ...

"အညို ..."

"ဩော် ... အစ်ကို၊ မောနင်း ...၊ အစ်ကို ညက ညပိုင်း တာဝန်ကျတယ် မဟုတ်လား၊ ပြန်တော့မလို့လား"

"အေး ... ပြန်တော့မလို့ပဲ"

အညိုက အင်္ကျီကို ကြယ်သီးတပ်လိုက်ရင်း ကိုအောင်ဇင့်ဘက်သို့ လှည့်လိုက်သည်။

ကိုအောင်ဇင်က သူ့ကို အထုပ်ခပ်သေးသေးတစ်ထုပ် လှမ်းပေးရင်း ...

"ရော့ ... အညို၊ ဒါ မင်းကို ပေးပေးဖို့ ဟိုအမျိုးသမီး ပေးခဲ့တာ"

"ဟာ ... ဘာလို့ ယူထားရတာလဲ အစ်ကိုရာ၊ သူနဲ့ ကျွန်တော် ဘာမှမှ မဆိုင်တာ ..."

"ဖွင့်ကြည့်လေကွာ ..."





သူ အထုပ်ကို ခပ်မြန်မြန် လှမ်းယူဖွင့်ကြည့်တော့ ထင်သည့်အတိုင်း ပိုက်ဆံငါးသိန်း ... ။

သူက ကိုအောင်ဇင် အထင်မှားမည်ကို စိုးထိတ်သွားတာ ...

"အစ်ကို ... ဒါ ... ဒါ ... ကျွန်တော် မသိဘူးနော်၊ သူနဲ့ ကျွန်တော် ဘာမှမပတ်သက်ဘူးနော်"

"အေးပါကွာ ... အညိုရာ၊ မင်းကို ငါယုံပါတယ်၊ သူက လည်း မှာခဲ့ပါတယ်၊ မင်း ရိုးသားမှုအတွက် ပေးတာပါတဲ့၊ သူ့ပြန်ရှာပြီး လိုက်ပေးလို့မှ မရတော့တာ၊ ကိုယ်နဲ့ထိုက် လို့ပဲ သဘောထားပြီး ယူထားလိုက်ပါ၊ ကဲ ... ငါလည်း အိပ်ချင်ပြီကွ ... သွားတော့မယ်၊ မင်း ပိုက်ဆံ မြန်မြန်သိမ်း လိုက်ဦး၊ ဟိုကောင် ကျော်ကို မြင်သွားရင် လျှာရှည်နေဦး မယ်၊ ဒီကောင်က နှုတ်ဖွာကဖွာနဲ့ ..."

ကိုအောင်ဇင်က သူ့ပခုံးကို တစ်ချက်ပုတ်ပြီး ထွက်သွားသည်။

သူက ပိုက်ဆံထုတ်ကို သူ့ကျောပိုးအိတ်လေးထဲ ထည့်လိုက်ရင်း သက်ပြင်းချမိသည်။

ကျော်ကို ရိုက်ခဲ့သည့်ပုံအတွက်တော့ သူ တကယ် စိတ်မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ နာကြည်းချက် တစ်စုံတစ်ရာကြောင့် ဘဝမှာ အမှားအယွင်းတစ်ခုကို ပထမဦးဆုံး စလုပ်ခဲ့မိလေသလား။

■ ■ ■



(၈)

❖ ❖ ❖

"ဖြန်း ..."

"အဲ့ဒါ ... လူပါးဝဦး၊ မိုက်ရိုင်းဦး ..."

ဖြန်းခနဲ အသံတစ်ချက်နှင့်အတူ မိုးခင် မျက်လုံးထဲမှာ မီးဝင်းဝင်း တောက်သွားပြီး ကြယ်တွေ လတွေ ပြိုးပျက်သွားပါသည်။

အနိုင်မခံ အရှုံးမပေးလိုသော မိုးခင်က အနည်းငယ်ယိုင်သွားသော ခန္ဓာကိုယ်ကို ဆတ်ခနဲ ပြန်မတ်ထားလိုက်ပြီး အဖေ့နောက်မှာ ရပ်နေသော မိနီကို ကျားရဲတစ်ကောင်လို အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်သည်။

မိနီက မိုးခင်နဲ့ နှစ်ယောက်ချင်း တွေ့စဉ်ကတို ...ော့တ်ဘဲ အဖေ့ကို ကာဗာယူကာ မထိမဲ့မြင် မျက်နှာမျိုးထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးခင်နဲ့တုန်းက မခုတ်တတ်တဲ့ ကြောင်လိုနေပြီးမှ မိုးခင် လုပ်သမျှကို အဖေ့ကို ပြန်တိုင်တာမို့ အဖေက မိုးခင်ကို ခေါ်ကာ ရိုက်ပစ်လိုက်တာပင်။

"လူပါးဝတာက မိုးခင် မဟုတ်ဘူး၊ မိနီပဲ အဖေ၊ ဒင်း မိထွေးပီပီ ကုန်းချောတာ၊ လူပါးဝတာ၊ ဟဲ့ ... မိနီ ... နင် သတ္တိရှိရင် ရှေ့ကိုထွက်ခဲ့ ..."

မိုးခင်က မျက်လုံးစုံမှိတ်ကာ ဒေါသတကြီး အော် လိုက်တော့ အဖေက ရှေ့တိုးလာကာ မိုးခင်ကို လက်ဖြင့်ရွယ်လိုက် ရင်း ...

"တယ် ... ငါထပ်ရိုက်လိုက်ရ၊ နင့်ပါးစပ် ပိတ်ထားစမ်း နင် ငါ့ကွယ်ရာမှာ နီနီ့ကို နှိပ်စက်ခြိမ်းခြောက်ပြီး ရှိသမျှ ပိုက်ဆံရော ရွှေရော ယူပြီး ရောင်းစားသုံးဖြုန်း လည်ပတ် နေတာ ဘယ်လောက် ကြာပြီလဲ၊ ဘယ်နှခါ ရှိပြီလဲ ..."

"အဖေမှ မိုးခင်ကို မပေးတာ၊ အဖေ မပေးတော့ အဖေ ပေးထားတဲ့သူဆီက ပြန်ယူတာပေါ့၊ အဖေ့ ပိုက်ဆံ သိမ်း သုံးတာ ဘာမှားလို့လဲ ..."

"ဘာ ... နင် ... လူပါးဝပြန်ပြီ"

"ဦး ... သူ ... သူက နီနီ မပေးရင် နီနီ့ဆံပင်ကို ဟောဒီ ဆုတ်ဆွဲတယ်၊ ခြေထောက်နဲ့ ကန်မယ်ဆိုပြီးတော့လည် ရွယ်တယ်၊ မျက်နှာကို ရေနဲ့လည်း ပက်တယ်"





"ကြည့်စမ်း ... မိုးခင်ခင် ... နင် မိုက်ရိုင်းလှချည်လား"

"ဟဲ့ ... မိနီ ... နင် ကုန်းချောလှချည်လား၊ ငါ့အဖေ အား ကိုးနဲ့ ဟောင်မနေနဲ့ဟဲ့ ..."

"မိုးခင်ခင် နင့်ပါးစပ် ပိတ်ထား"

"မိနီ ... နင့်ပါးစပ် ပိတ်ထား"

အဖေက မိုးခင်ကိုအော်လိုက်တိုင် မိုးခင်က မိနီကို အော်လိုက်တာမို့ အပြန်အလှန် ဆက်တိုက်အော်ဟစ်နေသည်။ ခပ်ဆိုးဆိုး မိုးခင်ခင်ဟာ ကိုယ့်ကို အဖေက ဆူလျှင် မိနီကို ဗိမ်ကာ အရွဲ့တိုက်၍နေသည်။

မိုးခင်အဖေ ဦးအောင်မိုးက မိုးခင် နဖူးစပ်က ဆံပင် တွေကို ဖျပ်ခနဲ လှမ်းဆွဲဆုပ်လိုက်တာမို့ မိုးခင်က ရှောင်ချိန်မရ ဘဲ ငိုက်ခနဲ ပါသွားကာ ...

"အ ... နာတယ်"

ဟု လွှတ်ခနဲ အော်လိုက်သည်။

"အေး ... နင့်ကိုလုပ်တော့ နင် နာတယ် မဟုတ်လား၊ နာမှန်းသိရင် သူများကို ကိုယ်ချင်းစာ ..."

အဖေက ပြောပြီး လွှတ်ပေးလိုက်သည်နှင့် မိုးခင်က လျှပ်ပြက်လိုက်သလို လျင်မြန်မှုမျိုးဖြင့် အဖေ့နောက်က မိနီဆီ ပြေးခနဲ ပြေးသွားကာ မိနီရဲ့ ဆံပင်တွေကို ဆောင့်ဆွဲ လှုပ်ခါ လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါနာသလို နင်လည်း နာတယ် မဟုတ်လား"

"အမလေး ... သေပါပြီ ... သေပါပြီ၊ လွှတ် ... လွှတ်ပါ၊ ဦးရေ ... ကယ်ပါဦး"

"ဟဲ့ ... မိုးခင် ... လွှတ်စမ်း ... ဖယ်စမ်း၊ နင် သေသွားချင်သလား"

ရုတ်တရက် သုံးယောက်သား လုံးထွေးကာ ဝရုန်းသုန်းကား ဖြစ်နေသည်။ မိုးခင်က မိနီဆံပင်ကို မလွှတ်ဘဲ ဆွဲဆွဲခါနေတာမို့ မိနီခေါင်းက ငိုက်ကာ ငိုက်ကာ ပါလာရင်း အဆက်မပြတ် အော်နေသည်။ မိုးခင်အဖေက လုံးထွေးပူးကပ်နေသော နှစ်ယောက်ကို ဆွဲလွဲ ခွဲထုတ်နေရင်း နှစ်ယောက်ကြားမှာ ညပ်ကာ ညပ်ကာ ပါနေသည်။ နောက်ဆုံးတော့ မိုးခင်အဖေက မိနီဆံပင်ကို ကုပ်ဆွဲဆုပ်ခဲထားသည့် မိုးခင်လက်ကို ဖြည်ထုတ်ကာ မိုးခင်ကို ဆောင့်တွန်းပစ်လိုက်ပါသည်။

ဝုန်းခနဲ အသံနှင့်အတူ မိုးခင်က ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားသည်။

မိုးခင်အဖေက ဒေါသဆတ်ဆတ်တုန်လျက် မိုးခင်ကို လက်ညှိုးထိုးရင်း ...

"မိုးခင် ... ဒီနေ့ကစပြီး နင် ငါ့သမီး မဟုတ်တော့ဘူး သွား ... နင် အခု ငါ့အိမ်က ဆင်းသွားတော့၊ နင် ဒီလို





နေ့တိုင်း ပြဿနာရှာနေတာ ငါမခံနိုင်တော့ဘူး၊ နီနီ သွား ... သူ့ပစ္စည်းတွေ သွားယူပြီး ပေးလိုက်"

မိနီက ဆွဲကုပ်ခံထားရသဖြင့် ငိုယိုနေသော ကြောင် ရုပ်ဖြင့် မိုးခင်၏ အခန်းထဲသို့ ပြေးဝင်သွားသည်။

"ဟဲ့ ... နင် ငါ့အခန်းထဲ မဝင်နဲ့ ..."

မိုးခင်က အော်ပြောရင်း ကြုံးထသော်လည်း အဖေ ရှေ့က ကာဆီးထားသည်။

မိနီက မိုးခင်၏ ပစ္စည်းတွေကို စုပြုံထိုးသိပ်ထည့် သော ခရီးဆောင်အိတ်ကြီးကို ဆွဲထုတ်လာကာ မိုးခင်ရှေ့သို့ တွန်းပို့လိုက်သည်။

မိုးခင်အဖေက အိတ်ကို တစ်ဖက်၊ မိုးခင်၏ လက်မောင်းကို တစ်ဖက်ဆွဲကာ အိမ်အပြင်သို့ ဆွဲထုတ်လာသည်။

"အဖေ ... လွှတ် ... လွှတ်၊ မိုးခင် မဆင်းဘူးနော်၊ မိုးခင် လုံးဝ မဆင်းဘူး၊ ဒါ ... အဖေ့အိမ် မဟုတ်ဘူး၊ အမေ့အိမ်၊ မိုးခင် တစ်ဝက်ပိုင်တဲ့ အိမ်၊ မိုးခင်ကို ပိုက်ဆံတစ်ဝက် အမ်းမှ မိုးခင် ဆင်းမယ်"

မိုးခင်က အော်ရင်းဟစ်ရင်း ရုန်းကန်ရင်း အဖေ့ နောက်သို့ တရွတ်တိုက်ကာ ပါလာသည်။

အဖေက မိုးခင်ကိုရော အိတ်ကိုပါ အိမ်ပြင်သို့ ထုတ်လိုက်ပြီး အိမ်တံခါးကို ဒုန်းခနဲ ပြန်ဆွဲပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ... ဒုန်း ... ဒုန်း"

"တံခါးဖွင့် ... အဖေ တံခါးဖွင့်၊ မိုးခင်ကို ဒီလို မတရား မလုပ်နဲ့၊ ဒါ ... အဖေတစ်ယောက်တည်း ပိုင်တဲ့အိမ် မဟုတ်ဘူး၊ အဖေ တံခါးမဖွင့်ချင်ရင် ပိုက်ဆံ အမ်းလိုက် ..."

"ဒုန်း ... ဒုန်း ... ဒုန်း ..."

မိုးခင်ခင်သည် အိမ်တံခါးကို တဒုန်းဒုန်း ထုနှက်ရင်း အော်ဟစ်နေသည်။ အချိန်က ည ၉ နာရီလောက် ရှိပြီ အနီးအနားအိမ်တွေကလည်း အပြင်ထွက်မလာကြတော့။ မိုးခင် တစ်ယောက်တည်း ဝုန်းဒိုင်းကြဲကာ နေသည်။ တံခါးကတော့ ပွင့်မလာ ...။

"တောက် ..."

မိုးခင်သည် ထုရင်းနှက်ရင်း အော်ဟစ်ရင်း မော လည်းမော၊ ဒေါသလည်း ထွက်လာကာ အိတ်ကိုဆွဲပြီး ထွက်လာ သည်။ စိတ်ထဲမှာတော့ အခဲမကျေလှတာမို့ အောက်နှုတ်ခမ်း ဖိကိုက်လိုက်၊ အံကြိတ်လိုက်၊ တက်ခေါက်လိုက်ဖြင့် အိမ်နဲ့ တပစ်စာ အကွာအဝေးသို့ ရောက်လာသည်။

အိမ်ကို လှမ်းမြင်ရသည့် နေရာ လမ်းဘေးမှာ မိုးခ က အထုပ်ကို ပစ်ချလိုက်ပြီး အထုပ်ကိုဖင်ခုထိုင်လိုက်ရင်း အိ ဘက်သို့ စိမ်းစိမ်း လှမ်းကြည့်နေသည်။ ခဏနေတော့ ဆတ်





သရပ်ကာ လမ်းဘေးက အုတ်ခဲကျိုးတွေကို ပြေးကောက်ပြီး အိမ်ဘက်ဆီသို့ လွှဲကာ လွှဲကာ ပစ်လိုက်လေသည်။

"ဒုန်း ..."

"ဂလောက် ... ဂလောက်"

"ဘုတ် ..."

"ဟေ့ ... ဘယ်သူလဲကွ၊ ငါ့အိမ်ကို ခဲနဲ့ပစ်တာ ..."

အဖေ့ အော်သံကျယ်ကြီး ဟိန်းထွက်လာတော့ မိုးခင် လှစ်ခနဲ နောက်ပြန်လှည့်ပြေးလာကာ မှောင်ရိပ်ခိုနေလိုက်သည်။

အဖေက တံခါးဝမှာ ရပ်ကာ ဟိုဟိုဒီဒီကြည့်ပြီး အိမ်ထဲပြန်ဝင်သွားသည်။ အဖေ ဝင်သွားသည်နှင့် မိုးခင်ခင်က မှောင်ရိပ်ထဲမှထွက်လာကာ လက်ထဲက ခဲတစ်လုံးကို လွှဲပစ်လိုက်ပြန်လေသည်။

"ဒုန်း ..."

"ဂလောက် ... ဂလောက်"

"ဘုတ် ..."

"ဟေ့ ... မရပ်သေးဘူးလားကွ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၉)

❖ ❖ ❖

အညိုသည် ကိတ်မုန့်ထည့်ထားသည့် ပလတ်စတစ်အိတ်လေးကို လက်တစ်ဖက်က ဆွဲကာ ဘတ်စ်ကားပေါ်မှ လှမ်းဆင်းလိုက်ပါသည်။ အချိန်က ၉ နာရီခွဲနေပြီ။ အလုပ်က အပြန်နောက်ကျတာရော မိုးခင်အတွက် မုန့်ဝင်ဝယ်နေတာကြောင့်ပါ သူ့အလုပ်ပြန်ချိန်က နောက်ကျနေခဲ့တာပင် ...။

အညိုက အိမ်ကို မပြန်သေးဘဲ မိုးခင်တို့အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ မိုးခင်ကို ကိတ်မုန့်လေး ပေးချင်သေးလို့ပင် ...။

"ဟော့ကောင် အညို ..."

ခေါ်သံကြောင့် သူ နောက်သို့လှည့်ကြည့်လိုက်သည်။ ဆိုက်ကားနင်းလာသော ဇော်ကြီးက ဆိုက်ကားပေါ်က ဆင်းလိုက်ရင်း ...





"မင့် မိုးခင်တော့ သောင်းကျန်းနေပြန်ပြီ အညိုရေ၊ သူ့အဖေက သူ့ကို အိမ်ပေါ်က နှင်ချလို့ဆိုပြီး သူ့အိမ်သူ ခဲနဲ့ပြန်ပစ်နေလေရဲ့"

"ဟာ ... မိုးခင်ကတော့ လုပ်ချလိုက်ပြန်ပြီကွာ၊ အခု သူ ဘယ်မှာလဲ ဇော်ကြီး ..."

"သူတို့အိမ်နားမှာပဲလေ၊ ပုန်းနေလိုက် ... ခဲနဲ့ထွက်ပစ်လိုက် လုပ်နေတယ်၊ သူ့အဖေလည်း ရပ်ကွက်လူကြီးတွေ ခေါ်ဖို့ ထွက်သွားတယ်"

"ကဲ ... လာကွာ ဇော်ကြီး၊ ငါ့ကိုလိုက်ပို့"

"အေး ... လာ ... လာ ... တက်"

အညိုက ဇော်ကြီး ဆိုက်ကားပေါ်မှာ ဝင်ထိုင်လိုက်တာမို့ ဇော်ကြီးက ခပ်မြန်မြန်လေး နင်းထွက်လာပါသည်။

မိုးခင်တို့အိမ်နား ရောက်တော့ ဆိုက်ကားကို ရပ်ပေးလိုက်သည်။

အညိုက ဆိုက်ကားပေါ်မှဆင်းကာ မိုးခင်တို့အိမ်နားက ဈေးဆိုင်ဟောင်း မှောင်ရိပ်လေးမှာ ခိုရင်း အနီးပတ်ဝန်းကျင်ကို လှမ်းကြည့်အကဲခတ်လိုက်တော့ ...

လား ... လား ... အာဂ မိုးခင်က သူ့အိမ်အမိုးပေါ်သို့ ခဲဖြင့်လှမ်းပစ်လိုက်တာကို မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဲက အိမ်အမိုးသွပ်ပေါ် ဖြန်းခနဲ ကျကာ ဒလိမ့် ဒလိမ့် အသံဖြင့် အိမ်ရှေ့သို့ ပြန်ကျလာသည်။

"ဟိတ် ... ရှုတ် ... ရှုတ် ... မိုးခင် ..."

"ဟင် ... အညို"

မိုးခင်က အညို့ကိုတွေ့တော့ အံ့ဩသွားသည်။

အညိုက မိုးခင်လက်ကို ပြေးဆွဲလိုက်ရင်း ...

"လာ ... လာ ... သွားရအောင်၊ နင့်ကို ရဲလာဖမ်းလိမ့်မယ်၊ နင်ပဲ ပေါက်ပေါက်ရှာရှာ ကိုယ့်အိမ် ကိုယ်ခဲနဲ့ပေါက်ရ တယ်လို့ဟာ ..."

"ငါ့ကို နှင်ချတာကိုးဟ ..."

"နှင်ချပေမယ့် အဲ့ဒါ နင့်အဖေလေ၊ နင် ခဲနဲ့ပေါက်နေတာ နင့်အိမ်လေ ..."

"အေး ... ငါ့အိမ် ဟုတ်တယ်၊ ငါ့အိမ်ပေါ်က ငါ့ကို နှင်ချ တာ မကျေနပ်လို့ ပေါက်တယ်၊ ဘာဖြစ်လဲ ..."

"နင်ကလည်းဟာ ... မကျေနပ်လည်း ကိုယ့်အိမ်ကိုယ် ခဲနဲ့ ပေါက်တာတော့ လူကြားလို့မကောင်းပါဘူး၊ ကဲ ... လာပါ၊ နင့်အဖေ ရပ်ကွက်လူကြီး သွားခေါ်နေတယ် သတင်းကြား တယ်၊ လူကြီးတွေ ရောက်လာရင် ပြဿနာတွေ ရှုပ်ကုန် လိမ့်မယ်၊ ငါ ဖော်ကြီးဆိုက်ကားနဲ့လာတာ၊ ဟိုမှာ ဖော်ကြီး စောင့်နေတယ်၊ သူ့ဆိုက်ကားနဲ့ သွားရအောင် ... လာ"





အညိုက မိုးခင် လက်ကိုတစ်ဖက်၊ အိတ်ကိုတစ်ဖက် ဆွဲကာ ဖော်ကြီးဆိုက်ကားရပ်ထားသော မှောင်ရိပ်ဘက်သို့လျှောက် လာသည်။ မိုးခင်က သူမ မကျေနပ်တာတွေ တဗျစ်တောက် တောက် ပြောရင်း လိုက်လာသည်။

"မိုးခင် ... ဒီမှာ ခဏစောင့်"

အညိုက မိုးခင်ကို ခဏရပ်စောင့်ခိုင်းကာ ဖော်ကြီး ဆီ ဆက်လျှောက်လာပြီး ...

"ဖော်ကြီး ... မိုးခင်ကို အေးအေးဆေးဆေး နားချဖျောင်းဖျ ရအောင် တစ်နေရာမှာ ခဏထိုင်မှဖြစ်မယ်၊ မင်း လိုက်ပို့ ကွာ"

"အဲ့ဒါဆိုလည်း ငါ့အိမ် ခဏသွားနေလိုက်လေ၊ အိမ်မှာ ဘယ်သူမှမရှိဘူး၊ ငါ့အမေက အထက်မြန်မာပြည် ဘုရားဖူး ထွက်သွားတယ်၊ ရော့ ... ဒီမှာ အိမ်သော့"

"အေး ... ကျေးဇူးပဲကွာ၊ မိုးခင်ကို ဒီအတိုင်း လွှတ်ပေး လိုက်ရင် ညကြီးမင်းကြီး သူ ဘယ်ထွက်သွားမလဲ မသိနိုင် ဘူး၊ သူက ဇွတ်တရွတ်ရယ် ..."

အညိုက ဖော်ကြီး ပေးသည့် အိမ်သော့ကိုယူကာ မိုးခင်ဆီ ပြန်လျှောက်လာပြီး မိုးခင်ရဲ့ ခရီးဆောင်အိတ်ကြီးကို ဆွဲမလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လာ ... သွားရအောင် မိုးခင်"

"ဘယ်ကိုလဲ ..."

"ဖော်ကြီးတို့အိမ် ..."

"ဘာလုပ်ဖို့လဲ ..."

"နင် ခဏနားဖို့လေ၊ နင့်ဖို့ ငါ ကိတ်မုန့်ဝယ်လာတယ်၊ ကိတ်မုန့်လေးစား၊ ခဏနားပြီးမှ ဘာဆက်လုပ်သင့်တယ် ဆိုတာ အေးအေးဆေးဆေး တိုင်ပင်တာပေါ့"

"အေး ... ဒီအစီအစဉ် မဆိုးပါဘူး၊ ငါလည်း ဗိုက်အရမ်းဆာနေတာ၊ ဒေါသထွက်ရင် ဗိုက်ဆာတယ်ဟ၊ ခဲနဲ့ချောင်းပစ်ရတာ ကြာတော့လည်း မောတယ်၊ ဒါနဲ့ ..."

မိုးခင်က ပြောလက်စ စကားကို ရပ်လိုက်ပြီး အညို့ကို မယုံသင်္ကာ အကဲခတ်သလို စိုက်ကြည့်လိုက်ရင်း ...

"ဒါနဲ့ ... ဖော်ကြီးအိမ်ကို ငါ့ကိုခေါ်သွားပြီး နင် မတော်မတရား ကြံစည်ချင်တာတော့ မဟုတ်ပါဘူးနော်"

"အမလေး ... ကြံကြီးစည်ရာ မိုးခင်ရာ၊ မကြံစည်ရဲပါဘူးဟာ၊ နင့်ကြံစည်မယ့်အစား ပျားအုံပဲ တုတ်နဲ့သွားထိုးတာက မှ ထော်ဦးမယ်၊ ကြောက်လို့ပါ ... နင့်ကို"

"နင်ကြံလည်း ငါက လက်ခံမယ် မှတ်လား၊ သေသွားမယ်၊ ဘာမှတ်လဲ ... ဟင်း"





မိုးခင်က ကြိမ်းဝါးပြောဆိုပြီး ဖော်ကြီး ဆိုက်ကားဆီသို့ ထွက်သွားနှင့်ပြီမို့ အညိုက ပခုံးတွန့်လိုက်မိပြီး မိုးခင်နောက်မှ လိုက်လာခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

❖ ❖ ❖

"မိုးခင် … ငါ စားနဲ့လိုးပေးမယ်လေ"

"နေပစေ … ငါ လက်နဲ့စားနေကျ၊ လက်နဲ့ပဲ ဖွဲ့စားမယ်၊ လက်နဲ့ ဖွဲ့စားရတာ ပိုအားရတယ်"

မိုးခင်ခင်က အညို ဝယ်လာသည့် ကိတ်မုန့်တစ်တုံးကို လက်ဖြင့် ဖွဲ့ကာ ဖွဲ့ကာ အားပါးတရ စားနေပါသည်။

ကိတ်မုန့်ဆို အပိုင်းကလေးပဲ ဝယ်ဝယ်၊ ရှည်လျော အတုံးလေးပဲ ဝယ်ဝယ် မိုးခင်တို့က လက်ဖြင့် ဖွဲ့စားရမှ ကျေနပ် အားရသည်။ ခရင်မ်တွေပါသည့် ကိတ်မုန့်ဆို ခရင်မ် အပုံထဲကို လက်ညှိုးဖြင့် ထိုးနှစ်ပြီးမှ ထိုလက်ညှိုးကိုစုပ်ကာ စားတတ်သည်။ မိုးခင် ဒီလိုစားတိုင်း သူက ရယ်ချင် သဘောကျစွာ ငေးကြည့်ရင်း ကြည်နူးရမြဲပင်။





မိုးခင်က ကိတ်မုန့်စားခြင်းကို အပြီးသတ်လိုက်ရင်း

"အမလေး … ခုမှပဲ ဗိုက်ဆာသက်သာသွားတော့တယ်၊ စားလို့ကောင်းလိုက်တာ၊ နင်က သိပ်အလိုက်သိတာပဲ၊ အဲ့ဒါလေးတွေ ချစ်ဖို့ကောင်းတာ"

မိုးခင်က ခရင်မ်ပေနေသည့် လက်ညှိုးဖြင့် အညို့ပါးကို လှမ်းသုတ်ရင်း ပြောလိုက်တာပင် …။

အညိုက နောက်ဆုတ်ရှောင်လိုက်ရင်း …

"တကယ်လည်း မချစ်ဘဲနဲ့ လျှောက်ပြောမနေစမ်းပါနဲ့"

"ငါမချစ်ပေမယ့် နင်က ချစ်ဖို့ကောင်းပါတယ်ဟာ၊ နင်သာ သူဌေးဆိုရင် ငါ နင့်ကို ချစ်မိသွားမလားပဲ … အဟ …"

မိုးခင်က ရယ်မောနောက်ပြောင် ပြောလိုက်သော်လည်း အညို့မှာတော့ ရင်ထဲ နင့်သွားပါသည်။

မိုးခင်ကတော့ သူပြောချင်ရာပြောပြီး တစ်ဖက်သားအယ်လိုခံစားရမယ်ဆိုတာ ဂရုမစိုက်သူပီပီ အနားက လက်သုတ်ပဝါကို လှမ်းယူကာ လက်သုတ်လိုက်ရင်း …

"ကဲ … စားလို့လည်း ပြီးပြီ၊ ဗိုက်လည်းဝပြီ၊ သွားတော့မယ်"

"ဘယ်ကိုလဲ …"

"ဒီလိုပဲပေါ့၊ ရောက်ရာပေါက်ရာ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... မိန်းကလေးပြောရမယ့် စကားလား မိုးခင်"

အညိုက ဒေါသသံဖြင့် ပြောလိုက်တာမို့ မိုးခင်က မျက်ခုံးပင့်သွားကာ ...

"နင့်လေသံက မာလှချည်လား၊ နင်က ဘာကိုဒေါသထွက်နေရတာလဲ ..."

"နင့်ကိုပေါ့ ...၊ အချိန်မတော် ညကြီးမင်းကြီး ရောက်ရာပေါက်ရာ သွားမယ်ဆိုတာ ဒီအရွယ် မိန်းကလေးတစ်ယောက် ပြောရမယ့် စကားလား"

"ငါ့ဘာသာ ငါ ဘယ်သွားသွားပေါ့ ... နင်နဲ့ ဘာဆိုင်လဲ"

"ဘာလို့မဆိုင်ရမှာလဲ၊ ငါချစ်တဲ့ မိန်းကလေးကိစ္စ ငါ့ကိစ္စပဲ၊ ငါချစ်တဲ့သူ ဒုက္ခရောက်တာ ငါ ဒုက္ခရောက်တာနဲ့ အတူတူပဲ"

"နင့်ပါးစပ်က ပြောလိုက်ရင်လေ ငါ့ကိုချစ်တယ် ချစ်တယ် ချစ်တယ် ဆိုတာ မိုးကိုမွှန်နေတာပဲ၊ ငါကလည်း မိုးမွှန်အောင် ပြန်ပြောလိုက်မယ်၊ နင့်ကို မချစ်ဘူး ... မချစ်ဘူး ... မချစ်ဘူး ... မှတ်ထား၊ နင်နဲ့ငါ ဘာမှမဆိုင်ဘူး၊ ငါသွားချင်ရာ သွားမယ်၊ ငါလုပ်ချင်တာ လုပ်မယ်၊ နင့်မှာ စွက်ဖက်ပိုင်ခွင့် မရှိဘူးဆိုတာ မှတ်ထားလိုက် ..."

မိုးခင်က ပြောပြောဆိုဆို အိတ်ကို လှမ်းဆွဲပြီး





တော် တတ်ထရပ်လိုက်တာမို့ အညိုက မိုးခင် လက်ကို ဖျတ်ခနဲ ဆွဲလိုက်ရင်း ...

"နင် မသွားရဘူး"

ဟု ခပ်ဆတ်ဆတ် အော်လိုက်ပါသည်။ မိုးခင်က အညို့လက်ကို ငုံ့ကြည့်လိုက်ရင်း ...

"ဘာလဲ ... နင်က ဒေါ်ကြီးအိမ်မှာ ဘယ်သူမှမရှိဘူးဆိုပြီး အခွင့်အရေး ယူချင်လို့ ငါ့လက်ကို ဆွဲတာလား"

"ကျွတ် ... မိုးခင်ရာ ..."

အညိုက ရှက်သွားကာ မိုးခင်လက်ကို လွှတ်ပေးလိုက်ပြီး အံတစ်ချက်ကြိတ်မိသည်။ တကယ်ပဲ မိုးခင်ကို ချစ်ရတာဟာ ဝဋ်ကြွေးတစ်ပါးပေပဲလား ...။

သို့ဆိုလျှင်လည်း ထိုဝဋ်ကြွေး ဟာ သူ့အတွက်တော့ သာယာသော ဝဋ်ကြွေးတစ်ခု ဖြစ်ပါသည်။

"ဟဟ ... ဒါက စိတ်ဆိုးသွားတဲ့ ရုပ်လား ..."

မိုးခင်က အညို့မျက်နှာ မှုန်တေတေကို ကြည့်ရင်း ဆိတ်ရှိ ရယ်မောလိုက်သည်။

"စိတ်မဆိုးပါဘူး၊ စိတ်မကောင်းဖြစ်တာပါ၊ ငါ့စေတနာကို နင်က နားမလည်ဘူးလေ၊ ငါ့ကို အမြဲ အထင်သေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က ငြိမ်သွားကာ အညို့ကို ငေးကြည့်နေသည်။ အညိုက ခဏတိတ်ဆိတ်နေပြီးမှ ...

"ဒီအချိန်ကြီး နင်တစ်ယောက်တည်း အိမ်ကထွက်သွားဖို့ မသင့်တော်ပါဘူး၊ နင် အိမ်ပြန်ပါ မိုးခင်၊ ငါ နင့်ကိုလိုက်ပို့ပေးရင်း နင့်အဖေကို ဖျောင်းဖျပေးပါ့မယ်"

"အဟင်း ..."

မိုးခင်ထံမှ ရယ်သံတစ်ချက် ထွက်လာသည်။ ထိုရယ်သံက ရယ်သံဟုပင် မဆိုနိုင်သော မချိတင်ကဲ နာကြည်းသံမျိုး ... ။

"ဘာလို့ မသင့်တော်ရမှာလဲ၊ ငါ့အဖေကတောင် သင့်တော်တယ်ထင်လို့ ဒီအချိန်ကြီးမှာ ဒီသမီးပျိုကို အိမ်ကနှင်ချလိုက်သေးတာပဲလေ"

"နင်ကလည်း ဆိုးတာကိုး ..."

"ငါ အကြောင်းမဲ့ဆိုးတာ မဟုတ်ဘူး အညို၊ အကြောင်းရှိလို့ ဆိုးတာ၊ ငါ့ကို အိမ်ပြန်ဖို့ နင် နားမချနဲ့၊ ငါ လုံး မပြန်တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ၊ အခု ငါ အဆောင်တစ်ခုကို သွားမယ်၊ အဆောင်နေပြီး အလုပ်လုပ်မယ်"

"အဲ့ဒီလိုတော့ ထွက်မသွားလိုက်ပါနဲ့ မိုးခင်ရယ်"

"ဘာဖြစ်လဲ ... ငါ့ဘာသာ သွားတာ"





"ငါ မခွဲနိုင်ဘူး ..."

"ဟဟ ..."

မိုးခင်က ပခုံးတွန့်ကာ လှောင်ပြောင်ရယ်မောလိုက်သည်။

အညိုကတော့ နာကျင် မျက်ရည်ဝဲနေပြီ ... ။ မိုးခင်နဲ့ ဒီလိုပုံစံကြီး ခွဲမသွားချင်ပါ။ မိုးခင်ကို စိတ်မချပါ။ ခပ်ဆိုးဆိုး မိုးခင်ဟာ တစ်ယောက်တည်း အဆင်ပြေပြေ နေထိုင်နိုင်မည့်သူတည်း မဟုတ်ပါ။

"မခွဲနိုင်ဘူးပြောရအောင် နင်နဲ့ ငါက သမီးရည်းစားမဟုတ် ဘာမဟုတ် ..."

မိုးခင်က ကလိသည်။ ရိသည်။ ရွဲ့သည်။ ထေ့သည်။ အရော်သည်။ လှောင်ပြောင်သည်။ အညို့မှာတော့ အသည်းနှလုံးထဲ ပြုတ်ပြုတ်ထွက်ကျတော့မတတ် နာကျင်နုံးရိကာ ငြိမ်သက်နေသည်။

အညို မျက်နှာအပျက်ပျက်နှင့် အကြာကြီးငြိမ်နေသော မိုးခင်က အညို့ရှေ့မှာ ပြန်ထိုင်ချကာ အညို့ပခုံးကို လှမ်းတွန်းလိုက်ရင်း ...

"ဟဲ့ ... ဘာလို့ ငြိမ်သွားတာလဲ"

"နာလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို နာတယ်ပေါ့"

"နင့်ကို မနာပါဘူး၊ ငါ့ဘာသာ အသည်းထဲက နာနေတာ"

"အသည်းနာရင် ဗိုက်ဆာလာတတ်တယ်၊ ကိတ်မုန့်တစ်လုံး ကျန်သေးတာ နင်ပဲစားလိုက်တော့လေ ..."

မိုးခင်က ပြုံးစိစိ မျက်နှာထားဖြင့် အညို့ကို ပြော ရင်း လက်ကျန် ကိတ်မုန့်တစ်လုံးကို လှမ်းဆွဲယူလိုက်သည်။ ပြီးတော့ ...

"ငါ ခွံ့ကျွေးရမလား"

ဟု ပြောသည်။ အညို စိတ်ထိခိုက်သွားပြီဆိုတာ သိရင်တော့လည်း မိုးခင်က ပြန်ချော့ချင်သည်။

မိုးခင်ရယ် ... နင့်ကြောင့် ငါရူးတော့မှာပါပဲ ...

"ကဲ ... ပါးစပ်ဟ၊ ဒီမှာ ခရင်မ်တွေ အများကြီးပဲ၊ အရ စားကောင်းမှာ"

မိုးခင်က ကိတ်မုန့်အပေါ်ယံ ခရင်မ်တွေကို လက်ညှိုး နှင့် ထိုးကော်လိုက်ပြီး အညို့ပါးစပ်နားသို့ လှမ်းခွံ့လိုက်သည်။

အညိုက မိုးခင်ရဲ့ လက်ညှိုးလေးကို အသာအယာ ငုံကာ ခရင်မ်တွေကို စုပ်ယူစားလိုက်ပြီးမှ မိုးခင်၏ လက်ကောက် ဝတ်လေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်မိသည်။

"ဟဲ့ ... ဘာလုပ်တာလဲ၊ လွှတ်လေ ..."





အညိုက လွှတ်မပေးဘဲ နီရဲစိုစွတ်သော မျက်ဝန်းများ ဖြင့် မိုးခင်ကို စိုက်ကြည့်လိုက်ရင်း ...

"မိုးခင် ငါတို့ လက်ထပ်ကြအောင်"

"ဟာဟ ..."

မိုးခင်က လှောင်ရယ် ရယ်သည်။

"ငါ နင့်ကို လက်ထပ်ချင်တယ်၊ လက်ထပ်ပါရစေ၊ လက်ထပ်ခွင့် ပြုပါ၊ ငါ့ကို လက်ထပ်ပါ၊ ငါတို့နှစ်ယောက် အတူနေရအောင်ပါ၊ ငါ နင့်ကို စိတ်ချမ်းသာအောင် ထားပါ့မယ်"

"အရူးစကားတွေ လာပြောမနေစမ်းပါနဲ့ အညိုရာ၊ ငါ စိတ်ချမ်းသာအောင် နင်က ဘယ်လိုထားမှာလဲ၊ လူချမ်းသာမှ စိတ်ချမ်းသာတာဟဲ့၊ ဘာလဲ ... နင်က ငါ့ကို နေစရာ မရှိ သွားစရာမရှိ အဖေက နှင်ချလိုက်လို့ ထွက်ပြေးလာရတဲ့သူ ဆိုပြီး အားကိုးရာမဲ့ ရှာမှာပဲလို့ ယူဆလို့ ပွဲလန့်တုန်း ဖျာခင်းကြည့်တာလား၊ ငါက ရေနစ်တဲ့သူမို့လို့ နင့်လို ကောက်ရိုးမျှင်လေးကို အားကိုးကြီး ဖမ်းဆွဲထားရမှာလား၊ ဟာဟ ... မိုးခင်ကို လျှော့မတွက်စမ်းပါနဲ့ အညို ..."

"မဟုတ်ဘူး မိုးခင်၊ ငါ အခွင့်အရေးယူတာ မဟုတ်ဘူး၊ ပွဲလန့်တုန်း ဖျာဝင်ခင်းတာ မဟုတ်ဘူး၊ ငါ နင့်ကိုချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ မဝေးချင်တာ၊ နင့်ကို စောင့်ရှောက်ချင်တာ၊ နင် ဖြစ်စေချင်တာလေးတွေ လုပ်ပေးခွင့် ရချင်တာ၊ နင့်အတွက်ဆိုတဲ့ အားအင်တစ်မျိုးနဲ့ ငါ့ဘဝကို ရှင်သန်ခွင့်ရချင်တာ၊ နင် လိုအပ်တဲ့အချိန်မှာ နင့်အနားမှာ ရှိနေပေးပြီး နင်မလိုအပ်တော့ဘူးဆိုတဲ့အချိန်မှာ နင့်နားက အသာတကြည် ထွက်ခွာပေးလိုက်ချင်တာ၊ အဲ့ဒါ ငါ နင့်အပေါ်ထားတဲ့ အချစ်ပါ မိုးခင် ...”

မိုးခင်က တိတ်ဆိတ်လျက် သူ့ကို စိုက်ကြည့်နေသည်။ မိုးခင်က အတန်ကြာ တွေဝေငြိမ်သက်နေခဲ့ပြီးမှ ...

“နင်က ရူးလိုက်တာ အညို ...”

“ဟုတ်တယ်၊ ငါ အရူးပါ မိုးခင်၊ ငါ နင်နဲ့ လက်ထပ်ခွင့် လိုချင်တယ်၊ ခဏလေးပဲဖြစ်ဖြစ် လိုချင်တယ်၊ နင် တကယ် ချစ်ရမယ့်သူ တွေ့တဲ့နေ့၊ နင့်ဘဝ တိုးတက်မြင့်မားလာတဲ့ နေ့၊ နင့်ကို ငါ့ထက် စိတ်ချမ်းသာအောင် အဆင့်မြင့်အောင် ထားနိုင်တဲ့သူမျိုးနဲ့ နင်တွေ့တဲ့နေ့ကျရင် နင် ငါ့ကို သွားတော့လို့ တစ်ခွန်းပဲ ပြောလိုက်ပါ၊ ငါ ဘာတစ်ခွန်းမှ စောဒကမတက်ဘဲ နင့်နားက ထွက်သွားပေးမှာပါ”

မိုးခင်က အညို့ကို စိုက်ကြည့်ကာ အငြိမ်ကြီးငြိမ် နေသည်။ သူမ မျက်ဝန်းတွေက စူးရှလှပါသည်။





“နင် ကတိပေးမှာလား ...”

“... ... ... ...”

“ငါ သွားချင်တဲ့အချိန်မှာ ထွက်ခွာခွင့်ပြုဖို့ နင် ကတိပေး မှာလား”

မိုးခင်က တစ်လုံးချင်း လေးနက်စွာ မေးလိုက်သည်။ ထိုမေးခွန်းက အညို့ရင်ဘတ်ကို အလယ်တည့်တည့်က ထိုးခွဲခံလိုက်ရသလို နာကျင်လှသော်လည်း အညိုက မဆိုင်းမတွ ခေါင်းညိတ်ပြလိုက်သည်။

“ကောင်းပြီလေ ...၊ ဒါဆိုလည်း နင်နဲ့ ငါ လက်ထပ်လိုက်ကြတာပေါ့ ...”

မိုးခင်၏ ခွင့်ပြုစကားက အညို့ကို ရင်တလှပ်လှပ် တုန်အေးသွားစေပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

❖ ❖ ❖

"အမလေး ... အညိုရယ်၊ နင် ရူးသွားပြီလားဟင်၊ နင်ရူး

ဒီဟာမကို ယူမှာလားဟဲ့၊ အမလေး ... အညိုရဲ့၊ အဖြစ်ဆိ

လှချည်လားဟဲ့၊ တောက နင့်မိဘတွေကို ငါ ဘယ်

မျက်နှာပြရမလဲဟဲ့ ... အီးဟီး"

ဒေါ်တင်လေးက သူ့ရင်ဘတ်ကို သူ ဘုတ်ခနဲ ဘ

ခနဲ ထုကာ ထုကာဖြင့် ရင်ဘတ်စည်တီး ငိုချင်းချကာနေသည်

အညို့ လေးလေး ကိုထူးက အံကြိတ်လျက် တစ်ဖက်သို့ မျက်

လွှဲထားသည်။ အညိုက မျက်နှာငယ်လေးဖြင့် ခေါင်းငုံ့ထားသည်

မိုးခင်ခင်က သူတို့သုံးယောက်၏ မျက်နှာတွေ

တစ်လှည့်စီ လိုက်ကြည့်ပြီး တစ်ချက်မဲ့လိုက်သည်။ မိုးခင်ခင်

ကလည်း ဒီ့ထက်ပိုပြီး ငြိမ်ခံနေဖို့ စိတ်ကူးမရှိပါ။

"တော်ရုံလုပ်ပါ အဒေါ်ရယ်၊ အိုဗာတွေ လုပ်မနေစမ်းပါ





သာရေးကိစ္စလုပ်ရမယ့် အိမ်မှာ နာရေးကိစ္စ ဖြစ်နေတယ်

ထင်ပါဦးမယ်၊ အဒေါ် ငိုနေတဲ့ပုံက အညိုသေလို့ ငိုတာ

ကျနေတာပဲ၊ တော်တော် ပြောင်မြောက်အောင် ငိုနိုင်တာပဲ၊

ဒီပုံအတိုင်းဆို အသုဘတွေမှာ အငှားလိုက်ငိုပေးလို့တောင်

ရနေပြီ"

"ဟဲ့ ... နင် ဘာစကားပြောတာလဲ၊ နင် မိုက်ရိုင်းလှချည်

လား၊ ခုကိစ္စက သာရေးမဟုတ်ဘူးဟဲ့၊ နာရေး ... နာရေး၊

ငါ့တူ အညို လူမသေပေမယ့် ဘဝသေမယ့် နာရေး ... ၊

နာရေးထက် အဖြစ်ဆိုးတဲ့ နာရေးဟဲ့ ..."

ဒေါ်တင်လေးက အငိုတိတ်သွားကာ ဒေါသတကြီး

အော်လိုက်တော့ မိုးခင်က ပခုံးတွန့်လိုက်ရင်း ...

"အဒေါ်ထင်တာ မှားနေပြီနော်၊ တကယ်တမ်းက အညိုက

သူ့ကို မိုးခင် ယူမှ သူ့ဘဝကြီး အဓိပ္ပာယ်ရှိရှိ ဆက်ပြီး

ရှင်သန်နိုင်မှာပါဆိုလို့ သူ့ဘဝ မသေအောင် မိုးခင်က

ယူပါ့မယ်လို့ ခေါင်းညိတ်လိုက်ရတာ၊ ပြောလိုက်စမ်းပါ

အညို ... ငါပြောတာ ဟုတ်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် အဒေါ်"

"အမလေး ... အညို၊ နင် ရူးသွားတာလား၊ ဆေးမိသွားတာ

လား၊ နင့်အစား ငါသေချင်တယ်ဟဲ့ အညိုရဲ့၊ နင် ဒီဟာမ

ကို ဘာများကြိုက်စရာရှိလို့ ကြိုက်တာလဲဟဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … အညို နင့်အဒေါ်က နင့်အစား သေချင်လို့တဲ့၊ ခွင့်ပြုလိုက်စမ်းပါဟယ်၊ ငါ နားတွေငြီးလာလို့ပါ …"

"ကြည့်စမ်း … ကြည့်စမ်း၊ အပြောအဆို လူပါးဝလိုက်တာ၊ ငါက ဘာလို့ သေရမှာလဲဟဲ့ …"

"အဒေါ်ပဲ သေချင်တယ်ဆို၊ သေချင်သေပေါ့ အဒေါ်ရဲ့၊ မတားပါဘူး၊ ဟဲ့ … အညို နင့်အဒေါ် မေးနေတာ ဖြေလိုက်ဦး၊ နင်က ငါ့ ကို ဘာကြိုက်စရာရှိလို့ ကြိုက်တာလဲတဲ့၊ ဖြေလိုက်ဦး … ဖြေလိုက်ဦး"

"မိုးခင်ကလည်းဟာ …"

"နင် မဖြေရင် ငါဖြေလိုက်မယ်၊ ဒီလို အဒေါ်ရဲ့ … အဒေါ်တူက မိုးခင် ဘယ်လိုနေနေ ဘာပဲပြောပြော ဘယ်လောက်ဆိုးဆိုး ချစ်ကိုချစ်တာ၊ မိုးခင်အတွက် သူ့ဘဝကို ပေးဆပ်ချင်နေတာ၊ မိုးခင် ဘာပဲလုပ်လုပ် မငြိုမငြင် ချစ်နေကြိုက်နေတာ …"

"ဟဲ့ … နင့်အသံ ငါမကြားချင်ဘူး၊ ငါ့ရှေ့က ခုထွက်သွား"

"သွားမှာပါ၊ အညိုက အဒေါ့်ကိုတော့ အသိပေးမှဖြစ်မယ်ဆိုလို့ လာအသိပေးရုံပါ၊ အဒေါ် သိပ်လည်းစိတ်ပူမနေပါနဲ့၊ မိုးခင်က အညို့ဘဝကို အသေမသတ်ပါဘူး၊ အညို့အနားလည်း အမြဲမနေပါဘူး၊ မိုးခင် ဘဝတက်လမ်းတွေ့ရင် ကိုယ့်လမ်းကိုယ် တစ်ယောက်တည်း ဆက်လျှောက်သွားမှာပါ၊ အညို့ဆီမှာ ယာယီခိုနားရုံပါ"





"ဟင် … ညည်း မြန်မာမိန်းကလေးဖြစ်ပြီး အရှက်မရှိ ဒီလို စကား ပြောရဲသလား၊ ယောကျ်ားဆိုတာ ယာယီယူလို့ရသလား၊ တစ်လင်မကောင်း တစ်လင်ပြောင်းပဲ ကြားဖူးပါတယ်အေ၊ တစ်လင်ထက်ကောင်းတဲ့လင်တွေ့ရင် ပြောင်းရမယ်ဆိုတာ မကြားဖူးပါဘူး"

"ကဲ … ကဲ … အစ်မ တော်ပြီ၊ ပြောမနေနဲ့တော့၊ ကဲ … အညို မင်းလည်း မိုက်တွင်းက တော်ရုံနက်တာမဟုတ်ဘူး၊ ပြော … အခု မင်း ဘာလုပ်မှာလဲ၊ ဘယ်လို စီစဉ်ထားလဲ"

လေးလေး ကိုထူးက အညို့ကိုပဲ ဦးတည်ကာ ခပ်ပြတ်ပြတ် မေးလိုက်တော့မှ အညိုက ခေါင်းမော့လာကာ …

"ကျွန်တော်တို့ သပ်သပ် အိမ်ငှားနေဖို့ စီစဉ်ပြီးပါပြီ လေးလေး၊ ကျွန်တော် အလုပ်လုပ်တဲ့ ဟိုတယ်က ကိုအောင်ဇင်က သူတို့ရပ်ကွက်မှာ ဈေးသက်သက်သာသာနဲ့ အိမ်လေးတစ်လုံး ရှာငှားပေးထားပါတယ်၊ အဲ့ဒီမှာ သွားနေကြမှာပါ"

"ငါ ဘာကူညီရမလဲ …"

"ဟဲ့ … မောင်ထူး၊ နင်က ဘာကူညီစရာ အကြောင်းရှိလဲ"

"အစ်မ အသာနေပါဗျာ၊ ဘာပဲဖြစ်ဖြစ် အညိုက ကျွန်တော့်တူ၊ ကျွန်တော့်မှာ တာဝန်ရှိတယ်၊ ကူညီနိုင်တာရှိရင်တော့ ကူညီရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် လေးလေး၊ ကျွန်တော်တို့ အဆင်ပြေပါတယ်၊ ကျွန်တော့်မှာ စုထားတဲ့ ပိုက်ဆံလည်း ရှိပါတယ်"

"မိန်းကလေးဘက်ကိုလည်း ငါ တီးခေါက်စုံစမ်းပြီးပြီ၊ ဦးအောင်မိုးက မင်းတို့ကိစ္စကို အသိအမှတ်ပြုပုံမရဘူး၊ တာဝန်လည်း ယူမှာမဟုတ်ဘူး"

"ဟော့ ... တို့ ယောကျ်ားလေးဘက်ကလည်း ဒီကိစ္စကို အသိအမှတ်မပြုဘူး၊ သဘောလည်းမတူဘူးဆိုတာ အဲဒီ ဦးအောင်မိုး နားပေါက်အောင် ပြန်ပြောလိုက်စမ်းပါ မောင်ထူးရဲ့"

"အစ်မ ... တော်ပါတော့ဗျာ၊ ပြင်မရတဲ့ကိစ္စတစ်ခုကို အေးအေးဆေးဆေး ပြောရအောင်ပါ"

"မင်းကသာ ပြင်မရဘူး ပြောနေ၊ ဟိုကောင်မက သူပြင်ချင်တဲ့အချိန် ပြင်ဖို့ စိတ်ကူးထားပြီသား"

"အဒေါ် ... နောက်တစ်ခါ ကျွန်မကို ကောင်မလို့ပြောရင် ကျွန်မ အဆိုးမဆိုနဲ့နော်"

"ဟဲ့ ... ပြောတော့ နင်က ငါ့လည်ပင်း လာညှစ်ချင်သေးလို့လား"

"အစ်မ တော်ပါတော့ဗျာ၊ ကဲ ... အညို ... သွား ... သွား၊ မင်းတို့လည်း သွားကြတော့၊ အဆင်မပြေတာရှိရင်လည်း ငါ့ကိုပြောပေါ့ကွာ၊ သွေးသားဆိုတာကတော့ ရေနဲ့ ဓားနဲ့ ဖြတ်လို့ မပြတ်သလိုပါပဲ"





"ကျေးဇူးတင်ပါတယ် လေးလေး၊ မိုးခင် ... ထ၊ သွားရအောင်၊ အဒေါ် ကျွန်တော်တို့ သွားလိုက်ပါဦးမယ် ခင်ဗျ"

"ကြွ ... ကြွ၊ နင့်ပစ္စည်းတွေ စက္ကူတစ်စမကျန်အောင်ယူသွား၊ နောက်လည်း နင့်ကောင်မ ပါရင် ငါ့အိမ်မလာခဲ့နဲ့ ..."

"ဒုန်း ..."

"ဂွမ်း ..."

"ချလွမ်း ..."

"အမလေး ကုန်ပါပြီတော်၊ ကြည့်စမ်း ... ငါ့ရေနွေးအိုးကို ရိုက်ခွဲသွားတယ်၊ ဒင်းက ... ဒင်းက ..."

မိုးခင်က လျှပ်ပြက်သလို လျင်မြန်သောအဟုန်ဖြင့် ညှိခန်းစားပွဲမှ ချထားသော ရေနွေးအိုးကို ကောက်ယူကာ နံရံဘက်ဆီ ပစ်ပေါက်ခွဲလိုက်တာမို့ ကြွေအိုးအကွဲစတွေရော ရေနွေးဆူပါ ဖွားခနဲ လွင့်စင်ပြန့်ကျဲသွားပါသည်။

ဒေါ်တင်လေးက ဆွေ့ဆွေ့ခုန်ကာ ...

"နင် ... နင် ... ဒါ ဘာလုပ်တာလဲ ..."

"အဒေါ့်ကို နောက်တစ်ခါ ကောင်မလို့ပြောရင် အဆိုးမဆိုနဲ့လို့ ပြောပြီးသားလေ၊ အဒေါ် နောက်တစ်ခါ ကောင်မလို့ ပြောလို့ လုပ်လိုက်တာလေ၊ ကျွန်မနာမည် ကောင်မ မဟုတ်ဘူး၊ မိုးခင် ...၊ ဟိုး မိုးပေါ်က နာမည်မျိုး"



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က မိုးကောင်းကင်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်တော့ ဒေါ်တင်လေးက ဝုန်းဒိုင်းကျဲလာပြန်သည်။

"နှင် ... နှင် ... တော်တော် လူပါးဝတယ်၊ သတ်မယ် ... နှင့်ကို သတ်မယ်၊ လာခဲ့ ..."

"အဒေါ် ... ဒေါ် ... မလုပ်ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်"

"အစ်မ ... တော်ဗျာ ... တော်ဗျာ"

"မိုးခင်ခင်ကို သတ်ချင်တိုင်း သတ်လို့ရမယ် ထင်လို့လား အဒေါ်"

"မိုးခင် နှင်လည်း တော်တော့၊ လာ ... လာ ... သွားကြမယ်"

"လွှတ် ... လွှတ် ... ငါ့ကိုလွှတ်၊ ငါ ဒင်းကို လိုက်သတ်မယ်"

အိမ်သေးသေးလေးထဲမှာ ဝရုန်းသုန်းကား ဆွဲလားရမ်းလားဖြစ်ကာ နောက်ဆုံးမှာတော့ အညိုက မိုးခင် လက်ကိုချုပ်နှောင်ကာ တရွတ်တိုက်မတတ် အိမ်ပေါ်မှ ဆွဲခေါ်ဆင်းလာရသည်။

မိုးခင် အသားတွေတုန်ရင် အေးစက်နေကာ ဒေါသသံဖြင့် ရေရွတ်လာသည်။

"ငါက နှင့်ရဲ့ ကျိုးကန်းနေလို့ ငါ့ကို အဖတ်မတန်သလို ဆက်ဆံကြတာလားဟင်၊ သဘောမတူရအောင် နင်က





ဘာမို့လို့လဲ၊ ဟိုတယ်ကုလီလောက် အဆင့်နဲ့ ဘာတွေ မာန်တက်နေတာလဲ၊ နှင် တောင်းပန်ခယလွန်းလို့သာ ငါ လက်ခံရတယ်ဆိုတာ သူတို့ သဘောပေါက်အောင် ပြောပြလိုက်စမ်းပါ၊ တစ်ရပ်ကွက်လုံး သဘောပေါက်အောင် နှင် ပြောပြစမ်းပါ"

"အေးဟာ ... အေးဟာ ... ပြောပါ့မယ်ဟာ၊ ငါ သေသေချာချာ ပြောပါ့မယ်၊ ကြုံရင် ကြုံသလို ပြောပါ့မယ်"

"ကြုံမှ ပြောလို့ဖြစ်မလားဟဲ့ ..."

"အေး ... အေး ... တကူးတက လျှောက်ပြောဆိုလည်း ပြောပေးမယ်နော် ... ဟုတ်ပြီလား၊ ခုတော့ နှင့်စိတ်ကို နည်းနည်းလျှော့ပါ မိုးခင်ရယ်၊ နောက်ကို နှင် ခုလို ဒေါသ မထွက်ရအောင် စိတ်မညစ်ရအောင် ငါ ဂရုစိုက်ပါ့မယ်၊ နှင့်ကို ပျော်အောင်ထားပါ့မယ်၊ အရာအားလုံး နှင့်စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်"

"ပြီးရော၊ နှင့်ကတိသာ တည်ပစေ"

မိုးခင်က မျက်နှာလေးကို မော့ချီကာ ထီမထင်ဟန်လေး ခပ်ပြတ်ပြတ် ပြောလိုက်ပါလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

❖ ❖ ❖

"ဟော ... အညို၊ ဈေးကပြန်လာခဲ့ပြီလားကွယ်၊ ဘာတွေ ဝယ်ခဲ့တုန်း"

အညိုတို့ အိမ်နီးနားချင်း 'ဒေါ်ပို' က မနက်စောစော ဈေးကပြန်လာသည့် အညို့ဈေးခြင်းတောင်းထဲကို ငုံ့ကြည့်ရင်း မေးလိုက်ပါသည်။ စပ်စုတတ်၊ ဆရာလုပ်တတ်သော ဒေါ်ပို့ကို မိုးခင်က ကြည့်မရပေမယ့် အညိုကတော့ စိတ်ထဲဘယ်လိုမှသဘော မထားပါ။

"အစုံပဲ ဒေါ်ပိုရေ၊ ကျွန်တော့်မိန်းမ ကြိုက်တဲ့ ငါးပုဏ္ဏား လေး ဒီနေ့ ဝယ်လို့ရလာလို့ တော်တော် စိတ်ချမ်းသာရ တယ်၊ ဈေးထဲမှာ ငါးပုဏ္ဏားသည်က တစ်သည်ပဲရှိတာလေ၊ နေ့တိုင်းလည်း မပါဘူး၊ ပါတိုင်းလည်း အကောင်ကြီးချင် မှကြီးတာ ..."





"ငါးပုဏ္ဏားက ဈေးကြီးကကြီးသနဲ့၊ မင်း ရတဲ့ လခနဲ့ ဒီလို အကောင်းစားချည်း နေ့တိုင်း ဝယ်ကျွေးနေတော့ လောက်ပေ့ါမလားကွယ့်"

"အဟဲ ... ငါးက သိပ်မများပါဘူး ဒေါ်ပိုရဲ့၊ ကျွန်တော့် မိန်းမ တစ်ယောက်စာ လေးငါးကောင်တည်းပါ"

"ဘုရားရေ ... လေးငါးကောင်က တစ်ယောက်စာ ဟုတ် လား၊ မင်း မိန်းမက တယ်ဟင်းစားကြီးပါလား"

"ဟဲဟဲ ... ကျွန်တော့်မိန်းမက ငါးကြိုက်တာကိုး အဒေါ်ရဲ့"

"ကြိုက်လည်း ကြိုက်တတ်တယ်၊ ဈေးကြီးတဲ့ ရှားတဲ့ ငါးမှ၊ ဒါနဲ့ ငါးပုဏ္ဏားက သူ့တစ်ယောက်စာ ဆိုတော့ မင်းက ဘာစားတုန်း"

"ကျွန်တော်က ငါးပုဏ္ဏား မကြိုက်လို့ ဘဲဥချဉ်ရည်ဟင်း ချက်စားမှာ၊ ဘဲဥက ကျွန်တော့် အကြိုက်ပဲလေ ..."

"ဟင်း ... ဟင်း ... မင်းမိန်းမကြိုက်တာဆို မင်းက မကြိုက် တတ်ဘူးထင်တယ်နော်၊ ဈေးကြီးတာဆို မိန်းမ အကြိုက်၊ ဈေးပေါတာဆို မင်းအကြိုက်၊ ဟုတ်တော့နေတာပဲ၊ မှန်း ဒါကရော ဘာတွေတုန်း ..."

ဒေါ်ပိုက အညို့ ဆွဲခြင်းတောင်းကို လှမ်းဆွဲကာ ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ငါးသလောက်ဥတွေပါလား၊ ငါးသလောက်ဥက ဈေးကြီးမှကြီးပဲ၊ ဒါလည်း မင်းမိန်းမဖို့ပဲလား"

"အဟဲ … ဟုတ်တယ် ဒေါ်ပို၊ မနေ့က ကျွန်တော် လခ ထုတ်ထားတာဆိုတော့ ဒီနေ့ မိန်းမကို ဟင်းကောင်းကောင်း ချက်ကျွေးမလို့လေ၊ ငါးသလောက်ဥက ခြောက်ခြောက် လေး ကြော်ထားလိုက်ရင် ကျွန်တော့် မိန်းမ သင်တန်းသွား တဲ့အခါ ထမင်းဘူးထဲ ထည့်ပေးလိုက်လို့ရတာပေါ့၊ ထမင်း ဘူးထဲ ငါးထည့်ပေးလိုက်ရင် အရိုးနွှင်ရ ပြုရ ခက်နေမှာ စိုးလို့ပါ"

"အမယ်လေး … ကလေးမှ မဟုတ်ဘဲကွယ်၊ ငါးလောက် တော့ အရိုးထွင် စားတတ်ရမှာပေါ့၊ ငါးပုဏ္ဏားဆိုတာလည်း အလယ်ရိုး တစ်ရိုးပဲပါတာ၊ အရိုးထွင်ဖို့ လွယ်မှလွယ် အလယ်ရိုးလေး ဆွဲထုတ်လိုက်ရုံပဲဟာကို၊ မင်းတို့လူငယ် တွေလည်း ခက်တော့ ခက်ပါတယ်၊ အိမ်ထောင်ရယ်လို့ ပြုထားရင် စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုတာ ရှိရတယ် ကွယ့်၊ လဆန်းရက်ဆို ဗုံးပေါလအော သုံးစွဲ၊ လကုန်ရက် ကျတော့ အငတ်ငတ် အပြတ်ပြတ် ဖြစ်ကရော၊ ချွေချွေတာ တာ စုစုဆောင်းဆောင်း စစ်စစ်စီစီကလေး နေကြမှ အိုး မင်းစာ စုမိဆောင်းမိဖြစ်ကြမှာပေါ့၊ တကယ်ဆို ဒီလိုစျေး ဝယ်တာ မီးဖိုချောင်ကိစ္စ လုပ်တယ်ဆိုတာ မိန်းမအလုပ်





ကွယ့်၊ မင်းက အလုပ်လည်း သွားရသေး၊ အိမ်မှုကိစ္စလည်း လုပ်ရသေး၊ မင်းမိန်းမ ကြည့်တော့ ပေါ်ကြော့၊ အမြင် မတော်လိုက်တာကွယ်"

"မိုးခင်က သင်တန်းလည်း တက်ရ၊ စာလည်းကျက်ရ ဆိုတော့ မအားလို့ပါ ဒေါ်ပိုရယ်"

"မင်းလည်း အလုပ်တစ်ဖက်နဲ့ အိမ်အလုပ်တွေ လုပ်နေ ရတာပဲ မဟုတ်လား၊ ဒါနဲ့ မင်းမိန်းမက ဘာသင်တန်း တွေများ တက်နေရတာတုန်း …"

"အင်္ဂလိပ်စကားပြောတို့၊ ကိုရီးယား စကားပြောတို့၊ ကွန်ပျူ တာတို့ အစုံပါပဲ အဒေါ်ပိုရယ် …"

"မင်းမိန်းမ ကြည့်လိုက်ရင်တော့ သူဌေးသမီးကလေးလား အထင်မှားစရာ ကြော့ကော့နေတာပဲနော်၊ မင်းမှာတော့ မြင်လိုက်ရရင် ဖတ်သီဖတ်သီနဲ့ …၊ မိုးခင်ခင်တို့ကတော့ ယောကျ်ားရ ကံကောင်းလှသကွယ် …"

"ကံကောင်းတာက ကျွန်တော်ပါ ဒေါ်ပိုရ"

"အံမယ် … ဘာဖြစ်လို့တုန်း"

"ကျွန်တော် အကြိမ်ကြိမ် တောင်းပန်ခယလွန်းလို့သာ သူ က လက်ခံ ခေါင်းညိတ်ခဲ့ရတာလေ၊ ကံကောင်းလို့ ကျွန် တော် သူ့ကိုရတာ …၊ ကိုယ်ချစ်တဲ့သူနဲ့ အတူနေခွင့်ရတာ ဟာလည်း ကံကောင်းခြင်း တစ်မျိုးပေါ့ ဒေါ်ပိုရဲ့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရ ကံကောင်းတယ်လို့ ဆိုရမှာပေါ့၊ ဒီမိန်းမက ကျွန်တော်ချစ်တဲ့ မိန်းမလေ ...”

“အမလေး ... မင်းပဲ ကြံဖန်ကံကောင်းနေ၊ ကဲ ... သွားတော့ ... သွားတော့၊ တော်ကြာ ကြာနေလို့ဆိုပြီး ရွှေစိတ်တော် ညိုနေဦးမယ်”

“ဟဲဟဲ ... သွားမယ်နော် ဒေါ်ပို”

ဒေါ်ပိုက မြောက်ကြွကြွလေး လှမ်းထွက်သွားသော အညို့ကို တရားကျသလို လှမ်းကြည့်ကျန်ခဲ့ရင်း နှုတ်ခမ်းကို တစ်ခြမ်းရွဲ့ကာ ခေါင်းယမ်းလိုက်ပါသည်။

ဒီကောင်လေးကို ကြည့်လိုက်ရင် အမြဲ သွက်လက်တက်ကြွကာ မျက်နှာထားလေးကလည်း ကြည်လှတာမို့ ဒေါ်ပိုက ခင်မင်မိတာပင်။ ခင်တော့လည်း သူ့အကြောင်း စိတ်ဝင်စားကာ သတိထား စပ်စုကြည့်မိသည်။

သူတို့လင်မယားက စိတ်ဝင်စားစရာ ကောင်းသည်။ ကောင်လေးက ကြည်ကြည်လင်လင် သဘောကောင်းကောင်း အောက်သက်ကြေကြေ။ ကောင်မလေးကတော့ မြင်တိုင်း အတင်းပြောချင်စရာ ပုံစံမျိုး။ အပေါ်စီးဆန်ဆန် မျက်နှာထားတည်တည်ဖြင့် ရပ်ကွက်ထဲက လူတွေနှင့် အဖက်မတန်သလို ခပ်ကင်းကင်းနေသည်။ အပြင်ထွက်ပြီဆို သူ့ကိုယ်သူ ကြော့ကော့နေအောင် ပြင်ဆင်ပြီး ထွက်ထွက်သွားတတ်သည်ပင်။





“ဒေါ်ပိုကြီး ဈေးဝယ်က ပြန်ခဲ့ပြီလား”

“သြော် ... အေး ... ပြန်ခဲ့ပြီလေ၊ မကျော့ရော ...”

ဒေါ်ပိုတို့ လမ်းထဲက မကျော့က လှမ်းခေါ်နှုတ်ဆက်တာမို့ ဒေါ်ပိုက ပြန်နှုတ်ဆက်ရင်း အတင်းပြောဖော်တော့ရပြီဟဲ့ဟု ဝမ်းသာသွားပါသည်။

“ကျွန်မလည်း ခုပဲ ပြန်ခဲ့တာ၊ ဈေးကွဲချိန် စောင့်ဝယ်တော့ ပုပ်ကုန် သိုးကုန် သားငါးကို ဈေးပေါပေါနဲ့ ရသပေါ့ရှင်၊ ဒါနဲ့ ခုန ဟိုကောင်လေးနဲ့ ဘာတွေ စကားကောင်းနေတုန်း ဒေါ်ပိုရဲ့”

“အဲ့ဒီကောင်လေးအကြောင်းတော့ ပြောမပြောချင်ပါဘူး အေ”

ဒေါ်ပို မပြောချင်ဘူးဆိုလျှင် အများကြီး ပြောတော့မှာ သေချာတာမို့ မကျော့က ပြုံးကာ နားထောင်နေသည်။

“တို့ရပ်ကွက်ထဲကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူတို့ရောက်လာတော့ ညားခါစ လင်မယားမို့ သူ့မိန်းမလေးကို သူ ဂရုစိုက်ရှာတယ်ဟဲ့လို့ ထင်တာ၊ ဒါပေမယ့် ခုထိလည်း သူက သူ့မိန်းမကို ညားခါစအတိုင်း ဂရုစိုက်တုန်းဟဲ့ ...”

“ဟုတ်ပ ဒေါ်ပိုရယ်၊ ဒါပေမယ့် ကောင်လေးသာ ရောက်စကအတိုင်း မပြောင်းလဲပေမယ့် သူ့မိန်းမကတော့ ပြောင်းလဲတယ် သိလား၊ ရောက်လာစတုန်းက ဆံပင်တိုစိစိ၊



www.burmeseclassic.com

www.burmeseclassic.com



လူက ဂျစ်ကန်ကန်၊ အဝတ်အစားက ပွယောင်းယောင်း နွမ်းဖတ်ဖတ်၊ မျက်နှာက လူတကာကို ရန်လိုနေတဲ့ မျက်နှာမျိုး၊ ခုကျမှ ဆံပင်ကလည်း ရှည်၊ အလှကလည်း ပြင်တတ်လာတော့ ရုပ်က တသွေးတမွေး ဖြစ်လာတာ၊ ကောင်လေးကလည်း သူ့မိန်းမကို ဆင်ရှာတယ် ထင်ပါရဲ့”

“ဆင်လည်းဆင်၊ ကျွေးလည်းကျွေး၊ ဂရုလည်းစိုက်၊ ရုပ်ကလေးကလည်း ကြည်ကြည်လေးနဲ့ ဒီလိုကောင်လေးမျိုးများ စောစောစီးစီး တွေ့ရရင် ငါ့သမီးလေးနဲ့ ပေးစားချင်စမ်းပါဘိအေ”

“အဲဒီလောက်တောင်ပဲလား ဒေါ်ပိုကြီးရဲ့”

“အဲဒီလောက်တောင်ပဲ မကျော့ရဲ့၊ ဒီကောင်လေးဟာ ကောင်မလေးနဲ့ တန်ကိုမတန်ပါဘူးအေ၊ ငါ့နှယ် မဆီမဆိုင် နှမြောချက်အေ ...”

ဒေါ်ပိုနှင့် မကျော့က အညိုနှင့် မိုးခင်တို့အကြောင်း ပြောဆိုရင်း အတူဆက်လျှောက်လာပါသည်။

သူတို့ရပ်ကွက်မှာက သစ်သားအိမ် လုံးချင်းလေးတွေ နီးနီးကပ်ကပ် ရှိနေကြတာမို့ တစ်ယောက်အကြောင်း တစ်ယောက် စိတ်ဝင်တစား စပ်စုကြတာ ထုံးစံတစ်ခု ဖြစ်ပါသည်။

■ ■ ■



(၁၃)

❖ ❖ ❖

အညိုသည် ဈေးခြင်းတောင်းကို တံတောင်ကွေးမှာချိတ်ကာ အိမ်ပေါ်သို့ ခြေဖွဖွ၍တက်လာသည်။ မိုးခင် မနိုးသေးဘူးဆိုလျှင် သူ့ကြောင့် နိုးမသွားစေချင်။ အပြင်က ပြန်လာတိုင်း ‘မိုးခင်ရေ’ ဟု လှမ်းခေါ်ကာ အိမ်ပေါ်တက်မြဲဖြစ်သော သူ့အကျင့်ကို ခုလို မနက်အစောကြီးမှာတော့ ထိန်းချုပ်အောင့်အည်းထားရသည်။ သူ့ကြောင့် မိုးခင် အိပ်ရေးမပျက်စေချင်လို့ပင်။

အိမ်ရှေ့ ဧည့်ခန်းထဲမှာ သူ အသင့်ပြင်ထားပေးခဲ့သော မိုးခင်အတွက် မနက်စာ စားပွဲကို လှမ်းကြည့်တော့ ဘာမှ မတျန်တော့တာမို့ မိုးခင် နိုးပြီဆိုတာ သိလိုက်ပါသည်။

“မိုးခင်ရေ ...”

အညိုက ဈေးဆွဲခြင်းကို မီးဖိုချောင်ထဲ သွားထားလိုက်ပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပြီးစ မိုးခင်က မှန်တင်ခုံရှေ့မှာ ထိုင်ကာ မျက်နှာကို လိမ်းရှင်းလိမ်းနေသည်။

သူက မိုးခင်ဆီ လျှောက်လာကာ မိုးခင်နောက်မှာ ရပ်၍ခေါ်လိုက်သည်။

"မိုးခင် ..."

"အွန်း ... ပြန်လာပြီလား"

မိုးခင်က လှည့်မကြည့်ဘဲ လိမ်းရှင်းလိမ်းမပျက် တုံ့ပြန်သည်။

သူက မိုးခင်နောက်မှာ ခုံပုကလေး ဆွဲ၍ ဝင်ထိုင်လိုက်ရင်း ...

"ငါ မနက်စာ ပြင်ပေးထားတာ စားကောင်းရဲ့လား မိုးခင်"

"ကောင်းပါ့ ...၊ ဒါပေမယ့် နင့် ပဲပြုတ်ထမင်းကြော်က ဆီနည်းနည်းများတယ်၊ နောက်တစ်ခါ ကြော်ရင် ဆီလျှော့ကြော်၊ ပဲငံပြာရည်လေး နည်းနည်း ပိုထည့်၊ ပဲငံပြာရည် နည်းတော့ အရောင်အဆင်းမရှိ ဖြူစုတ်ဖတ်ကြီး ..."

"အေးပါ ... အေးပါ ... မနက်ဖြန်ကျ နင်ပြောသလိုလေး ငါပြင်ကြော်လိုက်မယ်၊ ငါးရံ့ခြောက်ဖုတ်နဲ့ ကြက်ဥကြော်ကတော့ အဆင်ပြေတယ် မဟုတ်လား"

"ဟွန့် ... ပြေဘူး"





"ဟာ ... တကယ်လား ..."

"အေးပေါ့ ... နင့် ငါးရံ့ခြောက်ဖုတ်က ကြွပ်ရွမနေဘူး၊ ဗျင်းတွဲကြီး၊ ကြက်ဥကလည်း ဟပ်ဖရိုက်ကြော်ပါဆို အနှစ်က မာပြီး ကျက်နေတယ်"

"အာ ... ဆောရီးပါဟာ၊ ငါ ဝယ်နေကျ ငါးရံ့ခြောက် အသည်က ဆိုင်မထွက်လို့ အသည်ပြောင်းဝယ်လိုက်မိတာ၊ ငါးရံ့ခြောက်က သိပ်မခြောက်ဘဲ ခပ်စိုစိုကြီးဖြစ်နေလို့ပါ၊ နောက်နေ့ကျမှ နာနာထုပြီး ကျက်ကျက် ဖုတ်ပေးမယ်၊ ငါးရံ့ခြောက် ဖုတ်ရတာလည်း မလွယ်ဘူးဟ ...၊ မဖုတ်တတ် ဖုတ်တတ် ဖုတ်ရတာ ..."

"နင့် မဖုတ်တတ် ဖုတ်တတ်ကလည်း နှစ်နှစ်ပဲရှိတော့မယ်၊ ခုထိ မဖုတ်တတ်သေးဘူးလား၊ ကြက်ဥဆိုလည်း မကြော်တတ် ကြော်တတ်ဆိုပြီး ကြော်လာတာ နှစ်နှစ်ရှိပြီ၊ ခုထိ မကြော်တတ်သေးဘူး"

"ဟဲဟဲ ... အဲ့ဒီနှစ်ခုပဲ သေချာမလုပ်တတ်တာပါဟာ၊ ကျန်တဲ့ ဟင်းတွေ သေချာချက်တတ်နေလို့ နင်ပဲ စားကောင်းလှချည်ရဲ့ဆိုပြီး စားစားနေတာ ဝတောင့်လာတယ်"

"ဘာ ... မဝပါဘူး၊ ပြည့်ရုံလေး ပြည့်တာ၊ လှရုံလေး ပြည့်တာ"

www.burmeseclassic.com



မိုးခင်က ကက်ကက်လန်အောင် တုံ့ပြန်တာမို့ အညို က ရယ်မောရင်း ...

"အေးပါ ... အေးပါ ... ထားပါတော့"

"နင်ပဲ ငါ့ကို ဝမယ့် အစားအစာတွေကျွေးပြီး အလှပျက် အောင် လုပ်ကြံနေတာလေ အညိုစုတ်ရဲ့ ..."

မိုးခင်က ကိုင်ထားသည့် မုန့်ဝိုင်းလေးကို မြှောက် ကာ အညို့ကို ထုချမလို ရွယ်လိုက်တာမို့ အညိုက ယိမ်းနွဲ့တိမ်း ရှောင်ရင်း ရယ်တော့ မိုးခင်က မျက်စောင်းထိုးကာ စူပုပ်ပုပ်ရုပ် နှင့် ...

"မနက်ဖြန်က စပြီး ငါ့ဖို့မနက်စာ ထမင်းမကြော်နဲ့တော့ ပဲပြုတ်ထမင်းကြော်တို့ ကြက်ဥကြော်တို့ဆိုတာ ကယ်လိုရီ တက်မှတက် ..."

"ဒါဆို နင် ဘာစားချင်လဲ"

"မုန့်ဟင်းခါး စားမယ်၊ နင် အပျင်းထူပြီး အိမ်နဲ့နီးတဲ့ ဒေါ်အိ ဆိုင်က မုန့်ဟင်းခါး ဝယ်မထားနဲ့နော်၊ ဟိုဘက် လမ်းထိပ်က ဒေါ်တင်ကြည် မုန့်ဟင်းခါးပဲ ဝယ်ထား [illegible] အိုးဘဲဥ တစ်ခြမ်းရယ်၊ ဘဲသွေးရယ်၊ ငါးဖယ်ရယ်၊ ဘူးသီး ကြော်ရယ် ထည့်ခိုင်း ..."

"ဟား ... ဟား ... မိုးခင်ရယ် ဘာထူးလို့လဲ၊ နင် အီချစ်နေ





အောင် အဆာပလာပေါင်းစုံ ထည့်စားမယ့် မုန့်ဟင်းခါးက ပိုတောင် ကယ်လိုရီ တက်သေး ..."

"နင်နော် ... ငါ့ကို မျိုမကျအောင် ပြောမနေနဲ့၊ အဲ့ဒါဆို သည်း မနက်ဖြန်ကစပြီး မနက်စာကို သစ်သီးပဲ စားတော့ မယ်"

"ဘာသစ်သီး စားချင်လဲ ပြော ... ရစေရမယ်"

"ထောပတ်သီး ..."

"အင်း ... ထောပတ်သီးကို ဘာလုပ်ပေးရမလဲ၊ ပြော ..."

"နို့ဆီများများလေးနဲ့ ပျစ်ပျစ်လေး ဖျော်ပေး ..."

"အေး ... အေး၊ ဟား ... ဟား ... ဟား"

"ဘာရယ်တာလဲ ..."

"နင့်မှာလေ ကြိုက်လိုက်မှဖြင့် ချိုပြစ်အီနှစ်နေတာချည်းပဲ ကိုး မိုးခင်ရဲ့၊ နင့်ဟာနင် သစ်သီးစားစား ဘာစားစား နို့ဆီတွေ ပျစ်နှစ်နေအောင် ထည့်ဖျော်တော့ ဘာထူးမှာလဲ နင့်ကယ်လိုရီက ...၊ ငါကြော်ပေးတဲ့ ထမင်းကြော်ဆို လည်း စားမကောင်းဘူးသာ ပြောတယ်၊ ခုန ငါကြည့် လိုက်တော့ စားထားလိုက်တာ ပန်းကန်ထဲ ပဲပြုတ်တစ်စေ့၊ ငါးခြောက်တစ်ဖတ်တောင် မကျန်ဘဲနဲ့များ ... ဟားဟား"

အညိုက ကိုယ့်ဗိုက်ကိုနှိပ်ကာ ခန္ဓာကိုယ်ကို ရှေ့ နောက်ယိမ်းထိုးကာ ရယ်လိုက်တော့ မိုးခင်က စိတ်တိုလာတာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... ကြည့်စမ်း ... ငါ့ကို လှောင်ပြီး ရယ်နေလိုက်တာ သူ့အသံဗြဲကြီးနဲ့ ... ကဲ ..."

"အမလေးဗျ ..."

မိုးခင်က နှုတ်ခမ်းနီဘူးတစ်ဘူး လှမ်းဆွဲယူကာ အညို့ကို ကောက်ပေါက်လိုက်သည်။ အညိုက ကိုယ်နဖူး ကိုယ်ပြန်ပွတ်ရင်း ...

"နာလိုက်တာဟာ ... နင်ကလည်း လက်သံပြောင်ချက်"

"နင်ဘာလို့ ဘေးအိမ်တွေ ကြားအောင် အသံဗြဲကြီးနဲ့ အော်ရယ်နေလဲ၊ နင့်ရယ်သံ ဒေါ်ပို ကြားလို့ကတော့ ဒီလင်မယားနှစ်ယောက် ဘာတွေ သဘောကျနေကြတာလဲ ဟေ့လို့ လှမ်းအော်မေးပြီး ဒီဘက်အိမ် ကူးလာမှာသေချာတယ်၊ ဒီနားကလူတွေဟာ စပ်ကိုစပ်စုတယ် ... တကယ်"

"သြော် ... ဒေါ်ပိုဆိုလို့ ပြောရဦးမယ်၊ ခုန ငါ ဈေးကပြန်လာလို့တောင် လမ်းမှာ ဒေါ်ပိုနဲ့ တွေ့ခဲ့သေးတယ်"

"အင်း ... အဲ့ဒါ ဘာဖြစ်လဲ"

"ငါ နင့်ကိုပေးထားတဲ့ ကတိကို ခုထိ မမေ့ဘူးနော်"

"ဘာကိုလဲ ..."

"ငါ တောင်းပန်ခယလွန်းလို့သာ နင့်ဆီက လက်ထပ်ခွင့်ရခဲ့တာဆိုတာ ဒေါ်ပို့ကို ငါပြောပြလိုက်တယ်လေ၊ နင်က အဲ့လိုပြောစေချင်တာ မဟုတ်လား ..."





"အဟင်း ..."

မိုးခင်က တစ်ချက်ပြုံးကာ ပခုံးတွန့်သည်။

အညိုက မိုးခင်ကို ဘေးတစောင်းကြည့်နေရင်း အားရနေတော့တာမို့ ဖင်ထိုင်ခုံပုလေးပေါ်မှ ဆင်းကာ မိုးခင်နှင့် မျက်နှာချင်းဆိုင်လောက်မှာ ကြမ်းပြင်ပေါ်ပြားပြားချထိုင်ပြီး ခုံပုပေါ် လက်ထောက်၊ မေးထောက်တင်လျက် မိုးခင် အလှပြင်နေတာကို အစိမ့်စိမ့် ငေးမော့ကြည့်နေလိုက်သည်။

မိုးခင်ဟာ ဒီနှစ်နှစ်သာသာအတောအတွင်းမှာပဲ အရင်ကထက် ပို၍ ပို၍ သပ်ရပ်လှပလာခဲ့ပါသည်။

မိုးခင် ဒီလိုလှပလာအောင် အညိုကပဲ အဝတ်အစား ဝယ်ပေး၊ အလှပြင်ပစ္စည်းတွေ ဝယ်ပေးခဲ့တာပင် ...။ အရင်လို ဆင်းဖြစ် ရန်လိုတာတွေ မရှိတော့တာမို့ မိုးခင်က ပိုပြီး သိမ်မွေ့လာ အဆင့်အတန်းရှိသည့်ပုံကလေး ထွက်လာသည်။

မိုးခင် တက်နေသည့် သင်တန်းတွေကြောင့်လည်း မိုးခင်ဟာ ပြောင်းလဲကာ ပညာတတ်ဆန်လာပါသည်။

ခုဆို မိုးခင်ဟာ အရင်လို ဆံပင်တိုကပ်၊ ရုပ်အင်္ကျီ အိုးမှာချည်သည့် ကဗျစ်ကညစ်ပုံစံမျိုး မဟုတ်တော့ပါ။

ပခုံးစွန်းကိုကျော်ကာ ရှည်စင်းလာသည့် ဆံပင် အလေးတွေကို အဖျားလေး နှစ်ဖက်ခွေလိတ်ပြီး ဆံပင်ကို ဘေး



www.burmeseclassic.com

www.burmeseclassic.com



နီညိုကလေး ဆိုးထားတာမို့ အသားဖြူသော မိုးခင်ရုပ်က ဘိုကပြား ရုပ်လေး ထွက်လာသည်။ ခန္ဓာကိုယ်လေး ပြည့်တင်းလာတာမို့ အသားအရည်က ပိုပြီး စိုပြေတင်းရင်းလာသည်။ နှာတံချွန်ကလေး နှုတ်ခမ်း မထူမပါးလေးက အလျားရှည်ရှည်လေးနှင့် ဘေးနှစ်ဖက်သို့ ခပ်ကော့ကော့။ မျက်ခုံးထူထူ၊ မျက်ဝန်းအိမ်ကျယ်ကျယ်နှင့် မိုးခင်ရုပ်က သိပ်မြန်မာမဆန် ...။ မျက်နှာထားက ပျော့ပြောင်းမှု မရှိသော်လည်း အဲဒီလို မပျော့ပြောင်းတာကပဲ ဆွဲဆောင်မှုရှိသလို ထက်မြက်သလို တိကျပြတ်သားသလို ဖြစ်နေသည်။

အရပ်မြင့်မြင့် ပခုံးကျယ်ကျယ်၊ ခန္ဓာကိုယ်က မိန်းဆန်ဆန် လုံးအိနေတာမျိုး မဟုတ်ဘဲ မော်ဒယ်ဆန်ဆန် ချပ်ချပ်ရပ်ရပ် ထွားထွားမြင့်မြင့် မိုးခင်ပုံစံက အမြဲသွက်လက်တက်ကြွလင်းလက်တောက်ပကာ အညိုနဲ့တောင် အနေအထားခြင်း ကွာသလို ဖြစ်လာသည်။

အဖိုးတန် အဝတ်အစားတွေချည်း ထည်လဲမဝတ်နိုင်သော မိုးခင်ဟာ အနက်၊ မီးခိုး၊ ကာကီရောင်လို ဘိုဆန်သော ကာလာအမှိုင်းကို ဥရောပစတိုင်လ်လေး အမြဲဝတ်တာမို့ အဝတ်အစားထပ်တာကိုလည်း မသိသာ။ အနက်ဝမ်းဆက်ဝတ်မလား အနက်နဲ့ မီးခိုး တွဲမလား၊ အနက်နဲ့ ကာကီတွဲမလား။ အမျိုးမျိုး တွဲဖက်ဝတ်ဆင်နိုင်သည်လေ။ အနက်ရောင် စကတ် အတို၊ အရှည်





အကျပ်လေးတွေ၊ အနက်ရောင် ကုတ်အင်္ကျီလေးတွေ၊ မီးခိုးရောင် အဖြူရောင် ကာကီရောင် ရှပ်အင်္ကျီလက်ရှည်အကျပ်လေးတွေဖြင့် မိုးခင်ကိုကြည့်လိုက်ရင် အမြဲ စမတ်ကျနေသည်။ ကြိုးသိုင်းဒေါက်မြင့်ဖိနပ်လေး စီးလိုက်ရုံနှင့် မိုးခင်ပုံစံက မြင့်မတ် ထင်းထွက်သွားတတ်သည်ပင် ...။

"ဟဲ့ ... ဘာကြည့်နေတာလဲ ..."

မေးထောက်၍ မော့ကြည့်နေသော အညို့ကို ငုံ့ကြည့်ရင်း မိုးခင်က မေး၏။

"လှလို့၊ အရမ်းလှလာလို့ ..."

"ဟင်း ... ဟင်း ... လှရုံပဲလား၊ မိုက်ရော မိုက်မလာဘူးလား ..."

မိုးခင်က မျက်နှာကို ပတ်ဖ်နှင့် တို့နေရင်းက မျက်စလေးပစ်၍ မထိတရိ မေး၏။

အညိုက မေးထောက်ထားသည့် လက်ကို ဖြုတ်၍ မျက်လုံးကို အပေါ်လှန်ကြည့်ကာ ပုတ်ခတ်ပုတ်ခတ်လုပ်လျက် ညာလက်ချောင်းတွေကို ဘယ်လက်ဖြင့် ထိကာဖိကာ တစ်ချောင်းချင်း ချိုးရင်း ...

"အင်း ... မိုက်ဆို ... တစ်ခု ... နှစ်ခု ... သုံးခု ... လေးခု"

"ဟဲ့ ... ဘာလဲ၊ နင် ဘာတွေရွတ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် … နင် တက်တဲ့ သင်တန်းတွေကို ရေတွက်ကြည့်နေတာပါ၊ စမတ်တကျ နေတတ် စားတတ်အောင် သွားတက်ရတဲ့ မော်ဒယ်သင်တန်းက တစ်ခု၊ ရေကူးသင်တန်းက တစ်ခု၊ တင်းနစ်သင်တန်းက တစ်ခု၊ ကိုယ်ကာယအလှသင်တန်းက တစ်ခု၊ အင်း … အဲ့ဒီလောက် တက်ထားမှတော့ မမိုက်ဘဲနေပါ့မလားလို့၊ ပိုက်ဆံတွေလည်း ခပ်မိုက်မိုက် အကုန်ခံထားရတာကိုးလို့ …"

"အညိုစုတ် … ငါ့ကိုဖွဲ့ပြီ … ကဲ"

"အားလား … နာတယ်ဟ …"

မိုးခင်က အညို့ ပခုံးကို လက်သီးဖြင့် လှမ်းထုလိုက်တာမို့ အညိုက တိမ်းကာယိမ်းကာ ရှောင်ရင်း တဟားဟားရယ်သည်။ မိုးခင်ကို စရတာလည်း ပျော်စရာကောင်းသားမို့ပင်။

"ဘာလဲ … အညို၊ နင်က ငါ့အတွက် ကုန်ရတဲ့ ပိုက်ဆံတွေကို နမြောနေတာလား"

"မနမြောရပါဘူးဟာ၊ နင့်အတွက်ဆို ဘယ်လောက်ကုန်ကုန် ငါရှာသမျှ နင့်ဖို့ချည်းပဲ …"

"နင်က ယောကျ်ားလေးပေမယ့် ချွေတာစုဆောင်းတတ်သားပဲနော်၊ နင့်မှာ စုထားတဲ့ပိုက်ဆံသာ မရှိရင် ငါတို့အိမ်ငှားဖို့တောင် အခက်ပဲ၊ ငါလည်း ငါတက်ချင်တဲ့ သင်





တန်းလေးတွေ တက်ရမှာမဟုတ်ဘူး၊ ဒီတစ်ချက်တော့ အညိုတို့က တော်သွားပြန်ရော …"

မိုးခင်က ဒီလိုပြောတော့ အညိုက ပီတိဖြာသွားရပါသည်။ တကယ်တော့ အဲ့ဒီတုန်းက ဟိုအစ်မဆီက ငါးသိန်းသာ ရမထားခဲ့လျှင် သိပ်အဆင်ပြေလှမှာမဟုတ်ပါ။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ပိုက်ဆံရထားခိုက်မှာ မိုးခင်နဲ့ ယူကြဖို့ အကြောင်းကံ ဖန်လာတာမို့ အဆင်ပြေသွားတာပင် …။ ခုတော့လည်း အညို စုထားဆောင်းထားတဲ့ ပိုက်ဆံလေးတွေရော အညို့မိဘတွေ ဆင်ထားပေးတဲ့ လက်စွပ်ကလေးရော မိုးခင်ရဲ့ သင်တန်းစရိတ်အတွက် ကုန်ခဲ့ပါပြီ …။

မိုးခင်နဲ့ လက်ထပ်ပြီး မကြာခင်မှာပဲ အညိုက ဟိုတယ်ဝန်ထမ်း အလုပ်ကနေထွက်ပြီး နိုင်ငံခြားသား အများစုသာရောက်စားသောက်တတ်တဲ့ အဆင့်မြင့်စားသောက်ဆိုင်ကြီး တစ်ဆိုင်မှာ စားပွဲထိုးအလုပ် ဝင်လုပ်ခဲ့ပါသည်။

ထိုဆိုင်ကို လာရောက်စားသောက်သူများဟာ စည်းကမ်းမဲ့ မူးရူးရိုင်းပျတာမျိုးလည်း မရှိပါ။ အညိုတို့ ဝန်ထမ်းတွေဟာ စတိုင်လ်ဘောင်းဘီအနက်၊ ရှပ်လက်ရှည်အဖြူပေါ်မှာ ဝေ့စ်ကုတ်လက်ပြတ်လေးတွေ ထပ်ဝတ်လျက်၊ ရှူးဖိနပ် မည်းပြောင်ပြောင်လေးစီးကာ စမတ်တကျ ဝတ်စားပြီး အလုပ်လုပ်ရတာပင်။

www.burmeseclassic.com



နိုင်ငံခြားသားပိုင်သော ဆိုင်မို့ လခကို ဒေါ်လာနှင့်ရကာ အင်... ဆုကြေးငွေကလည်း မဆိုးပါ။ အညိုက အင်္ဂလိပ်စကားပြော... ကျွမ်းကျင်သူမို့ နိုင်ငံခြားသား ဧည့်သည်တွေနှင့်လည်း ပြော... ဆိုရ အဆင်ပြေပါသည်။

"အညို ... တကယ်တော့ ငါ့အိပ်မက်က အဲ့ဒီလိုမျိုး ... လား၊ အဲ့ဒီလို သင်တန်းတွေတက်ပြီး အလုပ်တွေလုပ်ရင်း... ထက်မြက်တဲ့ မိန်းမတစ်ယောက်အဖြစ် စမတ်တကျနေချင်... တာ၊ ငါ့အဖေကို ငါ အရွဲ့တိုက်ပြီး စာမကျက်ခဲ့လို့သာ... ၁၀ တန်း တဘုန်းဘုန်းကျနေခဲ့တာ၊ စာပြန်လေ့လာတော့... ငါ့ကိုယ်ငါ ဘရိုက်ဖြစ်မှန်း သိတာ"

"နင် ဉာဏ်ကောင်းတာတော့ ငါ တကယ် လက်ဖျား... တယ်၊ ဆယ်တန်းဖြေခါနီး သုံးလလောက်အလိုမှ ကပ်... စာပြန်လေ့လာလိုက်ရုံနဲ့ စာမေးပွဲလည်းအောင်၊ သင်တန်း... က စစ်တဲ့ စာမေးပွဲတွေလည်း အောင် ..."

"အဟင်း ... ဟင်း ... သိတယ်မဟုတ်လား၊ မိုးခင်ခင်လေ"

မိုးခင် မျက်စိလေးချီပြီး မထိတရိ ပြောပုံလေး... ချစ်စရာကောင်းလှပါသည်။ သူသွေးပေးသော မိုးခင်ဆိုတဲ့ ကျော... ရိုင်းတုံးကလေးဟာ တသွေးတမွေး ဖြစ်စပြုပြီ ...။ ဒါဟာလည်း... မိုးခင်ရဲ့ ကိုယ်ပိုင်အရည်အချင်းကြောင့်ပါဟု မိုးခင်ကိုသာ အညို... က ချီးကျူးအမွှန်းတင်လိုသည်။





"ငါ အခုတက်နေတဲ့ အတွင်းရေးမှူးသင်တန်းမှာလည်း ငါ အထူးချွန်ဆုံးပဲ၊ ကွန်ပျူတာတို့၊ စာရင်းကိုင်တို့ သင်ရတာလည်း ငါ့အတွက် မခက်ပါဘူး၊ ဒီသင်တန်းပြီးရင်တော့ ငါ အလုပ်ဝင်လုပ်တော့မှာ၊ အလုပ်လုပ်ရင်း စီးပွားရေးလုပ်ငန်းတွေအကြောင်း လေ့လာမယ်၊ စီးပွားရေးပညာရှင်ကြီးဖြစ်အောင် ကြိုးစားမယ် ... သိလား၊ ငါ ဒီလို ဆင်းဆင်းရဲရဲ ဘဝမျိုးမှာ အမြဲမနေနိုင်ဘူး၊ အညို ... ငါ့ဆံပင်အခွေလေးတွေ နောက်ဘက်က သပ်ရပ်ရဲ့လား ... ကြည့်ပေးဦး"

"အေး ...၊ နေဦး ... နည်းနည်းပွနေတယ်၊ ပေး ... ဘီး"

"ရော့ ... သေချာလုပ်နော်"

"အေးပါ ... ငါလုပ်တတ်ပါတယ်"

အညိုက မိုးခင် လှမ်းပေးသည့် ဘီးကိုယူကာ မိုးခင်ဆံကုပ်ပေါ်က ဆံပင်လေးတချို့ အစထွက်နေတာကို သေချာသပ်ရပ်အောင် ဖြီးပေးလိုက်သည်။

"အိုကေ ... သပ်ရပ်သွားပြီ"

"အွန်း၊ thank you ..."

မိုးခင်က မှန်ရှေ့မှာ ခေါင်းလေးကို ဘယ်ညာစောင်းသည့်ကာ ကြည့်နေရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အညို ... နင်လည်း ဒီလိုချည်း မနေနဲ့ဦး"

"အင် ... ဘာကိုလဲ"

"စားပွဲထိုးချည်း လုပ်မနေဖို့ပြောတာ၊ ဒီအလုပ်လောက်နဲ့ ရောင့်ရဲပျော်ရွှင်မနေနဲ့၊ သင်တန်းလေး ဘာလေး တက်ပြီး တခြား ဂုဏ်ရှိတဲ့ အလုပ်မျိုးလုပ်ဖို့ စဉ်းစား ..."

မိုးခင် စကားက အညို့ရင်ကို နင့်စေပါသည်။ ငါ့ အလုပ်ကို ဂုဏ်မရှိဘူးလို့ ယူဆတာလား။ ငါက ဘဝတက်လမ်း မရှာချင်သူလို့ နင် မှတ်ယူတာလား မိုးခင်ရယ်။ ငါ သင်တန်း တက်ဖို့ စုထားတဲ့ ပိုက်ဆံတွေကို နင့်အတွက် ပုံအောပေးလိုက် ရတာလေ ...။ နင်ရော ငါရော နှစ်ယောက်လုံးအတွက် ထ လောက်တဲ့ သင်တန်းကြေးမှ မရှိဘဲ။

"ဟဲ့ ... ငါပြောတာ ကြားလား"

"ဩော် ... အေး ... ကြားပါတယ်"

"နင် ပေါ့ပေါ့နေ ပေါ့ပေါ့စား လုပ်မနေနဲ့၊ နင် ဒီလိုနေ မျိုးနဲ့ ဘယ်လိုကြီးပွားမလဲ၊ သင်တန်းတစ်ခုခု တက်ပါ လည်း ခုထိ တက်တော်မမူသေးဘူး"

"ဟဲဟဲ ... ပျင်းလို့ပါ မိုးခင်ရာ"

"ဘာ ..."

"သင်တန်းတက်၊ စာကျက်ရမှာ ပျင်းလွန်းလို့၊ ပြီးတော့





ငါက နင့်လို ဉာဏ်မကောင်းဘူးဟ၊ ဟဲဟဲ ... ဒီအတိုင်း လေးပဲ ကောင်းပါတယ်ဟာ ..."

"ငပျင်းကြီး၊ အဲ့ဒီလို စိတ်ဓာတ်မျိုးနဲ့ဆို နင် ဘယ်တော့မှ မကြီးပွားဘူး၊ ဟယ် ... ကြည့်စမ်း ... ငါဆိုးနေကျ နှုတ် ခမ်းနီလေးတောင် ကုန်နေပြီ"

မိုးခင်က အညို့ကို လှမ်းပြောနေရင်းက နှုတ်ခမ်းနီ ဘူးလေး တစ်ဘူးကို ဖွင့်ကြည့်ရင်း စိတ်ပျက်လက်ပျက် ရေရွတ် လိုက်သည်။

"ရယ်ဗလွန် နံပါတ် 240၊ ဝယ်ထားအသင့်၊ အံဆွဲညာဘက် ထောင့်မှာရှိ၊ အိုခေလား ... အိုခေရင် အကြောင်းပြန်"

အညိုကအသံပြတ်ဖြင့် (စစ်သားလေသံဖြင့်) အော် လိုက်သည်။ မိုးခင်က မှန်တင်ခုံ အံဆွဲထောင့်က နှုတ်ခမ်းနီတောင့် လေးကို နှိုက်ယူရင်းပြုံးလျက် ...

"အိုခေပါကြောင်း ...၊ မောင်စည်သူညို အလိုက်သိလှပါ ကြောင်း ..."

ဟု ပြောပြီး နှုတ်ခမ်းနီဘူးကလေးဖွင့်ကာ ဆိုးလိုက် သည်။

မိုးခင် နှုတ်ခမ်းနီဆိုးနေတာကို အညိုက ပြုံးလျက် ကြည့်နေသည်။ နှုတ်ခမ်းနီ ဆိုးပြီးသည်နှင့် ...

www.burmeseclassic.com



"မောင်စည်သူညို ..."

"ရှိ ..."

"မျက်တောင်ကော့ရန် အသင့်ဖြစ်ပြီလား"

"ဖြစ် ..."

အညိုကထိုင်ခုံကို မိုးခင်ရှေ့သို့ မရွှေ့ကာ မိုးခင်နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ထိုင်လိုက်ပါသည်။

ဒါကတော့ အညို့ရဲ့ ပြုနေကျ ဝတ္တရားတစ်ခုပါပင်။ မိုးခင်ဟာ အလှပြင်တတ်လာပေမယ့် မက်စ်ကာရာဖြင့် မျက်တောင် မကော့တတ်။ ဘယ်လိုသင်သင် မတတ်။ ထို့ကြောင့် အညိုကပဲ အလှပြင်နည်း စာအုပ်တွေဖတ်ကာ မိုးခင်ကို မျက်တောင်ကော့ ပေးရမြဲပင် ...။

"မက်စ်ကာရာ ပေးလေ မိုးခင် ..."

"ရော့ ... ဒီမှာ၊ သိပ်အများကြီး မသုံးနဲ့နော်"

"အေးပါ ...၊ ဒါလေးက ငါ သေချာမေးပြီး ဝယ်ထား တာပါ၊ ဆေးနည်းနည်းသုံးရုံနဲ့ မူရင်း မျက်တောင်ကို သုံးဆပိုရှည်လာစေတယ်တဲ့၊ မျက်တောင်လေး ကော့ထား လိုက်ရင် နင့်မျက်လုံးက ပိုပြီး ဆွဲဆောင်မှုရှိတယ်"

အညိုက မက်စ်ကာရာ အတံကလေးဖြင့် မိုးခင်ရဲ့ မျက်တောင်လေးတွေကို စိတ်ရှည်လက်ရှည် ဖြည်းဖြည်းလေး ကော့ ပေးနေပါသည်။





"ငါလည်း ဒီ မျက်တောင်ကော့တာတစ်ခုတော့ ဘယ်လိုမှ ကြိုးစားလို့မရဘူး၊ နင်လုပ်ပေးမှ အဆင်ပြေတာ ..."

"နင် မလုပ်တတ်တာ နောက်တစ်ခု ရှိသေးတယ်လေ၊ စကတ်တို့ အင်္ကျီတို့ နောက်ဇစ်ပါရင် ငါပဲဆွဲပေးနေရတာ"

"အေး ... အဲ့ဒါတော့ ဟုတ်တယ်"

"အိုခေ ... ပြီးပါပြီ"

အညိုက မက်စ်ကာရာ အတံလေးကို ဘူးထဲပြန် ထည့်ရင်း ပြောလိုက်တော့ မိုးခင်က မှန်ဘက်ကို မျက်နှာတည့် တည့်ကြည့်လိုက်သည်။

"အိုခေလား ..."

"အိုခေ ...၊ ကဲ ... ငါအဝတ်အစား လဲလိုက်ဦးမယ်၊ ငါ ဒီနေ့ အိမ်မှာ ထမင်းမစားဘူးနော်၊ ငါ့ကို ထမင်းဘူးပဲ ထည့်ပေးလိုက်"

"အေးပါ၊ နင့်ထမင်းဘူးအတွက် ငါးသလောက်ဥ ဝယ် လာပါတယ်"

"ကြော်ပြီးပြီလား ..."

"ဟာ ... အေး ... ဟုတ်သား၊ ဟီးဟီး ... နင့်လာမော့ငေး နေမိတာနဲ့ ကြော်ဖို့မေ့နေတာ"

"လုပ်ပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါဟာ၊ ငါးသလောက်ဥက ကြော်လိုက်ရင် ခဏလေးပါ၊ နင် ခဏလေးပဲစောင့် ..."

"ပြီးရော၊ ငါ စာကျက်ရင်း စောင့်နေမယ်"

"နင် ညနေစာတော့ ငါနဲ့အတူတူ ပြန်စားမှာမဟုတ်လား"

"အေး ..."

"ဒါဆို ညနေစာအတွက် နင်ကြိုက်တဲ့ ငါးပုဏ္ဏားကြော်ချက်လေး ချက်ထားလိုက်မယ်"

"အွန်း ..."

မိုးခင်က တစ်ဖက်လိုက်ကာနောက်မှာ ကွယ်ကာ စကတ်လဲနေရင်းက အညို့ရှေ့ ထွက်လာကာ ...

"ငါ့ကို ဇစ်ဆွဲပေးသွားဦး ..."

"အေး၊ လာလေ ..."

မိုးခင်က အညို့ဘက်ကို ကျောခိုင်း၍ရပ်လိုက်တော့ အညိုက မိုးခင်ရဲ့ ဒူးဖုံးရုံလေးသာရှည်သည့် စကတ်အနက်အကျပ်လေးရဲ့ နောက်ဇစ်ကို ဆွဲပိတ်ပေးလိုက်ရင်း ...

"မိုးခင် ..."

"အင် ..."

"နင့်သင်တန်းက ဒီနေ့တစ်ရက် နားလို့မရဘူးလား"

"ဘာလို့လဲ ..."





"ဒီနေ့ ငါ့ နားရက်ဆိုတော့ တစ်နေ့လုံး အားတယ်လေ၊ နင်လည်း အားရင် ငါနဲ့အတူ ချက်ပြုတ်စားသောက် လည်ပတ်သွားလာလို့ ရတာပေါ့ ..."

"အားအားယားယား ပျော်ပါးလည်ပတ်နေဖို့ အချိန်မရှိပါဘူး၊ ငါ့တက်လမ်းအတွက် ငါ့သင်တန်းတွေက အရေးကြီးတယ်၊ အချိန်ရှိခိုက် လုံ့လစိုက်တဲ့ ... မကြားဖူးဘူးလား"

"လုံ့လစိုက်တာလည်း စိုက်၊ ပျော်သင့်သလောက်လည်း ပျော်တာ မကောင်းဘူးလား"

"မကောင်းဘူး၊ ကဲ ... အညို ... သွားတော့ဟာ၊ ငါ့ဖို့ ထမင်းဘူး ပြင်တော့ ..."

"အေးပါ ... အေးပါ"

အညိုက ခေါင်းညိတ်ကာ ညိတ်ကာဖြင့် မိုးခင်နားက ထွက်ခွာလျက် မီးဖိုချောင်ထဲသို့ခပ်သွက်သွက်ဝင်ကာ ငါးသလောက်ဥကြော်ဖို့ ပြင်ဆင်လိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

❖ ❖ ❖

"ငါးပုဏ္ဏားလေးက ချိုဆိမ့်နေတာပဲ၊ ဝွတ်ရှယ်ပဲကွာ"

အညိုသည် ကိုယ့်ဘာသာ ညနေစာ ပြင်ဆင်ရှုးခပ်ရင်း တစ်ယောက်တည်း ရေရွတ်သဘောကျကာနေသည်။

တစ်နေ့လုံး တစ်ယောက်တည်း အိမ်ရှင်း၊ အဝတ်လျှော်၊ ချက်ပြုတ်ပြီး မိုးခင် ပြန်လာခါနီးမှ ရေမိုးချိုး အဝတ်အစားလဲကာ ထမင်းပွဲအသင့် ပြင်နေခြင်းပင်။

မိုးခင်က ညနေ ၆ နာရီခွဲထက် နောက်မကျဘဲ အိမ်ပြန်ရောက်နေကျ။ အိမ်ရောက်လျှင်လည်း ရေတောင်မချိုးတော့ဘဲ ဗိုက်ဆာတယ်ဟု ကြွေးကြော်ကာ ထမင်းဝိုင်းမှာ တန်းထိုင်စားတတ်တာမို့ အညိုက အသင့်ပြင်ဆင်ထားရခြင်းပါ။

"အညိုရေ... ထမင်းစားပြီးပြီလား"





ဒေါ်ပိုက အိမ်ရှေ့ကနေ ဖြတ်လျှောက်ရင်း လှမ်းမေးနှုတ်ဆက်သွားသည်။

"မစားရသေးဘူး ဒေါ်ပိုရေ၊ မိန်းမ ပြန်လာမှ လက်ဆုံစားမလို့ စောင့်နေတာ..."

အညိုက ဒေါ်ပို့အမေးကို ဖြေလိုက်ရင်း နာရီတစ်ချက်ကြည့်မိတော့ ၆ နာရီခွဲကို နည်းနည်းတောင် ကျော်နေပြီ။

အညိုက လမ်းမဘက်သို့ လည်ပင်းကလေးရှည်မြင့်ကာ မျှော်ငေးဆဲမှာ အညို့ဖုန်းမြည်သံကို ကြားရသည်။

မိုးခင်ဆီကဖုန်းမို့ အညိုက ဝမ်းသာအားရ ကောက်ကိုင်လိုက်သည်။

"မိုးခင်... ဒီမှာတော့ အိုကေ ရယ်ဒီပဲနော်၊ နင် ပြန်လာနေပြီလား..."

"ငါ ပြန်လာလို့ မရသေးဘူး အညို"

"ဘာလို့..."

"ဒီနေ့ ငါတို့သင်တန်းက သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့လေ၊ သူက ၉ မိုင်မှာနေတာ၊ မွေးနေ့ပွဲကို သူ့ခြံထဲမှာ လုပ်မှာမို့လို့ ငါတို့သူငယ်ချင်းတွေအားလုံး လိုက်သွားမှာ၊ ငါ ဒီညနေ နင်နဲ့ ထမင်းအတူပြန်မစားနိုင်တော့ဘူး၊ ငါ့ကို ထမင်းစား မစောင့်နဲ့တော့..."



www.burmeseclassic.com

www.burmeseclassic.com



အညိုက ရင်ထဲဟာကာ သက်ပြင်းချမိသော်လည်း

"နင် မစားဘူးဆိုတော့ ငါ နှစ်ယောက်စာ စားရတာပေါ့၊ အေးဆေးသွားလေ၊ အပြန်မိုးချုပ်မှာ မဟုတ်လား၊ ငါလာကြိုလိုက်မယ်လေ ..."

"မကြိုနဲ့ ... နေပစေ"

"ဟာ ... မကြိုလို့မဖြစ်ဘူး၊ ၉ မိုင်ဘက်ဆို ခြံကျယ်ဝန်းကျယ်တွေနဲ့ပဲ ဖြစ်မှာ၊ လမ်းမအထိဆို အဝေးကြီးပြန်ထွက်ရမှာ၊ နင်တစ်ယောက်တည်း ဘယ်ဖြစ်မလဲ ..."

"ငါ့ကို ငါ့ပတ်ဝန်းကျင်က လူတွေအားလုံးက အပျိုလို့ပဲ ထင်ထားကြတာ ..."

မိုးခင် ပြောတော့မှ အညိုက မိုးခင်ရဲ့ လက်ရှိအခြေအနေကို ပြန်သတိရကာ ငြိမ်သက်သွားမိသည်။ မိုးခင်ရဲ့ ပတ်ဝန်းကျင်မှာတော့ မိုးခင်ဟာ အပျို ...။

"အလုပ်တော်တော်များများကလည်း အပျိုဆိုမှ ခန့်ချင်ကြတာဆိုတော့ ငါ့တက်လမ်းအတွက် ငါ့ဘဝကို ဖုံးကွယ်ထားချင်သေးတယ် အညို ..."

ဟူသော မိုးခင်ရဲ့ စကားကို အညိုကိုယ်တိုင် လက်ခံကြည်ဖြူ သဘောတူထားခဲ့သည်ပဲ မဟုတ်လား။

"သြော် ... အေး ... ငါမေ့နေလို့ဟ၊ ဒါဆို ဒီလိုလုပ်လေ





မိုးခင်၊ ငါ ခြံပြင်ကပဲ စောင့်နေလိုက်မယ်၊ နင်ပြီးတဲ့အချိန်ထွက်လာပေါ့၊ သူများတွေ သတိထားမိလည်း အစ်ကိုဝမ်းကွဲတို့ ဘာတို့ ပြောလို့ရတာပဲ ..."

"အင်းလေ ... အဲ့ဒါဆိုလည်း လာပေါ့၊ ၉ နာရီလောက်ရောက်ရင် ရတယ်၊ ပြီးရင် ငါထွက်လာခဲ့မယ်"

"အိုခေ ... အေးဆေးနော်၊ ဘယ်လောက်ကြာကြာ ငါစောင့်မယ်"

အညိုက ဖုန်းချပြီးနောက် တစ်ယောက်တည်း စိတ်မပါ လက်မပါ ထမင်းထိုင်စားဖြစ်သည်။

သူထမင်းစားပြီး ပန်းကန်ခွက်ယောက်တွေ ဆေးနေဆဲ ...

"အညိုရေ ..."

"ဟာ ... ဇော်ကြီး"

ဇော်ကြီးက ပြုံးပြုံးကြီး အိမ်ပေါ်တက်လာတာမို့ အညိုက ဝမ်းသာစွာ ကြိုဆိုလိုက်သည်။

"လာ ... ဟေ့ကောင်၊ မင်း ဘယ်ကလှည့်လာလဲ"

ဇော်ကြီးက အညိုနှင့် မျက်နှာချင်းဆိုင် စားပွဲပုလေးနားမှာ ဝင်ထိုင်လိုက်ရင်း အိမ်ထဲဘက်သို့ လှမ်းကြည့်လျက် ...

"မင်းတို့ ဟိုဘက်လမ်းမှာ ငါဦးလေးတစ်ယောက် နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ အမေ ပို့ခိုင်းလိုက်တဲ့ ပစ္စည်းလေး လာပို့ရင်း မင်းဆီ လှည့်ဝင်လာတာ၊ ဒါနဲ့ မင်းမိန်းမရော ...”

“သင်တန်း သွားတက်တယ်လေကွာ ...”

“မိုးခင် တက်နေတဲ့ သင်တန်းတွေက ခုထိမပြီးသေးဘူးလား”

“တစ်ခုပြီးတစ်ခုပေါ့ကွာ၊ အလုပ်လုပ်ဖို့ လိုတာလေးတွေ လျှောက်တက်နေတာ၊ မိုးခင်က ဉာဏ်တော့ ကောင်းသားကွ၊ လူကလည်း အရင်နဲ့မတူတော့ဘူး ဟော့ကောင်ရေ... လှမှလှ ...”

“တွေ့ပါတယ် ...”

“ဘယ်တုန်းက တွေ့လဲ ...”

“ဟိုတလောက လှည်းတန်းဘက်သွားရင်း လှမ်းမြင်လိုက်တာ၊ သူ့သူငယ်ချင်း ကောင်မလေးတွေနဲ့ ဝက်သားတုတ်ထိုး ထိုင်စားနေတာ၊ ပုံစံက လုံးဝအလန်းပဲ၊ အပျိုရှုံးတယ် မင်း သူ့လွှတ်မထားနဲ့ဦး၊ မိုးခင်က အလန်း၊ မင်းကအနွမ်း ဖြစ်နေတာ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး”

“ငါက ယောကျ်ားလေးကွ၊ အရေးမကြီးဘူး၊ မိုးခင် လှနေ လန်းနေရင် ပြီးတာပဲ၊ မိုးခင်က အရင်လို ရန်ဖြစ်တာမျိုး အော်ကျယ်အော်ကျယ် စကားပြောတာမျိုး မရှိတော့ မိန်းမ





ပီသပြီး အရမ်းဆွဲဆောင်မှုရှိလာတာ ဟော့ကောင်ရေ၊ စမတ်တကျနေတတ်လိုက်ပုံများ မသိရင် ကုမ္ပဏီပိုင်ရှင်လား အထင်မှားလောက်တယ်”

“ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာလေး နည်းနည်းလျော့ကွာ”

“ဟဲဟဲ ... ငါ့ငါးချဉ်မို့ ချဉ်တယ်ပြောတာမဟုတ်ဘူး၊ မူရင်း ငါးချဉ်လေးကိုက သူ့ဟာသူ ချဉ်ချဉ်လေး ဖြစ်ပြီးသား”

အညိုက ရယ်မောရင်း အအေးတစ်ခွက် ထဖျော်ပြီး ဇော်ကြီးရှေ့မှာ ချပေးလိုက်သည်။

“အိမ်မှာ ရေခဲသေတ္တာမရှိလို့ ရေနဲ့ဖျော်လာတယ်၊ မအေးပေမယ့် ချိုမှာပါ၊ သောက်လိုက်ဦး အမောပြေ ...”

ဇော်ကြီးက အအေးခွက်ကို မော့သောက်လိုက်ပြီး ...

“မင်းတို့ အဆင်ပြေကြရဲ့လားလို့ ဦးထူးက ငါ့ကိုတွေ့တိုင်း မေးတယ်ကွ၊ မင့်လေးလေးက မင်းအပေါ် သံယောဇဉ်ရှိရှာတယ်”

“အေးကွာ ... ငါလည်း လေးလေးကိုအားနာပါတယ်၊ မျက်နှာလည်းပူတယ်၊ လေးလေးနဲ့ တွေ့ချင်ပေမယ့် ဒေါ်လေးကို မျက်နှာမပြရဲတာနဲ့ ဒီအတိုင်း မဆက်သွယ်ဘဲ နေလိုက်တာ”

“မင်းကတော့နော် မိုးခင် တစ်ယောက်အတွက် အားလုံးကို စွန့်တော့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



အညိုက တုံ့ပြန်စရာ စကားမရှိတာမို့ ငြိမ်နေလိုက်မိသည်။ ဇော်ကြီးပြောတာလည်း မှားမှမမှားပဲလေ။

သူစိတ်လက်ပေါ့ပါးစွာဖြင့် ဇော်ကြီးနှင့်အတူ စကားထိုင်ပြောဖြစ်သည်။

ဇော်ကြီးပြန်သွားတော့ ည ၇ နာရီ ထိုးပြီမို့ အခြေရမိုးချုပ် အဝတ်အစားလဲကာ မိုးခင်ကို ကြိုဖို့ အိမ်မှထွက်လာပါသည်။

■ ■ ■



(၁၅)

❖ ❖ ❖

အညို့ရှေ့ လမ်းသွယ်လေးထဲသို့ ကားတွေတစ်စီးပြီးတစ်စီး ချိုးကွေ့ဝင်လာနေသည်။ ကားတွေကလည်း အကောင်းစား အပျံစားချည်း ...။

မလှမ်းမကမ်းက ခြံဝန်းကျယ်ထဲမှာလည်း မီးရောင်စုံတွေ လုပစွာ လင်းဖြာလျက် ဂီသံတွေလည်း ပတ်ဝန်းကျင်သို့ ပျံ့နေသည်။ တစ်ချက် တစ်ချက်မှာ လက်ခုပ်သံတွေ ရယ်မောသံတွေက ခြံပြင်သို့ ခပ်သဲ့သဲ့ လွင့်လာသည်။

အညိုသည် ထိုခြံရဲ့ မျက်စောင်းထိုးက သစ်ပင်အစ်ပင်အောက်မှာ ရပ်လျက် ထိုခြံဘက်သို့ လှမ်းမျှော်ကြည့်နေသည်။

အညိုရပ်နေသော နေရာလေးက သစ်ပင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ကျနေတာမို့ အညို့ကို အလွယ်တကူ လှမ်းမမြင်နိုင်ပါ။ အညိုက ထိုနေရာလေးမှာ ရပ်နေရင်းက ညောင်းလာပြီမို့ သစ်ပင် ခြေရင်းက အုတ်ခဲလေးတွေပေါ်မှာ ထိုင်လိုက်သည်။

အညို့မျက်နှာက ကြည်လင်သော ပီတိမျက်နှာ ဒီလိုနေရာ၊ ဒီလိုပတ်ဝန်းကျင်ကို ဝင်ဆန့်ခြေချနိုင်တဲ့ မိုးခင် အတွက် ကျေနပ်ကြည်နူးသော မျက်နှာ။

မိုးခင်ဘဝလေး ဒီလိုအခြေမြင့်လာဖို့ သူ အသေးစိတ် ဂရုစိုက်ခဲ့ရသော အချိန်တွေကို ပြန်တွေးမိတော့ ဟက်ခနဲ တစ် ချက်တောင် ရယ်လိုက်မိသည်။

မိုးခင်က လမ်းလျှောက်ရင် ခြေဆောင့်နင်းတတ် သူမို့ ...

"မိုးခင် ... အဲ့ဒီလို ခြေလှမ်းကြမ်းရင် ဆင်းရဲတတ်တယ် ဆိုတာ မကြားဖူးဘူးလား၊ ခြေလှမ်းလှမ်းရင် ဖနောင့် မချနဲ့၊ ခြေဖျားနဲ့ ဖွဖွလေးချ၊ ကြမ်းပြင်ပေါ် ဖနောင့်နဲ့ တော့ ဒုန်းခနဲအသံမြည်တာ ရှက်စရာကြီး၊ နင်ပဲ အဆင့် မြင့်မြင့် နေချင်တယ်ဆို ...၊ အဆင့်မြင့်တဲ့သူက ခြေလှမ်း မကြမ်းတမ်းဘူး"

ဟု အညိုက အခါခါ သွန်သင်ခဲ့ရသည်။ အညို့ညီမ လေးကို အမေ ဒီလိုပဲ သွန်သင်တတ်တာမို့ အညိုက မိုးခင်ကို သွန်သင်ဆုံးမတတ်နေသည်။





မိုးခင်က အညို့စကားကို မနာခံလျှင် ကြမ်းကြားထဲ မှာ နေကြာစေ့အခွံတွေ ထောင်ထားကာ မိုးခင် ဖနောင့်ကို စူး အောင် လုပ်သည်။ ခြေထောက်စူးသွားလျှင် မိုးခင်က မှတ်သွား သည်။ နောက်ကို ခြေထောက်ကို ဆောင့်မချရဲ ...။

စကားကို အသံကျယ်ကျယ်ဖြင့် စိတ်လိုက်မာန်ပါ ပြောတဲ့အခါတိုင်းလည်း အညိုက သတိပေးရသည်။

"နင့် ... ဗော်လ်လျူးကို လျှော့ဦး မိုးခင်၊ နင် အဲ့ဒီလို အော်ကျယ်အော်ကျယ် ပြောနေတော့ ရပ်ကွက်ထဲမှာ ရန်ဖြစ် စကားများနေတဲ့ စရိုက်ကြမ်းကြမ်း မိန်းမတွေနဲ့တူနေမှာ ပေါ့"

အညို အဲ့ဒီလိုတွေ စောင့်ပြောပါများတော့ မိုးခင်က ဖြည်းဖြည်း ပြောင်းလဲလာသည်။

"မိန်းကလေးဖြစ်ပြီး ဆံပင်ကို အဲ့ဒီလောက် တိုကပ်နေ အောင် ထားတာ လုံးဝကြည့်မကောင်းဘူး၊ ဒီတစ်ခါရှည် ရင် မညှပ်နဲ့တော့၊ ငါ ဗျူတီဆလွန်းကို ခေါ်သွားမယ်၊ လှလှလေး ပြင်ရအောင်"

မိုးခင် ဆံပင်ရှည်လာတော့ အညိုက တကယ်ပဲ ဗျူတီဆလွန်းကို ခေါ်သွားကာ ဆံပင်ပုံ ပြောင်းစေခဲ့တာပင်။

နောက်ပိုင်းမှာတော့ အညို စောင့်ပြောစရာမလိုအ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ပြင်တတ် ဆင်တတ် ဖြစ်လာကာ စမတ်တကျလေး နေတတ် ထိုင်တတ်ဖြစ်သွားသည်။

ခုတော့ မိုးခင်ဟာ မိုးခင်ခင်အသစ် ...။ အရင်ဘဝနဲ့မတူခြားနားသော မိုးခင်ခင်အသစ်အဖြစ် တောက်ပြောင် ဝင်ဆန်းလာခဲ့သည်။

အညိုက မီးရောင်စုံတွေ လင်းနေသော ခြံကျယ်ကြီးဘက်သို့ ငေးမျှော်နေဆဲမှာ အညို့ခေါင်းပေါ်သို့ ဘာမှန်းမသိသည့် အစအနတချို့ ဖွဲခနဲ ပြုတ်ကျလာသည်။

"ဟာ ... ခရေတွေ ..."

ခရေပန်းတွေမှန်း သိလိုက်ရတာမို့ အညိုက မျှော်သွားကာ သူ့နောက်က သစ်ပင်ကို သေချာမော့ကြည့်မိတော့ ဒါဟာ ခရေပင်။

ထိုခဏမှာ လေတစ်ချက်ဆော့တိုက်လိုက်တာမို့ ခရေပန်းရနံ့က သင်းပျံ့လာသည်။

ခရေ ...
မိုးခင် နှစ်သက်ခဲ့တဲ့ ခရေ ...
မိုးခင် သနားတဲ့ ခရေ ...
မိုးခင် အမြင့်မှာထားချင်တဲ့ ခရေ ...
အိပ်ရာခင်း ဖြူဖြူပေါ်မှာ ဒီခရေပန်းလေးတွေ ပြန့်





ကြဲမွှေးရီနေခဲ့သော ညတစ်ညကို သတိရတော့ အညို့ရင်ခုန်သံတွေ ပြန်လည်လတ်ဆတ်လာရသည်။

သူတို့နှစ်ယောက်ရဲ့ မင်္ဂလာဦးညက မခမ်းနားခဲ့သော်လည်း နှစ်ယောက်အိပ် လဲမွှို့မွှေ့ရာ ကျစ်ကျစ် ပြန့်ပြန့်လေးကို ဖွေးဆွတ်သော အိပ်ရာခင်းကလေးဖြင့် အညိုကိုယ်တိုင် ခင်းကာ သပ်ရပ်သန့်ရှင်းစွာ ပြင်ဆင်ပေးခဲ့သည်။

ပြီးတော့ ... ထိုအိပ်ရာပေါ်မှာ လန်းဆန်းမွှေးပျံ့သော ခရေပန်းတွေကို ကြဲချပေးထားခဲ့သည်။

ခရေပန်းနံ့ သင်းသင်းကလေးကို ရှူရှိုက်ရင်း မိုးခင်ကို ရင်ခွင်မှာပွေ့ကာ အိပ်ခွင့်ရခဲ့သော ထိုညလေးအကြောင်း ပြန်တွေးတိုင်း သူ ရင်ခုန်ရသည်၊ ကြည်နူးရသည်။ လတ်ဆတ်သော ရင်ခုန်သံကို ပြန်လည်နားဆင်ရပါသည်။

အညိုက ခရေမွှေးသော ညကို ပြန်သတိရရင်း ကိုယ့်အနားကို တဖြုတ်ဖြုတ် ကြွေလာသည့် ခရေပန်းအကြွေလေးတွေကို လိုက်ကောက်နေမိဆဲ ...

"အညို ..."

နောက်နားက ခေါ်သံကြောင့် အညို လှည့်ကြည့်တော့ မိုးခင်က မီးရောင်တွေကို ကျောပေးကာ သူ့ကို ရပ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးခင် ... ပြီးပြီလား"

"ပြီးတော့ မပြီးသေးဘူး၊ ငါ စောစောပြန်ထွက်လာခဲ့တာ"

"ငါ့ကို အားနာလို့လား၊ ရတယ်နော်၊ ငါက အေးဆေး၊ ဘယ်လောက် စောင့်ရစောင့်ရ ဖြစ်တယ်"

"အဟင်း ..."

မိုးခင်က အသံကလေးထွက်အောင် ရယ်လိုက်ရင်း

"နင့်များ အားနာစရာလား၊ သူတို့က လာကြိုတဲ့ ကားတွေနဲ့ ပြန်မှာမို့လို့ ငါ ဒီလမ်းထဲက လမ်းလျှောက်ထွက်မှာကို မြင်မှာစိုးလို့ ခပ်စောစော ထွက်လာခဲ့တာ၊ လာ ... သွားမယ်"

"နေဦးဟ ... ဒီမှာ ခရေတွေ အများကြီး ကြွေနေတာ"

"ဟင် ... ဟုတ်လား၊ ဟယ် ... ဒါ ခရေပင်ကြီးပဲ၊ များများလေး ကောက်နော် အညို၊ ငါလည်း ဝိုင်းကူကောက်မယ်"

မိုးခင်က ဆောင့်ကြောင့်လေးထိုင်ချကာ မှုန်ပျပျ အလင်းရောင်ကို အားပြုရင်း ခရေပွင့်ကလေးတွေကို ကောက်လိုက်သည်။

နှစ်ယောက်သား ပန်းလက်တစ်ဆုပ်စာလောက်ရအောင် ကောက်ပြီးမှ လမ်းမဘက်သို့ အတူလျှောက်ထွက်လာခဲ့ကြသည်။





လမ်းလျှောက်လာရင်း အညိုက မိုးခင်နှင့် ပခုံးချင်းတိုက်လိုက်ရင်း ...

"မိုးခင် ... မိုက်တယ်ဟ ..."

"ဘာကိုလဲ ..."

"ဒီလိုလမ်း ဒီလိုခြံမျိုးမှာနေတဲ့ သူနဲ့ နင်နဲ့ သူငယ်ချင်းဖြစ်ပြီး ခုလို ဝင်ထွက်ခွင့်ရတာ မိုက်တာပေါ့"

"အေးပေါ့ ...၊ သူတို့ခြံကြီးက အထဲမှာ အရမ်းခမ်းနားတာ သိလား၊ ခစ် ... ခစ် ... ငါဖြင့် အရမ်းသဘောကျတာပဲ၊ ငါက အဲ့ဒီလို အသိုင်းအဝိုင်းနဲ့ပဲ အပေါင်းအသင်းလုပ်ချင်တာ၊ သူတို့ကလည်း ငါ့ကို ခပ်မြင့်မြင့်ထဲကလို့ပဲ ထင်ထားတာ၊ ဘယ်ရမလဲ ... ငါကလည်း ငါ့အဖေက ဆရာဝန်လို့၊ နိုင်ငံခြားမှာလို့ ပြောထားလိုက်တာပေါ့ ..."

"နင် လိမ်တယ်"

"အင်းလေ ... လိမ်တာ ဘာဖြစ်လဲ၊ သူတို့က ငါ့အကြောင်း အမှန်အတိုင်း သိရင် အဖတ်လုပ်မှာမို့လို့လား"

အညိုက မိုးခင် မကြားအောင် သက်ပြင်းဖွဖွချမိပါသည်။

အိမ်ပြန်ရောက်တော့ ည ၁၀ နာရီခွဲနေပြီ။

အိပ်ခါနီးတော့ အညိုက ရေစင်စင်ဆေးပြီး ရေချမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ခရေပန်းပွင့်ကလေးတွေကို မိုးခင်၏ ခေါင်းအုံးပေါ်မှာ ကြဲထားပေးလိုက်သည်။

"ကျေးဇူးပဲ ..."

မိုးခင်က ခရေပွင့်လေးတွေကို လက်ညှိုးလေးဖြင့် အသာအယာ ထိတွေ့ရင်း တီးတိုးပြောပြီးနောက် အိပ်ရာထက်မှာ ညင်သာစွာ လဲလျောင်းလိုက်ပါသည်။

ခရေရနံ့နှင့်အတူ မိုးခင်၏ ကိုယ်သင်းနံ့ကလေးကလည်း မွှေးနေခဲ့သည်။

■ ■ ■



(၁၆)

❖ ❖ ❖

မိုးခင်သည် ယုံကြည်မှုအပြည့်ရှိသော ခြေလှမ်းများဖြင့် ကုမ္ပဏီရုံးခန်းရှိရာ အဆောက်အဦး လှေကားထစ်များကို နင်းတက်လာသည်။

ပခုံးကို ဖွင့်ထား။ ခါးကို မတ်စန့်ထား။ ခြေလှမ်းဖြောင့်ဖြောင့်လှမ်း။ မျက်နှာထားကို အတည်ငြိမ်ဆုံးထား။ မျက်လုံးများကတော့ အာရုံစူးစိုက်မှုကောင်းစွာ တောက်ပကြည်လင်နေဖို့ လိုသည်။

မိုးခင်က ဒီနေ့အတွက် အဝတ်အစားကိုလည်း ဂရုတစိုက် ဝတ်ဆင်လာပါသည်။ ဒူးဖုံးရုံ စကတ်အနက် အကျႌအောက်လံပြာကြီးကြီး ကိုယ်ကျပ်ရှပ်လက်ရှည် ပြာလဲ့လဲ့လေးကို စကတ်အတွင်းထဲ ထည့်ဝတ်ပြီး အဖြူရောင်ခါးပတ်ပြားသေးသေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရိုးရိုးရှင်းရှင်းလေး ပတ်ထားသဖြင့် ချပ်ရပ်သော ဗိုက်နှင့် သိမ်ဝိုက်နေသော ခါးတစ်ဝိုက်က ပို၍ထင်ရှားလှပနေသည်။ ဆံပင် ညိုရွှေရောင်တွေက ပခုံးနှင့်ထိကာ လိတ်ခွေနေသည်။ ကြိုးသိုင်း ဒေါက်မြင့်ဖိနပ်အနက်၊ စလင်းဘတ် အနက်ဖြင့် မိုးခင် လှမ်းလာ နေပုံက သမင်လည်ပြန် လှည့်ကြည့်ချင်စရာ ထူးခြားထိုးထွင်းနေ သည်။

မိုးခင်က အင်တာဗျူးဖြေရမည့် ရုံးခန်းတံခါးဝမှာ ရပ်လိုက်သည်။

"မိုးခင်ခင်နော်"

"ဟုတ်ပါတယ်"

"အထဲကို ကြွပါ၊ သူဌေး စောင့်နေပါတယ်"

ယူနီဖောင်းဝတ် ဝန်ထမ်း မိန်းကလေးက ရုံးခန်း တံခါးကို ဆွဲဖွင့်ပေးလိုက်တာမို့ မိုးခင်ခင်က အတွင်းသို့ လှမ်း ဝင်လိုက်ပါသည်။

ခမ်းနားကျယ်ဝန်းသော ရုံးခန်းကျယ်ကြီးထဲကို မိုးခင် က မျက်လုံးဝေ့၍ ကြည့်လိုက်သည်။

ရုံးခန်းရဲ့အဆုံး နံရံထောင့်က မဟော်ဂနီရောင် စား ပွဲရဲ့ နောက်မှာ ထိုင်နေသော သူဌေးကို လှမ်းမြင်ရသည်။

သူဌေးဟာ အသက် ၅၀ ကျော်အရွယ် ရုပ်ရည် သန့်သန့်ခန့်ခန့် ...။





ဒီနေ့ မိုးခင်ခင်ရဲ့ အင်တာဗျူးနောက်ဆုံးနေ့။ ဒီနေ့ မတိုင်ခင်ကတော့ ကုမ္ပဏီသူဌေးနဲ့ တွေ့ခွင့်မရသေးဘဲ ကုမ္ပဏီ မန်နေဂျာ အဆင့်လောက်နှင့် အရင်တွေ့ဆုံကာ မေးခွန်းတွေဖြေ ကြားရသည်။ တက်ထားသည့် သင်တန်းများရဲ့ အသိအမှတ်ပြု လက်မှတ်နှင့်တကွ လျှောက်လွှာတစ်စုံကို တင်ပြရသည်။ ထိုအဆင့် တွေကို လွန်မြောက်သောအခါ မိုးခင် အပါအဝင် စကာတင် ငါးယောက်သာ ကျန်သည်။ ထိုငါးယောက်သာ ကုမ္ပဏီသူဌေးနှင့် တွေ့ဆုံခွင့်ရမည်ဖြစ်သည်။ သူဌေးက မအားလပ်တာမို့ ငါးယောက် လုံးကို တစ်ပြိုင်တည်း တွေ့ဆုံနိုင်ခြင်းမရှိဘဲ တစ်နေ့လျှင် တစ်ဦး သာ ချိန်းဆိုတွေ့ဆုံသည်။

ဒီကုမ္ပဏီရဲ့ သူဌေး ဦးနေမျိုးနိုင်ဟာ သူဌေးလောက မှာတော့ နာမည်ကြီး သူဌေး ...။ သူနာမည်ကြီးသည့် အမျိုးအမည် တွေထဲမှာ မိန်းမကိစ္စကလည်း ထိပ်ဆုံးမှာပါသည်။ ရေကလည်း လှ၊ ရုပ်ကလည်းသန့်သော ဦးနေမျိုးနိုင်အနားမှာ ကပ်စားချင်သော မိန်းကလေးတွေဟာလည်း ခါချယူရမည့် အခြေအနေမှာ ရှိသည်ဟု ဆိုသည်။ သူကတောင် စရောမလိုဘဲ ပိုက်ကွန်ထဲသို့ တိုးဝင်လာ သည့် ယုန်မကလေးတွေကို အလွတ်မပေးသော်လည်း သူက စတောင် အတင်းရော အမဲ့ဆိုတာမျိုး အလိုမတူဘဲ သိက္ခာကျခံသော ဗြားယောင်းလေ့မရှိသူဟုလည်း လူသိများ၏။ အထူးသဖြင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်း မိန်းကလေးတွေနှင့် ဇာတ်လမ်းရှုပ်ဖို့ ဝန်လေးတတ်သူ မိန်းမကိစ္စကြောင့် စီးပွားရေးကို အထိခိုက်မခံသူလည်း ဖြစ်၏။ သူ့အမျိုးသမီးကတော့ ချောမောတင့်တယ် အရွယ်တင်သော ဂုဏ်သိက္ခာရှိစွာ နေတတ်သော အမျိုးသမီးအဖြစ် နာမည်ကြီးသော သည်။

မိုးခင် လျှောက်ထားသော အလုပ်ဟာ ထိုသူဌေး ဦးနေမျိုးနိုင်၏ အတွင်းရေးမှူး နေရာ ...။ လစာလည်းကောင်း ကာ အနာဂတ်လမ်း ပွင့်လန်းတောက်ပနိုင်သော နေရာမို့ မိုးခင် က ဒီအလုပ်ကို လိုချင်လှပါသည်။

ဒီလို ကျယ်ဝန်းခမ်းနားကာ အဆောင်အယောင် ပြည့်စုံ ခေတ်မီသော နေရာဌာနတစ်ခုမှာ ဝင်ထွက်သွားလာခွင့် ရတာကိုက ခပ်နုပ်နုပ်ရပ်ကွက်ထဲက မိုးခင် အတွက်တော့ ကျေနပ် ဖို့ ကောင်းသည်ပင်။

"မင်္ဂလာပါရှင်"

"အိုခေ ... ထိုင်ပါ"

မိုးခင်သည် ဦးနေမျိုးနိုင်ကို ဦးညွှတ်နှုတ်ဆက်လိုက် ပြီးနောက် ဦးနေမျိုးနိုင်၏ ရှေ့ကုလားထိုင်မှာ ခပ်မတ်မတ်လေး ဝင်ထိုင်လိုက်ပါသည်။

"စတိုင်လ်ကိုတော့ ကြိုက်သွားပြီ"





"ရှင် ..."

သူဌေးက ပြောပြီး တစ်ချက်ပြုံးကာ ခေါင်းတစ် ချက် ဆတ်လျက် ...

"မင်းရဲ့ စတိုင်လ်က စမတ်ဖြစ်တယ်လေ၊ အန်ကယ့်လ် အတွင်းရေးမှူးမလေးတွေကို ဒီလိုစတိုင်လ်မျိုးပဲ ဖြစ်စေချင် တယ်၊ ဘယ်လိုပြောရမလဲ ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိတဲ့ ပုံစံမျိုး၊ ဒါကို အန်ကယ့်လ်အနေနဲ့ သဘောကျတယ်၊ လက်ခံတယ်၊ အမှတ်ပေးတယ်၊ ဒါကို ပြောတာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်ကယ်"

"နာမည်က မိုးခင်ခင်နော်"

"ဟုတ်ပါတယ်"

ဦးနေမျိုးနိုင်က သူ့စားပွဲပေါ်မှာ အသင့်ရှိနေသော CV form ကို ကောက်ကိုင်လှန်လှောရင်း မေးလိုက်ခြင်းပင်။

"အိမ်ထောင် မရှိဘူးနော် ..."

"ဟုတ်ကဲ့ ..."

"မိဘတွေနဲ့ အတူနေတာလား ..."

"အဖေက မရှိတော့ပါဘူး၊ အမေက နယ်မှာ တာဝန်ကျနေ တဲ့ ကျောင်းဆရာမပါ၊ ကျွန်မက ဒီမှာ အဘွားနဲ့အတူနေ ပါတယ်"

"သြော် ... သြော် ... ဟုတ်ပြီလေ၊ ကျန်တဲ့ အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ CV form ထဲမှာ ဖတ်ထားပြီးပါပြီ၊ မင်း
အန်ကယ့်လ် အတွင်းရေးမှူးအဖြစ် လက်ခံနိုင်ပါတယ်
အန်ကယ့်လ်မှာ အတွင်းရေးမှူးတစ်ယောက်ရှိတယ်၊ သူက
လွန်ခဲ့တဲ့ ၆ လက အိမ်ထောင်ကျပြီး ခု ကိုယ်ဝန်နဲ့၊ သူ
အလုပ်ထွက်တော့မှာမို့လို့ အသစ်ခန့်ဖို့ ခေါ်လိုက်တာ
သူမထွက်ခင် မင်းကို အလုပ်တာဝန် လွှဲပေးရင်း သိသင့်
သိထိုက်တာတွေ သင်ပေးသွားလိမ့်မယ်၊ သူ့ဆီကနေ ကြိုး
ကြိုးစားစား သင်ယူပေါ့ ... ဟုတ်လား”

“ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ ကျွန်
ကြိုးစားပါ့မယ်”

“အိုခေ ... ကောင်းပါပြီ၊ ကြည်ဖြူရေ ... ခဏဝင်ခဲ့ပါ”

ဦးနေမျိုးနိုင်က အင်တာကွန်းခလုတ်ကို နှိပ်ပြီးခေါ်လိုက်ပြီးနောက် ချက်ချင်းလိုပင် မိန်းကလေးတစ်ယောက် ရုံးခန်းထဲသို့ ဝင်လာသည်။

“ဟုတ်ကဲ့ ... အန်ကယ်လ်”

“သူက အန်ကယ့်လ်အတွင်းရေးမှူး အသစ်ပဲ၊ ကြည်ဖြူ
အလုပ်မထွက်ခင် သူ့ကိုတွဲပြီး သင်ပေးလိုက်ပါ”

“ဟုတ်ကဲ့ ... စိတ်ချပါ အန်ကယ်လ်”

“အိုခေ ...၊ ကဲ ... မိုးခင်ခင် မနက်ဖြန်ကစပြီး အလုပ်ဆင်း





လို့ရပြီ၊ လခကိစ္စက ကြည်ဖြူနဲ့ ပြောပြီးသား၊ သူနဲ့ညှိ
လိုက်ပါ၊ အိုခေနော်၊ ကြည်ဖြူ ... ကားအဆင်သင့် ဖြစ်ပြီ
လား”

“ဟုတ်ကဲ့ ... ဖြစ်ပါပြီ အန်ကယ်လ်”

“ကဲ ... မိုးခင်ခင် အန်ကယ်လ် မီတင်ဝင်စရာရှိလို့ သွား
လိုက်ဦးမယ်၊ see you နော်”

“see you ပါ အန်ကယ်လ်”

ဦးနေမျိုးနိုင်က ဖျတ်လတ်သော်လည်း တည်ငြိမ်၍ လူကြီးလူကောင်းဆန်သော ပုံစံဖြင့် မိုးခင်ကို နှုတ်ဆက်ပြီး ရုံးခန်းထဲမှ ထွက်သွားသည်။

မကြည်ဖြူက မိုးခင်ကို လှမ်းကြည့်ကာ ပြုံးပြလိုက်ရင်း ...

“ညီမ တကယ်ကံကောင်းတယ်၊ စကာတင် ရွေးထားတဲ့
ငါးယောက်ထဲက လေးယောက်အထိ အန်ကယ်လ် သဘော
မကျဘူး၊ နောက်ဆုံး ညီမကို သဘောကျသွားလို့သာ
အန်ကယ်လ်က ရွေးလိုက်တာ”

မိုးခင်က မကြည်ဖြူကို ပြန်ပြုံးပြရင်း နားခံသည့် အသွင်ဖြင့် နားထောင်နေသည်။

“အလုပ်ကိစ္စအတွက်တော့ ဘာမှမပူနဲ့၊ မ မထွက်ခင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသင်ပေးခဲ့မယ်၊ သင်ပေးရမယ့် အထဲမှာ အရေးကြီ
ဆုံးကိစ္စကတော့ မီတင်ကိစ္စလေးတွေကို အလိုက်တ
စီစဉ်ပေးဖို့ပဲ ...”

“အစည်းအဝေးကိစ္စလေးတွေ စီစဉ်ပေးဖို့လား မကြည်
အန်ကယ်လ်က မီတင်ကို ဒီရုံးမှာလုပ်တာ မဟုတ်ဘူးလာ
တခြားရုံးခွဲမှာ သွားလုပ်တာလား”

“နိုး ...၊ ဒီလို ... ညနေပိုင်း ခပ်စောစောမှာလုပ်တဲ့ မီတ
က ရုံးမှာမဟုတ်ဘူး၊ အိမ်မှာလုပ်တာ”

“ဩော် ... အန်ကယ့်လ်အိမ်မှာ လုပ်တာလား”

“ဟင်းဟင်း ... အန်ကယ့်လ်ကောင်မလေး တစ်ယော
ယောက်ကို ထားထားတဲ့ အိမ်မှာ လုပ်တာလေ ...”

“ရှင် ...”

“အဟင်း ... အန်ကယ်လ်က နာမည်ကြီး သူဌေးဆိုတော့
ညီမလည်း အန်ကယ့်လ်သတင်းတွေ ကြားသင့်သလော
ကြားခဲ့မှာပေါ့၊ ဒီအရွယ် ဒီလိုအနေအထားမှာ ဒါမျိုးတွေ
တော့ ရှိတတ်တာပဲလေ၊ ဒါပေမယ့် ညီမ စိတ်မပူပါနဲ့
ညီမကမှ စတင်မဖြားယောင်းရင် အန်ကယ်လ်က ညီမ
မရိုးမသား မကြံစည်ပါဘူး၊ အန်ကယ်လ်က ဝန်ထမ်းတွေ
အပေါ် အရမ်းကောင်းပြီး အပေးအကမ်း ရက်ရောပါတယ်





လှူငယ်ဆန်ဆန် ပေါ့ပေါ့ပါးပါး နေတတ်တယ်၊ ညီမဘက်
က သူ့မီတင်ကိစ္စလေးတွေ အဆင်ပြေအောင်၊ သူ့မိန်းမ
ခြေရာမခံမိအောင် ကူညီပေးရင် ညီမအတွက် တက်လမ်း
တွေ ရှိလာမှာပါ၊ မတောင်မှ ကိုယ်ဝန်နဲ့မို့လို့သာ၊ ကလေး
မွေးပြီးရင်လည်း အမျိုးသား တာဝန်ကျတဲ့နယ်ကို လိုက်
သွားရမှာမို့လို့သာ အလုပ်ထွက်ရမှာ၊ နှမြောတော့ နှမြော
သား ...”

ထိုနေ့မှာပင် မကြည်ဖြူဆီက ကိစ္စတော်တော်များ
များကို သိခွင့်ရလိုက်သည်။

ဘာပဲပြောပြော ဒီအလုပ်နဲ့ ဒီသူဌေးက စိတ်ဝင်စား
ရာတော့ အကောင်းသားပင်။

“ညီမက အပျိုနော် ...”

“ဟုတ်ကဲ့ ...”

မိုးခင်က သူဌေးရှေ့မှာတုန်းကလိုပင် တည်ငြိမ်စွာ
ပြောလိုက်သည်။

“အပျိုဆိုရင် မတို့ကုမ္ပဏီက နေစရာ အဆင်မပြေတဲ့သူ
အတွက် နေစရာပေးတယ်၊ ဒီရုံးခန်းနဲ့ မနီးမဝေးမှာ လော
လောဆယ် လွတ်နေတဲ့ ကုမ္ပဏီပိုင် တိုက်ခန်းတွေရှိတယ်၊
တစ်ခန်းမှာ သုံးလေးယောက် စုပြီးနေခွင့်ပေးထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်နဲ့ ရုံးနဲ့အလှမ်းဝေးလို့ သွားရလာရ အဆင်မပြေရင်လည်း ခွင့်တောင်းပြီး လာနေလို့ ရတယ် ...”

“ဟုတ်ကဲ့ ... မကြည်ဖြူ၊ အဆင်မပြေရင် ပြောပါ့မယ်”

မိုးခင်အတွက်တော့ ဒီကုမ္ပဏီမှာ အလုပ်ရလိုက်သည့်အတွက် အစစအရာရာ အဆင်ပြေလှသည်ဟု ဆိုရမှာပင်။ ကုမ္ပဏီက ဆောက်လုပ်ရေးကုမ္ပဏီဖြစ်ပြီး နေရာအနှံ့အပြားမှာ တိုက်ခန်းတွေ၊ ကွန်ဒိုတွေ၊ လုံးချင်းတွေ ဆောက်လုပ်နေသည်။

အလုပ်ကိစ္စတွေအတွက် ဝင်ထွက်သွားလာရမည့် နေရာတွေ၊ မိုးခင် လုပ်ရမည့် ကိစ္စတွေကို မကြည်ဖြူက ပြောပြသင်ပြပေးနေသဖြင့် ညနေ ရုံးဆင်းမှ မိုးခင် ပြန်လာခဲ့သည်။ မိုးခင် ပြန်လာချိန်အထိ မီတင်ဝင်နေသော သူဌေးက ပြန်မလာသေးချေ။

■ ■ ■



(၁၇)

❖ ❖ ❖

မိုးခင်သည် မိုးခင်သား စားပွဲပေါ်က ဘယ်နကြိမ်မြောက်မှန်းမသိ တုန်ခါနေသော အန်ကယ်လ် ဦးနေမျိုးနိုင်၏ ဖုန်းကို ငုံ့ကြည့်လိုက်သည်။ ဖုန်းမှာပေါ်နေသော နံပါတ်က အန်ကယ့်လ် ဇယားလေးတစ်ယောက်၏ နံပါတ်ပင်။

ဦးနေမျိုးနိုင်က ရုံးရဲ့ အစည်းအဝေးခန်းထဲမှာ ‘မီတင် အစစ်’ ဝင်နေသည်။ ဒါက ‘မီတင်အတု’ ဝင်ရာအရပ်က ဆက်သွယ်သော ဖုန်း ...။ ဦးနေမျိုးနိုင်က သူ မီတင်ဝင်ချိန်နှင့် အရေးကြီးသော အလုပ်ကိစ္စများ ဆောင်ရွက်နေချိန်မှာ သူ့ဖုန်းကို မိုးခင်ကို ပေးထားတတ်ပါသည်။ ထိုအချိန်မှာ လာသော ဖုန်းတွေကို မိုးခင်က ကိုင်ပြီး ဖြေကြားမှတ်သားရသည်။ သူ့ ဘာညာလေးတွေဆီက ဖုန်းဝင်လာလျှင်လည်း ကြည့်ကျက်ဖြေရသည်။ သူ့ဘာ

www.burmeseclassic.com



ညာလေးတွေဟာ အေးအေးဆေးဆေး ဖုန်းချသွားသူလည်း ရှိသလို ခုချက်ချင်း ခေါ်ပေးပါ ဘာညာနှင့် ရစ်နေတတ်သူတွေလည်း ရှိပါသည်။ ခုလည်း ဒီတစ်ယောက်ဟာ ခေါ်နေတာ ဆယ်ခါလောက်ရှိပြီ။ မီတင်ဝင်နေလို့ပါ၊ ပြီးရင် ပြန်ဆက်ဖို့ ပြောလိုက်ပါ့မယ်ဟု ပြောလည်း ငါးမိနစ်ခြား တစ်ခါလောက် ထပ်ထပ်ဆက်ကာ ရစ်နေတော့တာပင်။

မိုးခင်က စိတ်ရှည်ရှည်ထားကာ ဖုန်းကိုဖွင့်၍ နားထောင်လိုက်သည်။

"ဟဲလို … အမိန့်ရှိပါ"

"ခု ဖုန်းကိုင်တာ ဘယ်သူလဲ …"

"အန်ကယ်လ် ဦးနေမျိုးနိုင်ရဲ့ အတွင်းရေးမှူးပါရှင် …"

"ဘာလို့ ကိုကြီးဖုန်းကို ရှင်ချည်းကိုင်နေရတာလဲ"

"အန်ကယ်လ်က မီတင်ဝင်နေလို့ပါရှင်"

"မီတင်က တကယ် ဝင်နေတာရော ဟုတ်ရဲ့လား …"

"ဟုတ်ကဲ့ … တကယ်ဝင်နေတာပါရှင်၊ ရုံးက အင်ဂျင်နီယာတွေ၊ မန်နေဂျာတွေ၊ ဒါရိုက်တာတွေနဲ့ အရေးတကြီးအလုပ်ကိစ္စတွေ ပြောဆိုနေရပါတယ်"

"ဟင်း … ဟင်း … ဟုတ်လို့လား၊ ကိုကြီး မီတင်ဝင်တယ်ဆိုတာလောက်ကတော့ ရိုးနေပါပြီနော်၊ မီတင်အကြောင်းပြပြီး တစ်နေရာရာမှာ သွားခွေနေသလားလို့ပါ …"





"မယုံရင် လာကြည့်လို့ရပါတယ်"

မိုးခင်သည် စိတ်တိုလာကာ ဖုန်းကိုတောင် ပစ်ပေါက်လွှင့်ပစ်ချင်လာရသော်လည်း စိတ်ရှည်ရှည်ထားထားရသည်။ ဒီတစ်ယောက်ဟာ လောလောဆယ် အန်ကယ်လ် စပွန်ဆာနဲ့ ငြိနေတဲ့ အန်ကယ့်လ် အသည်းကျော် ဟန်နီချို။

"အိုခေလေ …၊ ဟုတ်တယ်ဆို ပြီးတာပါပဲ၊ ဒါနဲ့ ရှင်က အတွင်းရေးမှူး အသစ်နော် …"

"ဟုတ်ပါတယ် …"

"တစ်ရက်လောက်တော့ ရှင့်ပုံစံ ဘယ်လိုဆိုတာ လာကြည့်လိုက်ဦးမယ်၊ တစ်ခုတော့ ကြိုပြောထားမယ်၊ ကိုကြီးနဲ့တော့ ကင်းကင်းရှင်းရှင်းနေ … ဟုတ်ပြီလား၊ ကဲ … ဒါပဲ …"

တစ်ဖက်က ဖုန်းချသွားသည်။ ဖုန်းကိုင်ထားသော မိုးခင်၏ လက်က ဆတ်ဆတ်တုန်၍ကျန်ခဲ့သည်။ ဖုန်းချပြီးတော့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်။ အရင်လို ရပ်ကွက်ထဲက မိုးခင်ခင်စိတ်မျိုးနဲ့သာဆို တစ်နေရာမှာ ချိန်းပြီး ဖိုက်လိုက်မှာပင်။

"မိုးခင် …"

"ဪ … မကြည်ဖြူ"

မကြည်ဖြူက မိုးခင်၏ စားပွဲရှေ့က ဖြတ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း လှမ်းခေါ်လိုက်တာမို့ မိုးခင်က ဆုပ်ထားသည့် လက်သီးကို ဖြေလျှော့လိုက်သည်။

"ဘာတွေ စိတ်တိုနေတာလဲ၊ လက်သီးတွေ ဘာတွေတောင် ဆုပ်လို့ ..."

"ဟို ... အန်ကယ့်လ်ကောင်မလေး ဟန်နီချို့ဆီက ဖုန်းလာလို့ပါ မကြည်ဖြူရယ်၊ မီတင်ဝင်နေပါတယ်ပြောလည်း မယုံသကာနဲ့ ခဏခဏဆက်ပြီး မိုးခင်ကိုပဲ ရစ်ရစ်နေတာ ကြာတော့တင်းလာပြီ၊ ပြီးတော့ သူက မိုးခင်နဲ့ အန်ကယ့်လ်ကို မယုံသင်္ကာစွပ်စွဲပြီး ဘလိုင်းကြီး အာဏာပြခြိမ်းခြောက်နေတာ တကယ်ကို ချဉ်စရာ ..."

"ဟင်း ... ဟင်း ... သည်းခံ ညီမရေ ... သည်းခံ၊ မကထော အဲ့ဒါမျိုးတွေ ကြုံရပါများလွန်းလို့ အရေထူနေပါပြီ၊ သူတို့လို မိန်းကလေးတွေရဲ့ အဆင့်ကလည်း သိတဲ့အတိုင်းပဲလေ၊ ရုပ်လှတယ်၊ ငယ်မယ်၊ မာယာကြွယ်မယ်၊ ညို့အားပြင်းမယ်၊ အဲ့ဒါတွေကလွဲပြီး စိတ်ဓာတ်တို့ အတွေးအခေါ်တို့က ကောင်းလှတာ မဟုတ်ဘူးလေ၊ ကြက်တူရွေးက တော်တော် မယ်ဘော်က ကဲကဲဆိုသလိုပဲ၊ အန်ကယ့်လ် အမျိုးသမီးက အန်ကယ်လ် ဘယ်လို အတွင်းရေးမှူးပဲခန့်ခန့် မယုံသင်္ကာ စစ်လားဆေးလား မရှိဘူး၊ ရုံးတောင်လိုက်





မလာဘူး၊ သူ့ဘာသာ အေးအေးဆေးဆေး အဆင့်ရှိရှိနေတာ၊ ရုံးလာပြီး ဘာပြဿနာမှ ရှာတတ်တဲ့သူ မဟုတ်ဘူး၊ သူတို့တွေကပဲ သခွပ်ပင်က မီးတကျီကျီ ဖြစ်နေကြတာ"

"သူတို့တွေဆိုတော့ ဒီတစ်ယောက်တည်း မကဘူးလား မကြည်ဖြူ ..."

"ဘယ်ကမလဲ ညီမရဲ့၊ အဆင့်က အမျိုးမျိုးရှိသေးတာ၊ 'ထသွားပြန်ကြည့် အချစ်မရှိ'ဆိုတဲ့ လျှပ်တစ်ပြက်ကိစ္စလေးတွေလည်း ရှိ၊ အခက်အခဲရှိတိုင်း ပေးကမ်းထောက်ပံ့ထားတဲ့ တိုတိုထွာထွာလေးတွေကလည်း ဟိုနားတစ်ယောက် ဒီနားတစ်ယောက်၊ စီးစရာ ကား၊ နေစရာ တိုက်ခန်းလိုမျိုး စပွန်ဆာကြီးကြီး ပေးထားတာလည်း ရှိပေါ့၊ ဥပမာ ဟန်နီချိုလိုမျိုးပေါ့၊ တစ်ခုတော့ ရှိတယ်၊ အန်ကယ်လ်က အတည်တကျ နာမည်ပေါက်ရောက်ခံပြီး small ဆွဲတာမျိုးတော့ သိပ်မရှိပါဘူး၊ အခု ဖုန်းဆက်ဆက် နေတဲ့ တစ်ယောက်ကလည်း small အဆင့် မဟုတ်ဘူးလေ၊ စပွန်ဆာအဆင့်လောက်ပါပဲ ..."

"ဒါနဲ့များ အန်ကယ့်လ်ရုံးက ဝန်ထမ်းအထိ လာပြီး စွက်စွက်ဖက်ဖက် စော်စော်ကားကား လုပ်ရဲရသလား မကြည်ဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသာကြည့်နေပါ၊ သူ့စရိတ်နဲ့သူ သွားတော့မှာ ..."

"ဘယ်လို ... မိုးခင် နားမလည်ဘူး"

"အန်ကယ်လ်က လောလောဆယ်တော့ ဒီတစ်ယောက် အပေါ်မှာ ဖိးလ်တက်နေတာလေ၊ အသစ်ကလေးဆိုတော့ ဟိုကဘာလုပ်လုပ် အပြစ်မမြင်ဘဲ မျက်နှာသာပေးထား တော့ ဟိုတစ်ယောက်က တဖြည်းဖြည်း ရောင့်တက်လာ တာ၊ မဏ္ဍာပ်တိုင် တက်ချင်လာတာ၊ အန်ကယ့်လ်မှာလည်း မိုးမမြင် လေမမြင် ကာလတစ်ခု ရှိတတ်တယ်၊ အဲ့ဒီကာလ မှာတော့ သည်းခံပေးလိုက်၊ မိုးမမြင် လေမမြင် ကာလကို ကျော်လာရင် သူ့အလိုလို စိတ်ပျက်လာမှာ၊ အဲ့ဒီကာလ ကျရင် သူ့မဏ္ဍာပ်တိုင်ပေါ် တက်ချင်နေတဲ့ မိန်းမမျိုးဆိုရင် ခါချပစ်ခဲ့ရော ...၊ အန်ကယ်လ်က ဘယ်လောက်ရှုပ်ရှုပ် သူ့အိမ်ထောင်ရေးတော့ အပျက်စီးခံချင်တာမဟုတ်ဘူး၊ စိတ်ချ ... အဲ့ဒီလို မိန်းမမျိုးက သူ ကုပ်တွယ်ဖက်တက် ချင်တဲ့ မဏ္ဍာပ်တိုင်ပေါ်က ခွေးကျဝက်ကျ ပြုတ်ကျမှာ၊ သူ့စရိတ်နဲ့သူ သွားမယ့်အချိန်ကို စောင့်သာနေလိုက်၊ အဲ့ဒီ လို စောင့်နေတဲ့ကာလမှာလည်း မိုးခင် အကျိုးမယုတ်ဘူး စိတ်ချ ..."

"ဘယ်လို အကျိုးမယုတ်တာလဲ မကြည်ဖြူ ..."





"သူ့ကိစ္စတွေကို သိပြီး သူ့မိန်းမနား မပေါက်ကြားအောင် ပြဿနာမတက်အောင် ဖုံးဖိပေးတဲ့ မိုးခင်ကို အန်ကယ်လ် က ကြည့်မနေပါဘူး၊ ပြီးတော့ သူ အဲ့ဒီလို အပြင်မှာ မီတင်ဝင်နေရတဲ့အတွက် တချို့အလုပ်ကိစ္စတွေကို မိုးခင် ဒိုင်ခံလုပ်ရမှာ၊ အဲ့ဒီလိုလုပ်ရင်း အလုပ်ကိစ္စတွေကို သိလာ တတ်လာ အတွေ့အကြုံတွေ ရလာမှာ၊ မလည်း ဒီလိုနဲ့ပဲ တတ်ခဲ့ရတာ ...၊ ဟော ... ဟိုမှာ မီတင်တော့ ပြီးပြီထင် တယ်"

မကြည်ဖြူက မှန်တွေကာထားသည့် အစည်းအဝေး ခန်းဘက်သို့ လှမ်းကြည့်ကာပြောရင်း မိတ္တူစက် ထားသည့်အခန်း ဘက်သို့ လျှောက်သွားသည်။

အန်ကယ့်လ်ရုံးခန်း အဝင်ဝရှိ စားပွဲမှာထိုင်နေသော မိုးခင်က ဦးနေမျိုးနိုင်ကို အခန်းဝမှာ အသင့်ရပ်၍ ကြိုစောင့်နေ လိုက်သည်။ ထို့နောက် အစည်းအဝေးခန်းထဲမှ ထွက်လာသည့် ဦးနေမျိုးနိုင်နှင့်အတူ ရုံးခန်းထဲသို့ လိုက်ဝင်လာခဲ့သည်။

ဦးနေမျိုးနိုင်က သူ့စားပွဲနောက်က ဆံလည်ကုလား ထိုင်မှာ ဝင်ထိုင်လိုက်ရင်း ...

"ဘာထူးလဲ မိုးခင် ..."

"ရုံးကိစ္စကတော့ အထွေအထူးမရှိပါဘူး အန်ကယ်လ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီချို့ဆီကတော့ ဖုန်း ၁၁ခါ လာပါတယ်၊ အန်ကယ်လ် မီတင်ဝင်နေတယ်လို့ ပြောထားပေမယ့် မယုံဘူးဆိုပြီး ခဏ ခဏ ထပ်ဆက်နေတာပါ”

“ဟား ... ဟား ... ဒီချာတိတ်မလေးကတော့ကွာ ...”

ဦးနေမျိုးနိုင်၏ ရယ်သံကြီးကား ပီတိကျသံကြီး။ ရေရွတ်သံဟာလည်း ချစ်စနိုးသဘောကျနေဟန်။ ရွဲ့စရာကောင်းလိုက်တာဟု စိတ်ထဲက တွေးကာ အန့်ချင်သွားသော်လည်း မျက်နှာကတော့ သူ့ပီတိနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုံးထားရသည်။ စိတ်ထဲမှာတော့ ဟန်နီချို့ကို ပျစ်ပျစ်နှစ်နှစ် ဆဲချင်နေသည်။

“ဟင်း ... ဟင်း ... ဒီကောင်မလေးဟာ ဆိုးကိုဆိုးချင်နေတာ ...”

ဟားဟားပြီးတော့ ဟင်းဟင်း။ သူ့ပီတိက ခုထိ မဆုံးနိုင်သေး။ မကြည်ဖြူပြောတဲ့ မိုးမမြင် လေမမြင်ကာလဆိုတာ ဒီအချိန်မျိုးပေါ့လေ။

“အိုခေ ... ကဲ ... အန်ကယ်လ်လည်း ခပ်မြန်မြန် သွားမှ ဖြစ်တော့မယ်၊ နဒီဆီက ဖုန်းလာရင် အန်ကယ်လ် ဂေါ့ဖ် သွားရိုက်တယ်လို့ ပြောလိုက် ...”

ဦးနေမျိုးနိုင်က သွက်လက်စွာ ထရပ်ရင်း လှမ်းပြော၏။





နဒီဆိုတာဟာ သူ့ဇနီး ဒေါ်မြနဒီကို ပြောတာပင်။ သူ့အမျိုးသမီးကို နာမည်နှင့်အသံသာ ကြားဖူးလျက် လူချင်းတော့ မဆုံဖူးသေးပါ။ သူ့ဇနီးဟာ ချောမော ယဉ်ကျေးသည်ဟုတော့ ကြားသိယားပါသည်။

“ကေသာဆွေ ဆိုတဲ့ တစ်ယောက်ဆီကလည်း ဖုန်းနှစ်ခါ လာထားပါတယ် အန်ကယ်လ် ...”

ဦးနေမျိုးနိုင်၏ ရွှင်နေသော မျက်နှာက အနည်းငယ် တည်သွားကာ ...

“အဲ့ဒီဖုန်းကို black list ထဲထည့်ထားလိုက်တော့လေ၊ အင်း ဖုန်းလဲဖို့တောင် မေ့နေတယ်၊ လဲရဦးမယ်၊ မနက်ဖြန်ကျရင် ဖုန်းကဒ် အသစ်တစ်ကဒ် ဝယ်လဲလိုက်ဦး ...”

ဒါကတော့ မဏ္ဍပ်တိုင်ပေါ်က ခါချတော့မည့် ဓာတ်လမ်းဟောင်း ဖြစ်သည်။ expire ဖြစ်ပြီး သူ့စရိတ်နဲ့သူ သွားရတော့မည့် ဓာတ်လမ်းဟောင်း ...။ ဓာတ်လမ်းဟောင်းတွေရဲ့ ဖုန်းကိုတော့ black list ထဲထည့်တဲ့အခါထည့်၊ ဖုန်းနံပါတ်လဲသည့်အခါလဲ စသည်နည်းများဖြင့် ဖြေရှင်းရလေ့ရှိသည်ဟု မကြည်ဖြူက ပြောပြထားသည်။

“ဒီနေ့ညနေ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို သွားစရာတော့ရှိတယ်၊ အန်ကယ်လ် မလိုက်တော့ဘူးလေ။ မိုးခင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ သွားလေ[illegible] လုပ်ငန်းခွင်က လိုအပ်တာ၊ အဆင်[illegible] တာတွေကို မှတ်လာခဲ့ပေါ့၊ ဩော် … မိုးခင်ကို [illegible] ဦးမယ်”

ဦးနေမျိုးနိုင်က သူ့ရှေ့က စားပွဲအံဆွဲကို [illegible] ဝိုက်ဆံငါးထောင်တန် တစ်အုပ် နှိုက်ယူကာ မိုးခင်ကို လှမ်းပေးလိုက်ရင်း …

“ရော့ … ဒါ မိုးခင် အလုပ်ကြိုးစားလို့ အန်ကယ်လ်က ဘိုးနပ်စ် ပေးတာ၊ အဝတ်အစားတို့ အိတ်တို့ ဖိနပ်တို့ ကောင်းကောင်းဝယ်ဝတ်ပေါ့ … ”

“ကျေးဇူးပါ အန်ကယ်လ် …”

ဒါဟာ အလုပ်နှင့်မဆိုင်သော ကိုယ်ရေးကိုယ်တာ ကိစ္စတွေအတွက် နှုတ်ပိတ်ခ …၊ အကျိုးဆောင်ခ …။ မကြည်ဖြူ ပြောတဲ့ မိုးခင်အတွက် အကျိုးမယုတ်ပါဘူးဆိုတာ ဒါမျိုးပဲဟု မိုးခင်က နားလည်သဘောပေါက်လိုက်သည်။

“အိုခေ … ကဲ … သွားပြီ”

ဦးနေမျိုးနိုင်က သူ့ကျောဘက်က အင်္ကျီချိတ်တိုင် ကလေးမှာ ချိတ်ထားသည့် အပေါ်ဝတ်အင်္ကျီကို လွှားခနဲ ဆွဲယူကာ ပခုံးပေါ်တင်လျက် ရှိခနဲ လေတစ်ချက်ချွန်ရင်း ထွက်သွားပုံမှာ ရုပ်ရှင်မင်းသားပမာ …။





မိုးခင်က ပခုံးတစ်ချက်တွန့်မိပြီး ပိုက်ဆံငါးသိန်း ထုပ်ကို ငုံ့ကြည့်မိစဉ်မှာ မကြည်ဖြူ၏ စကားကို ကြားယောင်၏။

“အန်ကယ်လ်ဘက်က မုန့်ဖိုးတို့၊ ဘိုးနပ်စ်တို့ ခေါင်းစဉ် တပ်ပြီး ပိုက်ဆံပေးရင် ဘာဘာညာညာ စဉ်းစားမနေဘဲ လက်ခံထားလိုက်၊ မ,ဆို အဲ့ဒီလို ပိုက်ဆံတွေစုပြီး စိန်နား ကပ်တောင် ဝယ်ပန်လို့ရတယ်၊ ကိုယ့်အတွက်သာ အဲ့ဒီ ပိုက်ဆံက များသလိုထင်ရပေမယ့် သူတို့အနေအထားကျ တော့ သွားကြားညပ်သလောက်တောင် မရှိဘူး၊ သူတို့ ကာရာအိုကေ တစ်ညသွားရင် ဒီ့ထက်မက အဆများစွာ ကုန်တာ၊ ကာရာအိုကေဆိုင်က မိန်းမတွေတောင် ဒီ့ထက် မက ပေးနေသေးတာ၊ သူ့အထုပ်ကို ဖုံးဖိထားပေးမယ့် သူ့အတွင်းရေးမှူးကို ပေးရတာ သူ့အတွက် မဖြစ်စလောက် လေးပဲ ရှိတယ်ဆိုတာ မှတ်ထား”

မကြည်ဖြူ ပြောတာလည်း ဟုတ်ပေသားပဲဟု တွေး ကာ မိုးခင်က ပိုက်ဆံထုပ်ကို စလင်းဘတ်အိတ်ထဲသို့ ထည့် လိုက်သည်။

လုပ်စရာရှိသည့် အလုပ်တွေလုပ်ပြီး ဆိုဒ်ထဲသို့သွား ဖို့ ပြင်ချိန်မှာ ဖုန်းမြည်သံကြားရသည်။

မိုးခင်က ဦးနေမျိုးနိုင်၏ စားပွဲပေါ်က ရုံးဖုန်းဆီ ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဦးနေမျိုးနိုင် ရုံးခန်းကပါ၊ ကျွန်မ သူ့အတွင်းရေးမှူးပါ၊ အမိန့်ရှိပါရှင် ..."

"ဦးနေမျိုးနိုင်နဲ့ ပြောချင်လို့ပါ၊ တို့က သူ့ဇနီးပါ"

ကြားလိုက်ရသော အသံမှာ တစ်ဖက်သားကို ရှိန်ဟန့်စေသော ပါဝါတစ်မျိုးရှိသည်ဟုထင်မိသည်။ အသံက အနည်းငယ် ချိုသြကာ တည်ငြိမ်သည်။ လေယူလေသိမ်းဟာ တမင်တင်းမာထားတာမျိုး မဟုတ်သော်လည်း အနည်းငယ် အပေါ်စီးဆန်သလို ထင်ရသည်။ အသံကြားရရုံနှင့် ဒီလူဟာ အဆင့်အတန်းရှိသော ဂုဏ်သိက္ခာရှိသော လူတစ်ယောက်ဆိုတာကို တစ်ဖက်လူက အလိုလို ခံစားမိနိုင်သော အသံမျိုးပင်။ အန်ကယ့်လ်ဆီကို အမြဲဆက်နေကျ မိန်းမတွေလို မဏ္ဍာပ်တိုင် ဖွတ်တက်ချင်သော အသံမျိုးမဟုတ်။ အောက်ကလိအာ ရုပ်ပလာပျစ်ချွဲမျိုးမဟုတ် ...။ မိန်းမသံကြားတိုင်း မယုံသင်္ကာ ဆတ်ဆတ်ခါသွားတတ်သည့် အသံမျိုးမဟုတ် ...။

"ဟုတ်ကဲ့ပါ အန်တီ၊ အန်ကယ်လ်က ဂေါ့ဖ်ရိုက်ဖို့ ထွက်သွားပါပြီရှင်"

သူမဘက်က ခဏငြိမ်သက်သွားသည်။ ဖုန်းမချသေးတာမို့ မိုးခင်က သူဘာပြောမှာပါလိမ့်ဟု ငြိမ်လျက် ဆက်စောင့်နေဆဲမှာ ...

"အဟင်း ..."





ကြားလိုက်ရသော ရယ်သံကလေးက တိုးသက်လှသော်လည်း အဓိပ္ပာယ်များစွာ ပါဝင်နေသည်။ မင်း လိမ်နေတာ ငါသိပါတယ်ဟူသော ရယ်သံမျိုးလား ...၊ လှောင်ရယ်ရယ်လိုက်တာလားဟု မိုးခင် စဉ်းစားဆဲမှာ သူမက ဖုန်းချသွားလေသည်။

အင်းလေ ... သူလည်း ဒါမျိုးတွေ ရိုးနေမှာပါပဲ။ လိမ်မှန်းသိပေမယ့်လည်း ဘာဆိုဘာမှ မပြောဘဲ မချိတင်ကဲလိုလို အောင့်သီးအောင့်သက်လိုလို တစ်ချက်ကလေးပဲ ရယ်ပြီး ဖုန်းချသွားတာလောက်ပဲ တုံ့ပြန်တာ တော်သေးသည်ဟု ဆိုရမည်ပင်။

မိုးခင်က သက်ပြင်းတစ်ချက်ချရင်း ဖုန်းခွက်ကို ပြန်ချကာ ဆိုဒ်ထဲကိုသွားဖို့ ပြင်ဆင်လိုက်သည်။

ရုံးကကားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲသွားကာ သေချာမေးမြန်း၊ ဓာတ်ပုံရိုက်၊ လိုအပ်တာတွေ ပြောဆိုမှတ်သားပြီးချိန်မှာ အချိန်က စောနေသေးသည်။

လက်ထဲမှာလည်း ပိုက်ဆံပိုလေး ရှိနေချိန်မို့ ရုံးပိတ်ရက်အထိတောင် မအောင့်နိုင်တော့ဘဲ ကားငှားကာ Junction Square သို့သွားပြီး လိုချင်နေသည့် အိတ်၊ ဖိနပ်နှင့် အဝတ်အစားတွေ ဝယ်ပစ်လိုက်ပါသည်။

ပိုက်ဆံ သုံးနိုင်သည့် ဘဝဟာ ပျော်စရာတော့ အကောင်းသားပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

❖ ❖ ❖

အညိုသည် အိမ်ပိုင်ရှင်ရှေ့မှာ မျက်နှာမှုန်တောက ခေါင်းငိုက်စိုက်ချ၍ ထိုင်နေရင်း ဘယ်နှကြိမ်မြောက်မှန်းမသိ သက် ပြင်းကြီးတစ်ချက် ချလိုက်သည်။

"မင်းတို့ကိုတော့ အားနာပါတယ် အညိုရာ၊ ဒါပေမယ့် ဦးတို့မှာကလည်း ကိုယ့်အခက်အခဲနဲ့ကိုယ် မဟုတ်လား ဦးတို့လည်း ဒီအိမ်ကို အမြန်ရောင်းဖို့ မရည်ရွယ်ပါဘူး သားက ယာဉ်တိုက်မှုဖြစ်တော့ တစ်ဖက်က ပိုက်ဆံပေးရ ကြေအေးမှာလေ၊ အဲ့ဒီပိုက်ဆံကလည်း လက်ထဲမှာမရှိတော့ ဒီအိမ်လေးကိုပဲ ဝယ်သူပေါ်လာတုန်း ဗိုက်နာဈေးနဲ့ ရောင်း ထုတ်လိုက်ရတော့တာ၊ မင်းကို ကြိုပြောချိန်လည်း မရလိုက် လို့ပါ"





"ဦးတို့အခက်အခဲကို နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့လည်း ကိုယ့်အခက်အခဲနဲ့ကိုယ် ရှိတာပေါ့၊ ဒီအိမ်ကနေ ပြုန်းစားကြီး ပြောင်းပေးဖို့ဆိုတာ သိပ်မလွယ် ဘူးလေ၊ တစ်လ မဟုတ်ရင်တောင်မှ တစ်ပတ်လောက် အချိန်ရရင် မဆိုးဘူးပေါ့၊ ခုဟာက နှစ်ရက်အတွင်း ပြောင်း ရမယ်ဆိုတော့ ကျွန်တော်တို့က ဘယ်သွားနေရမှာလဲ ...၊ ဒီနှစ်ရက်အတွင်း အိမ်သစ် ဘယ်လိုရှာရမှာလဲ ..."

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ဝယ်သူတွေ ဘက်ကလည်း နယ်ကနေ တက်လာကြတဲ့သူတွေ၊ သူတို့ မှာ အထုပ်အပိုးတွေကလည်း များ၊ လောလောဆယ် တည်း နေတဲ့ အိမ်ကလည်း မကြည်ဖြူတော့ဘူးဆိုတော့ ဖြစ်နိုင် ရင် ငွေချေပြီးပြီးချင်းတောင် အိမ်ပေါ်တက်ချင်နေကြတာ၊ မနည်းတောင်းတောင်းပန်ပန်နဲ့ လကုန်တဲ့အထိ နှစ်ရက်ပဲ အချိန်ပေးဖို့ ဈေးဆစ်ထားရတာ ..."

"အင်းလေ ... ဒါဆိုလည်း ဘယ်တတ်နိုင်ပါ့မလဲ၊ နောက် နှစ်ရက်ဆို လကုန်ပြီပဲ၊ ကျွန်တော်တို့ ပေးထားတဲ့ လခ လည်း ပြည့်နေပါပြီ၊ ဦးဘက်ကလည်း တစ်လချင်း လခ ပေးနေခွင့် ပေးထားတာဆိုတော့ ကျွန်တော်တို့ကို ဖယ်ခိုင်း တာ ဦးတို့အလွန်မရှိပါဘူး၊ အဆင်ပြေအောင် ကျွန်တော် စီစဉ်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ခုလို နားလည်ပေးတာ ကျေးဇူးပါ အညိုရာ"

အညိုတို့ အိမ်ရှင် ပြန်သွားတော့ အညိုတစ်ယောက်တည်း ခပ်ငေါင်ငေါင် ထိုင်ကျန်ခဲ့ပါသည်။

နှစ်ရက်တည်းနဲ့ ဘယ်ကိုပြောင်းရပါ့မလဲ ...။ စိတ်ထဲမှာ ကြံရာမရ ဖြစ်လှပါသည်။

မိုးခင် ပြန်လာမှ တစ်နည်းမဟုတ် တစ်နည်း တိုင်ပင်စီစဉ်တာပေါ့လေဟု တွေးကာ လောလောဆယ်မှာတော့ ပြန့်ကျဲနေသည့် ပစ္စည်းလေးတွေကို နိုင်သလောက် သိမ်းဆည်းစုဆောင်းနေလိုက်ပါသည်။

■ ■ ■

"ဟင် ... အညို၊ ဒါ ဘာတွေလုပ်နေတာလဲ"

ပစ္စည်းအိတ်တွေ အတွဲလိုက်ကြိုးဆွဲကိုင်၍ ပျော်ရွှင်လန်းဆန်းစွာ အိမ်ပေါ်သို့ လှမ်းတက်လိုက်သော မိုးခင်သည် ဟိုနားတစ်စု ဒီနားတစ်စု ပြင်ဆင်ထုပ်ပိုးထားသည့် အထုပ်တွေ အိတ်တွေကို မြင်လိုက်မှာ အံ့အားသင့်လျက် လှမ်းမေးလိုက်ပါသည်။

အညိုက စိတ်လည်း မကောင်း၊ မိုးခင် စိတ်ညစ်သွားမှာကိုလည်း စိုးရိမ်မိကာ ထိုင်ရာမှထ၍ မိုးခင်ကို ကြိုလိုက်ရင်း ...





"ဒီနေ့ နောက်ကျတယ်နော် မိုးခင်၊ ငါ နင့်ကို ဖုန်းခေါ်ကြည့်သေးတယ်၊ နင့်ဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပမှာချည်း ပြောနေတာ၊ ဒီနေ့ အိုဗာတိုင်ဆင်းနေရတာလား၊ အထုပ်တွေလည်း အများကြီးပါလား၊ ဈေးဝယ်လာတာလား၊ ဒီနေ့လခထုတ်ရက်လည်း မဟုတ်သေးဘူးထင်တယ်၊ နင် ဘယ်က ပိုက်ဆံရလို့ ဝယ်လာတာလဲ၊ ပေး ... ပေး အထုပ်တွေ ငါ့ပေး၊ ငါ သိမ်းလိုက်မယ်၊ နင် ဗိုက်ဆာလာပြီမဟုတ်လား၊ ထမင်းပွဲကတော့ အဆင်သင့်ပဲ၊ နင်ကြိုက်တဲ့ ငါးဘတ်ကို မွှေပြီး အရည်သောက်ကလေးက ..."

"အညို ..."

မိုးခင်က ခပ်ဆတ်ဆတ် အော်လိုက်တော့မှ အညို့စကားက ရပ်သွားသည်။

"နေစမ်းပါဦး ... ငါမေးတာကို နင်ဖြေမှာလား၊ နင်မေးတာကို ငါက ဖြေရမှာလား၊ ဒီအထုပ် အထုပ်တွေက ဘာတွေလဲ၊ ဘာဖြစ်လို့ အိမ်ကပစ္စည်းတွေကို ထုပ်ပိုးထည့်သိုသိမ်းဆည်းထားတာလဲ၊ သိချင်လွန်းလို့ သေတော့မယ်ဟဲ့၊ မြန်မြန် ဖြေစမ်းပါ"

"နင် အရမ်းစိတ်ညစ်မသွားနဲ့နော်"

"ကဲ ... ပြောမှာသာ မြန်မြန်ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဘယ်လိုအခြေအနေမျိုးပဲ ရောက်ရောက် အဆင်ပြေအောင် ငါ စီစဉ်ပေးမှာပါ၊ နင် ဘာမှပူစရာမလို ဘူးနော်"

"ဟဲ့ ... မပြောသေးဘူးလား၊ ငါ စိတ်တိုလာပြီနော်"

"အေး ... အေးပါဟာ၊ ပြောပါ့မယ်၊ ဒီအိမ်ကို အိမ်ရှင်က ဒီနေ့ပဲ ရောင်းလိုက်လို့၊ အဲ့ဒါ ငါတို့တွေ နှစ်ရက်အတွင်း အိမ်က ဖယ်ပေးရမယ်"

"ဘာ ..."

မိုးခင်က အော်လိုက်တာမို့ အညိုက မိုးခင်လက်ကို လှမ်းဆွဲဆုပ်ကိုင်ထားလိုက်ရင်း ...

"မိုးခင် ... စိတ်မညစ်ပါနဲ့ဟာ"

"စိတ်ညစ်တာ မဟုတ်ဘူး၊ စိတ်တိုတာ၊ ဒေါသထွက်တာ၊ ငါတို့ကို ဒီလိုလုပ်စရာလား၊ ငါတို့က တန်ရာတန်ကြေး ပေးပြီးငှားနေတာ၊ အိမ်ရှင်နဲ့ အိမ်ငှား ငဲ့ညှာမှုဆိုတာ မရှိတော့ဘူးလား၊ ဖယ်ခိုင်းမယ်ဆိုလည်း တစ်လလောက် ကြို ပြောရမယ်ဆိုတာ နားမလည်ဘူးလား၊ အဲ့ဒီအိမ်ရှင် ဦးလေး ကြီးတို့အိမ်က ဘယ်မှာလဲ ... ပြော၊ ငါ အခု သွားပြော မယ်"

"ပြောလည်း မထူးပါဘူးဟာ၊ ငါလည်း သဘောတူလိုက် ပြီးပြီ"





"ဘာ ..."

"သိပ်မအော်ပါနဲ့ဟာ ..."

"နင့်လုပ်ပုံ အချိုးမပြေလို့ အော်တာပေါ့ အညိုရဲ့၊ နင်တစ်ယောက်တည်း သဘောတူရုံနဲ့ ရမလား၊ နင်သဘောတူပေမယ့် ငါသဘောမတူဘူး၊ ဒီအိမ်မှာ နင်နဲ့ငါ နှစ်ယောက် အတူနေတာ၊ ငါသဘောမတူဘဲ ဘာမှလုပ်လို့မရဘူး"

မိုးခင်သည် ပြောရင်း အညို့ကို ဒေါသထွက်လာသည်။ ငွေရွှင်လို့ ပျော်ရွှင်ခဲ့ရတာတွေလည်း ကြက်ပျောက်ငှက် ပျောက် ပျောက်ကာ ခန္ဓာကိုယ်ထဲ သွေးဆူပွက်လိုက်ကာ ရင်တွေ သည်း တုန်လာသည်။

ညံ့တာ ...။ အညို ညံ့တာ ...။ အညို ညံ့လို့ ဒီလို ဖြစ်ရတာဟု တွေးမိလျက် အညို့ကိုပဲ မဲ၍ ဒေါသဖြစ်နေမိသည်။

"သူတို့မှာလည်း သူတို့သားအမှုကိစ္စအတွက် လျော်ကြေး ပေးစရာရှိလို့ မဖြစ်မနေ ရောင်းရတာ၊ ဝယ်လိုက်တဲ့သူက တောင်းဆိုတာကို ဘယ်လိုငြင်းမလဲ မိုးခင်ရယ် ..."

မိုးခင်သည် ဘာစကားမှ ဆက်မပြောတော့ဘဲ ကြမ်း ပြင်ပေါ်သို့ နွမ်းလျအားပြတ်စွာ ထိုင်ချလိုက်သည်။ အညိုက မိုးခင် ရှေ့မှာ ထိုင်ချလိုက်ရင်း ...

"ဒီနှစ်ရက်အတွင်း အိမ်သစ်ငှားလို့ရအောင် ငါရှာပါ့မယ် မိုးခင်ရယ်၊ အဆင်ပြေသွားမှာပါကွာ ..."

www.burmeseclassic.com



မိုးခင်သည် စကားမဆိုဘဲ အညို့မျက်နှာကို စိုက်ကြည့်နေလိုက်ပြီးမှ တိုးတိတ်အေးစက်သော အသံဖြင့် ...

"နင် သိပ်ညံ့တယ် အညို"

ဟု တစ်လုံးချင်း ပြောလိုက်ပါသည်။

အညို့ရင်ထဲတော့ ကျင်ခနဲ ဖြစ်သွားခဲ့ရသည်။ မိုးခင်ဟာ ကိုယ့်ကိုယ်ဆို အားကိုးထိုက်သော ယောကျ်ားတစ်ယောက်နေရာမှာ ဘယ်တော့မှ မထားဘဲ အမြဲအထင်သေးနေတတ်တာကို သူ အလိုလို ခံစားသိမြင် နားလည်ထားသည်။ မိုးခင်ရဲ့ ရှုးရှုံ မျက်ဝန်းတွေထဲက ထိုအထင်သေးရိပ်တွေကို မြင်တိုင်း သူ သိမ်ငယ်ရသည်။ နာကျင်ရသည်။ မိုးခင် အထင်ကြီးအောင် သူ ဘာလုပ်ရမှန်းလည်း မသိတာမို့ပင်။

"နင် ငါ့ကို ဒီလိုရပ်ကွက် ဒီလိုအိမ်မျိုးမှာ ထားတာ ခုဆို တစ်နှစ်ကျော်ပြီ၊ ဒီအတောအတွင်း နင့်ဘဝကို နင် ဘာတွေများ တိုးတက်အောင် လုပ်နိုင်ခဲ့သလဲ ..."

ငါ့ဘဝကို တိုးတက်အောင် မလုပ်နိုင်ခဲ့ပေမယ့် နင့်ဘဝကိုတော့ တိုးတက်အောင် လုပ်နိုင်ခဲ့တာပဲ မိုးခင်ရယ် ... ဟု စိတ်ထဲကသာ ပြန်ပြောရင်း မိုးခင်ကို အညိုက ငေးနေသည်။

"ငါနဲ့ လက်မထပ်ခင် နင်ပြောခဲ့တုန်းကတော့ ငါ့ကို စိတ်ချမ်းသာအောင် ထားပါ့မယ်ဆိုပဲ၊ အဟက် ... ဘာတွေများ





စိတ်ချမ်းသာစရာ ရှိလို့လဲ၊ ယောကျ်ားက စားပွဲထိုး၊ နေရတော့ ရပ်ကွက် အစုတ်၊ အိမ်အစုတ်၊ ခု အိမ်အစုတ်ကတောင် ဆင်းရတော့မယ်၊ မှတ်ထား အညိုရဲ့ ... လူဆိုတာ ငွေရှိမှ စိတ်ချမ်းသာတာ၊ ငွေမရှိဘဲ စိတ်ချမ်းသာတဲ့ဘဝကို မရနိုင်ဘူး ...၊

"ဒီနေ့ ငါ့အလုပ်ရှင် သူဌေးဆီက ဘိုးနပ်စ်ငွေရလို့ ငါစိတ်ချမ်းသာတယ်၊ ငါလိုချင်တာတွေ ဝယ်ခွင့်ရလို့ ပျော်လာတယ်၊ အခု အိမ်ရောက်တော့ ငါနေတဲ့ အိမ်ကနေ အထုပ်အပိုးတွေ အမြန်ထုပ်ပိုးပြီး ဣန္ဒြေမရ အမြန်ဆုံး ပြောင်းပေးရမယ်တဲ့၊ ဒါ့ထက်ကောင်းတဲ့ အခန်းကို ပြောင်းရအောင်ကလည်း ပိုက်ဆံကမရှိ၊ ဘယ်လောက် စိတ်ဆင်းရဲစရာကောင်းတဲ့ ဘဝလဲဟင်၊ ဒါတွေဝယ်လာမိတာတောင် ငါ နောင်တ ရရတော့မယ့်အဖြစ်၊ ကျွတ် ... သွားစမ်းပါကွဲ ..."

မိုးခင်က ဈေးဝယ်လာသည့် အနားက စက္ကူလက်ဆွဲအိတ်တွေကို သိမ်းကြုံးဆွဲယူကာ ပစ်ပေါက်လွှင့်ပစ်လိုက်သည်။ မိုးခင် မျက်လုံးထဲမှာ မျက်ရည်တွေ ဝေ့ဝဲလျက် အံကိုတင်းတင်းကြိတ်ထားသည်။

အညိုက မိုးခင် လွှင့်ပစ်သဖြင့် ပြန့်ကျဲသွားသော

www.burmeseclassic.com



အိတ်တွေကို လိုက်ကောက်စုစည်းကာ အိမ်ထောင့်တစ်နေရာမှာ ပုံထားလိုက်ပြီးမှ မိုးခင်ရှေ့မှာ ပြန်ထိုင်လိုက်ရင်း ...

"မိုးခင် ဒီကိစ္စက နင်နဲ့မဆိုင်ဘူးပဲ သဘောထားလိုက်ပါ ဟာ၊ နင်က ဒါတွေကို လှလှပပ ဝတ်ပြီး နင့်အလုပ်နင် သွားလုပ်ပါ၊ အိမ်က ငါ မရရအောင် ရှာပါ့မယ် ..."

"မရရင်ကော ..."

"မရရင် ..."

အညိုက ရုတ်တရက် မဖြေနိုင်တာမို့ မိုးခင်က ဟက်ခနဲ ရယ်လိုက်ရင်း ...

"plan B ကို နင် စဉ်းစားထားရမယ်လေ၊ မရရင် ဘာလုပ်မလဲပြော၊ ကြည့်စမ်း ... နင် ဒါကို စဉ်းစားမထားဘူးပေါ့"

"ငါ စဉ်းစားထားပါတယ်၊ အပြောရခက်နေလို့ပါ၊ နင်မကြိုက်မှာစိုးလို့ပါ"

"ပြောကြည့်ပါ ..."

"ငါ အရင်ဟိုတယ်မှာ အလုပ်လုပ်တုန်းက အစ်ကိုလိုခင်တဲ့ ကိုအောင်ဇင်ဆိုတာ ရှိတယ်လေ၊ နင် သိတယ်မဟုတ်လား၊ ဒီအိမ်ကိုလည်း သူပဲ ရှာပေးထားတာ"

"အင်း ... သိတယ်"

"သူက လူပျိုကြီးလေ၊ သူ့အမေနဲ့ နှစ်ယောက်တည်းနေတာ၊ အချိန်မီ အိမ်ရှာမရရင် သူ့အိမ်မှာပဲ ခဏသွားနေလို့ ရတယ်"

"နိုးပါ ... အညို၊ ငါ သူများအိမ်မှာ မနေချင်ဘူး၊ နောက်တစ်နည်းအနေနဲ့ တည်းခိုခန်းမှာ သွားနေမယ်လို့လည်း လာမပြောနဲ့၊ လုံးဝပဲ၊ ငါမနေဘူး"

"ခဏတစ်ဖြုတ် ရက်ပိုင်းလေး ..."

"တစ်မိနစ် တစ်စက္ကန့်တောင် မနေဘူး အညို"

"ဒါဆို ဘယ်လိုလုပ်မလဲ မိုးခင်ရယ်"

"ကိုအောင်ဇင့်အိမ်မှာ နင် ခဏသွားနေချင် နေပေါ့၊ ငါက ငါ့ရုံးက ပေးတဲ့အခန်းမှာ နေလို့ရတယ်"

"ရုံးက အခန်းပေးတယ်! ..."

"ဟုတ်တယ်၊ နယ်ကလာတဲ့ ဝန်ထမ်းတွေ၊ သွားရလာရတာ အရမ်းဝေးတဲ့ နေရာက လူတွေကို ကုမ္ပဏီပိုင် တိုက်ခန်းမှာ ပေးနေတယ်၊ ငါ သူဌေးကိုပြောပြီး နေလို့ရတယ်"

"ဒါဆို ... နင်နဲ့ငါ ခွဲနေရမှာပေါ့"

"အဟင်း ... အဲ့ဒါ ဘာဖြစ်လဲ အညို"

မိုးခင်က လှောင်ပြောင်သလိုလေး ရယ်ကာ အညို့ကို မေးခွန်းပြန်ထုတ်လိုက်သည်။

အင်းပေါ့လေ ... မိုးခင်ကတော့ အညို့ကိုချစ်လို့ထူ





ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထားတာမှ မဟုတ်ဘဲ။ သူ့စိတ်မှာ မခွဲနိုင်တာ၊ လွမ်းတာတွေလည်း ဘယ်ရှိနိုင်ပါ့မလဲ။ အညို့မှာသာ အလွမ်းတွေနဲ့ ဆန့်ငင်ဆန့်ငင် ကျန်ရစ်ရမှာ။

"ဟို ... နင်တစ်ယောက်တည်း အဆင်ပြေပါ့မလားလို့ပါ"

"ပြေတယ်"

"ငါမရှိရင် နင် စားဖို့ သောက်ဖို့ကအစ၊ ပြီးတော့ မျက်တောင်ကော့ဖို့၊ ဇစ်ဆွဲဖို့လေးတွေကအစ ..."

"ဟာဟ ... အရေးမပါတာတွေ ဒီအချိန်မှာ လာမပြောစမ်းပါနဲ့ အညိုရာ"

"အရေးမပါတာ ! "

အညိုက မိုးခင်ရဲ့ ထိမထင်ပုံစံ မျက်နှာပေးကလေးကို စိုက်ကြည့်လိုက်မိသည်။ ကိုယ့်အတွက်တော့ မင်းနဲ့ပတ်သက်သမျှ အရာရာဟာ အရေးပါပါတယ် မိုးခင်ခင်ရယ် ...။

"ဘာလဲ ... ငါက နင်မရှိရင် မရပ်တည်နိုင်တဲ့သူလို့ နင်ထင်နေတာလား"

"မထင်ပါဘူး မိုးခင်ရယ်၊ ခုချိန်မှာ နင်က ငါ့ထက်တောင်သာတဲ့ အရည်အချင်းတွေနဲ့ တင့်တင့်တယ်တယ် ရပ်တည်နိုင်တဲ့သူပါ"

မိုးခင်က ဘာမှဆက်မပြောတော့ဘဲ တစ်ဖက်သို့ မျက်နှာလွှဲကာ ငြိမ်သွားသည်။





"မိုးခင် ..."

အညိုက မိုးခင်ရဲ့ လက်ဖဝါးတစ်ဖက်ကို ဆွဲယူဆုပ်ထွေးလိုက်ရင်း ...

"နင် တစ်ခုတော့ သတိထားပါ မိုးခင်၊ နင်က ခုချိန်မှာ အရင် မိုးခင်ခင် မဟုတ်တော့ဘူးဆိုတာ အမြဲသတိရပါ၊ စိတ်ဆိုးလည်း စကားလုံးကြမ်းကြမ်းတွေ ဒေါသတကြီး မပြောမိ မဆိုမိပါစေနဲ့၊ နင့်ရုပ် စမတ်ကျကျလှလှလေးနဲ့ အဲ့ဒီလို စကားလုံးတွေ အမူအရာတွေနဲ့ မလိုက်ဖက်ပါဘူး၊ အရင်လို ပုံစံမျိုး ပြန်မဖြစ်အောင် ဂရုစိုက်ပါ မိုးခင်ရယ်"

အညိုက မိုးခင်ကို ခပ်တိုးတိုး ဖျောင်းဖျပြောဆိုနေရင်း ကိုယ့်စိတ်ထဲက နာကျင်ရသော ခံစားချက်ကိုတော့ မျိုသိပ်သိုဝှက်ထားလိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

❖ ❖ ❖

ညက အေးစက်တိတ်ဆိတ်နေသည်။ အညိုတို့အိမ်ကလေးထဲမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သန်းခေါင်ကျော်ခဲ့ပြီ ဖြစ်သော်လည်း အညိုက အိပ်လို့မပျော်နိုင်သေးပါ။ မနက်ဖြန် မနက်ကျရင် သွားစုံစမ်းဖို့ နေရာတွေကို ကြိုတင်စဉ်းစားနေမိသည်။ လောလောဆယ်တော့ ဒီရပ်ကွက်ထဲမှာ ငှားဖို့အိမ်မရှိ။ အရင်နေခဲ့တဲ့ ရပ်ကွက်မှာ သွားနေလို့လည်းမဖြစ်။ ပိုဈေးကြီးတဲ့ တိုက်ခန်းကို ပြောင်းနေချင်သော်လည်း ပိုက်ဆံက မရှိပါ။

မိုးခင်ကို အညိုက ဒါ့ထက်ပိုကောင်းမယ့် နေရာ၊ မိုးခင်နဲ့ လိုက်ဖက်မည့် နေရာမျိုးမှာ ထားချင်ပါသည်။

ခုဆို မိုးခင်ရဲ့ အသွင်အပြင်ဟာ ဒီလိုရပ်ကွက်မျိုးမှာ နေသူရယ်လို့ ထင်ရက်စရာမရှိအောင် ရှင်းသန့်လင်းလက်နေ





သည်။ ညနေက စိတ်ဆိုးပြီး ကြမ်းပြင်ပေါ် ထိုင်ချလိုက်တဲ့အခြင်းဟာ မိုးခင်နဲ့ မလိုက်ဖက်ပါ။ အနက်ရောင် စကတ်တိုကလေးအောက်က ဖြူဖွေးစင်းလုံးနေတဲ့ ခြေသလုံးလှလှလေးတွေ၊ စင်းကျော့နေတဲ့ လည်တိုင်ကလေး၊ မတ်ကျော့နေတဲ့ ကိုယ်ဟန်ကလေး၊ ကြည့်လိုက်တာနဲ့ ဘယ်နေရာကမှန်းမသိ အဆင့်မြင့်သလို ဖြစ်နေတဲ့ မိုးခင်ရဲ့ ရုပ်ရည်ကလေးကို ငေးကြည့်မိတိုင်း ဒီလိုနေရာမှာ ထားရတဲ့အတွက် စိတ်မကောင်း အမြဲဖြစ်နေခဲ့တာပင်။

ခု ဒီလိုနေရာမှာတောင်မှ တည်တည်ငြိမ်ငြိမ်လေး မထားနိုင်ဘဲ ကစဉ့်ကလျား အခြေပျက်အနေပျက် ဗြုန်းစားကြီး ပြောင်းရ ရွှေ့ရမှာမို့ အညိုက မိုးခင်ထက် အဆပေါင်းများစွာ စိတ်ထိခိုက်ရပါသည်။

လိုတဲ့ပိုက်ဆံအတွက် ဦးထူးဆီကလည်း သွားမချေးချင်၊ နယ်က အဖေတို့ အမေတို့ကလည်း ကိုယ်က ထောက်ပံ့ရမည့် အခြေအနေမှာ မထောက်ပံ့နိုင်တော့တာ ကြာပြီပင် ...။ အညို မိန်းမရနေပြီဆိုတာကိုသိလျက် အမေတို့ကလည်း ဒီကိုမလာနိုင်၊ သူကလည်း မသွားဖြစ်ခဲ့တာပါ။

အညိုက ပက်လက်အိပ်လျက် နဖူးပေါ် လက်တင်ကာ စဉ်းစားရင်းက ဘေးမှာ အိပ်နေသည့် မိုးခင်ကို ငဲ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က သူ့ကိုကျောပေးလျက် တစ်ဖက်ကို စောင်းလှည့်ကာ ငြိမ်သက်နေသည်။ အိပ်ပျော်သလား မပျော်သလားတော့ သူမသိပါ။

မိုးခင်ဟာ ကိုယ့်ကို မချစ်ဘဲယူခဲ့တာကို သိသော်လည်း အတူအနေကြာတဲ့အခါ ကိုယ့်အပေါ် သံယောဇဉ်နဲ့ ဖွံ့နှောင်ငံ့ညှာတွယ်တာလေမလားဟု အညိုက တိတ်တခိုး မျှော်လင့်ခဲ့ရပါသည်။

သို့သော်လည်း အလိုမကျတာ တစ်ခုခုရှိတိုင်း သူ့အပေါ် ဒေါသနှင့် တုံ့ပြန်တတ်တာမို့ သူ အမြဲနာကျင်ရသည်ပင်။

အညိုက မိုးခင်၏ ကျောပြင်လေးကို ငေးကာကြည့်နေမိပြီးမှ တစ်ဖက်သို့ ပြန်လှည့်စဉ်မှာ ...

"တောက် ..."

တောက်ခေါက်သံ တစ်ချက်နှင့်အတူ မိုးခင်က ဆတ်ခနဲ ထထိုင်လိုက်တာမို့ သူက စိုးရိမ်သွားကာ အိပ်ရာမှ ထထိုင်လိုက်ရင်း ...

"မိုးခင် ... ဘာဖြစ်လို့လဲတင်"

"ဒေါသထွက်လို့၊ မနာလိုလို့၊ မကျေနပ်လို့ ..."

မိုးခင်က အံခဲလျက် အေးစက်စက် ဖြေသည်။ အညိုက အိပ်ရာခေါင်းရင်းက ရေဘူးကို လှမ်းယူကာ ရေတစ်ခွက်ငှဲ့လျက် မိုးခင်ကို လှမ်းပေးလိုက်ရင်း ...





"ရော့ ... သောက်လိုက်ဦး၊ လျှောက်လျှောက်တွေးမနေနဲ့၊ စိတ်ကိုလျှော့ပြီး ပြန်အိပ်လိုက်နော်"

မိုးခင်က ရေခွက်ကို မော့သောက်လိုက်ပြီး အိပ်ရာထဲမှာပြန်လှဲကာ နဖူးပေါ် လက်ပြန်တင်၍ ခြင်ထောင်အမိုးကို ကြောင်ငေးကြည့်နေသည်။

အညိုက မိုးခင်ဘေးမှာ ပြန်လှဲပြီး မိုးခင်လိုပဲ နဖူးပေါ် လက်တင်ကာ ခြင်ထောင်အမိုးကို ငေးနေသည်။

ခဏနေတော့ မိုးခင်ထံက သက်ပြင်းချသံသဲ့သဲ့ကြားပြီး ...

"အညို ..."

"အင်း ..."

"လောကကြီးက မမျှတဘူးနော်"

"... ... ..."

"မဟုတ်တာလုပ်နေတဲ့ သူတွေကျတော့ ချမ်းသာနေကြပြီး မကောင်းမှုမလုပ်တဲ့ သူတွေက ဘာလို့ဆင်းရဲနေရတာလဲ၊ ငါ့သူဌေးဆီက စပွန်ဆာရထားတဲ့ ကောင်မလေးဆို ဘာဆိုဘာမှ မပူရဘူး၊ နေဖို့အိမ်၊ စီးဖို့ကား၊ သုံးဖို့ ပိုက်ဆံ၊ အားလုံး အရံသင့်ပဲ၊ သူ့လို သူများယောကျ်ားနဲ့ ပေါင်းနေတဲ့၊ အကျင့်စာရိတ္တတွေ စိတ်ဓာတ်အဆင့်အတန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ကျနေတဲ့ မိန်းမမျိုးကျတော့ အဆင်ပြေပြီး ငါကျတော့ ဘာလို့ ဆင်းရဲနေရတာလဲ၊ အဲ့ဒီလို မိန်းမမျိုးတွေ မဟုတ် တာလုပ်ပြီး တောက်တောက်ပြောင်ပြောင်နဲ့ ခေါင်းမော့နေ ကြတာတွေ့ရင် ငါ မကျေနပ်လွန်းလို့ မနာလိုလွန်းလို့ သေတော့မယ် အညို ...”

“ဂုဏ်ကျက်သရေချင်းတော့ ဘယ်တူပါ့မလဲ မိုးခင်ရယ် သူတို့ကိုကြည့်ရင် အပေါ်ယံ ပြည့်စုံသလိုထင်ရပေမယ့် သူတို့အတွင်းရေးကို ဘယ်သူက သိနိုင်လို့လဲ၊ သူတို့ ငွေပေးပြီး အသုံးချနေတဲ့ အဘိုးကြီးတွေရဲ့ ဆန္ဒရမ္မက်ကို ဘယ်လောက် ဖြည့်ဆည်းပျော်တော်ဆက်နေရတယ်ဆိုတာ နင်သိလို့လား၊ သာမန် လင်မယားဆိုတာက နှစ်ဦးသဘော တူ လက်ထပ်ထားတာ၊ အပေးအယူ မဆန့်ဘူး၊ စိတ်မပါ ရင် မပါသလို အေးအေးချမ်းချမ်း နေခွင့်ရှိတယ်၊ ဟိုမှာ ဆက်ဆံရေးကျတော့ စိတ်ပါပါ မပါပါ ပါချင်ယောင် ဆောင်ပြီး ကိုယ့်ရပ်တည်မှုအတွက် ပေးဆပ်နေကြရတာ အပေါ်ယံ အဆောင်အယောင်တွေ ခွာချလိုက်ရင် မိန်း ပျက်သာသာ အဆင့်ပါပဲဟာ၊ ဒီလိုဟာမျိုးတွေကို ဘာမနာလို စရာ ရှိသလဲ ...”

“ဘာပဲဖြစ်ဖြစ်ဟာ ငါ့သူဌေးရဲ့ ကောင်မလေးတွေ အဆင်





မရှိတဲ့ လေသံနဲ့ ငါ့ဆီဖုန်းဆက်ဆက်နေတာကို ငါတ ယဉ်ကျေးနိမ့်ချ ပြန်ပြောနေရတာ အရမ်း ဖီးလ်အောက် တာပဲ၊ အဲ့ဒီလို မိန်းမတွေကို လုံးဝမကျေနပ်ဘူး၊ အရင်လို မိုးခင်ခင်သာဆိုရင် သူတို့မျက်နှာကို လက်သည်းနဲ့ ဟော့ဒီ လို ကုတ်ဆွဲပြီး လုံးထွေးရန်သတ်ပစ်လိုက်ချင်တယ် ... တကယ်”

မိုးခင်က လက်တစ်ဖက်ကို ဆတ်ခနဲ မြှောက်၍ လက်ချောင်းတွေကို ဖြန့်ကားရင်း ပြောလိုက်တော့ အညိုဆီက ရယ်သံသဲ့သဲ့ ထွက်လာသည်။

မိုးခင်က အိပ်ရာပေါ်မှ ထထိုင်လိုက်ရင်း ...

“အိပ်မပျော်သေးတဲ့အတူတူ အိမ်ပြောင်းဖို့ ငါ့ပစ္စည်းလေး တွေ သိမ်းလိုက်ဦးမယ်”

“ငါ ကူသိမ်းပေးမယ်လေ”

“နေပစေ၊ နင် အိပ်နှင့်တော့၊ တိုလီမုတ်စလေးတွေက ငါ့ဘာသာ အေးအေးဆေးဆေးသိမ်းမှ ဖြစ်မှာ”

မိုးခင်က အိပ်ရာခြေရင်းက လက်ဆွဲအိတ်ကြီးကို လှမ်းဆွဲယူလိုက်ပြီး ပစ္စည်းတွေထည့်သိုသိမ်းဆည်းနေလိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

❖ ❖ ❖

မိုးခင်ခင်သည် မနေ့ကမှ ဝယ်ထားသော အဝတ်အစားသစ်၊ အိတ်သစ်၊ ဖိနပ်အသစ်ကို ဆင်မြန်းလျက် ကုမ္ပဏီအဆောက်အဦ လှေကားထစ်တွေအတိုင်း မတ်မတ်ကျော့ကျော့ သွက်သွက်လေး လျှောက်တက်လာပါသည်။

ကိုယ့်အိမ် ကိုယ့်ရပ်ကွက် ပတ်ဝန်းကျင်က ကိုယ့်ကို သိမ်ငယ်စေသော်လည်း ကိုယ် နေ့တိုင်း အလုပ်လုပ်နေသည့် နေရာက ခမ်းနားအဆင့်မြင့်ကာ ခေတ်မီပစ္စည်း တန်ဖိုးကြီးပစ္စည်းတွေကို ထိတွေ့ကိုင်တွယ်အသုံးပြုနေရတာမို့ စိတ်ဓာတ်တက်ကြွစေသည်။

ကိုယ့်အလုပ်ပတ်ဝန်းကျင်ဟာ သစ်လွင်လတ်ဆတ်တာမို့ မိုးခင်ခင်က ရုံးတက်နေရတာကို ကျေနပ်သည်။





သို့သော် ... ဒီနေ့တော့ စိတ်မှာ အပူတစ်မျိုး ရှိနေသည်။ တိုက်ခန်းမှာ နေထိုင်ခွင့်ရဖို့ ဦးနေမျိုးနိုင်ကို ပြောရမှာမို့ စိတ်လှုပ်ရှားကာနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် မျက်နှာထားကတော့ တည်တည်ငြိမ်ငြိမ်ကလေးပဲ ထားထားသည်။

မိုးခင်က ဓာတ်လှေကားရှေ့မှာ ရပ်၍ ဓာတ်လှေကား ခေါ်ယူသည့် ခလုတ်ကို နှိပ်လိုက်ပြီး ရပ်စောင့်နေဆဲမှာ ဖုန်းဝင်လာပါသည်။

ဟန်းဖုန်းနံပါတ် မဟုတ်သော ဒီနံပါတ်ကို မိုးခင် မသိသော်လည်း အလုပ်ကိစ္စတစ်ခုခုဖြစ်မည်ထင်ကာ ဖုန်းဖွင့်ကိုင်လိုက်သည်။

"ဟဲလို ... အမိန့်ရှိပါရှင်"

"မိုးခင်ခင်လား ..."

"ဟုတ်ပါတယ် ..."

"တို့က ဟန်နီချိုလေ၊ တို့အသံကို မမှတ်မိဘူးလား၊ ဒီလောက် အခါခါပြောဖူးနေတာတောင်မှလေ ..."

ထိုအပေါ်စီးက ခပ်ကြောကြော အသံကို ကြားရုံနှင့် ဒေါသထွက်လှသော်လည်း သူဌေးမျက်နှာနှင့်မို့ စိတ်ကိုရှည်ရှည်ဆွဲဆန့်ကာ ...

"ဟုတ်ကဲ့ ... ပြောပါ ဟန်နီချို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီနေ့ ဟန်နီ့အိမ်ကို လာနိုင်မလား"

"ဘာကိစ္စရှိလို့ပါလဲရှင် ..."

"ဟန်နီ ခလုတ်တိုက်ပြီး ခြေထောက်နာနေလို့ လမ်းသိပ်မလျှောက်နိုင်ဘူး၊ အဲ့ဒါကြောင့် အပြင်ထွက်ပြီး ထမင်းသွားစားလို့မရဘူး၊ ကိုကြီးလာတဲ့နေ့ဆိုရင်တော့ ကိုကြီးက ဝယ်လာပါတယ်၊ ဒီနေ့က ကိုကြီး မလာနိုင်ဘူးဆိုတော့ တို့အတွက် စားရေးသောက်ရေး အဆင်မပြေဘူးလေ၊ အိမ်မှာကလည်း တို့တစ်ယောက်တည်းရယ်၊ အဲ့ဒါကြောင့် ရှင်တို့အိမ်ကို လာခဲ့ပေးပါ မိုးခင်ခင် ..."

"ရှင့်အတွက် စားစရာတစ်ခုခု ဝယ်ခဲ့ရမှာလား"

"ဟင့်အင်း ... လောလောဆယ် အပြင်စာတွေ စားချင်စိတ်မရှိဘူး၊ အိမ်မှာချက်တာပဲ စားချင်တယ်၊ ရှင်လာချက်ပေးလေ ..."

ချိုးနှိမ် အောင့်အည်းထားရသော မူလပထမ ဒေါသက ထောင်းခနဲ ထကြွလာကာ မိုးခင်က လက်သီးတစ်ဖက်ကို ကျစ်ကျစ်ဆုပ်လိုက်သည်။

"တို့ ... မချက်တတ်ဘူး"

"ဟင်းချက်တာ မခက်ပါဘူး"

"တို့ချက်ရင် စားကောင်းမှာ မဟုတ်ဘူး"





"ဟင်းချက်နည်းစာအုပ် တစ်အုပ် ဝယ်ခဲ့လေ၊ City Mart ကို ဝင်လိုက်ပေါ့၊ City Mart ကနေ ကညွတ်တစ်စည်းရယ်၊ ပုစွန်ရယ်၊ ပြည်ကြီးငါးရယ်၊ ကြက်တောင်ပံရယ် ဝယ်ခဲ့လိုက်လေ၊ အိုခေနော်၊ အမြန်ဆုံးလာခဲ့ ... ဒါပဲ"

ဟန်နီချိုက ဖုန်းချသွားသည်။ ဓာတ်လှေကားတံခါးပွင့်ကာ လူတွေထွက်လာတာမို့ မိုးခင်က နောက်ဆုတ်ရှောင်ဖယ်ပေးလိုက်ချိန်မှာ ဖုန်း call တစ်ခု ထပ်ဝင်လာသည်။ ဦးနေမျိုးနိုင်ဆီက ဖုန်းပင်။

"ဟုတ်ကဲ့ ... အန်ကယ်လ်"

"မိုးခင်ရေ ... အန်ကယ်လ် အခု တောင်ကြီးရောက်နေတယ်"

"သြော် ... ဟုတ်ကဲ့ပါ အန်ကယ်လ်၊ မိုးခင် အခု ရုံးခန်းကို သွားနေပါတယ်၊ အန်ကယ်လ် မှာစရာရှိတာ မှာပါ"

"ရုံးခန်းကို အခုမသွားနဲ့တော့ မိုးခင် ...၊ ကြည်ဖြူ့ဆီ ဖုန်းဆက်ပြီး ရုံးကိစ္စတွေကို အန်ကယ်လ် လွှဲထားပြီးပြီ၊ မိုးခင်က ဟန်နီ့ဆီ သွားလိုက်ပါ"

"ရှင် ..."

"ဟန်နီ့ကို အန်ကယ်လ် မနိုင်တော့လို့ ကူပါဦးကွာ၊ အန်ကယ်လ်က တောင်ကြီးမှာ ဝယ်ထားတဲ့ မြေကြီးစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုပြောဆိုစရာရှိလို့ မနက်က ထွက်လာရတော့ သူ့ဆီ သွားမယ်ဆိုပြီး မရောက်ဖြစ်လိုက်ဘူး၊ အဲ့ဒါကို မကျေနပ်လို့ အန်ကယ့်လ်ကို လှမ်းလှမ်းရစ်နေတာ၊ ဒီမှာ အလုပ် ဖြောင့်ဖြောင့် မလုပ်ရဘူး၊ ဒီကောင်မလေးဟာ ခုတလော တကယ် မနိုင်ဘူး၊ တောင်ကြီးကို လိုက်လာမယ်တောင် လုပ်နေတာ၊ လူမြင်ကွင်းထဲကို လိုက်လာလို့တော့ မဖြစ် ဘူးလေ၊ သိတယ်မဟုတ်လား”

“ဟုတ်ကဲ့ ...”

“သူ နည်းနည်း ငြိမ်သွားအောင် မိုးခင် သွားပြီး အဖော် လုပ်ပေးပါကွာ၊ ခုနပဲ အန်ကယ့်လ်ဆီ ဖုန်းဆက်ပြီး သူ့ကို လိုက်မလာစေချင်ရင် မရစ်စေချင်ရင် မိုးခင်ကို သူ့ဆီလွှတ် ပေးပါ ပြောနေတာ၊ သွားပြီး သူ လိုအပ်တာလေးတွေကူညီ ပေးလိုက်ပါ”

“ဟုတ်ကဲ့ ...”

“အိုခေ ... အားကိုးမယ်နော် မိုးခင်၊ thank you နော်”

“ဟုတ်ကဲ့ ...”

ဦးနေမျိုးနိုင်က လန်းလန်းရွှင်ရွှင်ကြီးပြောပြီး ဖုန်း ချသွားသည်။ ‘အားကိုးမယ်နော်’တို့၊ ‘thank you’ တို့ပြောပြီဆို သူ့ဆီက မုန့်ဖိုးဖြစ်စေ ... အခွင့်အရေးဖြစ်စေ တစ်ခုခု ရတော့မှာ သေချာနေသည်။





မိုးခင်က အံတစ်ချက် ကြိတ်လိုက်မိသော်လည်း ခါတော့လှေကားရှေ့မှ ချာခနဲလှည့်ထွက်ကာ အဆောက်အဦးအပြင် ဘက်သို့ သွက်သွက် လျှောက်ထွက်လာပါသည်။

ဒီတစ်ကြိမ်မှာ ကိုယ့်ဒေါက်ဖိနပ်သံ ကိုယ် ပြန်ကြား နေရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

❖ ❖ ❖

"ကြက်တောင်ပံက သေးသေးလေးပါလား"

ဟန်နီချိုက မိုးခင် ဝယ်လာသည့် ပစ္စည်းတွေကို တစ်ခုချင်းစီ ထုတ်ကြည့်ရင်း စ,ရစ်လိုက်သည်။

"အဲ့ဒီတစ်ဆိုဒ်ပဲ အဲ့ဒီမှာရှိလို့ ရှိတာပဲ ဝယ်လာတာပါ၊ တို့စိတ်ထင်တော့ ဒါ မသေးပါဘူး၊ ပုံမှန်ပါပဲ"

"မဟုတ်ဘူး၊ သေးကိုသေးတာ၊ ဒီလောက်ဆိုဒ်ဆို ဟန်နီ မစားတတ်ပါဘူး၊ ထားလိုက်တော့ ..."

"ရေခဲသေတ္တာထဲ ထည့်ထားလိုက်ရမှာလား"

"မထည့်နဲ့ဦး၊ အင်း ... ဒီလိုလုပ်လေ၊ ကျွတ်ကျွတ်လေး ကြော်ကြည့်လိုက်၊ ကြိုက်ရင်လည်း စားမယ်၊ မကြိုက်ရင်လည်း မစားဘူး"





ဟန်နီချိုက ကြက်တောင်ပံတွေ ထည့်ထားသည့် ပလတ်စတစ်အိတ်ကို လက်မ လက်ညှိုးကလေးဖြင့် ညှပ်၍ ကိုင်မြှောက်ကြည့်နေရင်းက မိုးခင်ရှေ့သို့ ဖတ်ခနဲ ပစ်ချပေးလိုက်သည်။

ထမင်းစားခန်း စားပွဲပေါ်မှာ မိုးခင် ဝယ်လာသည့် City Mart အိတ်တွေကို တင်ထားပြီး ဟန်နီချိုက ထိုင်ခုံမှာထိုင်ရင်း စစ်ဆေး ကြီးများနေတာပင် ...။ အိမ်နေရင်းမို့ သူမပုံစံက ကပိုကယိုဖြစ်သလို။ တင်ပါးဖုံးရုံ ဘောင်းဘီတိုကလေးနှင့် ကြိုးတစ်လုံး ကိုယ်ကျပ်အင်္ကျီပါးကလေးသာ ဝတ်ထားလျက် အလှအပ မှန်သမျှကို လှစ်ဟဖော်ကျူးထားသည်။ ရင်အပြည့် တင်အပြည့်နှင့် အသားအရည်ကလည်း ပြောင်စင်လှပသည်။ ပွပွတွန့်တွန့် ဆံပင်တွေကို အနီဘက်သို့ ခပ်ရဲရဲကဲသည့် တောက်ပသော အရောင်မျိုး ဆိုးထားသော်လည်း အသားအရည် ဖြူဝင်းလှပတာမို့ အရုပ်ဆိုး မသွားဘဲ တစ်မျိုးဆန်းကြယ်နေသည်။ သူမရဲ့ ခန္ဓာကိုယ်ဟာ ယောကျ်ားသားများအဖို့ မချင့်မရဲ ပြေးပွေ့လိုက်ချင်စရာ လုံးကျစ်တင်းရင်းနေသည်။ အင်း ... ဦးနေမျိုးနိုင် စပွန်ဆာပေးမယ်ဆိုလည်း ပေးချင်စရာပါပဲ။

သို့သော် ... သူမရဲ့ မျက်နှာထားနှင့် မျက်လုံးများက တော့ တစ်မျိုးလေး ညစ်နွမ်းနိမ့်ပါးနေသည်ဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေထဲမှာ ဖြူစင်မှု မရှိ။ ယုံကြည်မှုမရှိ။ အားနည်းချက်နှင့် အငုံ့စိတ်ကို ကျားကန်ထားရသဖြင့် လိုတာထက်ပို၍ တမင် 'တင်' ထားသော over မျက်နှာထားမျိုး ...။ သူမမှာ ပြည့်စုံတာဆိုလို့ ငွေကလွဲရင် အခြားမရှိတာမို့ ဒီငွေဖြင့် အားနည်းချက်ကို ဖုံးကွယ်ကာ အပေါ်စီးကနေ နေရာယူထားချင်သူမျိုး ...။ ငွေနှင့် ဖန်တီးလို့ရသမျှအရာရာကို ဖန်တီးကာ ငွေနှင့်ဝယ်လို့ရသမျှ အရာရာကို ဆင်မြန်းသုံးဆောင်လျက် သူမရဲ့ လူရာမဝင်မှု၊ တိတ်တဆိတ် နှိမ့်ပါးကျုံ့ရှုံ့နေမှုတို့ကို ပြန်လည် ဖုံးလွှမ်းအနိုင်ယူနေချင်သော သူဆိုတာကို မိုးခင်က နားလည်သဘောပေါက်လာသည်။

ခုတော့ ကိုယ်ဟာ အဲဒီလိုမိန်းမမျိုးရဲ့ လက်အောက်မှာ ခေါင်းလျှိုနေရသော အနေအထား ... ။

ဟာန်နီချိုက ပုစွန်နှုတ်ခမ်းမွေးကို လက်ညှိုး လက်မလေးဖြင့် ညှပ်၍ မြှောက်ကြည့်လိုက်ပြန်ရင်း ...

"ပုစွန်ကလည်း သေးလိုက်တာ၊ စိမ်းစိမ်းလေးလည်း ဖြစ်မနေဘူး၊ သေချာရွေးမဝယ်ခဲ့ဘူးလား မိုးခင်"

"သေချာရွေးခဲ့ပါတယ်၊ ရှိတဲ့အထဲက အကြီးဆုံး အကောင်းဆုံးပါ"

"အွန်း ... ပြောလိုက်ရင်တော့ ဒီလိုချည်းပဲ၊ သူဖြင့် အသုံးမကျဘဲနဲ့၊ ဒီမှာ ပုစွန်က စိမ်းမှမနေတာ၊ မတွေ့ဘူးလား"

ဟာန်နီချိုက ပုစွန်ထုပ်ကို နှုတ်ခမ်းမွေးမှ တန်းလန်း





ဆွဲ၍ လွှဲရမ်းကာ မိုးခင်မျက်နှာနားသို့ ကပ်ပြလိုက်တာမို့ မိုးခင်က နောက်သို့ ခေါင်းယိမ်းကာ အမြန်ရှောင်လိုက်ပြီး ...

"ဝယ်လာတုန်းကတော့ လတ်လတ်စိမ်းစိမ်းပဲ၊ ဒီကိုလာတဲ့လမ်းမှာ နေကပူတော့ နည်းနည်းနွမ်းသွားတာပါ"

"အင်း ... ထားပါတော့၊ အဲ့ဒီပုစွန်ကို ကင်လိုက်၊ ဟုတ်ပြီလား ..."

"ဟုတ်ကဲ့ ..."

ဟာန်နီချိုက တန်းလန်းဆွဲထားသော ပုစွန်ထုပ်ကို မိုးခင်ရှေ့မှာ ချထားသည့် ပလတ်စတစ်ခွက်ထဲသို့ ပစ်ထည့်လိုက်ပြီး ပြည်ကြီးငါးထုပ်ကို ဆွဲယူကြည့်ပြန်ကာ ...

"ဟင် ... ဒီပြည်ကြီးငါးကလည်း ပြည်လေးငါးလို့ ပြောင်းခေါ်ရမလိုပဲ၊ သေးလိုက်တာ"

"ဘယ်မှာသေးလို့လဲ၊ ဒီလောက်ကြီးတာ"

"အံမယ် ... ရှင့်လေသံက ဟာန်နီ့ကို စိတ်တိုတဲ့အသံမျိုးပါလား"

"မဟုတ်ပါဘူး၊ တကယ်ကြီးလို့ ကြီးတယ်ပြောတာပါ"

"ကညွတ်ကလည်း နွမ်းနေတာပဲ"

"နုနုလေးမို့ အရမ်းအေးတဲ့နေရာမှာ အအေးရိုက်ပြီး နွမ်းသလိုဖြစ်နေတာပါ၊ ကြော်လိုက်ရင်တော့ စားကောင်းမယ်ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆိုလည်း မြန်မြန်ကြော်၊ ပုစွန်ကင်၊ ကြက်တော်ကြော်၊ ပြည်ကြီးငါးကို သုပ်လိုက်၊ မြန်မြန်လေးလုပ်တို့ ဗိုက်ဆာပြီ ..."

ဟန်နီချိုက အမိန့်သံဖြင့်ပြောပြီး ထထွက်သွားသည်။ အိမ်ထဲမှာ လမ်းလျှောက်တာတောင်မှ စင်မြင့်ပေါ်မှာ catwalk လျှောက်နေသလို ခြေလှမ်းလှလှ လှမ်းသွားသော သူမရဲ့ ခန္ဓာကိုယ်နောက်ပိုင်း အဖုအထစ် အကြွအရွကို တစ်ချက်လှမ်းကြည့်ပြီး မိုးခင်က နှုတ်ခမ်းကို မသိမသာ မဲ့မိသည်။

မိုးခင်သည် ထမင်းစားခန်းပတ်ပတ်လည်ကို မျက်လုံး ဝေ့ကာကြည့်လိုက်သည်။ ထမင်းစားခန်းနှင့် မီးဖိုခန်းက တွဲလျက်ရှိသည်။ မီးဖိုချောင်က နံရံကပ်ဗီရိုများ၊ မီးဖိုချောင်ပစ္စည်း အသုံးအဆောင်များ၊ ထမင်းစားပွဲနှင့် ကုလားထိုင်များက သစ်လွင်လှပ တန်ဖိုးကြီးသည်။

ဟန်နီချိုအတွက် ဦးနေမျိုးနိုင်က ဒီကွန်ဒိုခန်းကို ပေးထားသည်ဆိုတာ မိုးခင်သိသည်။ ကွန်ဒိုဟာ သိပ်ပြီးမကျယ်လှသော်လည်း အတွင်းဒက်ကရေးရှင်းကို လှပစွာ ပြင်ထားပြီး ပရိဘောဂ အသုံးအဆောင် အကောင်းစားချည်း ထည့်ထားသဖြင့် သားနားသစ်လွင်နေချင်စဖွယ် ရှိသည်။

မိုးခင်သည် စိတ်ဓာတ်ရော အမူအကျင့်ပါ အောက်





တန်းကျသော ဟန်နီချိုက ဒီလိုအခန်းများ နေနေရပြီး အလုပ်လုပ်၍ ကိုယ့်အစွမ်းအစဖြင့် အောင်မြင်ကြီးပွားချင်သော မိုးခင်ကျတော့ အိမ်စုတ်ကလေးမှာတောင် အတည်တကျ နေခွင့်မရတာကို ခါးသည်းနာကြည်းကာ မနာလိုခြင်းကြီးစွာ ဖြစ်သွားရပါသည်။

သို့သော် ... ခုချိန်မှာတော့ မိုးခင် ဘာများတတ်နိုင်မှာမို့လို့လဲ။

မိုးခင်က အတွေးတွေကို မောင်းထုတ်လိုက်ပြီး ဟင်းချက်နည်းစာအုပ်ကို ဖွင့်လှန်ကြည့်လိုက်သည်။

အိမ်မှာ အညိုချက်တာချည်း ထမင်းပွဲရှေ့ရောက် စားခဲ့ရသူမို့ မိုးခင် ဘာမှမချက်တတ်။ မစီစဉ်တတ်။ သို့သော် ခုတော့ မိုးခင် မချစ်မနှစ်သက်သောသူ စားဖို့ ကြိုးစားချက်ပြုတ်ရပါဦးမည်။

မိုးခင်က စာအုပ်ထဲက ချက်နည်းအတိုင်း ကြိုးစားစီမံချက်ပြုတ်နေချိန်မှာ ဟန်နီချိုကတော့ ဧည့်ခန်းထဲက ပက်လက်ဆိုဖာပေါ်မှာ ဇိမ်ကျစွာထိုင်ရင်း ရုပ်ရှင်ကြည့်နေသည်။ တစ်ချက်တစ်ချက်မှာတော့ တီဗီက အသံတွေဟာ ထမင်းစားခန်းဘက်သို့ လွင့်လာသည်။

ဦးနေမျိုးနိုင်ရဲ့ မိုးမမြင် လေမမြင် ကာလကြီးဟာ ဘယ်တော့မှ ပြီးဆုံးမှာပါလိမ့်။ ဒီမိန်းမနဲ့ ဒီကာလ မပြီးဆုံးသေး



www.burmeseclassic.com

www.burmeseclassic.com



သရွေ့တော့ မိုးခင်ခင်ဟာ ဒီမိန်းမ လက်အောက်မှာ ခေါင်းငုံ့ဝင်ကာ ခိုင်းသမျှလုပ်ပေးနေရတော့မှာလား။

မိုးခင်က ပြည်ကြီးငါးသုပ်ကို နယ်ရင်း မြန်မြန်ပြီးဆုံးပါစေဟု ကြိတ်၍ ကျိန်ဆဲနေစဉ် ...

"မိုးခင်ရေ ... မပြီးသေးဘူးလား"

"ပြီးပါတော့မယ် ... ခဏလေးပါ"

"ဗိုက်ဆာလို့ သေတော့မယ်၊ မြန်မြန်လုပ်"

"... ... ..."

"ပြောနေတာ မကြားဘူးလား"

"ကြားပါတယ်၊ လုပ်နေပါတယ်"

"လုပ်နေရင်လည်း လုပ်နေတဲ့အကြောင်း ပြန်ပြောဦးလေ၊ ဘာလို့ နှုတ်ပိတ်နေတာလဲ ..."

တမင် ရစ်မှန်း၊ ပညာပြမှန်း အပေါ်စီးယူနေမှန်း သိသော်လည်း သည်းခံကာ ထမင်းပွဲပြင်ဆင်လိုက်ရသည်။

"စားလို့ရပါပြီ ..."

"အိုခေ ...၊ အိမ်ရှေ့ကို ယူခဲ့၊ တီဗီကြည့်ရင်း စားမှာမို့လို့"

ဟင်းပွဲတွေကို ယွန်းဗန်းထဲထည့်ကာ ဧည့်ခန်းစားပွဲပေါ်မှာ သွားချပေးလိုက်တော့ ဟန်နီချိုက တီဗီကြည့်ရင်း ထမင်းစားသည်။ ပါးစပ်ကလည်း အမျိုးမျိုးပြောသည်။





"လက်ရာကလည်းညံ့လိုက်တာ၊ ပုစွန်ကင်ကလည်းမကျွက်၊ ပြည်ကြီးငါးသုပ်က ညှီ၊ ကြက်တော်ပံကြော်က မကြွပ်၊ ကညွှတ်ကြော်ကမနူး၊ တော်တော်လေးညံ့ပါလား မိုးခင်ခင်ရယ်"

"တို့ မချက်တတ်ဘူးလို့ အစကတည်းက ပြောထားသားပဲ၊ စာအုပ်ကြည့်ပြီး ကြိုးစားချက်ပေးထားတယ်၊ ဒီလောက်ပဲ ရမယ်၊ မကောင်းလို့ မကျေနပ်ဘူးဆိုလည်း အသေသာ သတ်လိုက်၊ ဒါ့ထက်ကောင်းအောင်တော့ မလုပ်တတ်တော့ဘူး"

မိုးခင်က ရပ်တည်နှင့် ခပ်ပြတ်ပြတ်ပြောတော့ ဟန်နီချိုက ရုတ်တရက် ကြောင်သွားပြီး ပခုံးတစ်ချက်တွန့်လျက် ထမင်းဆက်စားနေလိုက်သည်။

သူစားပြီးတော့ မိုးခင်က ပန်းကန်တွေ ဆေးကြောသိမ်းဆည်းပြီး အိမ်ရှေ့သို့ ပြန်ထွက်လာကာ ...

"တို့ သွားတော့မယ်"

"ခဏနေဦး၊ မေးစရာရှိသေးလို့၊ ထိုင်ဦး ..."

မိုးခင်က ဟန်နီချို ညွှန်ပြသည့် ဧည့်ခန်းက ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်သည်။ အနေအထားက ဟန်နီချိုနှင့် မျက်နှာချင်းဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီချို့က ဆိုဖာနောက်မှီကို ခပ်လျော့လျော့မှီကာ လက်ပိုက် ခြေချိပ်ထိုင်လျက် မိုးခင်ကို စိုက်ကြည့်လိုက်ရင်း ...

"ရှင် ကိုကြီး မိန်းမနဲ့ သိလား ..."

"နာမည်တော့ သိပါတယ်၊ တစ်ခါတလေ ဖုန်းဆက်တာမျိုးတော့ ရှိတယ်၊ လူတော့ မတွေ့ဖူးဘူး၊ သူ့အကြောင်း ရုံးကလူတွေ ပြောတာတော့ ကြားဖူးပါတယ်"

"ဘာတွေ ကြားဖူးထားသလဲ ..."

"ဒေါ်မြနန္ဒီက လှတယ်၊ ကျက်သရေရှိတယ်၊ အရွယ်တင်တယ်၊ ယဉ်ကျေးတယ်၊ အဆင့်ရှိတယ်၊ ဒါ လူတိုင်းပြောနေကြတာပဲလေ ..."

မိုးခင်က တမင် ပိုပိုသာသာလေး ပြောလိုက်ပြီး စိတ်ထဲကတော့ ...

"ရှင်နဲ့တော့ တခြားစီပဲ"

ဟု ဆက်ပြောလိုက်သည်။

ဟန်နီချို့က မဲ့တဲ့တဲ့ ပြုံးလိုက်ရင်း ...

"ဟင်း ... ဟင်း ... ဒီလို မိန်းမမျိုး ရှိတာတောင် ကိုကြီးက တို့မှတို့ ဖြစ်နေတယ်ဆိုတော့ တို့က သူ့ထက်အများကြီး သာနေလို့ပေါ့၊ ဟုတ်တယ်မဟုတ်လား"

မိုးခင် စိတ်ထဲက အော်ရယ်လိုက်သော်လည်း နှုတ်





ခမ်းက မသိမသာလေးသာ လျှပ်တစ်ပြက် တွန့်လှုပ်ပြုံးမိသွားသည်။ အရွယ်လွန်စ ယောကျ်ားတစ်ယောက် စိတ်နုပျိုလာအောင် ကန့်လန့်ကာနောက်က ဖျော်ဖြေတဲ့ နေရာမှာတော့ နင်ကသာမှာပေါ့ ဟန်နီချို့ရယ် ...။

"သူတို့အိမ်ထောင်ရေး အခြေအနေက ဘယ်လိုရှိလဲ"

"အရမ်းအဆင်ပြေပါတယ်၊ အန်ကယ်လ်က သူ့မိသားစုကို မြတ်နိုးဘန်ဖိုးထားတယ်လို့တော့ ကြားဖူးထားပါတယ်၊ သူ့မိန်းမကလည်း တန်ဖိုးရှိတဲ့ ဂုဏ်သိက္ခာရှိ မိန်းမတစ်ယောက်ဆိုတော့လေ၊ အန်ကယ့်လ်ကြည့်ရတာ သာယာမှုကသပ်သပ်၊ မိသားစုက သပ်သပ်၊ တစ်ကန့်စီထားနိုင်တဲ့ပုံပါပဲ"

မိုးခင် စကားကြောင့် ဟန်နီချို့က ခဏ အံ့သြကြောင်အမ်းနေပြီးမှ စားပွဲပေါ်က ရေခွက်ကို ဆတ်ခနဲလှမ်းယူကာ မိုးခင်မျက်နှာကို ပက်လိုက်သည်။ မိုးခင်ကတော့ ဟန်နီချို့ကို နည်းနည်းအထိနာအောင် ကလိလိုက်ရတာမို့ ကျေနပ်သွားသည်။

ဟန်နီချို့ကတော့ မိုးခင်ခင်ရဲ့ ခပ်ထည်ထည် မျက်နှာပေးကို စိုက်ကြည့်ရင်း အံ့သြ အသည်းယားနေသည်။

အဲ့ဒီမိန်းမ မိုးခင်ခင်ဟာ ဘာအားကိုးနဲ့လည်းမသိ



www.burmeseclassic.com

မျက်နှာထားက ခပ်မြင့်မြင့်ဖြစ်နေတတ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ လွန်ကဲနေတာလား၊ ခံစားချက်တွေ ထုံပေအေးစေနေတာလားတော့ မသိ၊ ဒေါသဖြစ်လျက် ခပ်ထည်ထည် မျက်နှာပေးက မပျက် ...။ သူ့မျက်နှာကို ရေနဲ့ပက်ထည့်လိုက်တာတောင် လှုပ်လှုပ်ခပ်ခပ်ဖြစ်မသွားဘဲ တည်တည်ငြိမ်ငြိမ် ဆက်ထိုင်နေနိုင်သည်။

ကိုကြီးနားမှာ ရှိနေတဲ့ ဒီမိန်းမကို ဟန်နီချို့က စိတ်မချနိုင်တာတော့ အမှန်ပင် ...။

စတွေ့လိုက်ကတည်းက ဘယ်နေရာကမှန်းမသိ အဆင့်မြင့်သလိုဖြစ်နေတဲ့၊ လှလည်း အလွန်လှတဲ့ မိုးခင်ခင်ဟာ ကိုယ့်နေရာကို လုယူမည့်သူလားဆိုတာ မယုံသင်္ကာ သံသယဖြစ်ရသည်။

အရင် အတွင်းရေးမှူးတုန်းကတော့ သူ့လောက်လည်း မလှ၊ ပြီးတော့ ... ကိုကြီးကလည်း သူ့ရုံးက မိန်းကလေးဝန်ထမ်းတွေနှင့် အရှုပ်အထွေး အသံမထွက်ဖူးတာမို့ ဟန်နီချို့က စိတ်ချထားသည်။

ကိုကြီးဟာ ဟန်နီ လိုအပ်သမျှ ပြည့်စုံအောင် ဖြည့်ဆည်းပေးသူမို့ ဟန်နီက တွယ်ငြိသည်။ ကိုကြီးလို လူကို အပိုင်သိမ်းဆည်းနိုင်ဖို့ လောဘတက်သည်။ ရှေ့ရေးသေချာဖို့အတွက်





ကိုကြီးကို လူသိရှင်ကြား 'ချုပ်' ထားချင်သည်။ ဘယ်အချိန်ကိုယ့်ဆီကနေ တခြားရင်ခွင် နုနုသစ်သစ်ကလေးဆီ ကူးပြောင်းသွားလေမလဲဟူသော စိုးရိမ်ကြောင့်ကြမှုက ဟန်နီ့ကို အမြဲ ခြိမ်းခြောက်လျက် ရှိပါသည်။ ထို့ကြောင့် ဟန်နီက တတ်နိုင်သလောက်စောင့်ကြပ်တိုင်တက်ရင်း ကိုကြီးရဲ့ မိသားစု အခြေအနေ၊ ကိုကြီးနဲ့နီးစပ်မှုရှိတဲ့ မိန်းကလေးတွေရဲ့ အခြေအနေကို မျက်စိဖွင့် နားစွင့်လေ့လာနေရပါသည်။

"ထွက်သွား ..."

ဟန်နီချို့က ကိုယ့်ကို ကလိတိတိ စကားမျိုးဆိုပြီး ကိုယ့်ရှေ့မှာ ခပ်တည်တည် အေးစက်စက် ဆက်ထိုင်နေသော မိုးခင်ခင်နှင့် ဆက်မျက်နှာချင်းမဆိုင်ချင်တော့တာမို့ တံခါးဝကို လက်ညှိုးညွှန်ရင်း ခပ်ဆတ်ဆတ် ပြောလိုက်သည်။

မိုးခင်ခင်က ခပ်အေးအေး ထရပ်လိုက်သည်။ တံခါးဝကို သွားဖို့ ဟန်နီချို့ရှေ့က ဖြတ်ထွက်ရမှာမို့ ဧည့်ခန်းစားပွဲနှင့် ဟန်နီချို့ ခြေထောက်နား နေရာလွတ်မှ ဖြတ်ထွက်လိုက်စဉ် ...

"အ ..."

ဟန်နီချို့က ရုတ်တရက် ခြေထောက်တစ်ဖက်ကို ဆန့်ထုတ်၍ မိုးခင် ခြေလှမ်းကြားသို့ ထိုးခံလိုက်သဖြင့် မိုးခင်က စားပွဲခြေထောက်ကို ခလုတ်တိုက် ဟန်ချက်ပျက်ကာ ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ဟပ်ထိုးလဲသွားလျက် နဖူးစွန်းနှင့် စားပွဲစွန်း မိတ်ဆက်မိသွားပါသည်။

"အို … ဘယ်နာသွားလဲ၊ ဆောရီးနော်၊ တို့ ခြေထောက်ညောင်းနေလို့ ဆန့်ထုတ်လိုက်မိတာ …"

ကလိသော ရိသော စကားက ဒေါသကို လာဆွသည်။ မိုးခင်က ဒေါသကို ထိန်းထားရလွန်းလို့ တစ်ကိုယ်လုံးတုန်ရင်အေးစက်လာသော်လည်း မပေါက်ကွဲ မတုံ့ပြန်မိအောင်စိတ်ထိန်းလျက် နဖူးစွန်းကို လက်ညှိုးဖြင့် တို့ကြည့်လိုက်သည်။ စိုစိစိ စမ်းမိပြီး နာကျင်နေသည်။ သွေးစလည်း နည်းနည်းစို့ထွက်လာတာပင် …။

ဒီမိန်းမကို သတ်ချင်သည်။ ဒီနေရာမှာပဲ နောက်ကို ချာခနဲလှည့်ကာ လည်ပင်းကို ညှစ်ပစ်လိုက်ချင်ပါသည်။ သို့သော် ဦးနေမျိုးနိုင်၏ လက်ရှိ အသည်းကျော်မို့ မထိရဲ မတို့ရဲ။

မိုးခင်က ဘာစကားတစ်ခွန်းမှ မဆိုဘဲ ထိုင်နေရာမှ ထကာ တံခါးဝဆီသို့ လျှောက်လာခဲ့သည်။

"မိုးခင်ခင် …"

တံခါးဝရောက်မှ နောက်ကခေါ်သံကြောင့် တံခါးကို မဖွင့်သေးဘဲ ရပ်နေလိုက်သည်။

"နောက် ခိုင်းစရာရှိရင်လည်း ခေါ်လိုက်မယ်နော်၊ ကိုကြီး





က လိုအပ်တာရှိရင် ရှင့်ကို ခေါ်ခိုင်းပါလို့ ဟန်နီ့ကို ပြောထားလို့ …"

မိုးခင်က အံကြိတ်လျက် တံခါးကို ဖွင့်ထွက်လာခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

❖ ❖ ❖

မိုးခင်က ရုံးခန်းတံခါးကို ဆတ်ခနဲ တွန်းဖွင့်ဝင်လာခဲ့လိုက်သည်။

အန်ကယ်လ် ဦးနေမျိုးနိုင်က ညနေ flight နှင့် ပြန်လာမှာမို့ သူလာရင် တင်ပြရမည့် စာရွက်စာတမ်းတွေ အသင့်ပြင်ထားဖို့ လိုအပ်သည်။

သို့သော် ... နှလုံးခုန်သံတွေက ဒေါသကြောင့် ဆူညံနေတုန်းမို့ ဟန်နီချို့ အခန်းကနေ သယ်ဆောင်လာသော ဒေါသကို အရင်ဆုံး ဖြေဖျောက်မှဖြစ်မည်။ ဒါမှ အလုပ်ဆက်လုပ်နိုင်မှာပင်။

မိုးခင်က ရုံးခန်းတံခါးကို လော့ခ်ချပိတ်လိုက်ပြီး လွယ်ထားသည့် အိတ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

"တောက် ..."





"တစ်ခုခုလုပ်မှ ဖြစ်မယ်၊ နှင့်ကို ငါ တစ်ခုခုလုပ်မှ ဖြစ်မယ်"

မိုးခင်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ရုံးခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ရေရွတ်နေသည်။

လျှောက်လို့ မောတော့မှ ရုတ်တရက် အကြံရကာ စက္ကူပုံးအလွတ်တစ်ခုယူပြီး ပုံးပေါ်မှာ ဆော့ဖ်ပဲန်ဖြင့် ဆံပင်ဖွာကောက်ကောက် မိန်းမပုံဆွဲကာ မြားပြ၍ 'ဟန်နီချို့'ဟု ရေးလိုက်သည်။ ပြီးတော့ ပုံးကို အောက်ချ၊ ဖိနပ်တစ်ဖက်ကို ချွတ်လိုက်ပြီး ဒေါက်ဖိနပ်ဦးချွန်ဖြင့် အဆက်မပြတ် ရိုက်ချရင်း ...

"ကဲ ... သေ ... သေ ... ကဲ ... သိပြီလား၊ မှတ်ပြီလား၊ သေစမ်း ..."

ဟု ခပ်ကြိတ်ကြိတ် ရေရွတ်ကြိမ်းဝါးနေဆဲ ...

"တော်ပါတော့၊ အဲ့ဒီလောက်ဆိုရင် သေလောက်ပါပြီ၊ မမောသေးဘူးလား"

"ဟင် ..."

နောက်ကျောဘက်ဆီက ထွက်လာသော ယောကျ်ားသံကြောင့် မိုးခင်က အံ့သြထိတ်လန့်လျက် နောက်သို့ ချာခနဲ လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှီဘက်ကိုသာ လှမ်းမြင်ရသော ရုံးခန်းထောင့်ရှိ ဆိုဖာတစ်လုံးပေါ်မှာ လှဲအိပ်နေသော လူတစ်ယောက်က ထထိုင်လိုက်ရင်း မိုးခင်ကို ပြုံးစိစိ လှမ်းကြည့်နေသည်။

"ရှင် ... ဘယ်သူလဲ"

မိုးခင်က လူမသိအောင် လုပ်မိကာမှ လူရှိနေတာမို့ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

"မေးနေတယ်လေ ... ရှင် ဘယ်သူလဲ၊ ဒီထဲကို ဘာဝင်လုပ်နေတာလဲ ..."

"ဖိနပ်လေး ဘာလေး ပြန်စီးလိုက်ပါဦး၊ ဖိနပ်တစ်ဖက်ကျွတ်ကြီးနဲ့ ကြည့်မကောင်းဘူးလေ"

ထိုသူက ထိုင်ရာမှထရပ်လိုက်ရင်း မိုးခင်ကို လှမ်းပြောလိုက်ပါသည်။

သူ့ပုံစံက ဂျစ်ကန်ကန် လူငယ်စတိုင်လ်မျိုး။ ဆံပင်က ဘေးတွေပါးကာ ရှေ့ထိပ်ပိုင်းမှာ ထူပြီး ခပ်ထောင်ထောင်ပုံစံမျိုး။ တီရှပ်အနက်ပေါ်မှာ တံဆိပ်တွေလား ဘာတွေလား မသိ ရှုပ်နေသော ဂျင်းဂျာကင်တစ်ထည် ထပ်ဝတ်ထားလျက်၊ ဘောင်းဘီက ဂျင်းပဲန်အကျပ်။ မျက်နှာလေး ခပ်နုနုပေါ်မှာ အမွေးအမျှင်စစနှင့် ...။





မိုးခင်က ချွတ်ထားမိသော ကြိုးသိုင်းဒေါက်ဖိနပ်တစ်ဖက်ကို ခပ်မြန်မြန် ပြန်ဝတ်လိုက်ရင်း ...

"ပြောလေ ... ရှင် ဘယ်သူလဲ၊ ကျွန်မမေးတာ ဖြေ၊ သူဌေးရုံးခန်းထဲကို ဘာဖြစ်လို့ အခွင့်မရှိ ဝင်လာရတာလဲ၊ ကျွန်မအပြင်က လုံခြုံရေးဝန်ထမ်းတွေ လှမ်းခေါ်လိုက်ရမလား"

"အဟက် ... စိတ်မစောပါနဲ့လေ၊ ဖြေမှာပေါ့ ...၊ ကိုယ်ဒီရုံးရှေ့က ဖြတ်သွားတုန်း အရမ်းအိပ်ချင်လာလို့ ဒီမှာလာဝင်အိပ်နေလိုက်တာ"

"ဟင် ... ရှင် ဒီလိုအိပ်ချင်တိုင်း အိပ်လို့ရမလား၊ ဒါ ... ဟိုတယ်ခန်း မဟုတ်ဘူးရှင့်"

"သိပါတယ်၊ သူဌေးဦးနေမျိုးနိုင်ရဲ့ ရုံးခန်းဆိုတာ ..."

"ရှင်က ..."

မိုးခင်က ခဏတွေသွားကာ သူ့ကို အကဲခတ်ကြည့်ကြည့်လိုက်ရင်း ...

"ရှင်က အန်ကယ်လ် ဦးနေမျိုးနိုင်ရဲ့ ဧည့်သည်လား"

"ဧည့်သည်တော့လည်း မဟုတ်ပါဘူး"

"ဒါဆို ရှင် ဘာလို့ ဒီမှာလာအိပ်နေသေးလဲ ..."

"ဧည့်သည် မဟုတ်ပေမယ့် သူနဲ့တော့ အရမ်းရင်းနှီးနီးစပ်ပါတယ်၊ သူနဲ့ပတ်သက်တာလေးတွေ လေ့လာစရာလေးရှိလို့ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စကားကို တောင်လိုလို မြောက်လိုလို မရေမရာမပြော နဲ့၊ ရှင့်အရွယ် ရှင့်ပုံစံနဲ့ အန်ကယ်လ်နဲ့ အလုပ်ကိစ္စလည်း ရှိမယ့်ပုံမျိုး မဟုတ်ဘူး"

"အလုပ်ကိစ္စ မရှိပေမယ့် အတွင်းရေးကိစ္စလေးတွေတော့ ရှိတယ်လေ"

သူက စကားကို အထာကလေးတွေနှင့် ပြောရင်း အန်ကယ့်လ် စားပွဲနောက်သို့ လျှောက်သွားနေသည်။

"ရှင် ... ဒါ ဘယ်လဲ၊ ဘာလုပ်မလို့လဲ၊ ရှင် ဒီလို ..."

မိုးခင် စကားမဆုံးခင်မှာပင် သူက စားပွဲနောက်က အန်ကယ့်လ်ကုလားထိုင်မှာ အိခနဲ ထိုင်ချပစ်လိုက်ပါသည်။

"ဟင် ... ဒါ ဘာလုပ်တာလဲ၊ ဒီထိုင်ခုံမှာ အန်ကယ်လ် ကလွဲပြီး ဘယ်သူမှ ထိုင်ခွင့်မရှိဘူးရှင့်"

"ကိုယ်ထိုင်တာ မင်းသူဌေးမြင်ရင် စိတ်ဆိုးမှာမဟုတ်ပါ ဘူး"

သူက မထိတရိပြောရင်း ခန္ဓာကိုယ်ကို သက်သောင့် သက်သာ မှီလျောထိုင်လိုက်ပြီး ဆံလည်ဆိုဖာကို ချာခနဲ တစ်ပတ် လှည့်လိုက်သည်။

မိုးခင်က သူ့လုပ်ရပ်ကို အံ့ဩဒေါသထွက်ကာ ရုတ် တရက် ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေမိသည်။





ဒီလူဟာ ဦးနေမျိုးနိုင်နဲ့ ဘယ်လိုပတ်သက်သလဲ မသိ။ ပိုင်စိုးပိုင်နင်း ဝင်ရောက်ကျူးကျော်နေပုံကလည်း သည်းခံ နိုင်စရာ မရှိ ...။

လုံခြုံရေးခေါ်လိုက်ဖို့စဉ်းစားသော်လည်းအန်ကယ်လ် နဲ့ သိကျွမ်းပတ်သက်သူဆိုလျှင် ဒီလိုခေါ်မိတဲ့ မိုးခင့်မှာသာ အပြစ် ဖြစ်ရဦးမည်ပင်။

မိုးခင်က အန်ကယ့်လ်ကိုပဲ ဖုန်းဆက်မေးဖို့ ဆုံးဖြတ် လျက် ...

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ ..."

"နေယွန်းတဲ့ ...နေယွန်း၊ နေယွန်းကို သိသလားလို့ မင်း သူဌေးကို လှမ်းမေးလိုက် ..."

"မေးမလို့ပဲ၊ အဖြေမရခင် ရှင် အဲ့ဒီစားပွဲပေါ်က ပစ္စည်းတွေ ကို မထိနဲ့ ..."

"အိုခေ ... မထိဘူး"

သူက ခပ်ရွှဲ့ရွှဲ့စတိုင်လ်ဖြင့် လက်နှစ်ဖက်ကို မြှောက် ပြထားလိုက်သည်။

မိုးခင်က ဦးနေမျိုးနိုင် ဖုန်းကို ခေါ်လိုက်၏။ သို့ သော် ဖုန်းက စက်ပိတ်ထားသည်ဟုသာ ပြန်ဖြေနေသည်။

ကျွတ် ... ဖုန်းကလည်း အရေးထဲမှ ခေါ်ရ ...။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကို ပြန်မရောက်သေးတာလား ...။ ဒါမှမဟုတ် ဟန်နီရဲ့ဆီမှာ မီတင်ဝင်နေလို့များ ဖုန်းပိတ်ထားသလားလည်း မသိပါ။

"ခေါ်မရဘူးလား ..."

"မရဘူးရှင့်၊ ဖုန်းပိတ်ထားတယ်"

"မင်းသူဌေးက အခု ဘယ်မှာမို့လို့လဲ"

"ရှင့်ကိုတောင် ဘယ်သူမှန်း မသိရသေးဘဲနဲ့ ကျွန်မက ကျွန်မသူဌေး ဘယ်မှာရှိတယ်ဆိုတာ ဘာလို့ ပြောပြရမှာလဲ ..."

"မင်းတို့ အတွင်းရေးမှူးတွေကို လခတွေ၊ ဘိုးနပ်စ်ငွေတွေ ဘယ်လောက်ပေးထားလို့ မင်းတို့ သူဌေးရဲ့ လူမှုရေးကိစ္စတွေကို ပူးပေါင်းကာကွယ်နေရတာလဲ၊ မင်းသူဌေးက အခု ဘယ်ကောင်မလေးနဲ့ အတူရှိနေတယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ သူတို့ရှိနေတဲ့နေရာကို ငါ အခုသိချင်တယ်၊ ငါ့ကို အမှန်အတိုင်းပြော ..."

"ရှင် .... ဘယ်လိုလူလဲ၊ ဘာစကားတွေ လာပြောနေတာလဲ"

"ငါ ဘယ်လိုလူလဲဆိုတာ သိချင်ရင် မင်းသူဌေးကို မေးကြည့်လိုက်လေ၊ ငါ့အကြောင်း သူ အမြဲ့မျှေးခါးသိပါတယ်"

စကားတွေက ချောက်သလို ရစ်သလို တစ်ခုခုမြုပ်ဖွက်ထားသလိုလိုနှင့်မို့ မိုးခင်က စိတ်လှုပ်ထွေးလာပါသည်။





"ရှင် ခဏငြိမ်ငြိမ်နေဦး ..."

"အဟ ... စိတ်ချ ... အငြိမ်ပဲ"

သူက စားပွဲပေါ် မှောက်အိပ်နေလိုက်သည်။ မိုးခင်က မကြည်ဖြူဖုန်းကို လှမ်းခေါ်လိုက်ပါသည်။

"ဟဲလို ... မကြည်ဖြူ ..."

"မိုးခင် ... ပြော ... ညီမ"

"မကြည်ဖြူ အခု ဘယ်မှာလဲ ..."

"မ အခု စည်ပင်ရုံးမှာ၊ ညီမကိုယ်စား လုပ်ပေးဖို့ အန်ကယ် ခိုင်းထားလို့လေ၊ ခုထိ ရုံးကမထွက်ရသေးဘူး၊ ညီမရော ရုံးပြန်ရောက်ပြီလား ..."

"ပြန်ရောက်ပြီ မကြည်ဖြူ၊ အခု အန်ကယ့်လ်ရုံးခန်းထဲကို လူတစ်ယောက် ရောက်နေလို့၊ လူက ဂျစ်ကန်ကန် ပော့ ရှော့ပုံစံမျိုး၊ နာမည်က နေယွန်းတဲ့ ..."

"ဟယ် ... အဲ့ဒါ အန်ကယ့်လ် သားလေ ..."

"ဟင် ..."

မိုးခင်က အံ့ဩထိတ်လန့် စိတ်ရှုပ်သွားရပါသည်။ သူဌေးရဲ့ သားရယ်လို့ လုံးဝမထင်မိလို့ ဘုတော ပြောဆိုနေမိတာလေ။

"ကောင်လေးက မလွယ်ဘူး မိုးခင်ရေ ...၊ အရမ်းရူးပြီး အရမ်းရစ်တဲ့ ကောင်လေး၊ တကယ့် ကောင်ဆိုးလေး ...၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ကောင်မလေးတွေနဲ့ ဇယားရှိမှန်းလည်း သိတယ် သူ့အမေက ဘာမှမပြောရဘူး၊ သူက သူ့အမေအစားရုံးကို လာလာပြီး စစ်ဟယ်ဆေးဟယ် လုပ်တတ်တဲ့ ကောင်လေး အဆင်ပြေအောင်သာ ကြည့်ကျက်ပြောဆို ဆက်ဆံလိုက် အန်ကယ့်လ် ကောင်မလေးရဲ့ လိပ်စာတို့၊ ကောင်မလေး အကြောင်းတို့သာ မပေါ်စေနဲ့ ...၊ သူ့အစ်အောက်မေး လည်း ကြည့်သာရှောင် ...”

မိုးခင်က မကြည်ဖြူပြောတာနားထောင်ရင်း နေယွန်း ကို လှမ်းကြည့်မိသည်။ သူကတော့ မှောက်အိပ်နေဆဲပင်။

“မကြည်ဖြူ ရုံးကို ပြန်လာဦးမှာလားဟင်”

“မလာတော့ဘူးလေ၊ ဒီမှာက ဘယ်အံချိန် ပြီးမယ်မသိဘူး ပြီးရင် အိမ်ပဲတန်းပြန်လိုက်တော့မယ်၊ အန်ကယ်လ်ကတော့ သူ့ကောင်မလေးဆီ ဝင်ပြီးမှ ရုံးကိုလာမလားမသိဘူး၊ စားပွဲ ပေါ်မှာ အန်ကယ်လ် လက်မှတ်ထိုးရမယ့် စာရွက်တချို့ တင်ထားခဲ့တယ်”

မကြည်ဖြူ ဖုန်းချသွားတော့ မိုးခင်က စိတ်ရှုပ်ထွေး စွာဖြင့် နေယွန်းရှေ့သို့ လျှောက်လာခဲ့ကာ ...

“ဒီမှာ ...”

“... ... ...”





“ဒီမှာ ... ဒီမှာ ...”

“အင်း ... ဘာလဲ ... ပြော ...”

သူက ခေါင်းမော့မလာဘဲ ဖြေ၏။

“ရှင့်အဖေက အလုပ်ကိစ္စအတွက် တောင်ကြီး ခဏသွား တယ်၊ ညနေမှ ပြန်ရောက်မှာ၊ ရှင် တွေ့ချင်ရင် ဒီမှာ အကြာကြီးစောင့်နေရလိမ့်မယ်”

“ရတယ်လေ ... စောင့်တာပေါ့”

“ဒါဆိုလည်း စောင့်လေ၊ ကျွန်မ အခန်းအပြင်က စားပွဲမှာ ရှိတယ်”

“ဟိတ် ... ခဏနေဦး”

မိုးခင် လှည့်ထွက်လာတော့ သူက ခေါင်းထောင် ထလာပြီး လှမ်းခေါ်လိုက်သည်။

“မင်း အခု ငါ့ကို သူဌေးသားမှန်း သိပြီပေါ့”

မိုးခင်က နည်းနည်းရယ်ချင်သွားကာ ...

“ဟုတ်ကဲ့ ... သိပါပြီ”

“ဒါဆို ... မင်း ကိုယ်မေးတာကို ကောင်းကောင်းမွန်မွန် ဖြေ”

“ဟုတ်ကဲ့ ... ဖြေပါ့မယ်၊ မေးပါ ...”

သူက စားပွဲနောက်မှ ထလာကာ စားပွဲရှေ့သို့ဖြာ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ပေါ်သို့ အိခနဲ ပစ်ထိုင်ချလိုက်သည်။ ပြီးတော့ ဆိုဖာနောက်မှီကို ခပ်လျော့လျော့မှီကာ ခြေချိပ်၊ လက်ပိုက်လျက် သူ့ရှေ့မှာ ရပ်နေသည့် မိုးခင်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ရင်း ...

"မင်းက တော်တော်လှတာပဲ၊ ငါ့အဖေက အရွေးတော်သား ..."

ရိုတိုတို စကားကြောင့် မိုးခင်က ဆတ်ခနဲ ဖြစ်သွားကာ ...

"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ"

"သြော် ... အတွင်းရေးမှူး လှလှလေးတွေ ရွေးခန့်တတ်တာကို ပြောတာပါ၊ ဒက်ဒီက အလှကြိုက်တယ်လေ၊ အဲ့ဒါကြောင့် မင်းလိုလှတဲ့ မိန်းကလေးကို အလုပ်ခန့်တာပေါ့"

"လှတာတစ်ခုတည်းနဲ့တော့ အလုပ်မရပါဘူး၊ ကျွန်မမှာ ဒီအလုပ်နဲ့ ထိုက်တန်တဲ့ အရည်အချင်းရှိလို့ ရတာပါ"

"အဲ့ဒီအရည်အချင်းတွေထဲမှာ သူဌေးရဲ့ ကောင်မလေးတွေကို ကူညီပံ့ပိုး ဖုံးဖိကာကွယ်ပေးရတဲ့ အရည်အချင်းကော ပါသလား"

နေယွန်းက မေးခွန်းထုတ်ရင်း မတ်တတ်ထရပ်လျက် မိုးခင်နှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

"ဒက်ဒီရဲ့ အစဉ်အဆက် အတွင်းရေးမှူးတွေမှာ အဲ့ဒီလို





အရည်အချင်း ရှိရတယ်ဆိုတာလောက်တော့ ကိုယ်လည်း သိပါတယ်၊ ဒါနဲ့ ... မင်း နာမည်က ဘယ်သူ ..."

"မိုးခင်ခင်ပါ"

"အိုခေ ... မိုးခင်ခင်၊ ကိုယ် အခု တစ်ခုပဲမေးမယ်၊ အမှန်အတိုင်း ဖြေပါ၊ အခု ဒက်ဒီ ဘယ်မှာလဲ ..."

"အန်ကယ်လ် တောင်ကြီးသွားတယ်လို့ ကျွန်မ ပြောပြီးပြီလေ ..."

"ဟုတ်ပြီလေ ... ဒါပေမယ့် အခု ဟဲဟိုး နောက်ဆုံးလေယာဉ် ဆိုက်ပြီးပြီ၊ ဒက်ဒီက ရုံးကိုလည်း ရောက်မလာသေးဘူး၊ ဖုန်းကလည်း ပိတ်ထားတယ်ဆိုတော့ ဒက်ဒီက လမ်းခုလတ်မှာ ဘယ်ဝင်နေသလဲ ..."

"ဒါတော့ ကျွန်မလည်း ဘယ်သိပါ့မလဲ ..."

"မင်း သိပါတယ်"

"ကျွန်မ မသိဘူး ..."

"ဒါဆို ဒက်ဒီ့ လက်ရှိ ကောင်မလေး နေတဲ့နေရာကိုတော့ မင်း သိမှာပေါ့"

"ကျွန်မ မသိဘူး ..."

"အေးပေါ့ ... ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဘူး ဆိုတဲ့ စကားက မင်းအတွက် အရမ်းကို မှန်နေတာကိုး၊



www.burmeseclassic.com

www.burmeseclassic.com



ဘူးခါနေတဲ့အတွက် မင်း အိုတောင်မဆင်းရဲရအောင် ဒက်ဒီ
က ပေးကမ်း မ,စထားမှာပေါ့၊ ဒက်ဒီမှာ လောလောဆယ်
စပွန်ဆာ ပေးထားတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်
ဆိုတာတော့ မင်း သိတယ်မဟုတ်လား”

“ကျွန်မ မသိဘူး”

“ဟာဟ …”

နေယွန်းက ခပ်ရွဲ့ရွဲ့ ရယ်လိုက်သည်။

“ကျွန်မက ရှင့်အဖေရဲ့ သာမန် ဝန်ထမ်းတစ်ယောက်ပါ ကိုနေယွန်း၊ ကျွန်မကို ရှင် ဒီလိုလာပြီး ခနဲ့နေ ရွဲ့နေ အစ်အောက်နေလို့ရော ဘာအကျိုးရှိမှာလဲ၊ အန်ကယ်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ကျွန်မ ဘာမှပြောပိုင်ခွင့် မရှိဘူး …”

“ဟာဟ … တော်တော် သစ္စာရှိတဲ့ အတွင်းရေးမှူးမလေး ပါလား …”

နေယွန်းက ရယ်ဟဟပြောရင်း အခန်းထောင့်က မိုးခင် ဖိနပ်နဲ့ ထုရိုက်ထားသည့် စက္ကူပုံးလွတ်ဆီကို အကြည့် ရောက်သွားကာ …

“မင်း … ခုန ဖိနပ်ဒေါက်နဲ့ ပေါက်နေတဲ့ မျက်နှာက ဘယ်သူ့မျက်နှာလဲ …”





ဟုမေးရင်း ပိန်ရှုံ့ကြေတွန့်နေသော စက္ကူပုံးခွံကို သွားကောက်ယူပြီး ဖြန့်ကြည့်လိုက်သည်။

“အဟက် … မိန်းမမျက်နှာပဲ၊ ဟန်နီရှီဆိုပါလား၊ ဟန်နီရှီ ဆိုတာ ဘယ်သူလဲ …”

နေယွန်းက ရယ်ဟဟနှင့် မေးလိုက်သည်။ မိုးခင်က ရင်ထိတ်သွားသော်လည်း မူမပျက်အောင် ကြိုးစားရင်း …

“ကျွန်မ သူငယ်ချင်းပါ”

“သူငယ်ချင်း !…၊ သူငယ်ချင်းကို ဘာလို့ ဒီလိုလုပ်ချင် ရတာလဲ”

“ဟို … ကျွန်မဆီက ပိုက်ဆံချေးပြီး ပြန်မပေးလို့ …”

“ဒါနဲ့များ ဒီလောက်လုပ်စရာလား”

“ဒီ့ထက်တောင် ပိုပြီး လုပ်ချင်သေးတာ၊ လူကို လုပ်မရ လို့ လုပ်လို့ရတာကို လုပ်ရတာ …”

မိုးခင်က ကိုယ့်အညိုးနှင့်ကိုယ် အံကြိတ်ပြောတော့ နေယွန်းက တစ်ချက်ရယ်ရင်း စက္ကူပုံးလွတ်ကို လွှတ်ချလိုက်သည်။

“ကဲ … ဟုတ်ပြီလေ၊ မင်းလည်း တော်တော် စိတ်ညစ်နေပြီ ဆိုတော့ ကိုယ်ပြန်လိုက်ပါတော့မယ်၊ မင်းကို သတိပေးချင် တာက မင်းရဲ့သူဌေး ဦးနေမျိုးနိုင်မှာ သူ မချမ်းသာခင် ကတည်းက ပေါင်းလာတဲ့ သူ့ဇနီးရှိတယ်၊ သားရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်းအနေနဲ့ လူသားချင်း စာနာသောအားဖြင့် မင်း သူ့ရွာရဲ့ လူမှုရေး အရှုပ်အထွေးတွေကို ပူးပေါင်းကူညီခြင်း မလုပ်ပါနဲ့၊ အိုခေနော် … ကိုယ် သွားပြီ၊ ဒက်ဒီ ပြန်ရောက်လာရင် ကိုယ် လာပွဲကြမ်းသွားတဲ့အကြောင်း သေသေချာချာ ပြန်ပြောပြလိုက်ဦး … ဟုတ်ပြီလား"

"ဟုတ်ကဲ့ … ကောင်းပါပြီ"

နေယွန်းက မိုးခင်မျက်နှာရှေ့သို့ ဆတ်ခနဲ လက်ညှိုးတစ်ချောင်း ညွှန်ကာပြောလိုက်ပြီးမှ မိုးခင်ရဲ့ နဖူးစွန်းက ဒဏ်ရာလေးကို သတိပြုမိသွားကာ …

"မင်းနဖူးက ဘာဖြစ်တာလဲ …"

"ခွေးကိုက်တာ …"

"ဘာ၊ ဟား … ဟား … ခွေးက နဖူးပေါ် တက်ကိုက်တယ် ဟုတ်လား"

"အမြင့်ပေါ်ကနေ လှမ်းကိုက်လို့ မရှောင်နိုင်ဘဲ ခံလိုက်ရတာပါ"

"သြော် … သြော် … အဲ့ဒီလိုလား"

နေယွန်းကရယ်ရင်း ရုံးခန်းတံခါးဝဆီ လျှောက်ထွက်သွားပြီးမှ တံခါးဝနားမှာရပ်လျက် နောက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ရင်း …





"နဖူးကို ပလာစတာ ကပ်ထားလိုက်ဦး၊ တကယ် ခွေးကိုက်တာဆိုရင် ကာကွယ်ဆေးလေး ဘာလေး ထိုးထားလိုက်"

ဟု ပြောလိုက်သည်။ သူ မိုးခင်ကို ကြည့်နေသည့် အကြည့်တွေက ရွှန်းရီစူးရှလှတာမို့ မိုးခင်က ဖျတ်ခနဲ ရင်တုန်ကာ ကြောင်ငေးနေမိဆဲမှာ သူက ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားခဲ့ပါသည်။

မိုးခင်မှာတော့ အမျိုးမျိုးသော သူ့အထာတွေ၊ သူ့စကားတွေနှင့် သူ့မျက်ဝန်းထဲက အမျိုးမျိုးသော အရောင်တွေကြောင့် စိတ်ပင်ပန်း မောလျှစွာဖြင့် ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိပါသည်။

မိုးခင် အသက်ရှူမဝသေးခင် အညို့ထံက ဖုန်းဝင်လာပါသည်။ အိမ်ငှားလို့ရပြီလားဟု သိချင်လှပြီမို့ မိုးခင်က ဖုန်းအမြန်ဖွင့်ကိုင်လိုက်သည်။

"အညို … ဘာထူးလဲ ပြော …"

"ဘာမှမထူးသေးပါဘူးကွာ၊ ဒီအနီးအနားတစ်ဝိုက်မှာလည်း ရှာမရဘူး၊ ဒီတစ်ရက် နှစ်ရက်အတွင်းတော့ ဘယ်လိုမှ မရနိုင်သေးဘူး"

မိုးခင်က ကျိတ်ကာ သက်ပြင်းချရင်း စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရတာ သေချာရင်တော့ ဒီညနေပဲ အခန်းကိစ္စ ပြောလိုက်တော့မယ်၊ တစ်ခုတော့ရှိတယ်၊ ကုမ္ပဏီမှာက ငါ့ကို အပျို လို့ပဲ သိထားတာဆိုတော့ နင် အဝင်အထွက်လုပ်လို့တော့ မရဘူး၊ ပိတ်ရက်ကျမှ ငါ အဆင်ပြေရင် လာခဲ့မယ်"

"အေးလေ ... လောလောဆယ်တော့ ဒီလိုပဲလုပ်ရတော့မှာပေါ့၊ ပြီးတော့ ..."

အညိုက ခဏတုံ့ဆိုင်းကာနေသည်။

"ပြီးတော့ ... ဘာဖြစ်လဲ ... ပြော"

"ဒီညနေပဲ နယ်က ငါ့အဖေနဲ့ အမေ ရောက်လာတယ်၊ အမေ့ကို ဆေးကုဖို့လာတာ၊ အမေက တီဘီတဲ့၊ အဲ့ဒါ ဆေးခန်းပြဖို့တွေ ဘာတွေ ငါလိုက်လုပ်ပေးရဦးမှာ၊ နင့်ကိုတော့ ငါ အားနာပါတယ်ဟာ"

မိုးခင်က ရင်လေး ပင်ပန်းသွားရကာ ...

"အေးလေ ... အဲ့ဒါဆိုလည်း နင် အဲ့ဒီကိစ္စတွေ လုပ်လိုက်ဦးပေါ့၊ ငါ့အတွက်တော့ မပူပါနဲ့၊ ငါ အဆင်ပြေမှာပါ၊ ဒါပဲနော် ... အလုပ်လုပ်စရာရှိလို့"

မိုးခင်က ဖုန်းပိတ်လိုက်ပြီး အသက်ရှုကျပ်သော ခံစားမှုဖြင့် ခပ်ငေါင်ငေါင် ခပ်ကြောင်ကြောင် ဆက်ထိုင်နေရင်း ဦးနေမျိုးနိုင် ပြန်အလာကို စောင့်နေလိုက်သည်။

■ ■ ■





❖ ❖ ❖

"ဟား ... ဟား ... ဟား ... ဒီကောင်လေးကတော့ကွာ ဒီအရွယ်ရောက်တာတောင် တစ်ခါ တစ်ခါ ကလေးဆိုးကြီးလို ဂျစ်ကျချင်တုန်း"

သူ့သားလာပြီး သောင်းကျန်းသွားမှန်း သိသည်နှင့် ဦးနေမျိုးနိုင်က ချစ်စနိုးလိုလိုပြောကာ ရယ်မောလိုက်သည်။ သူကတော့ ရယ်နိုင်ပေသည်။ မိုးခင်မှာတော့ ဖုံးရဖိရ၊ အဆူအဟောက်ခံရ၊ ရိသဲ့သဲ့အပြောခံရနှင့်မို့ စိတ်ညစ်လှပြီ ...။

ညနေစောင်း ရုံးဆင်းချိန်နီးမှ ရုံးကိုရောက်လာလေတဲ့ ဤသူဌေးဟာ ခရီးမပန်းသလို လန်းဆန်းတက်ကြွနေသည်။ လမ်းမှာ ခရီးတစ်ထောက် နားခဲ့ပြီးပြီ ထင်ပါသည်။ သူနားနေတုန်း မိုးခင်မှာတော့ သူ့သားရဲ့ ပညာပေးမှုကို ခံနေရသည်။

သူ့မှာတော့ သူ့ဟာမကလေး ဆိုးလျှင်လည်း ဒီကောင်မလေးရယ်လို့ ချစ်စနိုးဖြစ်ရ၊ သူ့သားကလေး ဆိုးရင်လည်း ဒီကောင်လေးရယ်လို့ ချစ်စနိုးဖြစ်ရ ... အစစအရာရာ သာယာစိုပြေကာ ပျော်စရာကြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်သည် စိတ်ထဲပန်းလှသော်လည်း မျက်နှာထားကို လန်းနေအောင် ထားကာ သူဌေးရှေ့မှာ ထိုင်နေရသည်။

သူဌေးက စားပွဲပေါ်မှာ အသင့်တင်ထားသော စာရွက်တွေကို တစ်ခုပြီးတစ်ခု ဆွဲယူလက်မှတ်ထိုးနေရင်း ...

"နေယွန်းကိုတော့ သည်းခံ မိုးခင်ရေ...၊ ဒီကောင်က အမြဲ ဒီလိုပဲ အဖေကို မယုံသင်္ကာစောင့်ကြည့်နေတာ...၊ သူ စိတ်မကြည်ရင် မကြည်သလို ရုံးကိုလာလာရစ်ချင်နေတာ၊ အန်ကယ့်လ်အတွက်တော့ ရိုးနေပြီ၊ ကြည်ဖြူကိုသာ မေးကြည့်...သူ ဒါမျိုး ခဏခဏကြုံဖူးပြီးသား"

သူဌေးက လက်မှတ်ထိုးပြီးသား စာရွက်တွေကို ဖိုင် ထဲပြန်ညှပ်လျက် မိုးခင်ထံ ကမ်းပေးလိုက်ရင်း ...

"အန်ကယ်လ်လည်း လက်မှတ်ထိုးစရာကိစ္စတွေ ရှိလို့သာ ရုံးကို ခဏပြန်လာတာ၊ ဟန်နီ ကျိကျနေလို့ ပြန်သွားရဦးမှာ၊ တခြား ဘာကိစ္စ ပြောစရာရှိသေးလဲ...မိုးခင်"

"ဟို..."

မိုးခင်က ပြောဖို့ပြင်လိုက်သော်လည်း နှုတ်မရဲဘဲ ဖြစ်နေသည်။

"ပြောလေ...မိုးခင်၊ ဘာရှိလဲ..."

"ဟို...မိုးခင် အခက်အခဲလေးရှိလို့ အကူအညီတောင်းချင်လို့ပါ အန်ကယ်လ်"





"အိုခေ...ပြောလေ...အားမနာနဲ့၊ လိုအပ်တာကိုပြော"

"မိုးခင်နဲ့အတူနေတဲ့ အဘွားက ကျန်းမာရေး သိပ်မကောင်းလို့ မိုးခင် အမေရှိတဲ့နယ်မှာ ခဏလိုက်နေပါတယ်၊ အဲ့ဒါ အိမ်မှာ မိုးခင်တစ်ယောက်တည်း ဖြစ်နေတာရယ်၊ မိုးခင်တို့အိမ်ကနေ ရုံးကိုလာရတာ ဝေးတော့ လမ်းမှာ အချိန်ကုန်နေတာရယ်ကြောင့် ကုမ္ပဏီက အခန်းမှာ နေလို့ရရင် နေချင်ပါတယ်"

"အိုခေ...၊ ရတာပေါ့..."

အန်ကယ်လ်က ခပ်သွက်သွက် ခေါင်းညိတ်တော့ မိုးခင် စိတ်ပေါ့ပါးသွားသည်။ သူ့ဟာမလေးကို သည်းခံရခြင်း အကျိုးပေပဲလား မသိ။

"လောလောဆယ်တော့ ဝန်ထမ်းတွေကို ထားတဲ့ တိုက်ခန်းတွေမှာ လူနည်းနည်းများနေတယ်လို့ မနေ့ကပဲ မန်နေဂျာက လာပြောသေးတယ်၊ မိုးခင်အနေနဲ့ လူအများကြီးနဲ့ ရောနေရရင်လည်း အဆင်ပြေမှာ မဟုတ်ဘူး၊ အဲ့ဒီတော့ ဒီလိုလုပ်...၊ ဟိုဘက်လမ်းထဲမှာ အန်ကယ်လ်တို့ ဆောက်လုပ်ရေးက ဆောက်တဲ့ ကွန်ဒိုတစ်ခု ရှိတယ်၊ အဲ့ဒီမှာ အန်ကယ့်လ် အခန်းတစ်ခန်း မရောင်းဘဲ ထားထားတာ ရှိတယ်၊ အရင်ကတော့ နိုင်ငံခြားသား ငှားစားနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အိမ်ငှားစာချုပ် ပြည့်သွားတာ မကြာသေးဘူး၊ နောက်ထပ် အငှားတင်ဖို့လည်း မစီစဉ်ရသေးဘူး၊ အဲဒီ ကွန်ဒိုခန်းမှာပဲ မိုးခင် နေလိုက်လေ ...၊ အခန်းက နိုင်ငံခြားသား အဆင်သင့်နေလို့ရအောင် ပရိဘောဂပစ္စည်းတွေ အပြည့်အစုံ ထည့်ထားပြီးသား၊ အဲဒီပစ္စည်းတွေကို မိုးခင် သုံးလို့ရတယ်၊ အေးဆေးနေ၊ အားမနာနဲ့ ... ဟုတ်ပြီလား၊ မိုးခင်က အန်ကယ့်လ်ကိစ္စတွေကို နားလည်မှုရှိရှိ ကူညီထားလို့ အန်ကယ်လ်ကလည်း ကူညီပေးတာ၊ အိုခေနော်၊ ကဲ ... ရော့ ... သော့၊ အဆင်ပြေတဲ့အချိန်သာ ပြောင်းနေလိုက်တော့ ..."

ဦးနေမျိုးနိုင်က သူ့စားပွဲ အံဆွဲထဲက အခန်းသော့ကလေး ထုတ်ယူပြီး မိုးခင်ထံ လှမ်းပေးလိုက်သည်။

မိုးခင်က တရိုတသေ လှမ်းယူလိုက်ရင်း ...

"နိုင်ငံခြားသား အငှားတင်စရာရှိရင်လည်း မိုးခင်ကို ကြိုပြောပေးပါ အန်ကယ်လ်၊ မိုးခင် ဖယ်ပေးပါ့မယ်"

"အိုခေ ... အိုခေ ... အလျင်မလိုဘူး၊ အေးအေးဆေးဆေး နေလို့ ရသေးတယ်"

ဦးနေမျိုးနိုင်က ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင် ပြောရင်း ထိုင်ရာမှထလိုက်သည်။





ကျန်တဲ့သူတွေသာ အာရုံနောက်ရသော်လည်း သူ့မှာတော့ သူ့အကြည်ဓာတ်နဲ့သူ အဆင်ပြေနေပါသည်။

မိုးခင်က အနည်းငယ် အရဲစွန့်ကာ ...

"ဟို ... အန်ကယ်လ် ..."

"အင်း ... ပြော ... မိုးခင် ..."

"အန်ကယ့်လ်သား နေယွန်းလည်း လာသွားတာဆိုတော့လေ ... သူ့ကြည့်ရတာလည်း စိတ်ပင်ပန်းနေသလားလို့၊ အဲ့ဒါ အန်ကယ်လ် ဒီတစ်ရက်တော့ အိမ်စောစောပြန်လို့ ရမလား လို့ပါ"

"အဟင်း ..."

ဦးနေမျိုးနိုင်က တစ်ချက်ရယ်လိုက်ပြီး မိုးခင်ခေါင်းကို တစ်ချက်ပုတ်လိုက်ရင်း ...

"ဒါတွေက ရိုးနေပါပြီ မိုးခင်ရဲ့၊ မပူပါနဲ့၊ ကဲ ... သွားပြီနော်"

ဟုပြောကာ ထွက်ခွာသွားသည်။

ကွန်ဒိုခန်းသော့ကို ဆုပ်ထားသော မိုးခင်၏ လက်ဖဝါးကလေးမှာတော့ ချွေးဖြင့် စွတ်စိုကျန်ခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

❖ ❖ ❖

ဒေါ်မြနန္ဒီသည် အိမ်ရှေ့ဝရန်တာ ထောင့်စွန်းလေးတွင် မတ်တတ်ရပ်လျက် သား နေယွန်း၏ကား မောင်းဝင်လာမည့် ခြံတံခါးဝဆီသို့ လည်ပင်းကလေးရှည်ဖြင့် မျှော်ငေးရင်း သက်ပြင်းကလေးတစ်ချက် ချလိုက်လေသည်။

"ဒက်ဒီတော့ မဟုတ်တော့ဘူးဗျာ၊ သား သွားချဲလိုက်ဦးမယ်"

ဟု ကြွေးကြော်သွားသော သားကလေးဟာ မိုးချုပ်တဲ့တိုင် ပြန်ရောက်မလာသေးတာမို့ ဒေါ်မြနန္ဒီက ရင်မောစွာ မျှော်စောင့်နေရသည်။ သူ့အဖေနှင့် ပြဿနာတစ်ခုခု တက်မှာကိုလည်း စိုးရိမ်နေ၏။

နောက်ဆုံးမှာတော့ ခေါ်ဖို့ ဝန်လေးလွန်းသော ဖုန်းကို လှမ်းခေါ်ဖို့ ဆုံးဖြတ်လိုက်ပါသည်။





ဒေါ်မြနန္ဒီက ခင်ပွန်းဖြစ်သူ၏ ဟန်းဖုန်းနံပါတ်ကို နှိပ်ရင်း ရင်ထဲမှာပူလောင်လာပါသည်။အမှန်ဆိုရလျှင် ဒီယောကျ်ားကို အိမ်စောစောပြန်ခဲ့ဖို့ ပြောရတာလောက် ကိုယ့်မာနကို ထိခိုက်စေတာ မရှိလို့ပင် ...။

"ဟဲလို ..."

တစ်ဖက်က ကိုယ့်ခင်ပွန်း ဦးနေမျိုးနိုင်၏အသံက နှုးညံ့တိုးတိတ်လှသည်။ ရှင် ဘယ်နေရာကို ရောက်နေတာမို့လို့လဲဟင် ...။

"ကိုနိုင် ... ရှင့်ကို ဒီနေ့ ရှင့်သား တော်တော်စိတ်ဆိုးနေတယ်၊ ရှင့်သတင်းတွေ သူဘယ်ကကြားခဲ့သလဲတော့ မသိဘူး၊ ရှင် ဒီနေ့ စောစောပြန်ခဲ့လို့ရမလား ..."

တစ်ဖက်က ခဏတိတ်ဆိတ်သွားပြီးမှ ...

"ကိုယ် အလုပ်ကလေးရှိသေးလို့ နန္ဒီ ..."

"ဒီအချိန်ထိ အလုပ်ရှိသေးတယ်ပေါ့ ..."

"ကိုယ်ပိုင်အလုပ်ဆိုတာ လခစားဝန်ထမ်းလိုတော့ ညနေ ၅ နာရီ ရုံးဆင်းလို့ရတာမျိုးမှ မဟုတ်တာ နန္ဒီရာ ...၊ အလုပ်နဲ့ပတ်သက်တဲ့ လူတွေနဲ့ တွေ့ရ ဆုံရ ညှိနှိုင်းဆွေးနွေးရတာတွေလည်း ရှိသေးတာပေါ့၊ ဒီလို တွေ့ဆုံရင်းနဲ့ပဲ အလုပ်အကိုင် အကြံအစည်တွေလည်း ဖြစ်လာတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ကိုယ် ဘယ်နေ့ခါရှင်းပြရမလဲ၊ နားလည်မှုရှိစမ်းပါ နန္ဒီ"

"ဒါဆို ... ရှင်က အခု ဘယ်မှာ ဘယ်သူ့ကို ကျွေးမွေးနေရတာလဲ ... ပြောစမ်းပါ"

ဒေါမြယွန်းနန္ဒီက ခပ်ရွဲ့ရွဲ့မေးလိုက်တော့ သူ့ဘက်က ငြိမ်သက်သွားသည်။

"ပြောလေ ... ကိုနိုင်"

"အမှန်ပြောတာ ကြိုက်လား၊ ညာပြောတာ ကြိုက်လား"

သူ့မေးခွန်းက သူမနှလုံးသားကို နာကျင်ပူလောင်သွားစေသည်။ သူမက အဖြေမပေးဘဲ ဒေါသဖြင့် ဆတ်ဆတ်တုန်လာဆဲမှာ ...

"ကိုကြီး ... လာလေ ဘာလုပ်နေတာလဲ"

ချွဲပျစ်လှသည့် အသံတစ်သံက ဖုန်းထဲသို့ စီးမျောလာခိုက်မှာ ရင်ပြင်တစ်ခုလုံး ပူခါး၍ သွားလေသည်။

"တောက် ..."

မြနန္ဒီက တောက်တစ်ချက် ခေါက်လိုက်ရင်း ဖုန်းကို အနားက ခုံပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက် ဝရန်တာမှ ချာခနဲ လှည့်ထွက်လာကာ အိပ်ခန်းဆီသို့ သွက်သွက်လျှောက်လာခဲ့သည်။





အိပ်ခန်းတံခါးရွက် နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် တွန်းဖွင့်ဝင်လိုက်လျှင် အိပ်ခန်းကျယ်ကြီးရဲ့ တစ်ဖက်ထိပ်က လှပခမ်းနားသော နှစ်ယောက်အိပ် ခုတင်ကြီးကို လှမ်းမြင်ရလေသည်။

"အဟက် ..."

မြနန္ဒီက စိတ်ချဉ်ပေါက်စွာ တစ်ချက်ရယ်လိုက်ပြီး မျက်နှာလွှဲလျက် မှန်တင်ခုံဘက်သို့ ဆက်လျှောက်လာခဲ့သည်။

မြနန္ဒီက အကောင်းစား အလှပြင်ပစ္စည်းများအပြည့် ရှိနေသည့် မှန်တင်ခုံရှေ့မှာ ထိုင်လိုက်၏။ တန်ဖိုးကြီး အကောင်းစား မှန်တင်ခုံထက်က မှန်သားပြင်ပေါ်မှာ မြနန္ဒီ၏ပုံရိပ်က နွမ်းလှစွာ ပေါ်လာ၏။

မြနန္ဒီ၏ ခန္ဓာကိုယ်က ခုထိ ပုံပျက်ပန်းပျက် မဖြစ်သေးပါ။ ငယ်ရွယ်သူကလေးတွေလို တင်းရင်းမနေတော့သော်လည်း ရှည်သွယ်မြင့်မတ်သော ကိုယ်ဟန်က ရှင်းကြော့နေဆဲပါ။ နုပျိုသော မိန်းမတစ်ယောက် ...။ ထိုမိန်းမ၏ နားရွက်ဖျားမှာ လက်မ လက်သည်းခွံလောက်ကြီးသော အပါးဝိုင်း တစ်ပွင့်စိန်နားကပ်က တဖျပ်ဖျပ် လက်နေ၏။ အနည်းငယ် လျော့ပြေစပြုသော ပါးကလေးတွေကို ထိုနားကပ်အရောင်က ဖေးမထိန်းကွပ်ပေးထား၏။ လည်တိုင်မှာက နားကပ်နှင့်ရွယ်တူ စိန်လော့ကတ်လေးပါသည့် ပလက်တီနမ်ကြိုးမျှင်မျှင်လေး ...။ အညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ခွေခွေလိမ်လိမ်လေးတွေကလည်း ပခုံးတစ်ဝိုက်မှာ ဝဲနေ၏။ မျက်ခုံးထင်းထင်း၊ နှုတ်ခမ်းထင်းထင်းနှင့် သူမ မျက်နှာက လှပထင်းလင်းဆဲ ဖြစ်သော်လည်း လှပသော မျက်ဝန်းအိမ်ကျယ်ထဲက မျက်ဝန်းများကတော့ မှေးမှိန်ဖျော့တော့ ဆွေးရီအေးစက်လျက် ရှိလေသည်။

ဒီမျက်ဝန်းတွေဟာ တစ်ချိန်တုန်းကတော့ သိပ်ကို တောက်ပခဲ့သည်ပေါ့ ...။

အသက် ၁၈ နှစ်အရွယ်က အတောက်ပဆုံး ဒီမျက်လုံးတွေဟာ အချစ်ဦး ရည်းစားဦး နေမျိုးနိုင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ကြည့်မိလေတိုင်း အရောင်တဖျပ်ဖျပ် တောက်ပရွှန်းရီနေတတ်ခဲ့တာ ...။

အသက် ၂၀ အရွယ်မှာ သူလိုကိုယ်လို အိမ်ထောင်သည်ဘဝနဲ့ မပြည့်မစုံ ရှုန်းကန်ခဲ့တုန်းကလည်း ဒီမျက်ဝန်းတွေက တောက်ပမြဲပါပဲ ...။

စီးပွားတွေ ဖြစ်လာတော့မှ၊ ချမ်းသာပြည့်စုံလာတော့မှ ဒီမျက်လုံးတွေက ဘာကြောင့် အရောင်မှေးမှိန်သွားခဲ့ရတာတဲ့လဲ ...။

အချစ်နဲ့ သာယာမှုဆိုတာ ယောကျ်ားတစ်ယောက်ဆီမှာတော့ ထပ်ခါထပ်ခါ ဖြည့်စွက်ခံစားလို့ရတဲ့ အရာမျိုးလား။





မိန်းမတစ်ယောက်ကတော့ တစ်ခါပဲ ချစ်ပြီး အဲ့ဒီတစ်ယောက်ထံပါးမှာပဲ သာယာမှု ရှိရတာမျိုးလား ...။

ယောကျ်ားတစ်ယောက်က ပြင်ပမှာ သာယာမှုအကြိမ်ကြိမ်ရှာလည်း ဒါကို အပြစ်ရယ်လို့ မသတ်မှတ်ဘဲ တစ်သက်လုံး လိပ်ပြာလုံလုံ စိတ်ပေါ့ပေါ့ပါးပါး နေသွားနိုင်တာပဲလား။

မိန်းမတစ်ယောက်က ပြင်ပမှာ တစ်သက်မှာတစ်ခါ သာယာမှုရှာခဲ့မိရင်တောင် တစ်သက်လုံး အပြစ်ရှိသလို လိပ်ပြာမလုံဘဲ မပျော်မရွှင် နေသွားရတာမျိုးလား။

ဒေါ်မြနန္ဒီက ဆတ်ခနဲ ထိုင်ရာမှထရပ်လိုက်ပြီး အခန်းထဲမှ ထွက်လာသည်။ ပြီးတော့ လှေကားထစ်တွေကို ခပ်သွက်သွက် နင်းဆင်းလာပြီး ဧည့်ခန်းမှာ ထိုင်နေသည့် မမကြီးရှေ့မှာ ရပ်လိုက်သည်။

'မမကြီး' ဆိုတာ ဒီအိမ်မှာ ဦးနေမျိုးနိုင် ပြီးလျှင် သြဇာအကြီးဆုံး ဦးနေမျိုးနိုင်ရဲ့ အစ်မ အပျိုကြီး 'ဒေါ်မျိုးမမ'။ နန္ဒီ အိမ်ထောင်သက်တစ်လျှောက်လုံး မမကြီးရဲ့ အုပ်ချုပ်လွှမ်းမိုးမှုအောက်မှာ နေခဲ့ရတာပင်။

ဧည့်ခန်းမှာ ထိုင်နေသော မမကြီးက သူ့စိန်ဆိုင်အတွက် စိန်ပွင့်ကလေးတွေကို ရွေးချယ်ကြည့်ရှုနေသည်။

"မမကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြော ... နဒီ ..."

"မမကြီးမောင်ကို ကြည့်ပြောဦး ..."

"ဘာဖြစ်ရပြန်ပြီလဲ"

"သူ့အပြင်က ကိစ္စတွေက ..."

"ညည်းမလဲ ခုထိ စိတ်မလျှော့နိုင်သေးဘူးလား နဒီရယ်"

မမကြီးက မျက်မှန်ချွတ်ကာ ခါးကို မတ်စန့်လျက် နဒီ့ကို လှမ်းကြည့်ရင်း စိတ်ပျက်လက်ပျက် လေသံဖြင့် ပြောလိုက်သည်။

"ညည်း ဒီအသက်အရွယ် ဒီအနေအထားပဲ ရောက်နေပြီ၊ ခုထိ ဒါတွေကို နားမလည်နိုင်သေးဘူးလား၊ ညည်း ယောကျ်ားကိစ္စတွေကို ညည်း လိုက်ဦးနှောက်စားနေရင် ညည်းပဲ ပင်ပန်းမှာပေါ့ ...၊

"ဒီအရွယ် သူဌေးတစ်ယောက်မှာ ဒါမျိုးတွေ ရှိတာ မဆန်းပါဘူးဆိုတာ ညည်းကို ငါ အကြိမ်ကြိမ် ပြောခဲ့ပြီးပြီ၊ သူက မပတ်သက်ချင်ပါဘူးဆိုရင်တောင် လိုက်ပတ်သက်ချင်တဲ့ မိန်းကလေးတွေ ရှိတော့ ဒါမျိုးကို မသာယာမိဘဲ နေမလား၊ စီးပွားရှာနေတဲ့ ယောကျ်ားပဲအေ့ အသက် ၅၀ ကျော်လာပါပြီဆိုပြီး အိမ်က မိန်းမတစ်မျက်နှာ ကြည့်လိုက်၊ ပုတီးစိပ်လိုက် လုပ်နေရမလား၊ သူ့စိတ်





ကြည်ရွှင်လန်းဆန်းဖို့ စိတ်အာဟာရလေးတော့ ရှိမှပေါ့၊ ဒါကို မျက်စိနောက်ထောက်ကြည့် အပြစ်ပြောနေလို့ရ မလား ...၊

"ညည်းလည်း မငယ်တော့ဘူး၊ ယောကျ်ားဆီ ချည်း စိတ်ရောက်ပြီး ပူလောင်မနေသင့်တော့ဘူး၊ ကိုယ့် ဘာသာ အလှူလေးအတန်းလေး လုပ်၊ ဘာသာရေးလုပ်၊ လူမှုရေးလုပ်ချင်လည်းလုပ်၊ ပိုက်ဆံ ဒီလောက်အလျှံပယ် ရှိနေတာပဲ၊ လိုချင်တာတွေ ဝယ်ခြမ်း သုံးစွဲသွားလာ လည် ပတ်ပြီး နေလိုက်ရင် ညည်းဘဝလောက် နေပျော်စရာ ကောင်းတာ ရှိဦးမလား ..."

"မမကြီး ... ဒီလို တရားလက်လွှတ် တစ်ဖက်သတ် မပြော ပါနဲ့၊ မိန်းမသားချင်း ကိုယ်ချင်းစာရင် ဒီလိုမပြောသင့်ပါ ဘူး"

"အေးပါ ... ငါက အပျိုကြီးမို့လို့ မိန်းမသားချင်း ကိုယ် ချင်းစာစိတ် မရှိဘူးလို့ စွပ်စွဲချင်လည်း စွပ်စွဲလိုက်၊ ငါက လက်တွေ့ကျကျပြောတာ၊ အဲ့ဒီလို နေမှ အဆင်ပြေမှာမို့ လို့ ပြောတာ၊ ညည်း ဒီလို ဒေါသတွေထွက်ပြီး အမျိုးမျိုး ပူလောင်ခဲ့တာပဲ၊ ဘာများ အကြောင်းထူးလာလို့လဲ ..."

"နဒီ အေးအေးဆေးဆေးပဲ နေနေတာပါ မမကြီး ခုဟာက



www.burmeseclassic.com

www.burmeseclassic.com



သားကလည်း ဟိုကကြား ဒီကကြားနဲ့ သူ့အဖေ မိန်းမ ကိစ္စ အသံထွက်တာကို တဖြည်းဖြည်း သိလာပြီ၊ သားသာ မသိရင် နဒီ ဘာမှမပြောပါဘူး၊ သူ့ကိစ္စတွေလည်း လိုက် မစုံစမ်းဘူး၊ သူ့ရုံးတောင် လိုက်မသွားဘူး၊ နဒီ့ဘာသာ အေးအေးနေနေတာ ကြာပါပြီ၊ ဒီနေ့ သားက သူ့အဖေရုံး ခန်းထိ လိုက်သွားလို့သာ စိတ်ဆင်းရဲရတာ၊ သား ဒီလိုဖြစ် နေတဲ့အချိန်မှာ ခဏလေးခြေငြိမ်ဖို့ မမကြီး မောင်ကို ပြော ပေးစေချင်တာ ...”

“ငါလည်း ပြောသင့်သလောက် ပြောခဲ့ပြီးပြီ၊ သူ နား မထောင်တာတော့ မတတ်နိုင်ဘူး နဒီ ...”

“မမကြီး မောင်က ဆိုးလွန်းတယ်၊ ဒီနေ့ တစ်နေ့ စောစော ပြန်လာဖို့ ပြောတာတောင် မရဘူး၊ သူ ကောင်မလေးတစ် ယောက်နဲ့ အတူရှိနေတယ်”

“သူ ဘယ်လောက်ဆိုးဆိုး အငယ်အနှောင်းရယ်လို့ သတ် သတ်မှတ်မှတ် မထားတာ၊ သူ့ဟာမကလေးတွေကို လူမြင် ကွင်းထဲ ခေါ်ပြီး လူရာမသွင်းတာ ညည်း ဘယ်လောက် ကံကောင်းထားလဲ၊ ညည်းနဲ့ စင်ပြိုင်ဘယ်နှခါ ပေါ်ဖူးသလဲ၊ သူ့မှာ ဂုဏ်သရေရှိ ပွဲတက်မယားရယ်လို့ ညည်းတစ် ယောက်ပဲ ရှိတယ်၊ သူ့မိသားစုဆိုလို့ ဒီမိသားစုပဲ ရှိတယ်





လေ၊ ဒီကောင်းကွက်ကလေးတွေကို ပြန်စဉ်းစားပြီး အေး ချမ်းအောင်နေမှပေါ့ မြနဒီရယ်၊ အံမယ်လေး ... ညည်းချို့ ရတာ ငါ ခေါင်းတောင်ကိုက်တယ်၊ သွားတော့မယ်အေ”

မမကြီးက သူ့စိန်သေတ္တာလေးကို သိမ်းပြီး လေးလံ လှသော သူ့တင်ပါးကို သူ မနိုင်မနင်းကြွကာ ထရပ်လျက် သူ့ အိပ်ခန်းဘက်သို့ လျှောက်သွားသည်။

ဒေါ်မြနဒီက အေးစက်လာသော လက်ဖဝါးတွေကို တင်းတင်းဆုပ်လိုက်ရင်း ဒေါသစိတ်ဖြင့် တုန်ရီကာ ကျန်ခဲ့သည်။

ထိုအခိုက်မှာ အိမ်ရှေ့ဆီက ကားသံကြားရပြီး ကား ပေါ်က ဆင်းလာသော သား နေယွန်းကို တွေ့လိုက်ရပါသည်။

ဒေါ်မြနဒီက ချက်ချင်းပင် မျက်နှာထားကို ပြင်လိုက် ပြီး အိမ်ရှေ့သို့ သွက်သွက်လေး လျှောက်ထွက်လာကာ သားကို အပြုံးဖြင့် ကြိုလိုက်သည်။

“သား နှောက်ကျလိုက်တာ၊ မာမီ သားကို ထမင်းစား စောင့်နေတာ”

“ဒက်ဒီ ပြန်ရောက်ပြီလား မာမီ ...”

“မရောက်သေးဘူး သား၊ သိတဲ့အတိုင်းပဲ ... မင်းဒက်ဒီက အလုပ်ကလည်းများ၊ အပေါင်းအသင်းကလည်း များတော့ ညနေပိုင်းဆိုရင်လည်း သူ့မှာ လူမှုရေးကိစ္စတွေကများ ...”



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ကာကွယ်ပြီး ပြောမနေပါနဲ့ဗျာ၊ ဒက်ဒီ့အကြောင်း သား သိသင့်သလောက် သိပါတယ်"

"ကဲ ... ဒီလောက်လည်း စိတ်တိုမနေပါနဲ့ သားရယ်၊ လာ ဒီမှာထိုင်၊ ကဲ ... ပြော ... သား အခု ဘယ်ကပြန်လာတာလဲ၊ ဘာတွေဖြစ်လာတာလဲ"

ဒေါ်မြနန္ဒီက သားလက်ကိုဆွဲကာ ဆိုဖာမှာထိုင်စေလိုက်ပြီး သားနံဘေးမှာ ဝင်ထိုင်ရင်း ချိုကြည်သာသော မျက်နှာကလေးဖြင့် မေးရသည်။

သားက မျက်မှောင်ကြုတ်ကြုတ်ဖြင့် ...

"သား အခု ဒက်ဒီ့ရုံးခန်းက ပြန်လာတာ၊ ဒက်ဒီ အတွင်းရေးမှူးမလေးကိုလည်း ဟောက်ပစ်ခဲ့တယ်၊ ဒါနဲ့ မာမီ ဒက်ဒီ့ စက္ကူထရီက တော်တော်လှတယ်နော်၊ အဲဒီလောက် လှလှလေး ခန့်ထားတာ မာမီ စိတ်မပူဘူးလား"

ဒေါ်မြနန္ဒီက ပြုံးလိုက်ရင်း ...

"မပူပေါင် သားရယ်၊ သား ဒက်ဒီ စက္ကထရီတွေ အများကြီး ခန့်ခဲ့ဖူးတာပဲ၊ ဘာပြဿနာ ရှိခဲ့ဖူးလို့လဲ၊ ချောတာလှတာ ခန့်တော့လည်း ကောင်းတာပဲ သားရဲ့၊ ကိုယ့်ရုံးကဝန်ထမ်းတွေက လှလှသန့်သန့်လေးတွေဆိုတော့ အလုပ်ကိစ္စ ဝင်ထွက်ပြောဆိုတဲ့နေရာမှာ ဆွဲဆောင်မှုရှိတာပေါ့၊ မဟုတ်ဘူးလား"





"ဝန်ထမ်းနဲ့ ဘာညာကိစ္စမရှိဘူးဆိုပေမယ့် တခြားမှာတော့ ဘာညာတွေရှိတာပဲမဟုတ်လား မာမီ ...၊ တချို့ သားသူငယ်ချင်းရဲ့ မိဘတွေက သားကို ဒက်ဒီ့သားမှန်း မသိဘဲ ဒက်ဒီ့အကြောင်းတွေ ပြောနေကြရင် သား အရှမ်းရှက်တာပဲ၊ ဒက်ဒီက ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက် စပွန်ဆာပေးတယ်တဲ့၊ ကာရာအိုကေတွေ ဘာတွေ သွားရင်လည်း အဲဒီက ကောင်မလေးတွေနဲ့ ကြုံရင် ကြုံသလို ချိတ်တတ်တယ်တဲ့"

"အဟင်း ... ဟင်း ... သားရယ် ..."

ဒေါ်မြနန္ဒီက ရယ်လိုက်တာမို့ သားက အမေဖြစ်သူကို တအံ့တဩလေး ကြည့်လိုက်ပါသည်။

"မာမီက ရယ်နိုင်သေးတယ် ..."

"သားပြောတဲ့ သတင်းတွေက ရယ်စရာကောင်းတာကိုး သားရဲ့၊ သား စဉ်းစားကြည့် ... သားဒက်ဒီက နာမည်ကြီးသူဌေးဆိုတော့ ရုပ်ရှင်မင်းသားလောက်နီးနီး နာမည်ကြီးတယ်၊ ကောလာဟလတွေလည်း ထွက်တာပဲ၊ တခြား နာမည်ကြီး သူဌေးတွေ သတင်းလည်း သား ကြားဖူးမှာပေါ့၊ ဘယ်သူဌေးကဖြင့် ဘယ်မော်ဒယ်နဲ့၊ ဘယ်မင်းသမီးနဲ့ဆိုတာမျိုး၊ ရိုးရိုးသားသား ခင်မင်ပတ်သက် အားပေးမိ



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် သတင်းကထွက်လာတာလေ၊ သားဒက်ဒီလည်း ဒီလိုပဲပေါ့၊ လူစိတ်ဝင်စားလောက်အောင် အောင်မြင်ချမ်းသာတဲ့သူဆိုတော့လည်း တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ပြောကြမှာပေါ့၊ ဒါတွေကို သားယုံရင် သားပဲ စိတ်ဆင်းရဲမှာပေါ့၊ မာမီ့ကိုကြည့် … မာမီ ငိုယိုစိတ်ဆင်းရဲနေတာ သား မြင်လား၊ ဒက်ဒီနဲ့မာမီ ရန်ဖြစ်တာ မြင်လား၊ သား မာမီက အလန်းပဲလေ၊ ဒီကိစ္စတွေ တကယ်ရှိရင် မာမီက လည်း ဘယ်ခေပါ့မလဲ၊ သား ဒက်ဒီကို ပြဿနာရှာပစ်လိုက်မှာပေါ့"

ဒေါ်မြနန္ဒီက သရုပ်ဆောင်ကောင်းလှတာမို့ နေယွန်းမျက်နှာကလေးက ပြန်လည်ကြည်လင်လာပါသည်။

ထိုအချိန်မှာပဲ ကံကောင်းထောက်မစွာဖြင့် ဦးနေမျိုးနိုင်၏ ကားက ခြံထဲသို့ ဝင်လာသည်။

"ဟော ဟိုမှာ သားဒက်ဒီတောင် ပြန်လာပြီ၊ သွား … အဖေကို ကြိုလိုက်ဦး"

ဒေါ်မြနန္ဒီက သားလက်ကိုဆွဲကာ ထူလိုက်ပြီး သား၏ ကျောပြင်ကလေးကို တွန်းလွှတ်လိုက်သည်။

"သား နေ … ဒီနေ့တော့ ဆော်ဒါတွေနဲ့ လျှောက်မဒိုးဘဲ အိမ်မြဲနေတယ်ပေါ့၊ ဒက်ဒီ့ရုံးကို သား လာသွားတယ်ဆို၊





ဒက်ဒီက သန်လျင်ဘက်က ဆောက်လက်စ အိမ်ရာထဲကို ရောက်နေတာ၊ ဖုန်းက ဘက်ထရီကုန်ပြီး ပိတ်သွားတာနဲ့ ရုံးကလူတွေလည်း ဆက်မရဘူး ဖြစ်နေတာ၊ ကဲ … ပြောဘာပူဆာချင်လို့ ရုံးအထိ လိုက်လာသလဲဆိုတာ …"

ဦးနေမျိုးနိုင်က သားဖြစ်သူကို စကားတွေ ရှန်းရှန်းဝေအောင် လှမ်းပြောရင်း သား ပခုံးကို လှမ်းဖက်လိုက်သည်။

နေယွန်းက အဖေဖြစ်သူကို အကဲခတ်သလို ကြည့်လိုက်ရင်း ဂျစ်တစ်တစ် လေသံဖြင့် …

"ဒက်ဒီက ဘယ်ဝင်နေတာလဲ …"

"ဟ … ဘယ်ဝင်ရမှာလဲ၊ အလုပ်ကိစ္စတွေက ဒီလိုပဲ ဟိုနားဒီနား ရှိတတ်တာပေါ့ …၊ ဒက်ဒီတို့ ကုမ္ပဏီက ဆောက်နေတဲ့ အဆောက်အဦတွေက နည်းမှမနည်းတာ"

ဒေါ်မြနန္ဒီက သူတို့သားအဖ ပြောနေတာကို မျက်နှာကလေး ပြုံးထားရင်း ကြည့်နေရသည်။ ကိုယ့်ယောကျ်ား ကုမ္ပဏီက ဆောက်တဲ့ အဆောက်အဦတွေ မနည်းသလို ကိုယ့်ယောကျ်ား ဆောက်နေတဲ့ သက်ရှိအဆောက်အဦလေးတွေလည်း နည်းမှမနည်းဘဲ။

သို့သော် … သားကို ခုလို စိတ်ချမ်းသာအောင် ပြောဆိုပေးနေတဲ့အတွက် သူ့ကို ကျေးဇူးတင်ရမလို၊ ဒီသားရဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ဒေါ်မြနန္ဒီဟာ ဒီအိမ်ထောင်ထဲက ရုန်းထွက်မရနိုင်တာဖြစ်သည်။ သူ့ဘာသာ အပြင်မှာ ဘာဖြစ်ဖြစ် သားကို ဂရုစိုက်တာ၊ သားအပေါ် ဝတ္တရားမပျက်တာ ဒီအချက်တွေကို ငဲ့ကာရင်ထဲက မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို ဖွင့်ဖောက်ဖော်ပြဖို့ အမြဲပဲ ဝန်လေးခဲ့ရတာ မဟုတ်လား။ မိခင်စိတ်ကြောင့်သာ ဒီယောကျ်ားနဲ့ တစ်မိုးအောက်မှာ နေနိုင်ခဲ့တာဖြစ်သည်။ မိန်းမသားစိတ် တစ်ခုကြောင့်ဆိုရင်ဖြင့် ဒီယောကျ်ားနားမှာ တစ်မိနစ် တစ်စက္ကန့်တောင် မနေလိုတော့ပါ။

"သား ... ထမင်း စားပြီးပြီလား"

"မစားရသေးဘူး ဒက်ဒီ"

"ကဲ ... ဒါဖြင့် အတူစားရအောင်၊ ဒက်ဒီလည်း မစားရသေးဘူးကွ၊ မာမီရေ ... ထမင်းပွဲပြင်ပေးပါကွာ၊ မာမီရော စားပြီးပြီလား"

"မစားရသေးဘူး ကိုနိုင် ..."

"မမကြီးရော ..."

"မမကြီးတော့ စားပြီးသွားပြီ"

"ကဲ ... ဒါဆို တို့သုံးယောက် အတူစားတာပေါ့"

ဒေါ်မြနန္ဒီက စိတ်ထဲဘယ်လိုပဲရှိရှိ သားရှေ့မှာတော့ ပိရိစွာ သရုပ်ဆောင်နိုင်သလို ဦးနေမျိုးနိုင်ကလည်း အခုပဲ သူ့





ကောင်မလေးအိမ်က ပြန်လာခဲ့တာ မဟုတ်သလို ဟန်ဆောင်ကောင်းလှပါသည်။

ဘာပဲပြောပြော မိသားစု ထမင်းဝိုင်းကလေးကတော့ သာယာစိုပြေသွားသည်။

သားက အမေဖြစ်သူ ပြင်ဆင်ကျွေးမွေးသည့် ထမင်းကို အားရပါးရစားရင်း အဖေနှင့် စကားတွေရွှန်းရွှန်းဝေဝေ ပြောနေသည်။

"ဒက်ဒီ ... သားကို ကားလဲပေးဦးနော်"

"ဟ ... မင်းကား လဲထားတာ တစ်လပဲ ရှိသေးတယ်မဟုတ်လား"

"ဒီကားကို သား မကြိုက်တော့လို့၊ သားက ဖရာရီ စီးချင်တာ"

"ဟား ... လုပ်လိုက်ကွ ..."

"ဘာလဲ ... ဒက်ဒီက လဲမပေးချင်ဘူးလား"

"အဟမ်း ... ဒါကတော့ ..."

"ဒက်ဒီ လဲမပေးချင်ဘူးပေါ့ ... ဟုတ်လား ဒက်ဒီ ... ဟုတ်လား၊ ဒက်ဒီ ကပ်စေးနဲ့ကြီးပါဗျို့"

"ဟား ... ဟား ... လဲပေးပါ့မယ်ကွာ"

"ဟေး ... ဒါမှ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ … ဟ … ဟော့ကောင် ဘာလုပ်တာတုန်းကွ၊ ဟား … ဟား"

နေယွန်းက ထမင်းစားရင်းတန်းလန်းက ပြောင်စပ်စပ် မျက်နှာဖြင့် အဖေ့ပါး တစ်ဖက်ကို ရွှတ်ခနဲ ထနမ်းလိုက်တာမို့ ဦးနေမျိုးနိုင်က အသည်းယားသလို အော်ရင်း တဟားဟား အော်ရယ်နေသည်။

ဒေါ်မြနန္ဒီက ထိုမြင်ကွင်းကို ပြုံး၍ ငေးကြည့်ရင်း ရင်ထဲမှာတော့ မျက်ရှုနာကျင်နေသည်။

ထမင်းစားသောက်ပြီးတော့ သားမျက်နှာက ညနေတုန်းကနှင့် မတူတော့ဘဲ ပေါ့ပါးလန်းဆန်းနေပြီ …။

သား သူ့အခန်းထဲ ဝင်သွားတော့မှ ဒေါ်မြနန္ဒီနှင့် ဦးနေမျိုးနိုင်တို့က ကိုယ့်အခန်းထဲသို့ ဝင်လာခဲ့ကြပါသည်။

အခန်းထဲရောက်လို့ အခန်းတံခါး ဂျပ်ခနဲ ပြန်ပိတ်သွားသည်နှင့် တစ်ပြိုင်တည်း နှစ်ယောက်လုံးရဲ့ မျက်နှာထားတွေက ပြောင်းသွားသည်။

ဦးနေမျိုးနိုင်က ဒေါ်မြနန္ဒီကို မကြည့်၊ စကားလည်း မပြော။ လက်ကနာရီကိုချွတ်ပြီး ခုတင်ဘေး စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။

နန္ဒီက သူ့ကို မဲ့ပြုံးတစ်ခုနှင့် စိုက်ကြည့်နေမိသည်။ သူက နန္ဒီကို ဥပေက္ခာပြုကာ ရေချိုးခန်းထဲ ဝင်သွားသည်။

ပုညခင်စာအုပ်တိုက်



နန္ဒီက သူနဲ့စကားပြောဖို့ သူ ရေချိုး အဝတ်အစားလဲပြီးသည်အထိ စောင့်နေလိုက်သည်။

သူ ရေချိုးပြီး ပြန်ထွက်လာကာ ညအိပ်ဝတ် ဝတ်စုံတစ်စုံ ယူဝတ်ပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်တော့မှ …

"ကိုနိုင် …၊ ရှင် သရုပ်ဆောင်တော့ ကောင်းသားပဲနော်"

"မင်းလည်း အတူတူပါပဲ နန္ဒီ"

"ကျွန်မတို့ စကားနည်းနည်း ပြောရအောင်"

"ဘာပြောဦးမှာလဲ နန္ဒီရယ်၊ ကိုယ် ဒီနေ့ မင်းပြောတဲ့ အတိုင်း စောစောပြန်လာတယ်၊ သား စိတ်ချမ်းသာအောင် ပြောတယ်၊ မင်း ခုချိန်မှာ အပ်ကြောင်းထပ်ပြီးသား စကားကို ထပ်ပြောလည်း ငါ့ဘက်က ဘာမှမပြောင်းလဲတာ သေချာတဲ့အတူတူ ဘာလို့ အပင်ပန်းခံ ပြောနေဦးမှာလဲ၊ မင်း ဘာပြောပြော အားလုံးဟာ ပိုနေမြဲ ကျားနေမြဲပဲ၊ ငါ့ဘက်က ငါ့မိသားစု ပြိုကွဲအောင် ဘယ်တော့မှ မလုပ်ဘူး၊ ဒါဆိုရင် မင်း မကျေနပ်နိုင်ဘူးလား၊ ငါ သေတပန်သက်တစ်ဆုံး အတူနေမယ့် မိန်းမက မင်းပဲ၊ ငါ့ဘာသာ အပြင်မှာ ဘယ်လိုနေနေ မင်းကိုတော့ တန်ဖိုးထားတယ် ဟုတ်ပြီလား၊ ကဲ … ကိုယ်လည်း ပင်ပန်းလာတယ်၊ အိပ်တော့မယ် … good night မိန်းမ"

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူက စောင်ဆွဲခြုံပြီး တစ်ဖက်သို့ စောင်းလှည့်ကာ ငြိမ်သက်သွားသည်။ မကြာခင်မှာပဲ အသက်ရှူသံ မှန်မှန်ဖြင့် အိပ်ပျော်သွားခဲ့သည်။

ဒေါ်မြနှဒီမှာတော့ ထုတ်အံချပြလို့မရသော နာကျင်ဒေါသဖြင့် အိပ်မပျော်နိုင်ဘဲ အမှောင်ထဲမှာ မျက်လုံးကြောင်ငေး၍နေလေသည်။

■ ■ ■



## (၂၄)

❖ ❖ ❖

မနက်ဖြန် မနက်ဆို မိုးခင်တို့နေသည့် အိမ်ကလေးကို အိမ်ရှင်တွေ ပြောင်းလာကြမှာမို့ မိုးခင်က ဒီနေ့ညနေမှာ ကွန်ဒိုအခန်းကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ထားပါသည်။ ထို့ကြောင့် လိုအပ်သည့် ပစ္စည်းတွေ သိမ်းဆည်းယူငင်ဖို့ ညနေ ခပ်စောစောကလေး ပြန်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ အိမ်တံခါးကို အပြင်က သော့ခတ်ထားတာတွေ့ပြီး ရှေ့အိမ်က ကပြင်ကလေးမှာ ထိုင်နေသော ဇော်ကြီးကို လှမ်းမြင်လိုက်ရပါသည်။

ဆိုက်ကားနင်းသည့် ဇော်ကြီးဟာ အညို့သူငယ်ချင်း။ မိုးခင်နှင့်ကတော့ သူငယ်ချင်း မဟုတ်သော်လည်း ရင်းနှီးသိကျွမ်းခဲ့သူပင်။ ဟိုအရင် ရပ်ကွက်မှာနေခဲ့တုန်းက ဇော်ကြီးပုံစံကသည်း



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတဝါးဝါး၊ ဆံပင်ဘုတ်သိုက်၊ ကပျစ်ကညစ်။ မိုးခင်ကလည်း ပေတိပေစုပ်မို့ အနေအထားချင်းက သိပ်မကွာ။

ခုချိန်မှာတော့ သူက အရင်အနေအထားအတိုင်း ရှိပေမယ့် မိုးခင်ကတော့ သူနဲ့ ကွာဟမြင့်မားသွားသလို ဖြစ်နေပါသည်။ အမှန်အတိုင်းပြောရလျှင် ခုချိန်မှာ ဖော်ကြီးနဲ့ တရင်းတနှီး ဆက်ဆံ စကားပြောဖို့ မိုးခင် ဝန်လေးနေပါပြီ။

"ဖော်ကြီး … နင် ဘာကိစ္စလဲ"

"နင်တို့ ဒီနေ့ အိမ်ပြောင်းရမယ်ဆိုလို့ ကူပြောင်းပေးဖို့ လိုမလားလို့ လာစောင့်နေတာ"

"မလိုပါဘူး၊ ပစ္စည်းက များမှ မများတာ၊ ပြီးတော့ ငါက ရုံးကပေးတဲ့ အခန်းကို ပြောင်းမှာ …"

"ဟာ … ကောင်းတာပေါ့၊ နင်တို့နှစ်ယောက်နေဖို့ အဆင်ပြေသွားတာပေါ့"

"အညို မပါဘူး၊ ငါတစ်ယောက်တည်း။ နင့်ကို အညို ပြောပြမထားဘူးလား၊ သူက ကိုအောင်ဇင့်အိမ်မှာ ခဏနေမှာ၊ အခန်းရှာရမှ အတူပြန်နေလို့ရမှာ"

"လင်မယားနှစ်ယောက် တစ်ကွဲတပြားစီ မကောင်းပါဘူး ဟာ၊ နင့်ရုံးက ရတဲ့အခန်းမှာ အညို့ပါ ခေါ်နေလို့မဖြစ် ဘူးလား"





"မဖြစ်ဘူး …"

"ဘာလို့လဲ …"

"အဲဒီမှာ ငါတစ်ယောက်တည်းနေရမှာ မဟုတ်ဘူး၊ တခြား သူတွေနဲ့ ပေါင်းနေရမှာ …"

"ဪ … ဒါဆိုလည်း အညို့ကို ကိုအောင်ဇင့်ဆီ သွား မနေခိုင်းဘဲ ငါ့အိမ်မှာပဲ ခဏခေါ်ထားလိုက်မယ်"

"အဲဒါတော့ သူ့ပဲ မေးကြည့်လိုက်တော့ …"

"နင်က ဘယ်တော့ ပြောင်းမှာလဲ"

"ခုပဲ …"

"အညိုကရော …"

"သူကတော့ မနက်မှ ပြောင်းမှာ၊ သူယူရမယ့် ပစ္စည်းတွေ က များတယ်၊ ငါက နည်းနည်းပဲယူမှာ"

"အညိုက အခု ဘယ်မှာလဲ"

"သူ့အမေ ဆေးခန်းပြစရာရှိလို့ ပြောတာပဲ၊ ဖုန်းဆက် ကြည့်တာ ဆက်သွယ်မှုဧရိယာပြင်ပမှာတဲ့၊ သူ့ဆက်လို့ မရလည်း ငါ့ဘာသာ ပြောင်းသွားလိုက်တော့မယ်၊ နင် စောင့်ချင်စောင့်နေလိုက်ပေါ့"

မိုးခင်က စကားစဖြတ်ပြီး အိမ်ထဲဝင်လာကာ ယူရ မည့် ပစ္စည်းတွေ စုစည်းသိမ်းဆည်းလိုက်ပါသည်။

မိုးခင်က ခရီးဆောင်အိတ်တစ်လုံး၊ လက်ဆွဲအိတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးသာ ယူပြီး ကျန်တဲ့ တိုလီမုတ္တာလီတွေကိုတော့ အညိုက စုစည်းယူဆောင်ရမှာပင်။ ဒီလို ကစဉ့်ကလျား အခြေအနေကြီးကို မုန်းလွန်းလို့ မိုးခင်၏ မျက်နှာထားက အေးစက်တင်းမာနေသည်။

ပစ္စည်းတွေ သိမ်းပြီးသည်အထိ အညိုက ရောက်မလာသေးပါ။

အညို့ဖုန်းကို ထပ်ဆက်ကြည့်တော့လည်း ရေိယာပြင်ပမှာပဲမို့ မိုးခင်က ခရီးဆောင်အိတ်တစ်ဖက်၊ လက်ဆွဲအိတ်တစ်ဖက် ဆွဲကာ အိမ်ပေါ်မှ လှမ်းဆင်းလိုက်သည်။

"ဟင် … မိုးခင် သွားတော့မှာလား"

"အင်း …"

"အညို့ကို မစောင့်တော့ဘူးလား"

"အေး …"

"တစ်ယောက်တည်းတော့ မသွားပါနဲ့ဟာ၊ ခဏစောင့်လိုက်ပါ၊ အညို ပြန်လာမှာပါ၊ နင် ဒီညနေ ပြောင်းမယ်ဆိုတာ သူသိတယ် မဟုတ်လား"

"သိတယ်၊ ဒါပေမယ့် သူမအားပါဘူး၊ ငါဘာသာ လမ်းထိပ်ထွက်ပြီး ဘတ်စ်ကားစီးသွားလိုက်တော့မယ်"

"ဒါဆိုလည်း ပေး … ပေး … နင့်အထုပ်တွေ၊ ငါ ကားဂိတ်ထိ လိုက်ပို့မယ်"

"မလိုဘူး … ရတယ်၊ နင် အညို့ကိုပဲ စောင့်နေလိုက်တော့"





မိုးခင်လေသံက ခပ်ဆတ်ဆတ်မို့ ဖော်ကြီးက နည်းနည်းတွန့်သွားကာ ရပ်ကျန်နေခဲ့သည်။

မိုးခင်က နောက်ပြန်လှည့်ကြည့်မနေတော့ဘဲ ခပ်သွက်သွက် လျှောက်ထွက်လာခဲ့စဉ် …

"မိုးခင် … မိုးခင် …"

အဝေးကနေ လှမ်းအော်ခေါ်ရင်း အမောတကော ပြေးလာနေသော အညို့ကို တွေ့လိုက်ရပါသည်။

အညိုက ကိတ်မုန့်ထည့်ထားသည့် အိတ်ကို လက်တစ်ဖက်က ဆွဲလျက် မိုးခင်ဆီ ဖတ်သီဖတ်သီ ပြေးလာသည်။

"မိုးခင် … တော်ပါသေးရဲ့ဟာ၊ ငါ့ကိုစောင့်ရောပေါ့၊ ဆေးခန်းမှာ စောင့်နေရတာ အကြာကြီးဟာ၊ တိုကင် နံပါတ်က ၁၀၀ ကျော်တယ်၊ ငါ နင့်ဆီ ဖုန်းဆက်ဆက်နေသေးတယ်၊ ဖုန်းက လုံးဝခေါ်မရဘူး၊ လိုင်းက ပြတ်ကျသလိုဖြစ်နေတာ၊ ငါ နင်စားဖို့ ကိတ်မုန့်ဝယ်လာခဲ့တယ်၊ လာ … စားသွားဦး"

"နေပါစေတော့၊ ငါ မစားတော့ဘူး"

"လာပါဟာ၊ ခဏလေးပါ"

အညိုက မိုးခင် လက်ထဲက အထုပ်တွေကို လှမ်းဆွဲယူလိုက်ရင်း ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးချုပ်နေပြီ အညို၊ ငါသွားတော့မယ်၊ အိမ်တစ်ခေါက် ပြန်ဝင်မနေချင်တော့ဘူး"

"ကဲ ... ဒါဆိုလည်း ငါ နှင့်အခန်းကို လိုက်ပို့မယ်"

"မရဘူးလေ ... အညို၊ ဟိုလူဒီလူ မြင်သွားရင် မကောင်းဘူး၊ ငါ့ဘာသာပဲ သွားပါရစေဟာ"

"အေးလေ ..."

အညိုက ရင်ထဲမကောင်းနိုင်စွာ ငြိမ်သက်သွားရပါသည်။

"ငါသွားတော့မယ်၊ ဘတ်စ်နဲ့ သွားလိုက်မယ်"

"ဘတ်စ်နဲ့တော့ မသွားပါနဲ့၊ ငါ ကားငှားပေးလိုက်ပါ့မယ်"

"ပိုက်ဆံဖြင့် မရှိဘဲနဲ့ ..."

"အဲ့ဒီလောက်တော့ ရှိပါတယ်ဟာ"

"ရှိလည်း သိမ်းထား၊ ကုန်စရာတွေ ရှိသေးတယ်၊ ငါလည်း လခမထုတ်သေးတော့ ပိုက်ဆံမရှိသေးဘူး၊ ဘတ်စ်နဲ့ပဲ သွားမယ်၊ ကိစ္စမရှိဘူး"

"ဘတ်စ်ကားဂိတ်ထိ လိုက်ပို့မယ်လေ"

"အင်း ..."

အညိုက မိုးခင်၏ အထုပ်တွေကို ဆွဲပြီး ဘတ်စ်ကားဂိတ်သို့ အတူလျှောက်လာခဲ့ပါသည်။ အညိုက လမ်းလျှောက်လာရင်း မိုးခင်ကို ငဲ့ကြည့်မိသည်။





မိုးခင်၏ မျက်နှာကလေးက ကျောက်သားဖြင့်သို့ အေးစက်တင်းရင်းနေသည်။ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားကာ ရှေ့တူရူသို့သာ ကြည့်နေသော မိုးခင်၏ မျက်လုံးတွေကာ အေးစက်စူးရှလှသည်။ တစ်ခုခုကို မကျေမနပ် နာကြည်းနေသော မျက်နှာကလေးက သူ့ကို ရင်နင့်စေပါသည်။

ဘတ်စ်ကားဂိတ်က ထိုင်ခုံလေးတွေမှာ အတူအောင်းချင်းယှဉ်၍ ထိုင်မိချိန်အထိ မိုးခင်က စကားတစ်ခွန်းမှ မဟပါ။ သူကလည်း နာကျင်စိတ်ပျက် အေးစက်နေသော မိုးခင်ကို စကားသွားစမပြောရဲပါ။ မိုးခင် ပေါက်ကွဲလိုက်မှာကို ကြောက်နေခဲ့မိပါသည်။ ဒီလိုဖြစ်ရတဲ့ အခြေအနေအတွက် သူ့မှာအပြစ်ရှိသည်ဟုသာ ခံယူထားမိတာမို့ တရားခံတစ်ယောက်လို မလှုံမလဲ ခံစားရသည်။

"မိုးခင် ... လမ်းမှာ ဗိုက်ဆာနေဦးမယ်၊ ကိတ်မုန့်လေး စားသွားလိုက်ပါလား

သူက ကိတ်မုန့်အိတ်လေးကို မိုးခင်ထံ လှမ်းပေးလိုက်တော့ မိုးခင်က ဆွဲယူပြီး ကိတ်မုန့်ကို လက်ဖြင့် ဖဲ့၍စားလိုက်သည်။ စကားတစ်ခွန်းမှတော့ မဆို။

အညိုက ကိတ်မုန့်ကို လက်ဖြင့်ဖဲ့ကာဖဲ့ကာ စားနေသော မိုးခင်ကို ငေးကြည့်နေမိသည်။ အစစအရာရာ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်သော မိုးခင်မှာ ကိတ်မုန့်အတုံးလိုက်ကို လက်ဖြင့်ဖဲ့စား တတ်သော အကျင့်ကလေးသာ အရင်အတိုင်း ကျန်ရစ်သည်။

နားရွက်အောက်လေးကနေ ကော့ထွက်လာပြီးမှ ပြန် လိတ်ခွေနေတဲ့ ဆံပင်ခွေလေးတွေရဲ့ အောက်ဘက်က စင်းကြော ရှည်သွယ်သော လည်တိုင်ကလေးကို သူခဏငေးနေပြီးမှ သက်ပြင်း ချကာ မျက်နှာလွှဲရင်း ရင်ထဲ မွန်းကျပ်ငိုချင်လာသည်။

ပထမဆုံး ခွဲခွာရခြင်းမို့ သူ့ရင်မှာ နာကျင်လှသော် လည်း မိုးခင်ကတော့ ဘာမှ မခံစားရသလို အေးစက်နေသည်။

"မိုးခင် ... ငါ့ကို စိတ်မဆိုးပါနဲ့ဟာ"

"... ... ..."

"ငါ အမြန်ဆုံး အိမ်ရအောင် ရှာပါ့မယ်၊ လောလောဆယ် အမေ့ကိစ္စလေးလည်း ရှိနေလို့ သေချာနဲ့အောင် မရှာနိုင် သေးတာပါ"

"အဟက် ..."

မိုးခင်က ဟက်ခနဲ ရယ်လိုက်တော့ အညိုက ကြောင် သွားသည်။

"ခုလည်း အဆင်ပြေသားပဲ အညိုရဲ့၊ ငါနေရမယ့် အခန်းက အခု ငါတို့နေခဲ့တဲ့ အိမ်ထက်တော့ ကောင်းမှာပဲလေ၊ ငါ အဆင်ပြေပါတယ်"





"ဒါပေမယ့် ငါတို့ တကွဲတပြားစီ ဖြစ်သွားရတာတော့ မကောင်းဘူးပေါ့ ..."

မိုးခင်က ရှေ့ဆက်မပြောတော့ဘဲ အေးစက်ငြိမ်သက် သွားသည်။ မိုးခင် အတည်ပြောတာလား ... ရွဲ့ပြောတာလားဆို တာ အညိုလည်း မမှန်းဆနိုင်ပါ။

"ကားကလည်း လာခဲလိုက်တာ ..."

မိုးခင်က ခပ်တိုးတိုး ညည်းညူရင်း ကားလာမည့် လမ်းဘက်ကို မျှော်ငေးဆဲမှာ ဘတ်စ်ကားတစ်စီး ရပ်လာပြီး ဒေါ်ပို ဆင်းလာတာကို လှမ်းမြင်လိုက်ရသည်။

ကားပေါ်က ဆင်းလာသော ဒေါ်ပိုက သူတို့အနား သို့ လျှောက်လာကာ ...

"အညိုတို့ လင်မယားတွေပါလားဟေ့၊ ဒါက ဘယ်သွား ကြမလို့တုန်း ..."

မိုးခင်က မကြားချင်ယောင်ဆောင်ကာ မှုန်တည် တည်ရုပ်နှင့် လမ်းဘက်သို့ ငေးနေသည်။

အညိုက ဒေါ်ပို့ကို အားနာကာ ဗျာပျာသလဲဖြင့် ...

"ကျွန်တော့် မိန်းမကို လိုက်ပို့တာပါ ဒေါ်ပို၊ သိတယ် မဟုတ်လား ... မိန်းမက ကုမ္ပဏီမှာ အလုပ်ရပြီဆိုတော့ ကုမ္ပဏီက အခန်းပေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟုတ်လား၊ ကောင်းလိုက်တာ၊ မင်းပါ လိုက်နေရမှာပေါ့၊ အိမ်ငှားစရိတ် သက်သာတာပေါ့ကွယ်"

"အဟဲ ... ကျွန်တော်တော့ မပါဘူးခင်ဗျ၊ သူတို့က စုနေရမှာဆိုတော့လေ ..."

"ဟင် ... ဒါတော့ ဘယ်ကောင်းပါ့မလဲ၊ မင်းမိန်းမက လှကလှနဲ့ ဒီလို တကွဲတပြား ပစ်ထားတော့ အသစ်တွေ့သွား ဘယ့်နှယ်လုပ်မတုန်း ..."

မိုးခင်က မျက်နှာထားတင်းသွားကာ စွက်ဖက်ရန်ကောဆိုသည့် အကြည့်ဖြင့် ဒေါ်ပို့ကို စိုက်ကြည့်လိုက်သော်လည်း ဒေါ်ပိုက မဖြုလှဘဲ ...

"ဒါနဲ့ ... မင်းတို့ငှားနေတဲ့ အိမ်က ရောင်းလိုက်ပြီဆို၊ ဩော် သိပြီ ... ဒါကြောင့် မင်းတို့ ဒီလိုစီစဉ်ရတာကိုး၊ မင်းက ဘယ်မှာသွားနေမှာတုန်း"

"သူငယ်ချင်းအိမ်မှာ ခဏနေပြီး အိမ်သစ်ရှာမှာပါ ခင်ဗျ"

"အင်း ... ဒုက္ခ ... ဒုက္ခ ... အိမ်ပိုင်ရာပိုင်မရှိတဲ့ ဒုက္ခများ တယ်ကြီးပါလား၊ အဲ့ဒါကြောင့် မင်းကို ဒေါ်ပို ပြောသားပဲ၊ ပိုက်ဆံရရင် မိန်းမကိုချည်း ကောင်းကောင်းကျွေး ကောင်းကောင်းဆင်မနေဘဲ စုပါ ဆောင်းပါဆိုတာလေ ...၊ မစု မဆောင်းတော့ ခုလိုဖြစ်တာပေါ့၊ ပိုက်ဆံလေးစုပြီး အိုးပိုင်





အိမ်ပိုင်ဖြစ်အောင် အရင်ကြိုးစားစမ်းပါကွယ်၊ အင်း ... လူငယ်တွေများ ခက်တယ် ... ခက်တယ်"

ဒေါ်ပိုက ဆရာမကြီးစတိုင်လ်ဖြင့် အားရပါးရ ဆုံးမစကားဆိုပြီး ထွက်သွားသည်နှင့် မိုးခင်က အညို့ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လျက် ...

"အညို ... နင့်ကို ငါ သိပ်စိတ်ပျက်တာပဲ သိလား"

"ဟင် ... ငါဘာလုပ်မိလို့လဲ"

"နင် ဒေါ်ပို့ကို ဘာလို့ ရှင်းပြပြောပြနေလဲ၊ ငါက ဘာလို့ ဘာမဆိုင် ညာမဆိုင် သူ့ ပြောဆိုဆုံးမနေတာကို နာခံရမှာလဲ ..."

"လူကြီးပဲ မိုးခင်ရယ်၊ သူပြောချင်တာ ပြောပါစေ ..."

"ငါ အာရုံနောက်တယ်၊ သူဒီလိုပြောတာ ငါ့မာနကို ထိခိုက်တယ်"

မိုးခင်က ခပ်ဆတ်ဆတ်ပြောတော့ အညိုက ငြိမ်သွားကာ မိုးခင်ကို ငေးနေသည်။

ထိုခဏမှာ မိုးခင် စီးရမည့် ဘတ်စ်ကားက ကားဂိတ်မှာ ရပ်လာပါသည်။

မိုးခင်က ခရီးဆောင်အိတ်နှင့် လက်ဆွဲအိတ်ကို ဖျတ်ခနဲဆွဲကာ ထရပ်လိုက်သည်။ ပြီးတော့ အညို့ကို လှည့်မကြည့် နှုတ်မဆက်ဘဲ ကားပေါ်သို့ လှမ်းတက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးခင် ... အဆင်မပြေတာရှိရင် ငါ့ဆီ ဖုန်းဆက်နော်"

အညိုက လှမ်းပြောစဉ်မှာ ကားထွက်သွားသည်။ မိုးခင်က ကားအတွင်းပိုင်းထဲ တိုးဝှေ့ပျောက်ကွယ်သွားသည်။

ဝေးသွားသည့် ကားကို လှမ်းမျှော်ငေးကြည့် ကျန်ခဲ့ရင်း သူက လက်ခုံဖြင့် မျက်လုံးတွေကို ပွတ်ဆွဲလိုက်သည်။

■ ■ ■



(၂၅)

❖ ❖ ❖

အခန်းတံခါးပွင့်သွားသည်နှင့် တစ်ပြိုင်တည်း အခန်းမီးများပွင့်ကာ အခန်းတစ်ခုလုံး လင်းကျင်းသွားပါသည်။

မိုးခင်သည် အခန်းတံခါးဝမှာပင် ရပ်တန့်လျက် ကိုယ့်ရှေ့က မြင်ကွင်းကို ရင်သပ်ရှုမော ငေးကြည့်နေလိုက်မိသည်။

ယုံတောင် မယုံနိုင်။ ဒီလောက် ကျယ်ဝန်းပြည့်စုံ ခမ်းနားသစ်လွင်မည်လို့လည်း မထင်ခဲ့ ...။

ဧည့်ခန်းကျယ်ရဲ့အလယ်မှာ ခင်းထားသည့် မွေးပွကော်ဇောကပင် ဘယ်လောက်တန်မှန်း မသိ။ နံရံမှာကပ်ထားသည့် တီဗီကလည်း လက်မ ၄၀ ကျော်မည်ထင်ရဲ့။ နံရံမှာမြှုပ်ထားသော ဆောင်းဘောက်စ်ကလေးများ။ ဧည့်ခန်းထဲက ဆင်စွယ်ရောင် လည်သာဆိုဖာများ။

မိုးခင်သည် အခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လာရင်း ခေါင်းကလေး ချာချာလည်ကာ တစ်အိမ်လုံးအနှံ့ လှ
ကြည့်လာသည်။

တစ်သက်နဲ့တစ်ကိုယ် ကွန်ဒိုအခန်းဆိုလို့ ဟန်နီရှိ နေသည့် အခန်းတစ်ခန်းတည်းကိုသာ ရောက်ဖူးပြီး အဲ့ဒီတစ်ခန်းကိုပဲ ခမ်းနားပြည့်စုံလှပြီဟု ထင်ခဲ့သော မိုးခင်ဟာ ခု ဒီအခန်းကိုတွေ့မှ ဟန်နီရှိ အခန်းထက် အဆများစွာ သာလွန်ခမ်းနားသော အခန်းမျိုးရှိပါသေးလားဟု သိလာရသည်။

ဒီလို အခန်းမျိုးမှာ တစ်ရက်ပဲ နေခွင့်ရမယ်ဆိုရင်တောင် ခဏနိဗ္ဗာန်ရောက်ရသလို ခံစားရမယ့် အခန်းမျိုးပေပဲ။

မိုးခင်က တစ်လှမ်းချင်း လှမ်းဝင်လာရင်း လှမ်းမြင်နေရသည့် ထမင်းစားခန်းသို့ ဆက်လျှောက်လာခဲ့သည်။

ဈေးကြီးမှာသေချာ၍ အကောင်းစားမှန်း သိသာစေကာ ဒီဇိုင်းအဆင့်မြင့်သော ထမင်းစားပွဲကုလားထိုင်များ၊ နံရံကပ်ဗီရိုကြီးများ၊ တံခါးနှစ်ဖက်ဖွင့်ရသော အဆင့်အထပ် အကန့်ပေါင်းများစွာပါသော ရေခဲသေတ္တာ။ မှန်ဗီရိုထဲက အကောင်းစား ပန်းကန်ခွက်ယောက်များ။ မြင်မြင်သမျှ အရာရာတိုင်းဟာ ရင်သပ်ရှုမောဖြစ်စရာချည်းသာ။

မိုးခင်က နောက်ပြန်လှည့်လာကာ ပထမဆုံး တွေ့ရသည့် အိပ်ခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်ပါသည်။

"အိုး ..."





မိုးခင်မှာ အသံကလေးတောင် ထွက်ကာ မြူးတူးသွားသည်။ အိပ်ခန်းကျယ်ကြီးထဲက ခုတင်၊ ဗီရို၊ မှန်တင်ခုံ ... အရာရာအားလုံးဟာလည်း အကောင်းစားချည်းလေ ...။

မိုးခင်က အဲကွန်းခလုတ်ကို ဖွင့်လိုက်တော့ အခန်းက တဖြည်းဖြည်း အေးစိမ့်လာပါသည်။ ဘတ်စ်ကားတိုးစီးလာခဲ့ပြီး အထုပ်အပိုးတွေ သယ်လာရသဖြင့် မိုးခင် နဖူးပေါ်မှ စို့ထွက်လာသော ချွေးစတွေလည်း ခြောက်ကာ လူက အေးမြလန်းဆန်းလာသည်။

မိုးခင်က မွေ့ရာပေါ် ဖြည်းဖြည်းချင်း လှဲချအညောင်းဆန့်လိုက်သည်။ ညစ်နောက်လာခဲ့သော သိမ်ငယ် ညှိုးမှိန်သော စိတ်နှလုံးတို့သည်လည်း တဖြည်းဖြည်းကြည်လင်ရွှင်ပျလာခဲ့သည်။

ခဏနေတော့ မိုးခင်က အိပ်ရာပေါ်မှ ထထိုင်ကာ ပါလာသည့် အိတ်ထဲက တဘက်တစ်ထည် ထုတ်ယူပြီး ရေချိုးခန်းဘက်သို့ လှမ်းလာခဲ့သည်။

ရေချိုးခန်းတံခါးဖွင့်လိုက်ချိန်မှာ တစ်ဖက်နံရံထောင့်နားဆီက ဘဲဥပုံ ရေချိုးကြွေကန်ကို တွေ့ရသည်။ ရေချိုးခန်းကတင် မိုးခင်တို့နေခဲ့သော အိမ်ကလေးနီးပါး ကျယ်ဝန်းလှပါသည်။

မိုးခင်က ကြွေကန်ထဲသို့ ရေဖွင့်ချလိုက်သည်။

တဖြည်းဖြည်း ရေပြည့်လာချိန်မှာ ခြေဖျားကလေး ထောက်၍ ရေထဲသို့ လျှောခနဲ ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်၏ခန္ဓာကိုယ်တစ်ခုလုံး ရေထဲမှာမြုပ်သွားသည်။

မိုးခင်က ကြွေကန်ထောင့်မှာ ခေါင်းကလေးမှီကာ ထိုင်လိုက်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

အေးမြခြင်း၊ လုပခြင်း၊ ခမ်းနားခြင်း၊ သာယာခြင်း များဖြင့် မိုးခင် သာယာရစ်မူးနေချိန်မှာ . . .

အိပ်ခန်းထဲမှာ ကျန်ခဲ့သော မိုးခင်၏ ဟန်းဖုန်းလေး က မီးရောင်ကလေး လင်းလက်ကာ တီးလုံးသံသဲ့သဲ့ ထွက်ပေါ်နေ သည်။

သို့သော် . . .

မိုးခင် မကြား . . . ။

မိုးခင် မသိ . . . ။

ဘဝမှာ ပထမဆုံး ခံစားရသည့် စည်းစိမ်ကို ခံစား ယစ်မူးကာ မျက်လုံးလေးတွေ မှေးမှိတ်ငြိမ်သက်နေခဲ့လေသည်။

ပုညခင်

(ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်)



BURMESE CLASSIC .com
www.burmeseclassic.com